
အသစ်စက်စက် သုံးအုပ်တွဲသိုင်းစာစဉ်

တက္ကသိုလ်
[illegible]

# ရန်အကြွေးအဆိပ်အကြွေး

(ပထမပိုင်း)

အခန်း(၁)

## မဟူရာသမားတော်၏ဖြစ်စဉ်

သိုင်းလောကတွင် အလွန်ထိတ်လန့်တုန်လှုပ်ဖွယ်ကောင်းသော သတင်းတစ်ပုဒ် ထွက်ပေါ်လာသည်။ မြောက်ဘက်တောင်တန်းဒေသရှိ မိုးထိတောင်နှင့် မိုးမျှော်တောင်ပတ်ဝန်းကျင်မှ ကျေးရွာကလေးတစ်ရွာ၏ သတင်းဆိုးဖြစ်သည်။

ဆောင်းဥတု၏ အလွန်အေးမြသောနေ့တစ်နေ့တွင် မိုးတိမ်ကျေးရွာလေးမှ ရွာသူရွာသားများ ကြက်၊ ငှက်၊ နွား၊ တိရစ္ဆာန်သက်ရှိသတ္တဝါအားလုံး သေဆုံးသွားကြသည့် သတင်းပင်ဖြစ်လေတော့သည်။

မိုးထိတောင်နှင့် မိုးမျှော်တောင်ပတ်ဝန်းကျင်၌ နက်ရှိုင်းလှသော မဟူရာတောအုပ်ကြီးအပါအဝင် တောအုပ်များ လျှိုမြောင်များ၊ စိမ့်စမ်းများ၊ တောင်ကုန်းများ ဖုံးလွှမ်းထားသကဲ့သို့ သားရဲတိရစ္ဆာန်များလည်း ပေါများလှသည်။

အလွန်ရှားပါးသော သစ်ပင်ပန်းပင် ဘယဆေးပင်များနှင့် အဆိပ်သီးပင်၊ ပန်းပင်အမျိုးမျိုးကိုလည်း တွေ့ရှိရနိုင်သည်။

ထို့အပြင် ....

ထူးခြားဆန်းကြယ်သော စိတ်ထားရှိကြသည့် ထိပ်သီးသိုင်းပညာရှင်များသည်လည်း လူ့အသိုင်းအဝိုင်းနှင့် အဆက်ဖြတ်ကာ ဤဒေသတွင် သီးခြားနေထိုင်လျက်ရှိကြသည်။ ထိုအရပ်ဒေသ၌ တည်ရှိသော မိုးတိမ်ကျေးရွာ၏ အဖြစ်ဆိုးကြောင့် ယင်နန့်နယ်စားကြီးသည် အဖြစ်မှန်ကို စုံစမ်းဖော်ထုတ်ရန် ကြိုးစားရတော့သည်။ မိုးတိမ်ကျေးရွာ၏ အဖြစ်ဆိုးကြုံရသည်မှာ အလွန်ပြင်းထန်သော အဆိပ်တစ်မျိုးဖြစ်သည်။ ထိုအဆိပ်ကို မဟူရာတောအုပ်၌ နေထိုင်သည့် မဟူရာသမားတော် 'ဝမ်းကျင်းစန်း'က ဖော်စပ်ခဲ့ခြင်းဖြစ်သည်။ မဟူရာသမားတော် ဝမ်းကျင်းစန်း၏ အဆိပ်ကြောင့် မိုးတိမ်ကျေးရွာ ဒုက္ခတွေ့ရကြောင်း စုံစမ်းဖော်ထုတ်နိုင်လျှင် ယင်နန့်နယ်စားကြီးသည် ဝမ်းကျင်းစန်းအား ဖမ်းဆီးလိုက်လေတော့သည်။

မဟူရာသမားတော်ဝမ်းကျင်းစန်းသည်လည်း ထွက်ပြေးရှောင်တိမ်းခြင်း မပြုဘဲ အသာတကြည် အဖမ်းခံခဲ့သည်။ ဝမ်းကျင်းစန်း၏ အလွန်ပြင်းထန်သော **'အဆိပ်'**သတင်းကို ကြားရသောအခါ အနယ်နယ် အရပ်ရပ်မှ **ဆေးပညာရှင်များ သမားတော်များ** စိတ်ဝင်စားလာသည်။ ရှိရှိသမျှအားလုံးသော **အဆိပ်များထက်ပို၍** ကြောက်မက်ဖွယ်ကောင်းအောင် အာနိသင်ပြင်းလှသော အဆိပ်တစ်မျိုးကို ဝမ်းကျင်းစန်းက မည်သို့ တီထွင်ခဲ့သည်ကိုလည်းကောင်း၊ ထိုအဆိပ်ကို မည်သို့ ချေဖျက်ရမည်ကိုလည်းကောင်း သိလိုကြသည်။

ထို့ကြောင့် ....

ယင်နန့်နယ်စားကြီးက ဝမ်းကျင်းစန်းအပေါ် **တရားစီရင်သော** နေ့တွင် ရုံးတော်ရှေ့သို့ ရောက်ရှိလာခဲ့ကြလေတော့သည်။



ယင်နန့်နယ်စား၏ ရုံးတော်တွင် ပရိသတ်များဖြင့် စည်ကား**နေသည်မှာ** ပွဲတော်ကြီးတစ်ခု ကျင်းပနေသည်ဟုပင် ထင်မှတ်ရသည်။

ထိုရောက်ရှိနေကြသော ပရိသတ်များ၏ သုံးပုံနှစ်ပုံမှာ အနယ်နယ်အရပ်ရပ်မှ ရောက်ရှိလာသည့် သမားတော်ကြီးများ၊ ဆေးဆရာများဖြစ်ကြသည်။

ဝမ်းကျင်းစန်းက သူ၏အဆိပ်နှင့် ပတ်သက်ပြီး မည်သို့မည်ပုံ ထွက်ဆိုမည်ကို သိရှိလိုကြ၍ ဖြစ်သည်။

ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်ပြီး ဖြေဆေးမရှိဟု သတင်းကြီးနေသော မဟူရာသမားတော်၏ အဆိပ်ကို မည်သို့မည်ပုံ ဖော်စပ်ထားကြောင်း မည်သည့်ဘယဆေးများ ပါဝင်ကြောင်း သိလိုကြသည်။ **အဆိပ်ဖော်စပ်ထားပုံ အချိုးအစား** ပါဝင်သည်။ ဘယဆေး**အမျိုးအမည်များကို** သိရလျှင် ဖြေဆေးဖော်စပ်နိုင်မည်ဟုလည်း ယုံကြည်ကြသည်။ ယင်နန့်နယ်စား**ကြီး**၏ ရုံးတော်၌ ပရိသတ်ထောင်ကျော် ရောက်ရှိနေသည့်တိုင် အပ်ကျသံကြားရလောက်အောင်ပင် **တိတ်ဆိတ်ငြိမ်သက်နေလေတော့သည်။**

**အားလုံးသည် နယ်စားကြီးနှင့်** မဟူရာသမားတော် ဝမ်းကျင်း**စန်းတို့ထံသို့ အာရုံရောက်ရှိကာ** အသက်ရှူရန်ပင် မေ့လျော့နေကြ**သည်။ မဟူရာသမားတော်ဝမ်းကျင်းစန်း၏အသံကသာ** ဖြည်းဖြည်းမှန်**မှန် ထွက်ပေါ်နေသည်။**

**သူသည်** ငယ်စဉ်ကပင် ဆေးပညာဝါသနာပါခဲ့ကြောင်း ဆေးဆရာများ သမားတော်ကြီးများထံ၌ တပည့်ခံကာ ပညာသင်ယူခဲ့ကြောင်း ဆေးပညာတတ်ကျွမ်းလာသောအခါ ရောဂါဝေဒနာခံစားနေရသူများအား အခကြေးငွေမယူဘဲ မေတ္တာစေတနာထားကာ ဆေးဝါး

ကုသပေးခြင်းဖြင့် ချမ်းသာရာရစေခဲ့ကြောင်း တစ်နေ့တွင် အဆိပ်မိထားသည့် လူနာတစ်ဦးကို ဆေးဝါးကုသပေးခဲ့သော်လည်း သူ၏ကြိုးစားမှု အရာမထင်ဘဲ လူနာသေဆုံးသွားခဲ့ကြောင်း ထိုအချိန်မှစ၍ အဆိပ်အကြောင်း ဦးစွာတင်ပြသည်။ မဟူရာသမားတော် သက်ကြီးရွယ်အို တစ်ယောက်မဟုတ်ဘဲ လူရွယ်တစ်ယောက်သာ ဖြစ်နေပါသည်။

ငယ်ငယ်ရွယ်ရွယ်နှင့် ဆေးပညာထူးချွန်သဖြင့် ဆေးပညာလောက၌ မဟူရာသမားတော်ဟု ထင်ရှားနေသူဖြစ်သည်။

ယောက်ျားပီသသူ၊ တည်ကြည်ခန့်ညားသော ရုပ်သွင်ရှိသည်။ ဆုံးဖြတ်ချက်ချပြီးလျှင် ထိုဆုံးဖြတ်ချက်အတိုင်း မဆုတ်မနစ် ဇွဲလုံးလဖြင့် ကြိုးပမ်းဆောင်ရွက်တတ်သူဖြစ်ကြောင်း သူ၏ ဥပဓိရုပ်က ဖော်ပြနေသည်။

"လောကမှာ တိရစ္ဆာန်တွေမှာရှိတဲ့အဆိပ်၊ သစ်ပင်ပန်းပင် သစ်သီးတွေမှာရှိတဲ့အဆိပ်၊ မြေကြီးထဲမှာရှိတဲ့အဆိပ် စသည်ဖြင့် အဆိပ်အမျိုးမျိုးရှိကြပါတယ်"

မဟူရာသမားတော်ဝမ်းကျင်းစန်းသည် အဆိပ်ကို စိတ်ဝင်စားမိရာမှ လေ့လာလိုက်စားရင်း အဆိပ်မျိုးပေါင်း ရာထောင်ချီကာ ရှိနေသည်ကို သိရှိခဲ့ကြောင်း ရှင်းပြသည်။

တဖန် ....

အဆိပ်အမျိုးအစားအလိုက် အဆိပ်ဖြေဆေးဖော်စပ်ပုံ မျိုးမတူသော အဆိပ်များကို ပေါင်းစပ်ကာ ရရှိလာသော အဆိပ်အတွက်တော့ ဖြေဆေးဖော်စပ်ပုံများကို ဆက်၍ ရှင်းပြသည်။

ဝါရင့်ဆေးဆရာကြီးများ၊ သမားတော်ကြီးများပင် မဟူရာ



သမားတော်ဝမ်းကျင်းစန်းကို ချီးမကျူးဘဲ မနေနိုင်ကြအောင် ဖြစ်လာကြတော့သည်။

သိုင်းလောက၌ အဆိပ်နှင့် ပတ်သက်လာလျှင် ဝမ်းကျင်းစန်းအား မီနိုင်မည့်သူ မရှိနိုင်တော့ဟုဆိုသည်း လက်ခံလိုက်ကြလေတော့သည်။

ဝမ်းကျင်းစန်း၏ လျှောက်လှဲချက်များသည်လည်း ပို၍ ပို၍ စိတ်ဝင်စားစရာကောင်းလာတော့သည်။ အဆိပ်အမျိုးမျိုးကို ပေါင်းစပ်ကာ အစွမ်းရှိသော အဆိပ်ကို ဦးစွာဖော်စပ်သည်။

ပြီးလျှင် ထိုအဆိပ်ကို ချေဖျက်နိုင်မည့် အဆိပ်ဖြေဆေးဖော်စပ်သည်။

"လောကမှာ ဘယ်လိုအဆိပ်မျိုးကိုမှ မှုစရာမလိုတဲ့ အဆိပ်ဖြေဆေးဖော်စပ်ပြီး သတ္တဝါတွေကို ကယ်တင်ဖို့ ကျွန်တော် ကြိုးစားခဲ့ပါတယ် .... ဒါပေမယ့် ကံဆိုးချင်တော့ တကယ့်ကြောက်စရာအကောင်းဆုံးဆိုတဲ့ အဆိပ်တစ်မျိုးကို ဖော်စပ်နိုင်ခဲ့ပြီး ဖြေဆေးကို မဖော်စပ်နိုင်ခဲ့တာပါပဲ .... "

မဟူရာသမားတော် ဝမ်းကျင်းစန်း အလွန်ပင် ဝမ်းနည်းကြေကွဲနေကြောင်း ပေါ်လွင်နေ၏။

ကြောက်စရာအကောင်းဆုံး 'မဟူရာအဆိပ်'ကို ဖော်စပ်နိုင်ခဲ့သည်။

မည်သို့သော ပစ္စည်းကိရိယာနှင့်မှ စမ်းသပ်စစ်ဆေး၍လည်း မရပါ။

အတုမဲ့သော မဟူရာအဆိပ်ကို အောင်မြင်စွာ ဖော်စပ်နိုင်ခဲ့သော်လည်း ထိုအဆိပ်ကို ချေဖျက်နိုင်မည့် ဖြေဆေးကိုကား ဖော်စပ်

နိုင်စွမ်း မရှိခဲ့ပါ။ မဟာရာသမားတော်ဝမ်းကျင်းစန်းသည် ငါးနှစ်လုံးလုံး အပြင်းအထန် ကြိုးစားခဲ့သော်လည်း အဆိပ်ဖြေဆေး မဖော်စပ်နိုင်သဖြင့် စိတ်ဓာတ်ကျဆင်းသွားခဲ့သည်။ စိတ်ပျက်လက်ပျက်ဖြင့် မဟာရာ အဆိပ်ပုလင်းကိုယူကာ မိုးမျှော်တောင်ပေါ်သို့ တက်သွားခဲ့ပြီး တောင်ထိပ်အောက်သို့ ပစ်ချကာ ဖျက်ဆီးပစ်ခဲ့သည်။ စိတ်ပျက်နေမှုကြောင့် ပေါ့ပေါ့ဆဆ ဖျက်ဆီးပစ်ခဲ့ခြင်းဖြစ်သည်။

သူ၏အဆိပ်ပုလင်းသည် တောင်အောက်ချောက်ထဲကျကာ ကွဲကြေသွားပြီး အဆိပ်များ ပတ်ဝန်းကျင်၌ လွင့်ပျံ့သွားပုံရသည်။

မိုးမျှော်တောင်ကုန်း ပတ်းဝန်းကျင်၌နေသော မိုးတိမ်ကျေးရွာကလေး ကံဆိုးမိုးမှောင်ကျသွားရာလေတော့သည်။

“ကျွန်တော့်ရဲ့ ပေါ့ဆမှုကြောင့် အပြစ်မဲ့သူတွေ အသက်ဆုံးရှုံးခဲ့ရတာ အမှန်ပါပဲ၊ ဒါကြောင့် ကျွန်တော့်ကို ကြီးလေးတဲ့အပြစ်ဒဏ် ချမှတ်ဖို့ တောင်းပန်ပါတယ် ခင်ဗျာ”

မဟာရာသမားတော်ဝမ်းကျင်းစန်း၏ လျှောက်လှဲချက် ပြီးဆုံးသွားလေတော့သည်။

အပြစ်ကိုဝန်ခံကာ အပြစ်ဒဏ်ချမှတ်ဖို့ တောင်းပန်လိုက်ခြင်း ဖြစ်ပါသည်။

ထိုအခါ ကြားနာနေကြသော လူအားလုံးသည် ဝမ်းကျင်းစန်းအပေါ် သမားတော်များ ဆေးဆရာများလည်း ယူကြုံးမရဖြစ်သွားကြသည်။

မထင်မှတ်သော ပေါ့ဆမှုလေးတစ်ခုကြောင့် ထက်မြက်လှသည့် လူငယ်သမားတော်တစ်ဦးအား ဆုံးရှုံးရတော့မည် မဟုတ်ပါလား။

မဟာရာသမားတော်ဝမ်းကျင်းစန်း၏ အဆိပ်ကိုချေဖျက်နိုင်မည့်



အဆိပ်ဖြေဆေးဖော်စပ်ဖို့မဆိုထားနှင့် တိုမဟုရာအဆိပ်ကိုပင် မိမိတို့ တုပဖော်စပ်နိုင်မည် မဟုတ်ကြောင်းလည်း နားလည်လိုက်ကြလေသည်။

ယင်နန်နယ်စားကြီးကိုယ်တိုင်လည်း လူ့အသက်ပေါင်းများစွာကို ကယ်တင်လာခဲ့သည်။ ထူးချွန်သော သမားတော်တစ်ယောက်အား သေဒဏ်စီရင်ရမည်ကို ဝန်လေးလာမိလေတော့သည်။

မည်သို့ဆိုစေ ....

မဟာရာသမားတော်ဝမ်းစန်းကျင်း၏ ပေါ့လျော့မှုကြောင့် မိုးတိမ်ကျေးရွာ ဒုက္ခရောက်ခဲ့ရသည်ဖြစ်ရာ အပြစ်ရှိကြောင်း ထင်ရှားနေသဖြင့် အပြစ်ဒဏ်ချမှတ်ရတော့မည် ဖြစ်ပါသည်။

“အမိန့်ချမယ်”

ရုံးတော်လုလင်၏အသံက တိတ်ဆိတ်နေသော ရုံးတော်အတွင်း ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ အားလုံးသည် နယ်စားကြီးက မည်သို့ စီရင်ချက်ချမည်ကို စိတ်ဝင်စားနေကြသည်။ ယင်းနယ်စားကြီးက ....

“သမားတော်ဝမ်းကျင်းစန်းဟာ ပေါ့လျော့စွာ အဆိပ်စွန့်ပစ်မှုကြောင့် အပြစ်မဲ့ရွာသူရွာသားများ ဒုက္ခရောက်ခဲ့ရတဲ့အတွက် သေဒဏ်စီရင်ထိုက်တယ်၊ ဒါပေမယ့် ဝမ်းကျင်းစန်းဟာ အသက်ပေါင်းများစွာကို ကယ်တင်ခဲ့တဲ့ ကောင်းမှုလုပ်ရပ်တွေရှိခဲ့တာကြောင့် သက်ညှာသောအားဖြင့် သေဒဏ်အစား တစ်သက်တစ်ကျွန်း ထောင်ဒဏ်ကျခံဖို့ အမိန့်စီရင်လိုက်တယ်”

ရှင်းလင်းပြတ်သားစွာဖြင့် အမိန့်ချမှတ်လိုက်၏။ ယင်နန်နယ်စားကြီး၏ အမှုထမ်းများသည် သမားတော်ဝမ်းကျင်းစန်းအား ခေါ်

ဆောင်သွားကြသည်။ ရုံးတော်တစ်ခုလုံးလည်း လှုပ်လှုပ်ရှားရှားဖြင့် ပြန်လည်သက်ဝင်သွားလေတော့သည်။

နယ်စားကြီး၏ ဆုံးဖြတ်ချက်သည် အစွန်းရောက်သော ဆုံးဖြတ်ချက် မဟုတ်ပါ။ သင့်တင့်လျောက်ပတ်သော ဆုံးဖြတ်ချက်ဖြစ်ပါသည်။ ထိုဆုံးဖြတ်ချက်မျိုးကို အကြောင်းနာတရားရှိပြီး ဖြစ်သင့်ဖြစ်ထိုက်စွာ အပြစ်ပေးတတ်သည့် ပညာရှင်မျိုးကသာ ချမှတ်နိုင်ပါသည်။

သို့ဖြစ်၍ မဟူရာသမားတော် ဝမ်းကျင်းစန်းသည် အကျဉ်းထောင်ထဲ၌ အသက်ဆုံးသည့်အထိ နေထိုင်သွားရတော့မည် ဖြစ်ပါသည်။

သေဒဏ်အပြစ်စီရင်ခြင်းမှ ကင်းလွတ်ခဲ့သော်လည်း အသက်မသေသည့်တိုင် ဘဝသေသွားပြီဟု ဆိုနိုင်သည်။

အားလုံးကလည်း ဝမ်းကျင်းစန်းကို သေစာရင်းသွင်းထားလိုက်ကြတော့သည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် ....

ဝမ်းကျင်းစန်းအား တစ်သက်တစ်ကျွန်းပြစ်ဒဏ် ချမှတ်ကာ အကျဉ်းထောင်ထဲ၌ သေစာရင်းသွင်းလိုက်ချိန်မှာပင် 'ယင်ကျင်း'အား ဆင်းရဲသော လယ်သမားဇနီးမောင်နှံက တောရွာလေးတစ်ရွာတွင် မထင်မရှား မွေးဖွားခဲ့လေသည်။

။ ၁ ။



အခန်း(၂)

## ရည်မွန်သောကလေးငယ်

ဆယ်နှစ် .... ။

ဆယ်နှစ်ဟူသော အချိန်ကာလ ကုန်ဆုံးသွားခဲ့ပြီးနောက် ယင်ကျင်းသည် အခြေအနေအရ နွားကျောင်းသားလေးတစ်ယောက် ဖြစ်လာခဲ့လေသည်။

ထို့အတူ အဖမဲ့သားဘဝလည်း ရောက်ရှိခဲ့သည်။ သူ၏ဖခင်သည် လယ်ယာမြေထဲ၌ ပိုးထိကာ ကွယ်လွန်သွားခဲ့ခြင်းကြောင့်ဖြစ်ပါသည်။

"ငါ့သားကြီး ပျင်းလာရင် စာပေပညာကို တတ်အောင်သင်ယူပြီး မြို့ကြီးပြကြီးမှာ အခြေချနိုင်အောင် ကြိုးစားရမယ် .... ဖေဖေတို့ကို ဆင်းရဲတဲ့ဘဝက လွတ်မြောက်အောင် ကြိုးစားရမယ် .... အလိမ္မာစာမှာရှိဆိုတာလို စာတတ်ပေတတ်ဖြစ်ရင် လူတကာရဲ့ အထက်ကနေရမယ် .... "

သူ့ဖခင်က တဖွဖွပြောခဲ့သည်ကို ယင်ကျင်း ဘယ်တော့မှ မေ့သွားမည် မဟုတ်ပါချေ။

သူကိုယ်တိုင်လည်း ဆင်းရဲနွမ်းပါးသော ဘဝမှ လွတ်မြောက်လိုလှသည်။

ဖခင်ကြီး၏ ပြောခဲ့သည့်အတိုင်းပင် ရွာထိပ်ဖျားၐ္ဘိ နေထိုင်သော ဘဘကျန်းထံ၌ စာပေပညာသင်ယူခဲ့သည်။ ယင်ကျင်းတို့ ရွာကလေး၌ စာပေပညာတတ်မြောက်သူဟူ၍ ဘဘကျန်းတစ်ယောက်သာလျှင်ရှိသည်။ ဘဘကျန်းသည် အခြားကလေးများ၌ မတူဘဲ စာပေပညာ ဝါသနာပါသည့် ယင်ကျင်းကို သဘောကျကာ ဂရုစိုက် သင်ကြားပေးခဲ့သည်။

ယင်ကျန်း၏ ကြိုးစားမှုကြောင့် အသက်ဆယ်နှစ်**အရွယ်မှာပင်** စာကောင်းကောင်း ဖတ်နိုင်နေပြီဖြစ်ပါသည်။

"တစ်နေ့ကျရင် မြို့ပေါ်ကို အရောက်သွားမယ် .... **ငါ့ဘဝဟာ** ဖေဖေ မျှော်လင့်ထားတဲ့အတိုင်း တိုးတက်ကြီးပွား**လာစေရမယ်"**

ယင်ကျင်းက ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ထားသည်။ **ယင်ကျင်းသည်** အခြားကလေးများနှင့် မတူဘဲ တမူထူးပြီး **အကြံကြီးသော ကလေးတစ်ယောက်** ဖြစ်ပါတော့သည်။ **သူ၏ အမူအကျင့်သည်** အခြားလယ်ယာတောမှ ကလေးများနှင့် လုံးဝမတူဘဲရှိခဲ့**သည် မဟုတ်**ပါလော။

တစ်နေ့ ....

ထိုတစ်နေ့ကို ယင်ကျင်း ဘယ်တော့မှ မေ့သွားလိမ့်မည် မဟုတ်ပါချေ။ သူ၏ဘဝအတွက် အကြောင်းလည်း ဖြစ်ပေါ်လာစေမည့်နေ့ မဟုတ်ပါလား။

ထိုနေ့က ယင်ကျင်း သည်ရွာနှင့် မလှမ်းမကမ်း တစ်ဒနရာရှိ သစ်ပင်ကြီးတစ်ပင် **အရိပ်အောက်၌** သစ်ပင်ကိုကျောမှီကာထိုင်ရင်း



စာဖတ်နေ၏။ စာကောင်းစွာ ဖတ်နိုင်ပြီဖြစ်ရာ ဘဘကျန်းတွင်ရှိနေသည့် စာအုပ်များကို ယူဖတ်နိုင်ပြီဖြစ်သည်။ မြို့တွင် အမှုထမ်းလုပ်ခဲ့ပြီး အသက်ကြီးမှ ရွာသို့ ပြန်လာကာ အနားယူခဲ့သော ဘဘကျန်းတွင် စာအုပ်စာတမ်း အများအပြား ပါလာခဲ့သည်။ ထိုစာအုပ်စာတမ်းများသည် ယင်ကျင်းအတွက် ရတနာသိုက်ကြီးအလား ရှိနေပါတော့သည်။ နွားကျောင်းသားလေးဖြစ်သည့်အတိုင်း သူ တာဝန်ယူထိန်းကျောင်းရသော နွားများကိုစားကျက်ထဲလွှတ်ကျောင်းထားပြီး သစ်ပင်ရိပ်အောက်၌ ထိုင်စောင့်ကြည့်ရင်း အချိန်ကို အကျိုးရှိစွာ အသုံးချခြင်းအားဖြင့် စာဖတ်နေခြင်း ဖြစ်ပါသည်။

ထိုအချိန်တွင် ....

"ခွပ်ခွပ် .... ခွပ်ခွပ် .... "

"ခွပ်ခွပ် .... ခွပ်ခွပ် .... "

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ယင်ကျင်း စိတ်ဝင်စား ျားလေ၏။

စာအုပ်နှင့် မျက်နှာခွာ ာ လှမ်းကြည့်လိုက်သောအခါ တောင်ဘက်မှ ဖုန်ထူသော လှည်းလမ်းကြောင်းအတိုင်း မြင်းစီးသမားသုံးယောက် ဒုန်းစိုင်းနှင်လာ ကြသည်ကို တွေ့လိုက်ရသည်။

လမ်းပေါ်၌ ဖုန်ပ ထောင်းထောင်းထသွားသည်။

"မြို့ကလာတဲ့လူတွေထင်ပါရဲ့"

ယင်ကျင်းက မတ်တတ်ရပ်ကာကြည့်လိုက်မိသည်။

မြင်းစီးသမားသုံးယောက်သည် မကြာမီသူနှင့် မလှမ်းမကမ်းသို့ ရောက်ရှိလာကြသည်။

"ဟိုမှာ ကောင်လေးတစ်ယောက်တော့"

"သူ့ကိုမေးကြည့်ရင်ကောင်းမယ်"

"ဟုတ်တယ် .... ဟုတ်တယ် .... "

သုံးယောက်သား ယင်ကျင်းကို တွေ့မြင်သွားကြပြီး အချင်းချင်း ပြောဆိုကြသည်။

ထို့နောက် ....

"ဟေး .... ဟေး .... "

မြင်းအော်ငေါက်ကာ ရပ်တန့်လိုက်ကြပြီး ခုန်ဆင်းလာကြသည်။ အခြားသောကောင်လေးများဆိုလျှင် ကြောက်ရွံ့ထိတ်လန့်ကာ ထွက်ပြေးသွားကြလိမ့်မည် ဖြစ်ပါသည်။

ယင်ကျင်းက ကြောက်ရွံ့ခြင်းမရှိသည့်အပြင် ထိုလူသုံးယောက်အား စိတ်ဝင်စားစွာကြည့်နေမိသည်။ မြင်းစီးသမားသုံးယောက်မှာ ကိုယ်ကြပ်အင်္ကျီများ ဝတ်ထားကြသလို ဓားကိုယ်စီ ခါးချိတ်ထားကြသည်။ အလွန်သွက်လက်ဖျတ်လတ်ပြီး တိုက်ပွဲဝင်ကြမည့် သူရဲကောင်းများပမာ ရှိနေကြပါသည်။ ထိုသူများသည် ယင်ကျင်းအနီးသို့ ချက်ချင်းရောက်ရှိလာကြသည်။ တစ်ယောက်က မေးလာလေ၏။

"ညီလေးက သည်အနီးအနားမှာရှိတဲ့ ရွာကလေးမှာနေတာလား .... "

ယင်ကျင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ခင်ဗျား .... "

ထိုလူက ....

"ဒါဖြင့် သည်လမ်းအတိုင်း ဆက်သွားရင် ကျင့်ချုံမြို့ကို ရောက်နိုင်ပါ့မလား .... ညီလေး သိသလား .... "



ယင်ကျင်းက ရှင်းပြသည်။

"ကျွန်တော် သိပါတယ် ခင်ဗျာ .... ရောက်နိုင်ပါတယ် .... ဒါပေမယ့် ရှေ့ကို ဆယ်မိုင်လောက်သွားပြီးရင် မြစ်ကြီးတစ်စင်းခံနေပါတယ် .... အဲသည် မြစ်ကိုက ဖြတ်ကူးပြီးမှ ကျင်းချုံမြို့ကိုသွားတဲ့ လမ်းပေါ်ရောက်သွားနိုင်ပါလိမ့်မယ် ခင်ဗျား .... "

ဘဘကျန်းသည် အမှုထမ်းဘဝဖြင့် အရပ်ဒေသအတော်များများ ရောက်ဖူးခဲ့ပြီး ဒေသန္တရ ဗဟုသုတကြွယ်ဝသူဖြစ်သည်။

ဘဘကျန်းထံမှ ယင်ကျင်းက သိခဲ့ရခြင်းဖြစ်သည်။ ယင်ကျင်းသည် အရွယ်နှင့် မလိုက်အောင် ဗဟုသုတ ကြွယ်ဝနေခြင်း သူ၏ရှေ့သို့ ရောက်ရှိလာသူသုံးယောက်များလည်း သိုင်းသမားများဖြစ်ကြောင်း သိရှိထားသည်။ ထိုလူသုံးယောက်သည်လည်း ယင်ကျင်းမှာ သွက်လက်ချက်ချာမှုရှိသဖြင့် သဘောကျသွားကြလေ၏။

"ကောင်လေး မဆိုးဘူးကွ .... "

"စကားပြောတာလည်း ယဉ်ကျေးသိမ်မွေ့တယ် .... "

"သူပြောတဲ့လမ်းကြောင်းနဲ့ ကျုပ်တို့သိထားတဲ့လမ်းကြောင်း အတူတူပဲဖြစ်နေတော့ မမှားနိုင်တော့ဘူး .... "

အချင်းချင်း တိုင်ပင်ပြောဆိုလိုက်ကြသည်။

ယင်ကျင်းက ....

"ဦးတို့ ကျင်းချုံမြို့ကို သွားမယ်ဆိုရင် မြစ်ကြီးကို ကျော်ဖို့ကိစ္စရှိပါတယ် .... သည်လမ်းအတိုင်း အရင်သွားပြီး မြစ်ရှေ့ကို ရောက်ရင် ဝဲဘက်ကို တစ်မိုင်လောက် ထပ်သွားကြပါ .... မြစ်တစ်ဘက်ကမ်းကို ကူးတဲ့ ကူတို့လှေတွေ၊ ဝါးဖောင်တွေကို တွေ့ရပါလိမ့်မယ် ခင်ဗျာ"

သေသေချာချာ လမ်းညွှန်ပေးလိုက်၏။

ထိုလူသုံးယောက်အနက် တစ်ယောက်က ငွေတုံးလေးတစ်တုံး ထုတ်ကာ ရင်ကျင်းကို ပေးလေသည်။

"ရော့ .... ဦးလေး မုန့်ဖိုး .... "

"ဟာ .... ကျွန်တော် မယူပါရစေနဲ့ ခင်ဗျာ .... "

"ယူပါကွာ .... ငါတို့က စေတနာနဲ့ ပေးတာပါ .... "

ထိုလူသည် ယင်ကျင်း၏လက်ထဲ အတင်းထည့်ပေးရာ ယင်ကျင်း ငြင်းမရဘဲ ယူထားလိုက်ရလေတော့သည်။ ထိုလူက ....

"မင်းတို့နှစ်ယောက် ဆရာစိန်နဲ့ အဖွဲ့သားတွေကို သွားပြောလိုက် .... ငါတို့လာတဲ့လမ်းကြောင်း မှန်နေပြီ .... သည်လမ်းအတိုင်း ဆက်သွားလို့ရပြီ .... "

ကျန်နှစ်ယောက်က ခေါင်းညိတ်ပြီး ချက်ချင်းနောက်ကြောင်း လှည့်ပြန်သွားကြလေတော့သည်။

နောက်ကြောင်း လှည့်ပြန်သွားကြသော မြင်းစီးသမားနှစ်ယောက်မှာ မြင်းကွင်းမှ ပျောက်ကွယ်သွားကြသည်။ ကျန်ရစ်ခဲ့သော မြင်းစီးသမားက ယင်ကျင်းကို ပြုံးပြ၏။

"ဦးလေးနာမည်က ဘယ်လိုခေါ်သလဲကွ .... "

သူက မေးလာလေ၏။

ယင်ကျင်း ဦးညွှတ်လိုက်သည်။

"ယင်ကျင်းလို့ခေါ်ပါတယ် ခင်ဗျာ .... "

ထိုလူက ....

"ဦးလေးရဲ့ မိဘတွေကကော .... "

"ဖေဖေ ကွယ်လွန်သွားခဲ့ပါပြီ .... မေမေက ကောက်စိုက်ပါတယ် .... ကျွန်တော်က နွားကျောင်းပါတယ်ခင်ဗျာ .... "



"သြော် .... "

ထိုလူသည် ယင်ကျင်း၏ဘဝကို ကရုဏာသက်သွား၏။

"ဦးလေးရဲ့ လက်ထဲမှာ စာအုပ်ရှိနေတယ်ဆိုတော့ စာဖတ်တတ်သလား .... "

"ဟုတ်ကဲ့ ဖတ်တတ်ပါတယ် .... "

"အုံဩစရာကောင်းလိုက်တာ .... သည်အရွယ်ကလေးနဲ့ စာလည်းဖတ်တတ်တယ် .... ဗဟုသုတလည်းရှိတယ် .... ယဉ်ကျေးသိမ်မွေ့တယ် .... သည်လိုခေါင်တဲ့ တောအရပ်မှာတွေ့ရတာ အံ့ဩစရာပဲ"

"ဒါဟာ ဖေဖေရဲ့ အမှာစကားနဲ့ ဘဘကျန်းရဲ့ ကျေးဇူးကြောင့်ပါခင်ဗျာ .... "

ယင်ကျင်းက သူ၏အကြောင်းကိုလည်းကောင်း၊ သူ၏ရည်ရွယ်ချက်ကိုလည်းကောင်း၊ ပြောပြလိုက်လေသည်။

ထိုလူ သဘောကျသွား၏။ ယင်ကျင်းသည် သူထင်ထားသည်ထက် ပိုမိုသွက်လက်ချက်ချာနေသည် မဟုတ်ပါလော။

"ဦးလေးက ကျုပ်တို့ကို ကူညီတော့ .... ကျုပ်ကလည်း ပြန်ကူညီရမှာပေါ့လေ .... ရှမ်းစီးမြို့ကိုရောက်ရင် ဖုန်းချိန်အာမခံဌာနကို ဝင်လာခဲ့ပါ .... ဟုတ်ပြီလား .... "

"ဦးက .... "

"ကျုပ်က ရှမ်းစီးမြို့ ဖုံးချိန်အာမခံဌာနမှာ အလုပ်လုပ်တယ်လေ .... သိုင်းဆရာ 'တိတ်ချောင်း'ဆိုရင် လူတိုင်းသိကြပါတယ်"

ထိုလူ(ဝါ) သိုင်းဆရာတိမ်ချောင်းက ဆက်၍ ရှင်းပြလိုက်လေသည်။

"ကျုပ်တို့က အဖိုးတန်အာမခံပစ္စည်းတချို့ကို ကျင်းချဲ့ဖြို့

ရောက်အောင်ပို့ပေးရမယ် .... လမ်းခရီးမှာ လုယက်တိုက်ခိုက်မှုမ
လေအောင် ပုံမှန်သွားနေကျ ခရီးလမ်းကြောင်းအတိုင်းမသွားဘဲ
တစ်ခါမှ မသွားဘူးတဲ့ သည်ဘက်လမ်းကြောင်းကို ရွေးချယ်ပြီး လာခဲ့
ကြတာ .... သွားနေကျ လာနေကျမဟုတ်တော့ နည်းနည်းအခက်ကြ
ရတာပေါ့ .... ဒါပေမယ့် လုယက်တိုက်ခိုက်ခံရမယ့် အန္တရာယ်ထက်စာ
ရင် အများကြီး တော်သေးတယ်လို့ ပြောလို့ရတယ် .... "

ယင်ကျင်း စိတ်ဝင်စားသွားသည်။

အာမခံဌာနလုပ်ငန်းများအကြောင်းကို ဘဘကျန်းက ပြောပြ
ခဲ့သလို စာအုပ်ထဲ၌လည်း ဖတ်ရှုခဲ့ရသည်။

အာမခံဌာနမှ လူများသည် သိုင်းပညာတတ်မြောက်ထားကြ
ပြီး လုယက်တိုက်ခိုက်သည့် လူဆိုးဓားပြများအား အသက်စွန့် ရင်ဆိုင်
တတ်ကြသည့် သူရဲကောင်းများဖြစ်ကြကြောင်း သူ သိရှိထားသည်။

ယင်ကျင်းက ဦးညွတ်လိုက်သည်။

"ဦးဟာ .... သူရဲကောင်းသိုင်းသမားတစ်ယောက်ပဲ့နော် ....
ကျွန်တော်လည်း သိုင်းပညာကို စိတ်ဝင်စားမိပါတယ် ခင်ဗျာ"

"ဟား .... ဟား .... ဟား .... "

သိုင်းဆရာတိတ်ချောင်း သဘောကျစွာ ရယ်မောလိုက်လေ၏။

"မင်းက သိုင်းပညာကို စိတ်ဝင်စားတယ်ဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ .... "

"ဒါဆို ငါ့ဆီကို လာခဲ့ပေါ့ကွ .... "

"ဟုတ်ကဲ့ .... တစ်နေ့ကျရင် ဦးရဲ့ ဖုံးချိန်အာမခံဌာနကိုရောက်
အောင် ကျွန်တော် လာခဲ့ပါ့မယ် .... "

"ကောင်းတယ် .... ကောင်းတယ် .... "



နှစ်ယောက်သား စကားကောင်းနေစဉ် ....

"ခွပ်ခွပ် .... ခွပ်ခွပ် .... "

"ခွပ်ခွပ် .... ခွပ်ခွပ် .... "

မြင်းခွာသံဖြင့် လှည်းဘီးလိမ့်သံများ ထွက်ပေါ်လာသည်။ မြင်း
စီးသမားတစ်စုက မြင်းလှည်းတစ်စီးအား ခြံရံ၍လာနေကြသည်ကို
တွေ့လိုက်ရလေသည်။ တိတ်ချောင်းက နှုတ်ဆက်လိုက်သည်။

"ကဲ .... ငါသွားတော့မယ် .... တစ်နေ့ တို့ပြန်တွေ့ကြသေး
တာပေါ့ .... "

"ကောင်းပါပြီ ခင်ဗျာ .... "

ယင်ကျင်းသည် တိမ်ချောင်းတို့လူစု ထွက်သွားကြသည်ကို
ငေးမောကြည့်ရင်း ကျန်ရစ်ခဲ့လေတော့သည်။

။၃။

လပြည့်ည .... ။

ကောင်းကင်ပေါ်၌ လဝန်းထိန်ထိန်သာနေ၏။

အေးမြသောလရောင်အောက်၌ ဘဘကျန်းက အိမ်ရှေ့ကွပ်ပျစ်
၌ထိုင်ကာ ရေနွေးကြမ်းသောက်နေ၏။

ယင်ကျင်းသည် ဘဘကျန်း၏ နံဘေး၌ထိုင်ကာ ဝေယျာဝစ္စ
လုပ်ကိုင်ဆောင်ရွက်ပေးနေသည်။

ဘဘကျန်းက ....

"မင်းတွေ့ခဲ့တဲ့ ဖုံးချိန်အာမခံဌာနဆိုတာ နာမည်ကျော်ပဲကွ၊
သိုင်းဆရာစိန်ရှမ်းနဲ့ သိုင်းဆရာတိတ်ချောင်းတို့ မိတ်ဆွေသူငယ်ချင်းနှစ်

ယောက်ာ ပူးပေါင်းဖွင့်လှစ်ထားတာပဲ .... ယင်နန်နယ်က လူတွေဟ
ဖုံးချိန်းအာမခံဌာနကို အားကိုးပြီး ရပ်ဝေးကို ပစ္စည်းတွေပို့ဆောင်နိုင်
တတ်ကြတာပေါ့ .... "

ယင်ကျင်း၏မျက်လုံးကလေးများ အရောင်တောက်ပကာ ဝင်
လက်နေပါသည်။ ဘဘကျန်းက ယင်ကျင်း စိတ်ဝင်စားနေမှန်း ရိပ်မိ၍
မေးလိုက်သည်။

"ဘာလဲ .... မင်းက အာမခံဌာနကို စိတ်ဝင်စားနေတာလား"

"ကျွန်တော်က သိုင်းပညာကို စိတ်ဝင်စားတာပါ .... "

"ဟေ .... "

ဘဘကျန်း အံ့သြသွားသည်။

ယင်ကျင်းက ....

"သိုင်းသမားတွေဟာ စိတ်ဓာတ်နိုင်မာတယ် .... သစ္စာရှိပြီး
တည်ကြည်ရိုးသားကြတယ် .... အများအကျိုးဆောင်ရွက်ကြတဲ့ သူရဲ
ကောင်းတွေလို့ စာထဲမှာ ရေးထားတာကို ကျွန်တော် ဖတ်ဖူးပါတယ်"

ဘဘကျန်းက ....

"ဒါနဲ့ပဲ မင်းက သိုင်းပညာကို စိတ်ဝင်စားရသလား .... "

"ကျွန်တော် သိုင်းပညာတတ်ရင် အများအကျိုး သယ်ပိုးဆောင်
ရွက်နိုင်တဲ့ သူရဲကောင်းဖြစ်လာမှာပေါ့ .... ပြီးတော့ ကိုယ်ပိုင်အာမခံ
ဌာနတစ်ခု ထူထောင်ပြီး အသက်မွေးဝမ်းကျောင်းပြုမယ် .... ဒါဆိုရင်
ဖေဖေမျှော်လင့်သလို ကြွယ်ဝချမ်းသာပြီး အေးချမ်းတဲ့ဘဝကို ပိုင်ဆိုင်ရ
ပြီး မေမေ့ကိုလည်း ကောင်းကောင်းထားနိုင်ပြီပေါ့ .... "

ဘဘကျန်းသည် မျှော်လင့်ချက်ကြီးစွာဖြင့် ပြောဆိုနေသော
ယင်ကျင်းကို ကြည့်ရင်း စိတ်မကောင်းဖြစ်မိသည်။ ယခုတလော ယင်



ကျင်း၏ မိခင်မှာ ပင်ပန်းသည့်ဒဏ်ကြောင့် ကျန်းမာရေး ချို့ယွင်းလာ
သည်။ နေထိုင်မကောင်းဖြစ်ကာ တရှောင်ရှောင်ရှိနေသည် မဟုတ်ပါ
လား။ ယင်ကျင်း၏ဘဝမှာ ခက်ထန်ကြမ်းတမ်းလှသည်။ သူ၏ရည်
ရွယ်ချက်၊ မျှော်လင့်ချက်များ ပြည့်ဝနိုင်ပါမည်လော .... ။

ဖုံးချိန်အာမခံဌာန သိုင်းဆရာတိတ်ချောင်းသည်သာလျှင် ယင်
ကျင်း၏ဘဝအတွက် တစ်ခုတည်းသောမျှော်လင့်ချက်ဖြစ်ပေလိမ့်မည်။

"ဖုံးချိန်အာမခံဌာနဟာ ရှမ်းစီးမြို့မှာဆိုတော့ ခရီးတော်တော်
ဝေးတယ် .... မင်းသွားလို့ ဖြစ်ပါမလား .... "

ယင်ကျင်းက ....

"ကျွန်တော် ကြိုးစားသွားမှာပါ .... တစ်နေ့ကျရင် အရောက်
သွားနိုင်မှာ သေချာပါတယ် .... "

"အေးအေး .... ကြိုးစားပေါ့ကွယ် .... "

ဘဘကျန်း အလိုက်သင့်ပြောလိုက်ရသည်။ ထို့နောက် ....

"မင်းက တစ်နေ့ကျရင် သိုင်းလောကထဲသွားမယ်လို့ ရည်ရွယ်
ထားတော့ သိုင်းလောကအကြောင်း ပြောပြရသေးတာပေါ့ .... "

သိုင်းလောကနှင့် ပတ်သက်ပြီး သူ သိရှိထားသမျှ ပြောပြ
သည်။ ယင်ကျင်း အကြိုက်တွေ့သွားပြီး ဂရုစိုက်နားထောင်ကာ သေ
သေချာချာ မှတ်သားထားလိုက်လေတော့သည်။

ယင်ကျင်းကလေးမှာ လိုချင်စိတ်အပြည့်အဝရှိသည်။ ဘဘ
ကျန်းသည့် အရာအားလုံးမှာ သူစိတ်ဝင်စားရချည်းသာ ဖြစ်နေပါ
တော့သည်။

အကျဉ်းခန်းမှာ ခိုင်ခံ့သည့်အပြင် သန့်သန့်ရှင်းရှင်းရှိသည်။ အခြားအခန်းများကဲ့သို့ မညစ်ပတ်ပေ။ အခန်းထောင့်တစ်နေရာ၌ သန့်ရှင်းသော ခုတင်တစ်လုံးနှင့် စားပွဲကုလားထိုင်များရှိသည်။

အကျဉ်းချခံနေရသော်လည်း မိမိ၏အိမ်ခန်းထဲ၌ နေထိုင်ရသည့်ပမာ အကျဉ်းသားအား အထူးအခွင့်အရေးပေးထားခြင်း ဖြစ်ပါသည်။

ထိုသို့ အခွင့်အရေးပေးခံရသော အကျဉ်းသားမှာ မိုးတိမ်ကျေးရွာကိစ္စဖြင့် ဟိုးလေးတကျော် ကျော်ကြားခဲ့သော မဟူရာသမားတော် ဝမ်းကျင်းစန်းပင်ဖြစ်ပါတော့သည်။

ဝမ်းကျင်းစန်းသည် စားပွဲ၌ထိုင်ကာ စာဖတ်နေရာမှ တံခါးပွင့်သွားသောအသံကြောင့် လှည့်ကြည့်လာသည်။ စားသောက်ဖွယ်ရာများ ယူလာသည့် ချိုပင်ကိုမြင်လျှင် ပြုံးလိုက်မိလေ၏။

"နံနက်စာစားချိန်ကိုတောင် ရောက်နေပြီကိုး .... "

စားချိန်ကိုပြောပြီး ချိုပင်ကို နှုတ်ဆက်လိုက်ခြင်း ဖြစ်ပါသည်။

ချိုပင်မှာ အကျဉ်းတိုက်အလုပ်သမားတစ်ယောက် ဖြစ်သည်။ သဘောမနောကောင်းပြီး ဝမ်းကျင်းခန်းကို လေးစားမှုရှိကာ ဂရုစိုက်သူဖြစ်သည်။

"ဆရာလေးအတွက် အသားဟင်းတစ်ခွက်နဲ့ ဟင်းသုံးမျိုးယူလာပါတယ် .... "

"အင်း .... ကျုပ် ဗိုက်ဆာနေတာနဲ့ အတော်ပဲ .... "

ဝမ်ကျင်းစန်းက အားရပါးရပင် စားသောက်လိုက်သည်။

ယခု ....

ဝမ်းကျင်းစန်း သည် အကျဉ်းခန်းကို ကိုယ့်အိမ်ကိုယ့်ရာပမာ သဘောထားနေနိုင်ပြီ ဖြစ်ပါသည်။



## အခန်း(၃)

## ဆုံးဖြတ်ချက်

"ဂွမ်း .... "

ကျယ်လောင်သော မြည်သံကြီးနှင့်အတူ သံတံခါးကြီးပွင့်သွားလေ၏။

ချိုပင်သည် စားသောက်ဖွယ်ရာများ ထည့်ထားသည့် လင်ပန်းတစ်ချပ်ကိုကိုင်ကာ အခန်းတွင်းသို့ ဝင်လာသည်။

အခန်းက ကျယ်ဝန်းသော်လည်း လေးဘက်လေးတန် နံရံ ကာဆီးထားကာ ဝင်ပေါက်ထွက်ပေါက်ဟူ၍ တံခါးပေါက်တစ်ခုထဲသာရှိသည်။

ထိုတံခါးပေါက်၌လည်း ထူထဲခိုင်ခံ့သော သံတံခါးကြီး တပ်ဆင်ထား၏။

အလွန်ခိုင်ခံ့သော အကျဉ်းခန်းဖြစ်ပါသည်။

ထိုအခန်းတွင်းသို့ ရောက်ရှိလာသော အကျဉ်းသားမှာ ဂဠုန်အဖြစ်မိုးပေါ်ပျံပြီး နဂါးအဖြစ် မြေလျှိုးသည့်ပညာ တတ်မြောက်မှသာလျှင် အစောင့်များမသိအောင် ထွက်ပြေးလွတ်မြောက်နိုင်လိမ့်မည်။

ထိုအကျဉ်းခန်းအတွင်း၌ပင် အသက်သေဆုံးသည်အထိ နေထိုင်သွားရတော့မည် မဟုတ်ပါလား။

မိုးတိမ်ကျေးရွာမှ လူများအတွက် သူ စိတ်မကောင်းပါ။ သူ၏ ပေါ့ဆမှုကြောင့် တစ်ရွာလုံး အသက်ဆုံးရှုံးသွားခဲ့ရခြင်းဖြစ်ရာ အသက်ကယ်နေသော သမားတော်တစ်ဦးအတွက် ဖြေမဆည်နိုင်စရာပင်။

ပေါ့လျော့ခဲ့မိသည့် အပြစ်ကို ခံယူလိုက်သည်ဟု နားလည်ကာ ထောင်ဒဏ်တစ်သက် အပြစ်ဒဏ်ကို ကျေကျေနပ်နပ်ခံယူခဲ့ခြင်းဖြစ်သည်။ အကျဉ်းတိုက်သို့ ရောက်ကာစက မနေတတ်သဖြင့် အခက်ကြုံခဲ့ရသော်လည်း ယခုတော့ နေသားကျသွားပြီဖြစ်ပါသည်။

ဝမ်းနည်းကြေကွဲစရာများကို မစဉ်းစားတော့ဘဲ ကြိုးစားမေ့ပစ်ထားခဲ့သည်။ အမတ်ပေါင်းများစွာ သေဆုံးရခြင်းအတွက် သူ မမေ့ပျောက်သင့်ပါ။ သို့သော်လည်း သူ ကြိုးစား၍ မေ့ပစ်ခဲ့သည်။ တစ်နေ့တစ်နေ့ စာဖတ်ခြင်းဖြင့် စာပေတွင် စိတ်အာရုံ နှစ်မြှုပ်ထားလိုက်သည်။

သို့ဖြင့် လက်ရှိအခြေအနေတွင် ပျော်မွေ့ကာ နေသားကျအောင် နေထိုင်လာနိုင်ခဲ့ခြင်း ဖြစ်ပါသည်။

သူ့အား တာဝန်ယူထားသည့် ချိုပင်သည်လည်း သူ့အား လေးလေးစားစားရှိသဖြင့် ပို၍ အဆင်ပြေသွားလေတော့သည်။

ဝမ်းကျင်းစန်း အားရပါးရ စားသောက်နေသည်ကို ချိုပင်က ကျေနပ်စွာ ကြည့်နေပါသည်။

ချိုပင်သည် ဝမ်းကျင်းစန်းထက် အသက်ဆယ်နှစ်ခန့် ပိုကြီးပြီး အကျဉ်းသားနှင့် အမှုထမ်းအလုပ်သမားဖြစ်သော်လည်း သူသည် ဝမ်းကျင်းစန်းကို ရိုသေလေးစားစွာ ဆက်ဆံနေသည်မှာ အကြောင်းရှိလေသည်။



ချိုပင်၏ မိခင်ကြီး နေထိုင်မကောင်းဖြစ်ခဲ့စဉ်က ဝမ်းကျင်းစန်း၏ ဖော်စပ်ထားသော ဆေးတစ်ခွက်သောက်ရပြီး ဝေဒနာပျောက်ကင်းချမ်းသာရခဲ့ဘူးခြင်းသည် သူရှိသေလေးစားခြင်း၏အကြောင်းရင်းပင်။

ဝမ်းကျင်းစန်းထံသို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်ဆေးကုသခံယူခဲ့ခြင်းတော့ မဟုတ်ပါ။

ဝမ်းကျင်းစန်းထံ၌ ဆေးကုသမှုခံယူဘူးပြီး ရောဂါပျောက်သွားသဖြင့် ပိုနေသောဆေးတစ်ခွက်ကို စွန့်ကျဲ့ထိုက်သော ဘုန်းတော်ကြီးတစ်ပါးနှင့်သာ ပတ်သက်ခဲ့ခြင်းဖြစ်ပါသည်။

ဘုန်းတော်ကြီး၏ ကျေးဇူးရှိသလို ဝမ်းစန်းကျင်း၏ဆေးကြောင့် မိခင်ကြီး၏ဝေဒနာ ပျောက်ကင်းခဲ့ရသည်ဟု မှတ်ယူစွဲက ချိုပင်က ကျေးဇူးတင်မဆုံးအောင် ရှိနေခြင်းဖြစ်ပါသည်။

ထို့အပြင် ....

ဝမ်းကျင်းစန်းသည် ပေါ့ဆမိခဲ့သည့်အပြစ်ကို ဝန်ခံပြီး အပြစ်ဒဏ်ကို ကြည်ကြည်ဖြူဖြူ ခံယူခဲ့ခြင်းကြောင့်လည်း အားလုံးက လေးစားနေကြခြင်းဖြစ်သည်။

"ဆရာလေး .... စားလို့ကောင်းတယ်ဆိုရင် ညနေကျရင် .... ကျုပ် သေသေချာချာ ချက်ပြုတ်လာပါဦးမယ် .... "

ချိုပင်က ပြောသည်။

ဝမ်းကျင်းစန်းက ....

"ခင်ဗျား ပင်ပန်းနေပါ့မယ် .... ကျုပ်ကို သိပ်ပြီး ဂရုမစိုက်ပါနဲ့ ဘာနဲ့ပဲစားရစားရ ဖြစ်ပါတယ်ဗျာ .... အကျဉ်းသားဟာ အကျဉ်းသားလိုပဲ နေရမှာပေါ့ .... အခု .... ကျုပ်ဟာ ခင်ဗျား၊ရဲ့ ကျေးဇူးကြောင့်

စားကောင်းသောက်ကောင်းတွေ စားနေရတာပါ .... ကျေးဇူးလည်း တင်ပါတယ်ဗျာ .... "

ချိုပင်က ....

"ဆရာလေးကို ဂရုစိုက်ဖို့ ကြေးတိုက်မှူးကြီးကိုယ်တိုင်က အမိန့်ပေးထားတာပါ .... ကျုပ် ဘာမှ ပင်ပန်းစရာ မရှိပါဘူး .... ခုလို ပြုစုပေးနိုင်တာပဲ ဝမ်းသာလှပါပြီ .... "

ဝမ်ကျင်းစန်း သက်ပြင်းချမိသည်။

သူသာအဆိပ်ဖော်စပ်ပြီး ဖြေဆေးမဖော်စပ်နိုင်ခြင်းကြောင့် ဒေါသမဖြစ်ခဲ့ပါလျှင် စိတ်ပျက်ကာ ပေါ့လျော့ခြင်းမရှိခဲ့ပါလျှင် မည်မျှ ကောင်းမည်နည်းဟု တွေးလိုက်သည်။

ယခုတော့ အရာရာအားလုံး နောက်ကျသွားခဲ့ပြီဖြစ်ပါသည်။ ချိုပင်က ရုတ်တရက် ပြောလေ၏။

"ဆရာလေးကို ပြောစရာရှိသေးတယ် .... "

ဝမ်းကျင်းစန်း အတွေးပြတ်သွားတော့သည်။

"ဘာများ ပြောချင်လို့လဲဗျာ .... "

ချိုပင်က ....

"ကြေးတိုက်မှူးကြီးက ပြောတယ်ဗျ .... အကျဉ်းသားတွေ နေထိုင်မကောင်းဖြစ်တဲ့အခါ တခြားရောဂါဝေဒနာတွေ ဖြစ်ပွားလာတဲ့ အခါမှာ အကျဉ်းထောင်ထဲမှာ ဆေးကုသပေးဖို့ပါပဲ .... "

"ဟင် .... "

ဝမ်းကျင်းစန်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေ၏။ သူ အံ့သြသွားသည်။ ဤစကားများကိုကြားပြီး သူ့နား သူ မယုံချင်အောင် ဖြစ်သွားမိသည်။



"သည်မှာ ဆေးဆရာတစ်ယောက် ရှိနေတာပဲ မဟုတ်လား၊ ကျုပ်က ဘာဖြစ်လို့ .... "

"ဆေးဆရာက နုတ်ထွက်သွားလို့ပါ .... နောက်ထပ် ဆေးဆရာတစ်ယောက်ရဖို့လည်း မလွယ်လှပါဘူး .... "

"ဘာဖြစ်လို့လဲဗျ .... "

ချိုပင်က မျက်နှာမသာမယာဖြင့် ရှင်းပြသည်။

"သည်ကြေးတိုက်ဟာ တခြားကြေးတိုက်တွေနဲ့ မတူပါဘူး၊ အင်မတန် အပြစ်ကြီးတဲ့ အကျဉ်းသားတွေ နှစ်ရှည်လများ ချုပ်နှောင်ထားရတဲ့ ကြေးတိုက်ပါ .... သည်ကိုရောက်လာတဲ့ အကျဉ်းသားအများစုဟာ အတော်ကို ဆိုးသွမ်းကြပါတယ် .... လူမနိုင်သားတွေပေါ့ဗျာ .... ဒါကြောင့် ဆေးဆရာတွေက ခေါင်းရှောင်နေကြတာပါ"

ဝမ်းကျင်းစန်း သက်ပြင်းချလိုက်မိပြန်သည်။

ချိုပင်က ....

"ဆရာလေးကို တာဝန်ပေးရင်ကောင်းမယ်လို့ ကြေးတိုက်မှူးကြီး ပြောနေတာ ကျုပ် ကြားမိတယ် .... ဒါကြောင့် ဆရာလေးကို ပြောပြတာ .... "

ဝမ်းကျင်းစန်း ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်နဲ့ မဖြစ်ပါဘူးဗျာ .... "

ချိုပင်က ....

"ဘာကြောင့် မဖြစ်ရမှာလဲ .... ဆရာလေးဟာ နာမည်ကျော်သမားတော်တစ်ယောက်ပဲ .... ဆေးကုတဲ့အလုပ်ကိုလုပ်ရင် သမားတော်ဘဝကို ပြန်ရတာနဲ့ အတူတူပဲ မဟုတ်လား .... "

"ကျုပ်က သမားတော်ဖြစ်ခဲ့တော့ ဆေးကုရတာကို စိတ်မကုန်

နိုင်ဘူးလို့ ထင်နေတာကိုး .... ခင်ဗျား မှားနေပြီ .... ကျုပ်က ဆေးပညာကို မေ့ပစ်လိုက်ပြီဗျ .... "

"ဟင် .... "

ချိုပင် ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

ဝမ်းကျင်းစန်းက ဆက်ပြောလိုက်သည်။

"ကျုပ်ကိုယ်ကျုပ် သမားတော်တစ်ယောက်လို့ သဘောမထားတော့ဘူး .... ဒါကြောင့် ကြေးတိုက်မှူးကြီးနဲ့ တွေ့ရင် ပြောလိုက်ပါဗျာ .... ကျုပ် လက်ခံနိုင်မှာ မဟုတ်ပါဘူး .... ဆေးပညာမေ့ထားတဲ့သူဟာ သမားတော် မဟုတ်တော့ပါဘူးဗျာ .... "

ချိုပင်က ....

"ဆရာလေး တကယ်ပဲ ဆေးပညာကို စွန့်လွှတ်လိုက်တော့မှာလားဗျာ .... "

ဝမ်းကျင်းစန်းအတွက် အလွန်ပင် စိတ်မကောင်းရှိနေလေတော့သည်။ ဝမ်းကျင်းစန်းက ဆို့နစ်စွာပြောလေ၏။

"မိုးတိမ်ကျေးရွာလို အဖြစ်မျိုး နောက်ထပ်ပေါ်ပေါက်လာမှာကို ကျုပ် မလိုလားတော့ပါဘူးဗျာ .... "

ချိုပင်မှာ ပါးစပ်ပိတ်ထားလိုက်ရလေတော့သည်။

နောက်တစ်နေ့နံနက် .... ။

ကြေးတိုက်မှူးကြီးကိုယ်တိုင် ဝမ်းကျင်းစန်းထံသို့ ရောက်ရှိလာလေသည်။ ကြေးတိုက်မှူးကြီးမှာ ခန္ဓာကိုယ်ဝဝဖိုင့်ဖိုင့် အသက်ငါးဆယ်ကျော်ခန့်ရှိသည်။

သဘောမနောကောင်းပြီး ကြေးတိုက်စည်းကမ်းအတိုင်း လိုက်နာသော အကျဉ်းသားများကို သက်ညှာမှုပေးသူဖြစ်သည်။ သို့သော်



စည်းကမ်းဖောက်ဖျက်သော အကျဉ်းသားများကိုမူ ထိထိရောက်ရောက် အပြစ်ပေးတတ်သည်။ အလွန်စည်းစနစ်ကြီးသူဖြစ်သည်။

ဝမ်းကျင်းစန်းက ဂါရဝပြုလိုက်သည်။

"သမားတော်ကြီး .... အားလုံးအဆင်ပြေပါတယ်နော် .... ကြေးတိုက်မှူးကြီးက မေးလာသည်။

ဝမ်းကျင်းစန်းက ....

"အဆင်ပြေပါတယ် .... ကျုပ်ကို ဂရုစိုက်တဲ့အတွက် ကြေးတိုက်မှူးကြီးကို ကျေးဇူးတင်ပါတယ်ဗျာ .... "

ကြေးတိုက်မှူးကြီးက ....

"အင်း .... ဘာလိုလိုနဲ့ သမားတော်ကြီး သည်ကိုရောက်လာတာ ဆယ့်ငါးနှစ်တောင်ရှိသွားပြီနော် .... "

ဝမ်းကျင်းစန်း ပြုံးလိုက်သည်။

"ကျုပ်က သည်မှာ တစ်သက်လုံးနေသွားရမယ့်လူဆိုတော့ နှစ်တွေ ဘယ်လိုပဲပြောင်းပြောင်း ကျုပ်အတွက် **အရေးမကြီးတော့ပါဘူး၊** အနာဂတ်မရှိတော့တဲ့ လူအတွေ်က အချိန်ဟာ **အလကားပါပဲဗျာ**"

ကြေးတိုက်မှူးကြီးသည် ဝမ်းကျင်းစန်းအား ခြေဆုံးခေါင်းဆုံး **ကြည့်ပြီး** လာရင်းကိစ္စကို ကမ္ဘာစ လိုက်သည်။

"**သမားတော်ကြီး** ... သည်အတိုင်း နေသွားမယ့်အစား ကိုယ်**တတ်ထားတဲ့** ဆေးပညာနဲ့ အကျိုးပြုလုပ်ငန်းတွေ ဆောင်ရွက်ပေး သွားရင် ပိုကောင်းမယ်လို့ ကျုပ် ယူဆမိတာပဲ .... "

ဝမ်းကျင်းစန်းက ....

"ကျုပ်က ဆေးပညာကို စွန့်လွှတ်လိုက်ဖို့ ဆုံးဖြတ်ပြီးပါပြီ .... မိုးတိမ်ကျေးရွာလိုကိစ္စမျိုးကို နောက်ထပ် ဘယ်တော့မှ အဖြစ်မခံနိုင်

တော့ပါဘူးဗျာ .... "

ကြေးတိုက်မှူးကြီးက ....

"သမားတော်ကြီး .... တကယ်ပဲ စိတ်ကုန်သွားပြီလား .... ကျုပ်သဘောကတော့ စဉ်းစားစေချင်ပါသေးတယ် .... "

"ကျုပ် တကယ်စိတ်ကုန်နေပါပြီဗျာ .... "

"ဒါဖြင့် ကျုပ်ရဲ့တောင်းဆိုမှုကို လက်မခံနိုင်ဘူးပေါ့ .... "

"ကျုပ် စကားကုန်ပြောပြီးပါပြီ .... "

ကြေးတိုက်မှူးကြီးက ....

"သမားတော်ကြီး တကယ်ပဲ စိတ်ကုန်သွားပြီလား .... ကျုပ်သဘောကတော့ စဉ်းစားစေချင်ပါသေးတယ် .... "

"ကျုပ် တကယ်စိတ်ကုန်နေပါပြီဗျာ .... "

"ဒါဖြင့် .... ကျုပ်ရဲ့တောင်းဆိုမှုကို လက်မခံနိုင်ဘူးပေါ့"

"ကျုပ် စကားကုန်ပြောပြီးပါပြီ .... "

ကြေးတိုက်မှူးကြီး လက်လျှော့သွားတော့သည်။

"ကောင်းပြီလေ .... သမားတော်ကြီးကိုယ်တိုင် စိတ်မပါဘူးဆိုတော့လည်း ကျုပ် မတိုက်တွန်းချင်တော့ပါဘူး .... ကဲ .... ကျုပ်ကို ခွင့်ပြုပါဦး .... "

"ကောင်းပါပြီဗျာ .... "

ကြေးတိုက်မှူးကြီးသည် ဝမ်းကျင်းစန်းကို နှုတ်ဆက်ကာ ပြန်သွားလေတော့သည်။

။ ။



အခန်း(၄)

## ဘဝဟူသည်

ဆယ့်ငါးနှစ် .... ။

ဝမ်းကျင်းစန်း အကျဉ်းချခံရသည်မှာ ဆယ့်ငါးနှစ်တာကြာမြင့်သွားပြီဖြစ်သည်။

ထိုအချိန်တွင် ....

**ကျေးတောရွာကလေး၌** မွေးဖွားကြီးပြင်းလာခဲ့သည့် ယင်**ကျင်းသည်လည်း** ဆယ့်ငါးနှစ်သားအရွယ် လူပျိုပေါက်လေးတစ်**ယောက်** ဖြစ်လာခဲ့ချေပြီ။

တော်ရွာတွင် နေထိုင်ကြီးပြင်းခဲ့ရသူဖြစ်၍ ကျန်းမာသန်စွမ်းကာ အရွယ်နှင့် မလိုက်အောင် သန်မာထွားကြိုင်းနေပါတော့သည်။

ယင်ကျင်း အသက်ဆယ့်ငါးနှစ်ပြည့်ချိန်မှာပင် ကျန်းမာရေး ချို့ယွင်းကာ တရှောင်ရှောင်ဖြစ်နေသော မိခင်ကြီး ကွယ်လွန်သွား၏။

ထို့ကြောင့် ယင်ကျင်းမှာ မိဘနှစ်ပါးစလုံး မရှိတော့ဘဲ တစ်ကောင်ကြွက် တစ်မျက်နှာဘဝ ရောက်ရလေတော့သည်။

သူ့အား အမြဲတမ်း အားပေးနှစ်သိမ့်သည့် ဘဘကျန်းသာ မရှိ

လျှင် ယင်ကျန်း ပို၍ ခံစားရလိမ့်မည် ဖြစ်ပေသည်။

ဘဘကျန်းက အနီးမှ အားပေးနှစ်သိမ့်နေခဲ့ခြင်းကြောင့်သ

လျှင် ယင်ကျင်းကိုယ်တိုင် ထိန်းနိုင်ခဲ့ခြင်းဖြစ်ပါသည်။

ဤရွာကလေး၌ ဆက်နေ၍ ယင်ကျင်းအတွက် အကျိုးမရှိနိုင်

ကြောင်းလည်း ဘဘကျန်း သဘောပေါက်ထားလေသည်။

"ယင်ကျင်း .... မင်း အရွယ်လေးလည်းရလာပြီ .... စာပေ

ပညာကို နှံ့စပ်ကျွမ်းကျင်တဲ့အပြင် ဗဟုသုတလည်း ကြွယ်ဝနေပြီ ....

ဒါကြောင့် သည်ရွာကထွက်ပြီး ဘဝတိုးတက်ရာ တိုးတက်ကြောင်း

ရှာသင့်တယ် .... "

ဘဘကျန်း တိုက်တွန်းသည်။

ယင်ကျင်း ခေါင်းညိတ်လိုက်သည်။

"ကျွန်တော်လည်း သွားဖို့ဆုံးဖြတ်ထားပါတယ် .... ရှမ်းစီးမြို့

ကို ကျွန်တော်သွားရင် ကောင်းမလားဟင် .... "

"ဘာလဲ .... ဖုံးချိန်အာမခံဌာနကို သွားမလို့လား"

"ဟုတ်ပါတယ် ဘဘ .... "

"ကောင်းတယ် .... မင်းအတွက် အသင့်တော်ဆုံးနေရာပဲ ....

သိုင်းဆရာတိတ်ချောင်းက မင်းကို ကြည့်ရှုစောင့်ရှောက်သွားလိမ့်မယ်

လို့ ငါ ယုံကြည်ပါတယ် .... "

ရှေ့ဆက်ရမည့်ခရီးကို တွေးမိသောအခါ ဝမ်းနည်းကြေကွဲနေ၍

မဖြစ်ဘဲ ကြိုးစားအားထုတ်သွားရလိမ့်မည်ဖြစ်ကြောင်း ယင်ကျင်း နာ

လည်မိသည်။ ဘဘကျန်းက ....

"ယင်ကျင်း .... မင်းအတွက် အစစအရာရာ အဆင်ပြေပါစေ

လို့ ငါ ဆုတောင်းပေးလိုက်ချင်ပါတယ် .... "



"ကျေးဇူးတင်ပါတယ် ဘဘရယ် .... "

ယင်ကျင်းက ဒူးထောက်ကာ ဦးသုံးကြိမ်ချရှစ်ခိုးကန်တော့

လိုက်သည်။

ဘဘကျန်း၏ ကျေးဇူးများ သူ့အပေါ်တွင် ဆပ်မကုန်နိုင်အောင်

ရှိနေသည် မဟုတ်ပါလား။

ယင်ကျင်းသည် မိခင်ကြီး ကွယ်လွန်သွားပြီး တစ်လပြည့်သော

နေ့တွင် ဇာတိကျေးရွာကလေးကို စွန့်ကာ 'ရှမ်းစီး'မြို့သို့ ဦးတည်ထွက်

ခွာခဲ့လေတော့သည်။

။၂။

ရှမ်းစီးမြို့ .... ။

ရှမ်းစီးမြို့သည် စည်ကားသိုက်မြိုက်သော မြို့ကြီးတစ်မြို့ဖြစ်

သည်။

ယင်ကျင်း ခရီးပြင်းနှင်ခဲ့ရာမှထွက်ပြီး တစ်လခန့်အကြာတွင်

ရှမ်းစီးမြို့သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားသည်။

ယင်ကျင်း ဝမ်းသာနေသည်။

ရှမ်းစီးမြို့၌ သိုင်းဆရာတိတ်ချောင်း၏ ဖုံးချိန်အာမခံဌာနရှိနေ

သည် မဟုတ်ပါလား။

ယင်းကျင်းသည် မြို့ခံလူတစ်ယောက်ထံ၌ စုံစမ်းကြည့်လိုက်

လေသည်။

"နောင်ကြီး .... ဖုံးချိန်အာမခံဌာနကို သိသလားဗျာ .... "

"ဟာ .... မသိဘဲ နေပါ့မလား .... ဘာဖြစ်လို့လဲ .... "

"ကျွန်တော် သွားချင်လို့ပါ .... "

"ဒါဆို မင်း လမ်းမကြီးအတိုင်း တည့်တည့်လျှောက်သွား ....
လမ်းဆုံလမ်းခွကိုရောက်ရင် ဝဲဘက်ကို ချိုးကွေ့လိုက် .... အနီရောင်
ဆေးသုတ်ထားတဲ့ **အဆောက်အဦကြီး**ကို တွေ့လိမ့်မယ် .... အဲ
'ဖုံးချိန်' အာမခံဌာနပဲ .... "

"ခုလိုလမ်း**ညွှန်ပေးတာ** ကျေးဇူးတင်ပါတယ် ခင်ဗျာ .... ခွင့်
ပြုပါဦး .... "

ယင်ကျင်းက **ကျေးဇူးတင်စကား**ပြောကာ ထွက်လာခဲ့၏
ထိုလူ ရယ်မောလိုက်**လေသည်။**

"သည်လောက်**ကျော်ကြား**တဲ့ ဖုံးချိန်အာမခံဌာနကိုတောင်
မသိဘူးဆိုတော့ တကယ့်**တောသားတစ်**ယောက်ဆိုတာ **သိသာ**
ပြီ .... "

ယင်ကျင်းမှာ တကယ့်ကို **ကျေးတောသားတစ်ယောက်ဖြစ်**
သည်။ ထို့ကြောင့် ....

သူကိုယ်တိုင် ရယ်စရာဖြစ်နေပြီဆိုသည်ကို ထိုလူမသိခဲ့ပါချေ။
ယင်ကျင်းက ထိုလူညွှန်ပြသည့်အတိုင်း ခပ်သုတ်သုတ်လျှောက်
သွားရာ မကြာပါချေ။ ဖုန်းချိန်းအာမခံဌာနရှေ့သို့ ဆိုက်ဆိုက်မြိုက်မြိုက်
ရောက်ရှိသွားခဲ့လေတော့သည်။

ဖုံးချိန်အာမခံဌာနသည် ယခင်ငါးနှစ်ကထက်စာလျှင် ပို၍
အောင်မြင်တိုးတက်လာခဲ့ပြီဖြစ်ပါသည်။ ယင်ကျင်းသည် ခမ်းနားထည်
ဝါလှသော အာမခံဌာနအဆောက်အဦကြီးကို ကြည့်နေမိသည်။

ထိုစဉ် ....

"ညီလေး .... ဘာကိစ္စရှိလို့လဲ .... "



မေးမြန်းသံနှင့်အတူဖုံးချိန်အာမခံဌာနမှသိုင်းသမားတစ်ယောက်
သည် ယင်ကျင်းအနီးသို့ ရောက်ရှိလာသည်။ ယင်ကျင်း ဦးညွှတ်လိုက်
သည်။

"ကျွန်တော်က ယင်ကျင်းပါ .... ဖုံးချိန်အာမခံဌာနက သိုင်း
ဆရာ 'တိတ်ချောင်း'နဲ့ တွေ့ချင်လို့ပါ .... "

"သြော် .... ဆရာတိတ်ချောင်းနဲ့ တွေ့ချင်လို့ကိုး .... ဆရာ
တိတ်က အာမခံပစ္စည်းသွားပို့ပြီး ခရီးထွက်သွားပါတယ် .... ဘာကိစ္စ
နဲ့ ဆရာတိတ်ကို တွေ့ချင်ရတာလဲ .... ပြောပါဦး .... "

"ဟို .... ဟို .... "

"ပြောပါဦး ညီလေး .... **ညီလေးပြောရင် ဆရာတိတ်** ပြန်လာ
တဲ့အခါ ပြန်ပြောပြနိုင်တာပေါ့ .... "

"ကျွန် .... ကျွန်တော် .... "

"ညီပြောပြဖို့ ခက်နေလို့လား .... "

ယင်ကျင်း ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ပါဘူး .... ဆရာတိတ်နဲ့ **တွေ့ရင် အကူအညီ**တောင်း
မလို့ပါ .... သူက ခရီးထွက်သွားတော့ .... "

ရှေ့ဆက်မပြောနိုင်ဘဲ **ဖြစ်သွားသည်။** ထိုလူက အကြံပေး
သည်။

"သြော် .... ဆရာတိတ်**ဆီမှာ** အကူအညီတောင်းမလို့ကိုး ....
ညီလေးကို ကြည့်ရတာ အခက်အခဲတစ်ခုခုရှိနေပုံရတယ် .... ဆရာ
တိတ်**မရှိပေမယ့်** ဆရာစိန်ရှိပါတယ် .... သူနဲ့ ဝင်တွေ့ပြီး အကျိုး
**အကြောင်းပြော**ပြပါလား .... "

ယင်ကျင်း ဝမ်းသာသွားလေသည်။

"ကျေးဇူးပါပဲဗျာ .... "

"ကဲ .... လာ .... လာ .... "

ထိုလူသည် သဘောမနောကောင်းပြီး ယင်ကျင်းကို ကရုဏာသက်နေပုံရှိသည်။ ဆရာစိန်နှင့် တွေ့ရန် အကြံပေးကာ ခေါ်သွား၏။ ယင်ကျင်းလည်း လိုက်သွားသည်။

မကြာပါချေ။

သီးသန့်အခန်းတစ်ခုအတွင်း၌ ဆရာစိန်နှင့် တွေ့ရ၏။ ဆရာစိန်မှာ သိုင်းသမားတစ်ယောက် ဖြစ်သော်လည်း ခန္ဓာကိုယ်ဝဝဖိုင့်ဖိုင့် ဗိုက်ရွှဲရွှဲရှိနေသည်မှာ ကြည့်၍မကောင်းဟု ယင်ကျင်း ထင်မိသည်။

ယင်ကျင်းအား ခေါ်လာသူက ဆရာစိန်အား အကျိုးအကြောင်း ပြောပြလိုက်လေသည်။ ဆရာစိန်ကယင်ကျင်းအား အကဲခတ်လိုက်၏။

"ကျုပ်ကို ဆရာတိတ်ချောင်းလိုပဲ သဘောထားပါ .... မင်းမှာ ဘာအခက်အခဲရှိသလဲ .... ကျုပ်တို့ ဘာများ အကူအညီပေးရမလဲ ပြောပါ .... "

ယင်ကျင်းက ....

"ကျွန်တော်က ယင်ကျင်းပါ .... ဆရာတိတ်ချောင်းဆီမှာ အကူအညီတောင်းပြီး ဖုံးချိန်အာမခံဌာနမှာ အလုပ်လုပ်ချင်လို့ပါ .... "

"သြော် .... "

ဆရာစိန် ပြုံးလိုက်သည်။

"မင်းက အလုပ်လာတောင်းတာကိုး .... "

"ဟုတ်ပါတယ် ခင်ဗျာ .... "

"ဆရာတိတ်ချောင်းနဲ့ ဘယ်လိုများ ပတ်သက်နေသလဲ ပြောပါဦး .... "



"ဟိုးလွန်ခဲ့တဲ့ ငါးနှစ်လောက်က ကျွန်တော်တို့ တွေ့ဆုံခဲ့ကြပါတယ် .... "

တိတ်ချောင်းနှင့် ဆုံတွေ့ခဲ့ကြပုံကို ပြောပြလိုက်သည်။ ဆရာစိန်က စိတ်ဝင်စားစွာ နားထောင်နေသည်။

ယင်ကျင်း၏ စကားဆုံးသွားသည်နှင့် ဆရာစိန်က အမှတ်တရ ပြောသည်။

"ဟိုတစ်ခါ ဆရာတိတ်ပြောတဲ့ ကောင်လေးဆိုတာ မင်းပဲဖြစ်မယ် .... အေးလေ .... ဆရာတိတ်က ပြောထားတာရှိတော့လည်း မင်းကို လက်ခံရမှာပေါ့ .... "

ဆရာစိန်က လက်ခံမည့်အကြောင်းပြောသည်။ ယင်ကျင်း ဝမ်းသာသွားလေတော့သည်။

"ကျေးဇူးကြီးလှပါတယ် ခင်ဗျာ .... "

ဆရာစိန်ကပင် အဖွဲ့သားတစ်ယောက်ကိုခေါ်ကာ ယင်ကျင်းအတွက် နေရာထိုင်ခင်း စီစဉ်ခိုင်းလိုက်လေတော့သည်။ အာမခံဌာန၌ ဤသို့ အလွယ်တကူ အလုပ်ရဖို့ဆိုသည်မှာ မဖြစ်နိုင်ပါ။ ယင်ကျင်း၏ ကူညီမှုကလေးတစ်ခုကြောင့် ဤသို့ လွယ်ကူစွာ အလုပ်တစ်ခုရလိုက်ခြင်းဖြစ်ပါသည်။

ထိုဆယ့်ငါးရက်အတွင်း အငြိမ်မနေတတ်သော ယင်ကျင်းက အာမခံဌာန၏ အလုပ်များကို တတ်နိုင်သည့်ဘက်က ဝိုင်းဝန်းကူညီလုပ်ကိုင်ပေးခဲ့လေသည်။ ထို့ကြောင့် အားလုံးက ယင်ကျင်းကို သဘောကျသွားကြသည်။ အလုံးက ကျေနပ်ကြသည်။

ဆရာစိန်ကိုယ်တိုင်က တိတ်ချောင်း ပြန်ရောက်လာပြီး လက်ခံမည်ဆိုပါက သူ ကန့်ကွက်စရာမရှိကြောင်း ထုတ်ဖော်ပြောခဲ့လေသည်။

ဆရာတိတ်ချောင်း ရောက်လာသောအခါ ယင်ကျင်းကို ရုတ်တရက် မမှတ်မိချေ။ ယင်ကျင်းက အကျိုးအကြောင်း ပြောပြတော့မှ မှတ်မိသွားတော့သည်။

"ဟား .... ဟား .... ဟား .... မင်းက ငါးနှစ်အတွင်းလူကောင်ကြီး ထွားလာပြီး အတော်ကို ပြောင်းလဲသွားတာကိုး .... အာမခံဌာနမှာ အလုပ်လုပ်ချင်လို့ လာခဲ့တာဟုတ်လား .... "

"ဟုတ်ပါတယ် ခင်ဗျား .... ကျွန်တော့်မိဘတွေလည်း မရှိတော့ဘူး .... တစ်ကောင်ကြွက် တစ်မျက်နှာ ဖြစ်နေပြီဆိုတော့"

**"မပူနဲ့တော့ ညီလေး ....** မင်းကို သည်မှာ အလုပ်ပေးလိုက်မယ် **ဟုတ်ပြီလား ....** "

**"ဟာ .... ကျေးဇူးတင်လိုက်တာဗျာ .... "**

**ဆရာတိတ်ချောင်းက ....**

"အာမခံဌာနမှာ **အလုပ်ဝင်ရင် ဘယ်သူမဆို အောက်**ခြေသိမ်း အလုပ်က စလုပ်ရတယ် .... တခြားလူ**တွေလည်း သည်ကို**လုပ်လာခဲ့ရတာချည်းပဲ .... နောက်တော့မှ သင့်တော်ရာ **နေရာတွေမှာ** ဆက်ပြီး တာဝန်ထမ်းဆောင်ကြရတယ် .... မင်းကော **လုပ်နိုင်ပါ့မလား"**

ယင်ကျင်း ဦးညွှတ်လိုက်သည်။

"ကျွန်တော်က ဘာမဆို လုပ်နိုင်ပါတယ် **ခင်ဗျာ ....** ဆရာတိတ်ချောင်းက .... "

"ခုလောလောဆယ် မြင်းဇောင်းမှာ လူလိုတယ် .... မြင်းတွေကို ထိန်းသိမ်းစောင့်ရှောက်ရမယ် .... မြင်းတတ်ကျွေးရမယ် .... သန့်ရှင်းရေးလုပ်ရမယ် .... လိုအပ်ရင် မြင်းလှည်းမောင်းရမယ် .... "

ယင်ကျင်းက မငြင်းပါ။



"ရပါတယ် .... သည်အလုပ်တွေကို ကျွန်တော် လုပ်နိုင်ပါတယ် ခင်ဗျာ .... "

"အေး .... သည်မှာနေတဲ့လူတွေအားလုံး သိုင်းပညာရှိရတယ်၊ မင်းက သိုင်းပညာမတတ်ဘူးဆိုတော့ မင်းကို ငါကိုယ်တိုင် သင်ပေးမယ် .... နံနက်စောစော အိပ်ရာက ထပါ .... သိုင်းအရင်လေ့ကျင့်မယ်၊ ပြီးမှ ကျန်တဲ့အလုပ်တွေ ဆက်လုပ်ရမယ် .... "

"ကောင်းပါပြီ ခင်ဗျာ .... "

ဆရာတိတ်ချောင်းသည် **ယင်ကျင်းအား မြင်းဇောင်းတွင်** တာဝန်ပေးလိုက်သည်။

ယခုမှ ရောက်လာသူမို့ **ခွဲခြားဆက်ဆံခြင်းမျိုး** မဟုတ်ပါ။ အာမခံဌာနရှိနေသူအားလုံး မိသား**စုစိတ်ရှိရမည်**ဖြစ်ပြီး ညီရင်းအစ်ကိုပမာ ဆက်ဆံကြရမည်ဖြစ်သည်။ ကျရာတာဝန်ကို မညည်းမညူ ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း ယင်ကျင်း နောက်ပိုင်း သိလာရ၏။

ထို့အပြင် ....

မြင်းဇောင်း၌ တာဝန်ကျသဖြင့် မြင်းလှည်းသမားအဖြစ်လည်း **တာဝန်ယူရသည်ဖြစ်ရာ** ထိုတာဝန်ကြောင့် တစ်နေ့တွင် အလွန်ကြီးကျယ်သော ပြဿနာတစ်ခုနှင့် ရင်ဆိုင်ကြရမည်ဖြစ်ကြောင်း ယင်ကျင်း ကြိုတင်မသိနိုင်ပေ .... ။ ယင်ကျင်းသည် ဘဝတိုးတက်ရမည်ဟူသော **ရည်ရွယ်ချက်ဖြင့်** ရွာမှထွက်လာခဲ့သည်။

**ဖုံးချိန်အာမခံဌာနသို့** ရောက်ရှိလာခဲ့ပြီး ကျရာတာဝန်ထမ်း**ဆောင်ခဲ့သည်။ ဆရာတိတ်ကလည်း** သိုင်းပညာသင်ပေးခဲ့သည်။ ယင်ကျင်းသည် အာမခံဌာနတစ်ခုလုံးနှင့် ခင်မင်ရင်းနှီးသွားပြီး မိသားစု**ဝင်တစ်ယောက်ဖြစ်လာခဲ့သည်။**

သိုင်းပညာလည်း တတ်မြောက်လာခဲ့သည်။ မြင်းလှည်းမောင်းသမားများ အကြောင်းအမျိုးမျိုးကြောင့် မအားမလပ်သောအခါ ယင်ကျင်းက မြင်းလှည်းဝင်မောင်းပေးရသည်။

အစပိုင်းတွင် စားနပ်ရိက္ခာသယ်ယူခြင်း၊ အသုံးအဆောင်ပရိဘောဂပစ္စည်းများ သယ်ယူပို့ဆောင်ခြင်း စသည်ဗာဟီရကိစ္စများအတွက် မြင်းလှည်းဝင်မောင်းပေးရသည်။

နောက်ပိုင်းတွင် အာမခံဌာနများ ပို့ဆောင်သည့်အဖွဲ့များနှင့်လိုက်ပါကာ အာမခံပစ္စည်းတင်ထားသော မြင်းလှည်းများကို မောင်းနှင်ပေးရသည်။ ယင်ကျင်းက သူ၏ဘဝ တဖြည်းဖြည်း တိုးတက်လာပြီဟု ယုံကြည်ထား၏။

သို့သော် ....

ရည်ရွယ်ချက်ပန်းတိုင်သို့ မရောက်သေးသဖြင့် ရှေ့ဆက်ကြိုးစား အားထုတ်သွားရဦးမည်ဟုလည်း နားလည်ထားလေတော့သည်။

။။



အခန်း(၅)

## တာဝန်

နှစ်ပေါင်းငါးဆယ် .... ။

ဝမ်းကျင်းစန်းအကျဉ်းချခံခဲ့ရသည်မှာ နှစ်ပေါင်းနှစ်ဆယ်ကြာမြင့်ခဲ့ပြီဖြစ်ပါသည်။ ဝမ်းကျင်းစန်းသည် လူငယ်လူရွယ်တစ်ဦးဘဝမှ အသက်လေးဆယ်ကျော်အရွယ်ဖြစ်လာသည်။

မဟာရာသမားတော် ဝမ်းကျင်းစန်းကိုလည်းကောင်း၊ မိုးတိမ်ကျေးရွာ၏ ဝမ်းနည်းကြေကွဲဖွယ်ရာ အဖြစ်အပျက်များကိုလည်းကောင်း လူအများ တဖြည်းဖြည်း မေ့လျော့သွားကြပြီဖြစ်ပါသည်။

သို့သော် ....

ဝမ်းကျင်းစန်းကတော့ ဘယ်တော့မှ မေ့သွားမည် မဟုတ်ပါချေ။ သူမေ့ထားသည်မှာ ဆေးပညာကိုသာ ဖြစ်ပါသည်။ ဆေးပညာနှင့် ပတ်သက်လာလျှင် ဘာဆိုဘာမှ မစဉ်းစားဘဲ အားလုံးကို ကြိုးစားမေ့ပစ်ထားခဲ့သည်။

မည်သို့ဆိုစေ .... ဝမ်းကျင်းစန်းသည် ဆေးပညာနှင့် ပြန်လည်ပတ်သက်စရာအကြောင်း ပေါ်ပေါက်လာသည်။

ထိုအချိန်က အကျဉ်းသားဘဝ ရောက်ခဲ့ပြီး နှစ်ပေါင်းနှစ်ဆယ် ကျော်ကြာသောအချိန်၌ ဖြစ်လေတော့သည်။

နံနက်စာစား ချိန် ရောက်ရှိလာပြီဖြစ်ပါသည်။ ယနေ့မှ ထူးထူးခြားခြား ဝမ်းကျင်းစန်း ဗိုက်ထဲဆာလောင်နေသည်။

သူ့အတွက် ပို့ပေးသော စားသောက်ဖွယ်ရာများမှ ကောင်းနိုးရာရာကိုသာ ရွေးချယ်ပြီး အနည်းအကျဉ်းသာ စားသောက်ခဲ့၍ သုံးလေးရက်ကြာလာသောအခါ အာဟာရလိုအပ်သည့်သဘော ဆာလောင်လာခြင်းဖြစ်ပါတော့သည်။

ယခုရက်ပိုင်းအတွင်း ကြေးတိုက်ထဲ၌ ကူးစက်ရောဂါတစ်မျိုး ဖြစ်ပွားနေခြင်းကြောင့် ဝမ်းကျင်းစန်းက အစားအသောက်ကို ဂရုစိုက်နေခြင်း ဖြစ်ပါသည်။ ဝမ်းကျင်းစန်း ဆာလောင်နေချိန်မှာပင် ....

"ကျိုင်း .... "

ကျယ်လောင်သောမြည်သံ ထွက်ပေါ်လာကာ အခန်းတံခါး ပွင့်သွားပြီး လူတစ်ယောက်က စားစရာထည့်ထားသည့် လင်ပန်းတစ်ချပ် သယ်ဆောင်လာသည်။ ဝမ်းကျင်းစန်း အံ့သြသွား၏။ ဝမ်းကျင်းစန်း တစ်မျိုးခံစားလိုက်ရ၏။

"ချိုပင်လည်း မဟုတ်ပါလား .... "

ထမင်းလာပို့ပေးသူမှာ ပို့နေကျ ချိုပင်မဟုတ်ဘဲ လူသစ်တစ်ယောက်ဖြစ်နေသည်။ ဝမ်းကျင်းစန်း မေးလိုက်သည်။

"ချိုပင်ကို ကြည့်ရတာ တစ်ရက်နှစ်ရက်ရှိပြီ .... သိပ်ပြီး မလန်းဆန်းဘူး .... သူ နေမကောင်းဖြစ်နေပြီထင်တယ် .... "

ထမင်းလာပို့သူ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် .... ချိုပင် အိပ်ရာထဲလဲနေပြီ .... "



ဝမ်းကျင်းစန်း စိတ်မကောင်းဖြစ်သွားသည်။

ဆာလောင်မွတ်သိပ်မှုများလည်း ပျောက်ကွယ်သွားကာ ထိုင်ခုံ၌ မလှုပ်မယှက်ထိုင်နေမိလေတော့သည်။ နောက်သုံးရက် ....

နောက်သုံးရက်အကြာတွင် သတင်းဆိုးတစ်ခု ကြားရ၏။ ချိုပင် သေဆုံးသွားသည့် သတင်းပင်တည်း။ ဝမ်းကျင်းစန်း ဆုံးဖြတ်ချက်ချလိုက်သည်။ ကြေးတိုက်မှူးကြီးနှင့် တွေ့ဆုံခွင့်တောင်းလိုက်သည်။ ကြေးတိုက်မှူးကြီးကလည်း **လက်ခံတွေ့ဆုံခဲ့ပါသည်။**

ဝမ်းကျင်းစန်းသည် **ကြေးတိုက်မှူးကြီးနှင့်** တွေ့လျှင်တွေ့ချင်း တောင်းဆိုတော့၏။

"ရောဂါဝေဒနာခံစားနေရသူတွေအတွက် ကျုပ်ကို ဆေးကုခွင့်ပြုပါ .... "

ကြေးတိုက်မှူးကြီး ဝမ်းသာအားရ သဘောတူခွင့်ပြုသည်။ ကြေးတိုက်မှူးကြီးသည် လွန်ခဲ့သည့် ငါးနှစ်ကပင် သူ့ကို ဆေးကုသစေချင်ခဲ့သည် မဟုတ်ပါလား။ ချိုပင်ကို အကြောင်းပြုကာ ဝမ်းကျင်းစန်းသည် ဆေးပညာနှင့် ပြန်လည်ပတ်သက်စရာဖြစ်လာသည်။

ထို့ကြောင့်လည်း 'ယင်ကျင်း'နှင့် တွေ့ဆုံဖို့အကြောင်း ဖန်လာလေတော့သည်။

၂

ယနေ့ .... ။

ဆရာစိန်နှင့် ဆရာကိတ်ချောင်းတို့သည် အာမခံဌာနထဲသို့ဝင်လိုက်ထွက်လိုက်နှင့် အလုပ်များနေကြသည်။

ခါတိုင်းနှင့် မတူဘဲ အဖွဲ့သားများကိုလည်း စည်းကမ်းစနစ်တကျရှိကြရန် သတိဝီရိယရှိကြရန် အော်ဟစ်အမိန့်ပေးနေသည်။

ယင်ကျင်းမှာ ထူးခြားမှုတစ်ခုခု ရှိနေပြီဖြစ်ကြောင်း သတိပြုလိုက်မိလေ၏။

သူသည် ဖုံးချိန်အာမခံဌာနသို့ ရောက်လာခဲ့သည်မှာ ငါးနှစ်ရှိသွားပြီဖြစ်ရာ များစွာတိုးတက်လာခဲ့ပြီ ဖြစ်ပါသည်။ အောက်ခြေသိမ်းအလုပ်သမားဘဝမှ မြင်းလှည်းမောင်းသမားဖြစ်လာသည်။

တဖန် ....

ဖုံးချိန်အာမခံဌာန အမှတ်တံဆိပ်ပါသော ဝတ်စုံကို ဝတ်ဆင်ရသည့် အဖွဲ့သားတစ်ယောက် ဖြစ်လာသည်။ အစည်းအဝေးခန်းမ၏ လုံခြုံရေးတာဝန် ယူရသည့်အဖွဲ့တွင် တာဝန်ကျခဲ့သည်။

ထို့ကြောင့်လည်း ဆရာတိတ်ချောင်းတို့ အရေးကြီးကိစ္စတစ်ခုနှင့် ကြုံတွေ့နေရကြောင်း သိလိုက်ရခြင်းဖြစ်သည်။ လေးဆယ်ခန့်ရှိသူတစ်ယောက်ရောက်ရှိလာသည်။

ထိုလူအား ဆရာစိန်နှင့် ဆရာတိတ်ချောင်းတို့က ပျာပျာသလဲကြိုဆိုကာ အစည်းအဝေးခန်းမအတွင်းသို့ ခေါ်ဆောင်သွားကြသည်။

ယင်ကျင်း ပိုပြီးကံကောင်းသွားသည်။

အစည်းအဝေးခန်းမဆောင်အတွင်း၌ လိုအပ်သည့် ဝေယျာဝစ္စဆောင်ရွက်ပေးရမည့်သူအဖြစ် တာဝန်ပေးခြင်းခံရ၍ ဖြစ်သည်။

ထို့ကြောင့် .... ဆရာစိန်၊ ဆရာတိတ်ချောင်းတို့နှင့် ဧည့်သည်၏ တိုင်ပင်ဆွေးနွေးနေသော ကိစ္စများကို ကြားသိခဲ့ရလေတော့သည်။

ဧည့်သည်မှာ ဥပမိရုပ် အလွန်ကောင်းသူဖြစ်၏။ မင်းစိုးရာဇာထဲမှ ဖြစ်ရမည်ဟု ယင်ကျင်း အကဲခတ်မိ၏။ အာမခံဌာန၌ အလုပ်လုပ်



ကိုင်မည်ဆိုလျှင် လူကဲခတ်ပညာလည်း တတ်မြောက်နေရမည်ဆိုကာ တိတ်ချောင်းက သင်ကြားပေးခဲ့သည် မဟုတ်လား။

သိုင်းလောကသားများနှင့် ပတ်သက်၍လည်း အထူးပင် လေ့လာထားရသည်။

ထင်ရှားကျော်ကြားသော သိုင်းသမားကြီးများ၊ သိုင်းဂိုဏ်းများ နိုးဆိုးလုယက်တတ်သည့် လူဆိုးဓားပြများ၊ လူကြီးလူကောင်းဟန်ဆောင်ကာ နောက်ကွယ်၌ မကောင်းမှုပြုနေသူများ၊ အောက်လမ်းသိုင်းသမားများ စသည်စသည်ဖြင့် လိုအပ်မည့် အချက်အလက်များကို လေ့လာမှတ်သားရခြင်းဖြစ်သည်။

နဂိုကပင် စာပေဝါသနာပါပြီး ဉာဏ်ကောင်းသော ယင်ကျင်းအတွက် ထိုသို့လေ့လာမှတ်သားရသည်မှာ အခက်အခဲမရှိခဲ့ပေ။

ယင်ကျင်း၏ အရည်အချင်းတို့ ဆရာစိန်နှင့် တိတ်ချောင်းတို့က သတိပြုမိခဲ့၍လည်း နေရာပေးလာကြခြင်းဖြစ်သည်။

ဝတ်စုံဖြူဝတ်ဆင်ထားသူက ယင်ကျင်းအား တစ်ချက်အကဲခတ်လိုက်သည်။ ထို့နောက် ဆရာစိန်တို့ဘက် လှည့်လိုက်သည်။ သူသည် ယင်ကျင်းကို ဂရုမစိုက်ဘဲ ဆရာစိန်တို့ကိုသာ မေးလိုက်သည်။

"သည်ကောင်လေးရှိလို့ဖြစ်ပါ့မလား .... "

ဆရာစိန်က ....

"ဖြစ်ပါတယ် .... ကျုပ်တို့အာမခံအဖွဲ့သားအားလုံးဟာ တစ်သွေးတစ်သားတည်းပါပဲ .... အားလုံးဟာ ညီရင်းအစ်ကိုတွေလိုပါပဲ"

တိတ်ချောင်းက ဝင်ပြောလေ၏။

"ကျုပ်တို့ဟာ အေးအတူပူအမျှ သေအတူရှင်မကွာ နေသွားကြမယ်လို့ သစ္စာဆိုထားကြသူတွေပါ .... ပြောစရာရှိတာပြောပါ ဖြို့စား

လေး .... ယင်ကျင်းက အရေးမကြီးပါဘူး .... ကျုပ်တို့နှုတ်လုံသလို သူလည်း နှုတ်လုံပါတယ် .... "

ဆရာစိန်နှင့် တိတ်ချောင်းတို့သည် မိမိအပေါ် ထားရှိသည့် စိတ်သဘောထားကို သိရသောအခါ ယင်ကျင်း၏ရင်ထဲ၌ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာတော့သည်။ ဝတ်စုံဖြူမှာ ယင်ကျင်း **ခန့်** မှန်းသကဲ့သို့ မင်းစိုးရာဇာထဲမှ မြို့စားလေးတစ်ယောက်**ဖြစ်နေတော့** သည်။ မြို့စားလေးက ဆက်ပြောသည်။

"ကောင်းပြီလေ .... ကျုပ်တို့ ဆွေးနွေးကြ**တာပေါ့ .... ခင်ဗျား တို့ဆီကို** ကျုပ်ရောက်လာရတာဟာ ယင်နန်နယ်က**ဖြတ်ပြီး သယ်ယူ သွားမယ့်** ဘုရင့်ဘဏ္ဍာတော်တွေနဲ့ ပတ်သက်နေလို့ပဲ .... "

**ဆရာစိန်နှင့်** တိတ်ချောင်းတို့ အချင်းချင်းကြည့်လိုက်မိကြ **သည်။ မြို့စားလေးက** ရှင်းပြသည်။

"**ဘုရင့်**ဘဏ္ဍာတော်တွေကို ကြားဖြတ်လုယက်မယ်လို့ သတင်း ကြားရတယ် .... သည်ကိစ္စမှာ ထိပ်သီးသိုင်းသမားကြီးတွေလည်း ပါဝင်**နေ**တယ်လို့ သတင်းရပေမယ့် ဘယ်သူဘယ်ဝါတွေဆိုတာ မဖော် ထုတ်နိုင်သေးဘူး .... "

ထိပ်သီးသိုင်းသမားကြီးများ ပါဝင်နေသည်ဆိုလျှင် ရင်လေး စရာကောင်းနေသည်ဟု တိတ်ချောင်းတို့ နားလည်မိကြသည်။

မြို့စားလေးက ဆက်ပြောသည်။

"ထိပ်သီးသိုင်းသမားတွေ ပါဝင်နေတဲ့ လူတစ်စုဟာ ဘုရင့် ဘဏ္ဍာတော်တွေကို လုယက်ဖို့ စီစဉ်နေကြတာ အသေအချာပဲ .... လုယက်မဲ့လူတွေဆိုတော့ ဘယ်နည်းနဲ့မှ အထက်လမ်းဂိုဏ်းသမား တွေ မဖြစ်နိုင်ဘူး .... သူတို့ ကျိန်းသေလှုပ်ရှားကြလိမ့်မယ် .... အစွမ်း



ထက်တဲ့ အောက်လမ်းသိုင်းသမားတွေ ပါဝင်လာရင် ဘဏ္ဍာတော်တွေ သယ်ယူရေးအဖွဲ့အတွက် အခက်အခဲရှိနိုင်တယ် .... ဒါကြောင့် ဖုံးချိန် အာမခံဌာနက ပါဝင်ကူညီဖို့ ကျုပ် မေတ္တာရပ်ခံချင်တယ် .... "

တိတ်ချောင်းက ဦးညွှတ်လိုက်သည်။

"ကျုပ်တို့ ဘယ်လိုကူညီရမယ်ဆိုတာ အမိန့်ရှိပါ မြို့စားလေး၊ ကျုပ်တို့ ကူညီပါ့မယ် .... "

ဆရာစိန်ကလည်း ....

"စိတ်ချပါ .... မြို့စားလေး ဘယ်လိုအခက်အခဲ အန္တရာယ်နဲ့ ကြုံရပါစေ ကျုပ်တို့ အစွမ်းကုန်ကူညီသွားမှာပါ၊ ကျုပ်တို့က အထက် လမ်းသိုင်းသမားတွေနဲ့စုဖွဲ့ထားတဲ့အဖြူရောင်အဖွဲ့အစည်းတစ်ခုပါဗျာ"

သူက ကတိပြုလိုက်လေ၏။ မြို့စားလေး ကျေနပ်သွားသည်။

"ဖုံးချိန်အာမခံဌာနရဲ့ ဂုဏ်သတင်းကို ကျုပ် ကြားခဲ့တာကြာ ပါပြီ .... ခင်ဗျားတို့နှစ်ယောက်ရဲ့အကြောင်းကိုလည်း ကျုပ် စုံစမ်း သိရှိထားပြီးပါပြီ .... ဒါကြောင့် အားကိုးအားထားပြုပြီး လာခဲ့တာပါ ပဲ .... "

ယင်ကျင်းသည် ကြားနေရသော စကားများကြောင့် အသက်ရှူ မှားသွားသည်။

ဘုရင့်ဘဏ္ဍာတော်များ သယ်ဆောင်လာမည်ဖြစ်ပြီး ကြားဖြတ် လုယက်တိုက်ခိုက်မည့်သူများ ရှိနေချေပြီ။ ထိုလူများတွင် အောက် လမ်းသိုင်းသမားများ ပါဝင်နေသည်မှာ အန္တရာယ်များလှသည်။

ဘုရင့်ဘဏ္ဍာတော် သယ်ယူလာမည့်ကိစ္စ သိုင်းသမားအချို့ ကြားဖြတ်လုယူကြမည့် ကိစ္စများသည် သူတို့နှင့် မည်သို့ပတ်သက်နေ သနည်းဟုလည်း အတွေးများနေမိပါတော့သည်။

ဖြိုးစားလေးက ....

"သိုင်းလောကသားတွေ ပါဝင်နေကြတယ်ဆိုတော့ အန္တရာယ်များနေတာမို့ ကျုပ်က အစီအစဉ်တချို့ ပြောင်းဖို့စဉ်းစားမိတယ် .... ကျုပ်တို့ ဘဏ္ဍာတော်သယ်ယူရေးအဖွဲ့က ဘဏ္ဍာတော်တွေအစား ကျောက်ခဲသလဲတွေကို သယ်ယူပြီး ယင်နန်နယ်ကဖြတ်ပြီး ထိုက်ပေမြို့ကိုသွားမယ် .... တကယ့်ဘဏ္ဍာတော်အစစ်အမှန်ကို သယ်ယူတဲ့အဖွဲ့က တခြားလမ်းကြောင်းကို အသုံးပြုပြီး ထိုက်ပေမြို့အရောက်သွားရမယ် .... အဲသည်ကို ရောက်ရင်တော့ စိတ်ချရပါပြီ .... "

အာမခံလုပ်ငန်းကို နှစ်ပေါင်းများစွာ လုပ်ကိုင်ဆောင်ရွက်ခဲ့သော ဆရာစိန်နှင့် တိတ်ချောင်းတို့မှာ ဖြိုးစားလေး၏သဘောထားကို ချက်ချင်းရိပ်မိလိုက်ကြသည်။

ဆရာစိန်က မေးသည်။

"ဖြိုးစားလေးတို့အဖွဲ့က ကျောက်ခဲသလဲတွေကို သယ်ယူပြီး လူမလမ်းကြောင်းအတိုင်း အယောင်ပြပြီး သွားကြမယ် ဟုတ်လား"

တိတ်ချောင်းက နားလည်သလိုပြောသည်။

"တကယ့်ဘဏ္ဍာတော်အစစ်အမှန်တွေကို ကျုပ်တို့က မထင်မရှား သယ်ယူသွားပြီး ထိုက်ပေမြို့ကိုရောက်အောင် ပို့ဆောင်ပေးရမှာပေါ့ .... "

ဖြိုးစားလေး ခေါင်းညိတ်လိုက်လေ၏။

"ဟုတ်တယ် .... သည်အတိုင်းပဲ ဖုံးချိန်အာမခံဌာနရဲ့ ဂုဏ်သိက္ခာကို စော်ကားတာတော့ မဟုတ်ပါဘူး .... တခြားကြီးကျယ်တဲ့ အာမခံဌာနတွေကို အသုံးပြုရင် သတင်းပေါက်ကြားဖို့များတယ် .... ဖုံးချိန်အာမခံဌာနကတော့ အလယ်အလတ်တန်းစား အာမခံဌာနတစ်ခုဆိုတော့ ရုတ်တရက် ဘယ်သူကမှ သတိထားမိကြမယ် မထင်ဘူး။ ပြီးတော့ ခင်ဗျားတို့ကိုလည်း တခြားလူတွေထက်စာရင် ပိုပြီးယုံကြည်မိတာမို့ ခုလိုတာဝန်ပေးရတာပဲ .... "



ဆရာစိန်နှင့် တိတ်ချောင်းတို့က ဦးညွှတ်လိုက်ကြသည်။

"ကျုပ်တို့ သစ္စာရှိရှိ တာဝန်ထမ်းရွက်ကြမယ်ဆိုတာ ကတိပြုပါတယ် ဖြိုးစားလေး .... "

ဖြိုးစားလေး ပြုံးလိုက်သည်။

"သည်ကိစ္စ အောင်မြင်ပြီးဆုံးသွားရင် ခင်ဗျားတို့ကို အမှုထမ်းကောင်းတံဆိပ်ချီးမြှင့်ပေးဖို့ နေပြည်တော်ကို ကျုပ်တင်ပြပေးပါ့မယ်"

"ဖြိုးစားလေးရဲ့ ကျေးဇူးကြီးမားလှပါတယ်ဗျာ .... "

တိတ်ချောင်းကော ဆရာစိန်ပါ မျက်နှာတပြုံးပြုံး ဖြစ်သွားကြတော့သည်။ နေပြည်တော်မှာ ချီးမြှင့်သည့် အမှုထမ်းကောင်းတံဆိပ်သာ ရရှိမည်ဆိုပါက အာမခံဌာနလောကၣ် ထင်ပေါ်ကျော်ကြားသူများ ဖြစ်သွားကြပေလိမ့်မည်။

ဖုံးချိန်အာမခံဌာနသည်လည်းပို၍ ဂုဏ်သိက္ခာတက်လာပေမည်။ ဖြိုးစားလေးသည် မည်သို့ဆောင်ရွက်ကြမည်ကို တိုင်ပင်ဆွေးနွေးပြီးနောက် မှန်းလွဲပိုင်းတွင် ပြန်လည်ထွက်သွားလေတော့သည်။

ဖြိုးစားလေးထွက်သွားပြီး မကြာမီပင် ဆရာစိန်နှင့် တိတ်ချောင်းတို့သည် အာမခံအဖွဲ့သားများအား စုစည်းကာ အရေးကြီးသောတာဝန်ဖြင့် မကြာမီ ခရီးထွက်ရမည်ဖြစ်ကြောင်း ပြောပြလိုက်သည်။

ယခုတစ်ကြိမ် သယ်ယူပို့ဆောင်ရမည့် ပစ္စည်းများ ဘုရင့်ဘဏ္ဍာတော်များဖြစ်ကြောင်း ထုတ်ဖော်ပြောလိုက်လျှင် အဖွဲ့သားအားလုံး တအံ့တသြဖြစ်သွားကြလေသည်။

တိတ်ချောင်းက ....

"ဘုရင်ဘဏ္ဍာတော်တွေကို သယ်ယူလာတဲ့အခါမှာ အောက်
လမ်းသိုင်းသမားတွေ ပါဝင်တဲ့အဖွဲ့တစ်ဖွဲ့က ကြားဖြတ်လုယက်
စီစဉ်နေတယ်ဆိုတာကို မြို့စားလေးက သတင်းအတိအကျရထား
တယ် .... ဒါကြောင့် ခုလိုစီစဉ်ခဲ့တာပဲ ဖြစ်တယ် .... "

ဆရာစိန်က မြို့စားလေး၏ အစီအစဉ်ကို ပြောပြလိုက်သည်
တစ်ဆက်တည်းပင် ....

"ကျုပ်တို့ဟာ အရေးကြီးတဲ့ တာဝန်ကို ထမ်းဆောင်ကြ
တော့မယ်၊ ဒါကြောင့် အားလုံးသစ္စာရှိရမယ်၊ ဘုရင့်ဘဏ္ဍာတော်တွေ
အသက်ပေးကာကွယ် စောင့်ရှောက်သွားကြမယ်၊ အဖွဲ့သားအားလုံ
စည်းလုံးညီညွတ်ရမယ် .... ကဲ .... အားလုံး သစ္စာရေသောက်ကြ

အဖွဲ့သားအားလုံးက သစ္စာပြုကြရာ ယင်ကျင်း ကြက်သီးဖြ
ဖြန်း ထသွားရလေတော့သည်။ သူလည်း သစ္စာရေသောက်လိုက်
သည်။ ထို့နောက် ဆရာစိန်က တာဝန်ခွဲဝေပေးသည်။

ယင်းကျင်း၏အလှည့်ရောက်သောအခါ ဆရာတိတ်က တာဝ
ပေးသည်။

"ယင်ကျင်း .... မင်းက မြင်းတွေရဲ့အကျင့်စရိုက်ကိုသိပြီး
နင်းအောင် ကိုင်တွယ်နိုင်တော့ ဘဏ္ဍာတော် သယ်ယူမယ့်မြင်းလှည်း
ကို မောင်းနှင်ဖို့ တာဝန်ယူရမယ် .... "

ယင်ကျင်းသည် ပို့ဆောင်မည်အဖွဲ့၏ အရေးကြီးသော တာဝ
ကို ယူလိုက်ရလေ၏။

။၆။



အခန်း(၆)

## မွှန်းကြပ်စေသောသတင်း

"အောက် .... အီး .... အီး .... အွတ် .... "

ကြက်တွန်သံများ ဟိုမှသည်မှ ထွက်ပေါ်လာသည်။

အရှေ့ဘက်တွင် အရုဏ်ဦး၏ရောင်နီများ ထွက်ပေါ်လာပြီဖြစ်
ပါသည်။ နေ့သစ်တစ်ခု အစပျိုးလာပြီး မကြာမီ မိုးစင်စင်လင်းပေတော့
မည်။

စိမ်းလန်းသော တောအုပ်ထဲ၌ သာယာညှင်းပျောင်းသော
လေပြည်လေညင်းလေးက ဝှေ့ယမ်းတိုက်ခတ်နေသည်။ မွှေးကြိုင်သင်း
ပျံ့သော ပန်းရနံ့များကလည်း လေပြည်နှင့်အတူ လွင့်ပျံ့နေသည်။

ကျေးငှက်ကလေးများသည်လည်း နံနက်ခင်းတေးကို သီကျူး
နေကြပြီဖြစ်သည်။

သာယာလှပနေသော တောအုပ်အတွင်း၌ လူတစ်စု ရှိနေကြ
ပါသည်။ ဖုံးချိန်အာမခံဌာနအဖွဲ့သားများ ဖြစ်ကြပေသည်။ ဆရာစိန်နှင့်
တိတ်ချောင်းတို့ ဦးဆောင်သော အာမခံအဖွဲ့သားများသည် တောအုပ်
မှနေ၍ အဝေးသို့ မျှော်ကြည့်နေကြ၏။ သူတို့ မည်သည့်အရာကို မျှော်

ကြည့်နေကြသနည်း။ သူတို့သည် ယနေ့နံနက်ခင်းတွင် မြို့စားလေးနှင့် ချိန်းဆိုထားကြသည် မဟုတ်ပါလား။

နေလုံးကြီးပေါ်ထွက်လာခြင်း မရှိသေးသော်လည်း အလင်းရောင်က တစ်စထက်တစ်စ အားကောင်းလာကာ ဝန်းကျင်တစ်ခုလုံး သဲသဲကွဲကွဲဖြစ်လာသည်။

"မြို့စားလေး ရောက်လာဖို့ကောင်းပြီ .... "

ဆရာစိန် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် .... အချိန်တန်နေပြီ .... "

ထိုစဉ် ....

"ခွပ်ခွပ် .... ခွပ်ခွပ် .... "

"ခွပ်ခွပ် .... ခွပ်ခွပ် .... "

မြင်းခွာသံ မြင်းလှည်းဘီးလိမ့်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

တစ်ဆက်တည်းပင် ....

အဝေး၌ မြင်းသည်တော်တစ်စုက မြင်းလှည်းတစ်စီးကို ခြံရံကာ ဒုန်းစိုင်းနှင်လာနေကြသည်ကို တွေ့မြင်လိုက်ရသည်။

တိတ်ချောင်းတို့ ဝမ်းသာသွားကြ၏။ ချိန်းထားသည့်အတိုင်း မြို့စားကလေး လာနေချေပြီ။

"မြို့စားလေးတို့ လာနေကြပြီ .... "

"ဟုတ်တယ် .... "

ဆရာစိန်က ခေါင်းညိတ်လိုက်သည်။

မြင်းခွာသံ၊ မြင်းလှည်းဘီးလိမ့်သံများ တစ်စထက်တစ်စ ကျယ်လောင်လာသည်။ မြို့စားလေး ဦးဆောင်သော ဘဏ္ဍာတော်သယ်ယူလာသည့် အဖွဲ့သည် တိတ်ချောင်းတို့နှင့် မလှမ်းမကမ်းသို့ ရောက်ရှိလာကြသည်။ ဝိတ်ချောင်းတို့ သွားရောက်ကြိုဆိုလိုက်ကြလေ၏။

"မြို့စားလေးကို ဂါရဝပြုပါတယ် .... "

မြို့စားလေးသည် တိတ်ချောင်းတို့လူစု ဝိရိရှိရှိ၊ သတ္တိရှိရှိ စောင့်နေသည်ကို တွေ့ရသောအခါ ကျေနပ်သွားသည်။

"ခင်ဗျားတို့အားလုံး အဆင်သင့်ပဲလား .... "

"အဆင်သင့်ပါပဲ မြို့စားလေး .... "

"ဒါဆို ဘဏ္ဍာတော်သေတ္တာကို ခင်ဗျားတို့ရဲ့ မြင်းလှည်းပေါ် ပြောင်းတင်ကြစို့ .... "

"ကောင်းပါပြီ .... "

တိတ်ချောင်းက ....

"ယင်ကျင်း .... မြင်းလှည်းကို အဆင်သင့်လုပ်ထား .... "

ယင်ကျင်းက သူ၏တာဝန်အတိုင်း မြင်းလှည်းမောင်းနေသူ နေရာ၌ အသင့်နေရာယူထားပြီးလေပြီ။ သူသည် သူ့တာဝန်ကို ကြိုတင်၍ အသင့်ပြင်ထားသူဖြစ်လေ၏။ သေတ္တာအား ယင်ကျင်း၏ မြင်းလှည်းပေါ်သို့ လွှဲပြောင်းတင်ပေးလိုက်သည်။ ထို့နောက် ....

"သတိဝီရိယထားကြပါ .... ကျုပ်တို့သွားနှင့်မယ် .... "

မြို့စားလေးသည် နှုတ်ဆက်ကာ သူ၏လူများကို ခေါ်ဆောင်ကာ ထွက်ခွာသွားတော့သည်။

သူတို့ချင်း လျှို့ဝှက်စွာတွေ့ဆုံကာ ဘဏ္ဍာတော်ထည့်ထားသည့် သေတ္တာကို လွှဲပြောင်းပေးပြီး အမြန်ဆုံး လမ်းခွဲသွားခြင်းဖြစ်သည်။ သူတို့ချင်း တွေ့ဆုံကြသည်ကို တစ်ဘက်လူများ မရိပ်မိစေရန် ဤသို့ အမြန်ခွဲခွာသွားခြင်း ဖြစ်လေ၏။

မြို့စားလေးတို့လူစု ထွက်သွားကြသဖြင့် တိတ်ချောင်းတို့မှာ ကြိုတင်တိုင်ပင်စီစဉ်ထားသည့်အတိုင်း ဆက်လက်ဆောင်ရွက်ရန်သာ ရှိတော့သည်။ တိတ်ချောင်းက အားလုံးကို လှည့်ပြောလိုက်၏။

"ကဲ .... အားလုံးအသင့်ဖြစ်ပြီဆိုရင် တို့လည်း သွားကြမယ်"

လက်ဝှေ့ယမ်းအချက်ပြလိုက်သည်။

ဖုံးချိန်အာမခံအဖွဲ့သားများသည် စည်းကမ်းစနစ်တကျဖြင့် ဘုရင်ဘဏ္ဍာတော်သယ်ယူရေး ခရီးစဉ်ကို စတင်လိုက်ကြသည်။

"ဟေး .... "

ယင်ကျင်းက မြင်းဝေါက်ကာ မြင်းလှည်းကို မောင်းနှင်လိုက်၏။ အာမခံအဖွဲ့သားများက မြင်းလှည်းကို ခြံရံကာ လိုက်ပါလာကြသည်။ ဆရာစိန်က ရှေ့ဆုံးမှ ဦးဆောင်ပြီး တိတ်ချောင်းက နောက်ဆုံးက လိုက်လာခဲ့သည်။ သူတို့သည် မြို့စားလေးတို့ထွက်သွားရာနှင့် ဆန့်ကျင်ဘက်အရပ်သို့ ဦးတည်ကာ ခရီးနှင်လိုက်ကြလေတော့သည်။

။၁။

တစ်ရက် ....

နှစ်ရက် ....

သုံးရက် ....

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားပြီဖြစ်ပါသည်။ ဖုံးချိန်အာမခံဌာနသည် ဘုရင့်ဘဏ္ဍာတော်များ သယ်ဆောင်ကာ ထိုက်ပေမြို့သို့ လျှို့ဝှက်စွာ ခရီးနှင်နေသည်မှာ သုံးရက်ရှိသွားလေပြီ။ ထိုသုံးရက်အတွင်း သူတို့ စိုးရိမ်ပူပန်မှုများ ရှိကြသည်။



သို့သော် ....

ထိုသုံးရက်အတွင်း ခရီးအတော်ပေါက်လာကြပြီဖြစ်သော်လည်း အနှောင့်အယှက်အတားအဆီး လုံးဝမတွေ့ရသေးချေ။

ခေါင်းဆောင်များဖြစ်ကြသော ဆရာစိန်နှင့် တိတ်ချောင်းတို့ ဝမ်းသာနေကြသည်။ စတုတ္ထမြောက်နေ့သို့ ရောက်သောအခါ မြို့ကလေးတစ်မြို့သို့ ရောက်ရှိလာကြသည်။

ထိုမြို့ကလေးမှာ တိတ်ချောင်းတို့နှင့် မစိမ်းပါ။ ယခင်က အာမခံပစ္စည်းပို့ဆောင်ရင်းခေတ္တဝင်ရောက်အနားယူလေ့ရှိသောမြို့ကလေး ဖြစ်သည်။ မြို့အဝင်မှ ထမင်းဆိုင်တွင် ခရီးတထောက်နားကာ စားသောက်လေ့ရှိပြီး ဆိုင်ရှင်နှင့်ပင် ခင်မင်ရင်းနှီးနေကြသည်။

အန္တရာယ်မကြုံရသည့်အပြင် ခရီးတွင်ခဲ့သောကြောင့် ဤမြို့ကလေး၌ ခေတ္တအနားယူကြရန် ဆရာစိန်နှင့် တိတ်ချောင်းတို့ နှစ်ဦးသဘောတူ ဆုံးဖြတ်ခဲ့ကြလေတော့သည်။

မြို့အဝင်တွင် ခြံကျယ်ကြီးတစ်ခုရှိပြီး ထိုခြံဝင်းကျယ်ကြီးအတွင်း၌ ထမင်းဆိုင်စားသောက်ဆိုင် ဖွင့်လှစ်ထားခြင်းဖြစ်သည်။

ဆိုင်ရှင်လူဝကြီးမှာ အလွန်သဘောကောင်းသူဖြစ်သည်။ တိတ်ချောင်းတို့လူစု ရောက်လာသည်နှင့် ဦးစားပေးကြိုဆိုကာ နေရာချပေးသည်။ စားသောက်ဖွယ်ရာများလည်း ချက်ချင်းစီစဉ်ပေးသည်။ ဆရာစိန်နှင့် တိတ်ချောင်းတို့သည် သီးသန့်စားပွဲတစ်လုံး၌ နေရာယူကြပြီး တိတ်ချောင်းက ယင်ကျင်းကို သူ၏အနီးသို့ ခေါ်ထားလေသည်။

ဆရာစိန်က စိတ်လက်ပေါ့ပါးနေသည်။

"ခုချိန်အထိတော့ အားလုံးချောချောမွေ့မွေ့ပါပဲ .... ဒါကြောင့် အဖွဲ့သားတွေကို အနားယူအားမွေးခိုင်းထားရမယ် .... "

သူက ရယ်ရယ်မောမော ပြောသည်။

သုံးရက်လုံးလုံး ဖြည်းဖြည်းသွားလိုက် မြန်မြန်သွားလိုက်ဖြင့် နေ့ရောညပါ အနားမယူဘဲ ခရီးနှင်ခဲ့ကြရသည် မဟုတ်လား။

ဖုံးချိန်အာမခံအဖွဲ့သားများ အလွန်ပင်ပန်းနွမ်းနယ်နေကြပြီ ဖြစ်သည်။ တိတ်ချောင်းလည်း ရယ်မောလိုက်သည်။

"သည်ခရီးစဉ်ပြီးသွားရင်တော့ အဖွဲ့သားတွေကို ကောင်းကောင်းဆုချရမယ် .... နားရက်လည်း ပေးရမယ် .... အဖွဲ့သားတွေ အားလုံး စိတ်ဓာတ်တက်ကြွနေပြီး တက်ညီလက်ညီ ရှိနေကြတာ ချီးကျူးဖို့ကောင်းတယ် .... "

သူတို့၏အဖွဲ့သားများ စည်းလုံးညီညွတ်မှုရှိကြပြီး တက်တက်ကြွကြွ ပါဝင်ထမ်းဆောင်နေသည်ကို ချီးကျူးသည်။

တစ်ဆက်တည်းပင် ယင်ကျင်းအား ပြောလိုက်သည်။

"ယင်ကျင်း .... တို့အဖွဲ့မှာ မင်းဟာ အသက်အငယ်ဆုံးနဲ့ အတွေ့အကြုံအနုနယ်ဆုံးဖြစ်တယ် .... ဒါကြောင့် မင်းကို သတိပေးချင်လို့ ကျုပ် အနားကို ခေါ်ထားတာ .... "

ယင်ကျင်း ဦးညွှတ်လိုက်သည်။

"ဟုတ်ကဲ့ .... ကျွန်တော့်ကို ဆုံးမသွန်သင်နိုင်ပါတယ် ခင်ဗျာ"

တိတ်ချောင်က ရယ်မောခြင်း မပြုတော့ဘဲ တည်ကြည်သော မျက်နှာထားဖြင့် ပြောလေသည်။

"တကယ်လို့ လမ်းမှာရန်သူနဲ့ တွေ့ပြီး အခြေအနေမဟန်ဘူးဆိုရင် မင်း ဘာလုပ်မလဲ .... "

ကောက်ကာငင်ကာ မေးလိုက်ခြင်းကြောင့် ယင်ကျင်း မည်သို့ အဖြေပေးရမည်မသိ ဖြစ်သွားလေသည်။



"ကျွန် .... ကျွန်တော် .... "

တိတ်ချောင်းက ....

"အေး .... အဲသည်လို ကြုံတွေ့ရလာရင် မင်းက မြင်းလှည်းကလွဲပြီး ဘာကိုမှ ဂရုမစိုက်နဲ့တော့ .... မြင်းလှည်းကို အန္တရာယ်ကင်းတဲ့ နေရာရောက်တဲ့အထိ မောင်းပြေးပေတော့ .... ကျန်တဲ့လူတွေကလည်း မင်းပြေးလို့ရအောင် ဝိုင်းဝန်းကူညီကြလိမ့်မယ် .... "

"ဟုတ် .... ဟုတ်ကဲ့ .... "

ယင်ကျင်း ခေါင်းညိတ်လိုက်သော်လည်း မျက်နှာကောင်းချေ။ သူ့ဆရာများက အပျက်သဘောပြောနေသည် မဟုတ်ပါလား။

တိတ်ချောင်းက ယင်ကျင်း၏ သဘောထားကို နားလည်သည်။

"ယင်ကျင်း .... အာမခံဌာနတစ်ခုရဲ့ အသက်သွေးကြောဟာ အာမခံပစ္စည်းအပေါ်မှာ မူတည်တယ် .... လိုရာခရီးကို ရောက်အောင် ပို့ပေးနိုင်ရမယ် .... ဒါမှမဟုတ်ဘဲ လမ်းခရီးမှာ ဆုံးရှုံးရပြီဆိုရင် အာမခံဌာနရဲ့ ဂုဏ်သိက္ခာကျဆင်းသွားမယ်၊ အရှက်တကွဲအကျိုးနည်းဖြစ်ရမယ်၊ အာမခံပစ္စည်းရန်သူ့လက်ထဲပါမသွားအောင် ဂရုစိုက်ရမယ်၊ အေး တို့အားလုံး သေဆုံးသွားကြမယ်ဆိုရင်တော့ တစ်မျိုးပေါ့ကွာ .... "

ယင်ကျင်း ဦးညွှတ်လိုက်သည်။

"ကျွန်တော် သဘောပေါက်ပါပြီဆရာ .... "

တိတ်ချောင်း ပြုံးလိုက်လေသည်။

"ရန်သူနဲ့တွေ့ရင် မင်းဘာလုပ်မလဲ .... "

ဦးဆုံးမေးခွန်းကိုပင် ပြန်မေး၏။ ယခုတစ်ကြိမ် ယင်ကျင်းက ခပ်သွက်သွက် အဖြေပေးလိုက်သည်။

"အာမခံပစ္စည်းကို ဂရုစိုက်ပါ့မယ် .... အခြေအနေမဟန်ရင် ရန်သူနဲ့ ဝေးရာရောက်အောင် မြင်းလှည်းကို မောင်းပြေးပါ့မယ်"

သူ၏စကားအဆုံးတွင် ....

"ဟား .... ဟား .... ဟား .... "

"ဟား .... ဟား .... ဟား .... "

တိတ်ချောင်းနှင့် ဆရာစိန်တို့ သဘောကျစွာ ရယ်မောလိုက်ကြသည်။

ထိုစဉ် ....

"ဘာတွေများ သဘောကျနေတာလဲဗျာ .... "

ဆိုင်ရှင်လူဝကြီးက အနီးသို့ရောက်ရှိလာလေ၏။

ဆိုင်ရှင်လူဝကြီးသည် သစ်သီးဝလံများ ထည့်ထားသည့် လင်ပန်းတစ်ချပ်ကိုကိုင်ကာ အနီးသို့ရောက်လာ၏။ တိတ်ချောင်းတို့အတွက် မေတ္တာလက်ဆောင်အဖြစ် လာ၍ကျွေးမွေးခြင်းဖြစ်သည်။

"စားလိုက်ပါဦးဗျာ .... "

"ကျေးဇူးပဲ .... "

တိတ်ချောင်းနှင့် ဆရာစိန်တို့ ယူကာစားလိုက်ကြသည်။

လူဝကြီးက ပြောလာ၏။ သာမန် အလွာပ သလ္လာပစကားမျိုးပြောခြင်းဖြစ်သည်။

"သည်တစ်ခေါက် မိတ်ဆွေတို့ 'ဖုန်းချိန်'အာမခံဌာနပစ္စည်းပို့ဆောင်တာ ဘာမှပင်ပန်းစရာ၊ စိုးရိမ်စရာမရှိဘူး .... အေးအေးဆေးဆေးပဲပေါ့ .... "

တိတ်ချောင်းက မော့၍ပြောလိုက်သည်။

"အေးအေးဆေးဆေးဆိုနိုင်ပမယ့် လူဆိုးဓားပြဆိုတာ စိတ်ချရတာ မဟုတ်ဘူး .... သိပ်ပြီးအဖိုးမတန်နဲ့ အာမခံပစ္စည်းဖြစ်နေပေမယ့် လုချင်ရင် လုယူတတ်ကြတာဗျ .... "



လူဝကြီးက ....

"သည်တစ်ခေါက်တော့ လူဆိုးဆိုလို့ အရိပ်တောင်မြင်ရမှာ မဟုတ်ပါဘူး .... ဒါကြောင့် အေးအေးဆေးဆေးပဲလို့ ကျုပ် ပြောတာပေါ့ .... မိတ်ဆွေတို့က အစောင့်အရှောက်မပါဘဲ ရွှေချောင်းတစ်ထောင်ယူလာ‌ပြည်း လုယက်မယ့်လူရှိမှာ မဟုတ်ဘူး .... "

တိတ်ချောင်းနှင့် ဆရာစိန်တို့ အချင်းချင်းကြည့်လိုက်မိကြသည်။ လူဝကြီးပြောသည့်စကားအရ အကြောင်းတစ်ခုခုရှိနေကြောင်း သတိပြုမိကြသည်။

ဆရာစိန်က မေးလိုက်သည်။

"ခင်ဗျား ဘာကြောင့် သည်လောက်ရဲရဲကြီး အာမခံပြောနိုင်ရတာလဲဗျာ .... အကြောင်းရှိလို့ ဟုတ်လား .... "

လူဝကြီးက ....

"ခင်ဗျားတို့ မသိသေးဘူးနဲ့ တူတယ် .... "

"ကျုပ်တို့က သည်ရက်ပိုင်းအတွင်းမှာ ကိစ္စပေါ်လာပြီး အပူတပြင်း ခရီးထွက်လာခဲ့ရတာကြောင့် လမ်းခရီးအခြေအနေကိုတောင် သေသေချာချာ မစုံစမ်းခဲ့ရသေးပါဘူးဗျ .... "

ဆရာစိန်က မယုတ်မလွန်ပြောလိုက်သည်။

လူဝကြီး ရယ်မောလိုက်သည်။

"ခင်ဗျားတို့ မသိသေးဘူးဆိုရင် ကျုပ်ကပဲ ဝမ်းသာရအောင် ပြောပြလိုက်ပါ့မယ် .... သည်အရပ်ဒေသကို မကြာသေးခင်ကပဲ ထိပ်သီးသိုင်းသမားကြီးကိုးယောက် ရောက်လာခဲ့ကြတယ်လေ .... "

"ထိပ်သီးသိုင်းသမားကြီးတွေ ဟုတ်လား .... "

"ဟုတ်တယ် .... "

"ဘယ်သူတွေများလဲဗျာ .... "

စားသောက်ဆိုင်ရှင် လူဝကြီးမှာ သိုင်းလောကနှင့် မစိမ်းသူဖြစ်သည်။

"သိမ်းငှက်ရဲတိုက်ပိုင်ရှင် 'မုယုံကျင်း'၊ သူဌေးသား 'ကျိုရီ'၊ သိုင်းသမား 'စုထင်း'တို့အပါအဝင် တကယ့်သိုင်းလောကအကျော်အမော် သိုင်းသမားကြီးတွေပေါ့ဗျာ၊သိုင်းလောကမှာနာမည်ကျော်တွေပေါ့ဗျ"

"ဟင် .... "

"ဟာ .... "

တိတ်ချောင်းနှင့် ဆရာစိန်တို့ ပါးစပ်အဟောင်းသားဖြစ်သွားကြလေတော့သည်။

|◗|

"ခွပ်ခွပ် .... ခွပ်ခွပ် .... "

"ခွပ်ခွပ် .... ခွပ်ခွပ် .... "

ယင်ကျင်းက မြင်းလှည်းကို ဂရုစိုက်ကာ မောင်းနှင်နေ၏။

ယခု ....

မြင်းလှည်းပေါ်၌ သူတစ်ယောက်တည်း မဟုတ်တော့ဘဲ ဆရာစိန်နှင့် တိတ်ချောင်းတို့က အနီးကပ်ခြံရံကာ လိုက်လာနေကြပြီဖြစ်ပါသည်။ သူတို့နှစ်ယောက်စလုံး၏ မျက်နှာများသည် ကြည်လင်နေပါသည်။



လမ်းတစ်လျှောက်လုံး သူတို့ တိုင်ပင်ပြောဆိုလာခဲ့ကြသည်။

"အုံခြစရာတော်တော်ကောင်းတယ် .... တကယ့်ထိတ်ထိတ်ကြ သိုင်းသမားကြီးတွေ ရောက်လာကြတယ် .... "

"တစ်ယောက်တလေဆိုရင် အကြောင်းမဟုတ်ပေမယ့် ခုတော့ ကိုးယောက်တောင်ဖြစ်နေတယ် .... "

"ဖြို့စားလေးက ဘဏ္ဍာတော်တွေကို လုယက်ဖို့ ကြံစည်နေသူတွေမှာ ထိပ်သီးသိုင်းသမားကြီးတွေ ပါဝင်နေကြတယ်လို့ သတင်းရထားတယ် .... ဒါတွေကို ဆက်စပ်ကြည့်လိုက်ရင်တော့ အခြေအနေမကောင်းဟာ အမှန်ဘဲ .... "

"အင်း .... သူတို့က ဖြို့စားလေးကို ပစ်မှတ်ထားပြီး ကျုပ်တို့ကို အမှုမထားပါစေနဲ့လို့ ဆုတောင်းရတော့မှာပဲ .... သူတို့သာ လုယက်ကြမယ့်လူတွေဆိုရင်တော့ ကျုပ်တို့ ဘာမှတတ်နိုင်ကြမှာ မဟုတ်ဘူး .... "

ယင်ကျင်းသည် ခေါင်းဆောင်နှစ်ဦး ပြောဆိုနေကြသည့် စကားများကို နားထောင်ရင်း စိတ်မကောင်းဖြစ်လာ၏။ အဖြူရောင်ထိပ်သီးသိုင်းသမားကြီးကိုးယောက်၏ အမည်ကိုလည်း သေသေချာချာ မှတ်သားထားလိုက်သည်။ သို့ဖြင့် ....

နောက်ထပ်နှစ်ရက်တိုင်တိုင် မည်သို့သော အန္တရာယ်မျိုးကိုမှ မတွေ့ရဘဲ အနှောင့်အယှက်ကင်းစွာ ခရီးဆက်လာနိုင်ခဲ့ကြပြီး ခရီးလမ်းဆုံးဖြစ်သော ထိုက်ပေမြို့နှင့် တစ်စထက်တစ်စ နီးကပ်လာလေတော့သည်။

|◗|

အခန်း(၇)

## မပိရိသောလုယက်မှု

တိတ်ချောင်းက အဝေးခရီးသို့ လှမ်းမျှော်ကြည့်ပြီးလျှင် ဆရာစိန်အား လှမ်းပြောလိုက်လေ၏။

"သည်တောတန်းကြီးကို ကျော်ဖြတ်ပြီး နောက်ထပ်နေ့ဝက်လောက် ခရီးပြင်းနှင်လိုက်ရင် ထိုက်ပေကို ရောက်သွားမှာပဲဗျ .... ကျုပ်တို့ရဲ့ ပန်းတိုင်က ထိုက်ပေပဲ .... "

ဆရာစိန်က ....

"ထိုက်ပေကိုရောက်ရင် စိတ်အေးရပါပြီ .... သည်ကြားထဲမှာ ကျုပ်တို့ တေင့်ထားနိုင်ဖို့ပဲ လိုလိမ့်မယ် .... ဒီကြားထဲမှာ မမျှော်လင့်တဲ့ကိစ္စ မဖြစ်ပါစေနဲ့လို့ ဆုတောင်းရလိမ့်မယ် .... "

"ကောင်းပြီ .... "

ဆရာစိန်က သွက်သွက်ခရီးနှင်ကြရန် အဖွဲ့သားများကို လောဆော်လိုက်သည်။

သို့သော် ....

သူတို့ စိတ်တိုင်းကျ ခရီးနှင်၍ မရတော့ပါ။ တောလမ်းပေါ်၌



ဓိတ်ဆိုဟန့်တားသူတစ်ယောက်ကို တွေ့လိုက်ရပြီ မဟုတ်ပါလား။ ထိုသူ မည်သူနည်း။ ထိုလူသည် အနက်ရောင်ဝတ်ဆင်ထားကာ မျက်နှာဖုံးစွပ်ပြီး ရုပ်ဖျက်ထားသည်။ အန္တရာယ်ပေးမည့်သူပေတည်း။

ဆရာစိန်နှင့် တိတ်ချောင်းတို့ အချင်းချင်းကြည့်လိုက်ကြ၏။ ဆရာစိန်က ....

"မျက်နှာဖုံးစွပ် ရုပ်ဖျက်ထားတယ်ဆိုကတည်းက ဘယ်သူဘယ်ဝါမှန်း မသိစေချင်လို့ပဲ .... "

တိတ်ချောင်း ခေါင်းညိတ်လိုက်သည်။

"မှန်တာပေါ့ဗျာ .... လူသိမခံနိုင်တာ လူသိများတဲ့ လူတစ်ယောက်ဖြစ်လို့နေမှာပေါ့ .... ကျုပ်တို့ ကြားခဲ့ရတဲ့ သတင်းမှန်နေပြီ၊ လူသိမခံနိုင်တဲ့ အလုပ်ကို သူတို့ လုပ်ကြတော့မယ်"

ဆရာစိန်က ....

"ကျုပ်တို့အကြောင်းကို ဘယ်လိုလုပ်သိသွားသလဲ မပြောတတ်ဘူး .... "

ထိုစဉ် ....

မျက်နှာဖုံးစွပ်ထားသူထံမှ တဟားဟားရယ်မောသံ ထွက်ပေါ်လာသည်။

"ဘုရင့်ဘဏ္ဍာသယ်သွားတဲ့ မြို့စားလေးတို့လူစုဟာ ယင်နန်နယ်ထဲမှာ ကွေ့ပတ်လျှောက်သွားနေကြပြီး ထိုက်ပေကို ဖုံးချိန်အာမခံဒ္ဒါနက ရောက်လာတယ် .... မြို့စားလေးက လှည့်ကွက်ဆင်လိုက်တာ ရှင်းနေတာပဲ .... "

တိတ်ချောင်းက ....

"ခင်ဗျား ဘယ်ဆိုးလို့လဲ .... "

မျက်နှာဖုံးရှင်က ရှင်းပြလေ၏။ သူ ရှင်းပြလျှင် သူတို့ မသိ
ပါ။

"မင်းတို့ အာမခံဌာနထဲကို မြို့စားလေး အဝင်အထွက်လုပ်
တာကို ကျုပ်တို့ သတင်းမရခဲ့ဘူး ထင်နေသလား .... "

တိတ်ချောင်း ရင်လေးသွား၏။

သူတို့ ဘဏ္ဍာတော်များ သယ်ယူလာခဲ့သည့်ကိစ္စအား ဖုံးကွ
ထား၍ မရနိုင်တော့ပါ။

**"ကျုပ်တို့ဆိုတော့** .... ခင်ဗျားတစ်ယောက်တည်း မဟုတ်
**အဖော်ပါသေးတယ် ဆိုပါတော့** .... "

ထိုစဉ် ....

"ဟား .... ဟား .... ဟား .... "

"ဟား .... ဟား .... ဟား .... "

ရယ်မောသံများ ကျယ်လောင်စွာ ထွက်ပေါ်လာပြီး **သစ်**
များကြားမှ လူရှစ်ယောက် **ထွက်လာကြလေသည်**။ ထိုလူရှစ်ယော
သည်လည်း အနက်ရောင်**ဝတ်ဆင်ကာ မျက်**နှာဖုံးစွပ်ထားကြသည်

တိတ်ချောင်း ပြုံးလိုက်သည်။

"ဖုံးချိန်အာမခံဌာနအတွက် တကယ့်တိုက်ပွဲကောင်းပဲ"

ဆရာစိန်က သဘောတူသည်။

"ဖုံးချိန်အာမခံဌာနအတွက်တော့ တကယ့်တိုက်ပွဲကောင်းပ

ဆရာစိန်က သဘောတူသည်။

"ဖုံးချိန်အာမခံဌာနကို အထင်သေးလို့မရဘူးဆိုတာတော့ သူ
သိသွားမှာပါ .... "

တိတ်ချောင်းက ယင်ကျင်းကို လှမ်းပြောလိုက်၏။



"ယင်ကျင်း .... ငါပြောတဲ့စကားကို မင်း မှတ်မိတယ်နော်"

ယင်ကျင်း ဦးညွတ်လိုက်၏။

"ဟုတ်ကဲ့ .... မှတ်မိပါတယ် .... "

"အေး .... တိုက်ပွဲစပြီဆိုတာနဲ့ မင်း**အလွတ်ရုန်းပြေးပေတော့**"

"ကျွန်တော် .... "

"ဟိတ် .... ငါ့စကားကို မင်း မှတ်မိတယ်ဆိုကွ .... "

"ဟုတ် .... ဟုတ်ကဲ့ .... "

တိတ်ချောင်းက ဝေါက်လိုက်ရာ ယင်ကျင်း ခေါင်းငုံ့ထားလိုက်
လေတော့သည်။ သူသည် မကြုံဖူးသောတိုက်ပွဲအတွက် တုန်လှုပ်
ချောက်ချားနေသည်။

"ချွမ်း .... ချွမ်း .... "

တိတ်ချောင်းနှင့် ဆရာစိန်တို့က ဓားကိုယ်စီ ဆွဲထုတ်လိုက်ကြ
သည်။

**"ချွမ်း .... ချွမ်း .... ချွမ်း .... "**

**အဖွဲ့သားများလည်း လက်နက်များ ဆွဲထုတ်**လိုက်ကြ၏။ သူ
**တို့၏ အာမခံဌာနမှာ အလယ်အလတ်စား**ဖြစ်သော်လည်း အဖွဲ့သား
**များကတော့ တကယ့်**ရဲရဲတောက် ထိပ်တန်းသစ္စာရှိအဖွဲ့သားများဖြစ်
**နေပေသည်**။ ထို့နောက် ....

**"ဖုံးချိန်အာမခံဌာန .... "**

**"ရန်သူတွေဖယ်ရှားကြ .... "**

ဖုံးချိန်အာမခံဌာန၏အမည်ကို ကြွေးကြော်ရင်း တိုက်ပွဲဝင်
လိုက်ကြလေတော့သည်။

တိတ်ချောင်းနှင့် ဆရာစိန်တို့ ခေါင်းဆောင်သော 'ဖုံးချိန်'အာ

မခံဌာနအဖွဲ့သားများသည် မျက်နှာဖုံးစွပ်ထားသူများအား တိုက်ခိုက်ရန် ပြေးသွားကြသည်။ ယင်ကျင်း၏ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာ၏။

တိတ်ချောင်းတို့လူစုက ရုပ်ဖျက်ထားသော ထိပ်သီးသိုင်းသမားကြီးများအား မယှဉ်နိုင်မှန်းသိထားကြသော်လည်း အသက်စွန့်ကာ တိုက်ပွဲဝင်ကြတော့မည်ဖြစ်သည်။

သူက တိုက်ပွဲ၌ ပါဝင်တိုက်ခိုက်ခွင့်မရှိပါ။ ဘဏ္ဍာတော်များကို သယ်ဆောင်ကာ လွတ်ရာသို့ ထွက်ပြေးရမည် မဟုတ်ပါလား။

"ဒါလည်းတိုက်ပွဲတစ်ခုပါပဲလေ .... "

ယင်ကျင်းက အားတင်းကာ မြင်းလှည်းကို မောင်းနှင်သွားရန် ဟန်ပြင်လိုက်လေသည်။ ထိုအချိန်မှာပင် ....

"ဝှစ် .... "

ဓားမြှောင်တစ်လက်သည် ရိပ်ခနဲပင် လွင့်လာပြီး ယင်ကျင်း၏ ရင်ဝ၌ စိုက်ဝင်သွားတော့သည်။

"အား .... "

"ဝုန်း .... "

ယင်ကျင်း စူးရှစွာအော်ရင်း မြင်းလှည်းပေါ်မှ တလိမ့်ကောက်ကွေး ပြုတ်ကျသွားတော့သည်။

"ဟင် .... "

"ယင်ကျင်း .... "

တိတ်ချောင်းနှင့် ဆရာစိန်တို့ ထိတ်လန့်သွားကြသည်။ မြင်းလှည်းဖြင့် ကိုယ်လွတ်ရုန်းပြေးရန် တာဝန်ပေးထားသော ယင်ကျင်းသည် တိုက်ပွဲမစမီ ဦးဆုံးလုပ်ကြံခံလိုက်ရပြီဖြစ်သည်။



"ဟူး .... ဟူး .... ဟူး .... "

မျက်နှာဖုံးစွပ်ကာ ရုပ်ဖျက်ထားကြသူများသည် ချက်ချင်းအနီးသို့ ရောက်ရှိလာကြပြီး တိတ်ချောင်းတို့လူစုအား တိုက်ခိုက်လိုက်သည်။ သူတို့မတိုက်မီ ရန်သူက ဦးစွာတိုက်လေပြီ။

"တိုက်ကြဟေ့ .... "

"ဖုံးချိန်အာမခံဌာနအတွက် အသက်ကိုစွန့်ကြ .... "

တိတ်ချောင်းတို့လူစုလည်း အသံပေးကာ အပြင်းအထန် ခုခံတိုက်ခိုက်လိုက်ကြ၏။

အေးချမ်းသာယာနေသော တောလမ်းပေါ်၌ ပြင်းထန်သော တိုက်ပွဲကြီးဖြစ်ပေါ်လာလေတော့သည်။

ရုပ်ဖျက်ထားသူကိုးယောက်မှာ ထိပ်သီးသိုင်းသမားကြီးများဖြစ်ကြောင်း သူတို့၏ တိုက်ကွက်များကို ကြည့်ရုံဖြင့် သိနိုင်လေသည်။

"ဝုန်း .... "

"အား .... "

"အမလေး .... "

"သေပါပြီဗျ .... "

ဖုံးချိန်အာမခံဌာနအဖွဲ့သားများမှာ စူးရှစွာ အော်ဟစ်ကာ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြသည်။

"အင့် .... "

မြင်းလှည်းနှင့် မလှမ်းမကမ်း၌ လဲကျနေသော ယင်ကျင်းမှာ မသဲမကွဲညည်းညူရင်း မျက်လုံးဖွင့်လာ၏။

သူ၏ရင်ဝ၌ ဓားမြှောင်တစ်လက် စိုက်ဝင်ကာ သွေးချင်းချင်းနီရဲနေ၏။

မြင်းလှည်းပေါ်မှ အရှိန်ဖြင့် ပြုတ်ကျခဲ့ရာ မျက်နှာနှင့် မြေပြင် ဆောင့်မိကာ မျက်နှာတစ်ခုလုံးလည်း သွေးချင်းချင်းနီရဲနေပါတော့သည်။ ယင်ကျင်းသည် မျက်လုံးဖွင့်လာပြီး တိုက်ပွဲကိုကြည့်လိုက်သည်။

ထို့နောက် .... မျက်လုံးပြန်ပိတ်သွားကာ ငြိမ်ကျသွားသည်။ တိုက်ပွဲကား ပို၍ ပြင်းထန်လာသည်။

"အား .... အမလေး .... "

"သေပါပြီဗျ .... "

ဖုံးချိန်အာမခံအဖွဲ့သားများ ထပ်မံလဲကျသွားပြန်သည်။ ရုပ်ဖျက်ထားသော ထိပ်သီးသိုင်းသမားကြီးကိုးယောက်အား မည်သို့မျှ မယှဉ်နိုင်ဘဲ တစ်ယောက်ပြီးတစ်ယောက် အသက်စွန့်နေကြရတော့သည်။ တိတ်ချောင်းနှင့် ဆရာစိန်တို့က ဓားကိုယ်စီဆွဲကိုင်ကာ အပြင်းအထန် ခုခံကြပါသော်လည်း သိုင်းပညာအဆင့်ချင်း ကွာခြားနေသည်ဖြစ်ရာ တခဏအတွင်းမှာပင် ဒဏ်ရာကိုယ်စီ ရရှိကာ နောက်ဆုတ်လိုက်ကြရသည်။ ဆရာစိန်က လှမ်းပြောလိုက်သည်။

"ဆရာတိတ် .... ကျုပ်တို့ သည်အတိုင်း ဆက်ပြီးတိုက်ခိုက်သွားကြမယ်ဆိုရင် အဓိပ္ပာယ်မဲ့ အသက်သေခံသလို ဖြစ်သွားလိမ့်မယ်၊ ရန်သူအကြံအစည် အောင်မြင်သွားမှာပါ .... ဒါကြောင့် ကျုပ် ခုခံထားမယ် .... ဆရာတိတ်က မြင်းလှည်းကို ဘေးကင်းရာ မောင်းသွားပါ"

တိတ်ချောင်း သဘောတူလိုက်သည်။

ဘဏ္ဍာတော်များ ရန်သူ့လက်ထဲ ပါမသွားဖို့က အရေးအကြီးဆုံး မဟုတ်ပါလား။

"ကောင်းပြီ .... ကျုပ်သွားနှင့်မယ် .... ဆရာစိန်တို့ နောက်က လိုက်ခဲ့ကြပါ .... "



"စိတ်ချ .... မြန်မြန်သာသွားပါ .... "

တိတ်ချောင်းသည် မြင်းလှည်းဆီသို့ တစ်ဟုန်ထိုး ပြေးသွားလိုက်လေသည်။

"တိုက်ကြဟေ့ .... "

ဆရာစိန်က အဖွဲ့သားများကို အမိန့်ပေးလိုက်၏။

တိတ်ချောင်း လွတ်မြောက်သွားစေရန် ရန်သူကို အသက်စွန့်တားဆီးကြမည်ဖြစ်သည်။

"ဖုံးချိန်အာမခံဌာနတဲ့ဟေ့ .... "

"ယား .... "

အာမခံဌာနအဖွဲ့သားများသည်လည်း ညာသံပေးကာ သတ္တိသွေးနီရဲစွာဖြင့် မျက်နှာဖုံးစွပ် ရုပ်ဖျက်ထားသော ထိပ်သီးသိုင်းသမားကြီးများအား မကြောက်မရွံ့ ရင်ဆိုင်လိုက်ကြ၏။

သို့သော် ....

သိုင်းလောကအဆင့်ချင်း ကွာခြားလှသဖြင့် တိုက်ပွဲမှာ တစ်ဘက်သတ်ဆန်နေပါတော့သည်။ သူတို့ မည်သို့တိုက်တိုက်၊ အသက်ကို အချည်းအနှီးစွန့်သလိုဖြစ်နေသည်။

ရင်ဆိုင်လိုက်မိသည်နှင့် စူးရှသော အော်ဟစ်သံများနှင့်အတူ အမဲအဖွဲ့သားများ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားပြန်တော့သည်။ ထိုအချိန်တွင် ....

"မင်းဘယ်ပြေးမလဲ .... "

မျက်နှာဖုံးစွပ်တစ်ဦးက တိတ်ချောင်း၏အကြောကို ရိုပ်မိသွားကာ မြေပေါ် ခြေဆောင့်ကာ အပေါ် ခုန်တက်လိုက်၏။ ထို့နောက် လေထဲ ကျွမ်းပစ်လိုက်လျှင် ....

"ဟူး .... ဟူး .... "

အဝတ်အစားလေတိုးသံများ ထွက်ပေါ်လာကာ လျှင်မြန်စွာ ရွေ့လျားသွားပြီး တိတ်ချောင်း၏ရှေ့ မြေပေါ်သို့ ခုန်ဆင်းလိုက်သည်။

တိတ်ချောင်းမှာ မြင်းလှည်းဆီသို့ အရောက်မသွားနိုင်တော့ပါ။ သူနှင့် မြင်းလှည်းကြား၌ ဟန့်တားမည့်သူတစ်ဦး ရှိနေပြီ မဟုတ်ပါလား။ တိတ်ချောင်း အံတင်းတင်းကြိတ်လိုက်သည်။

"လမ်းဖယ်လိုက်စမ်း .... "

အော်ငေါက်ရင်း ဓားငှေ့ယမ်းကာ တိုက်ခိုက်လိုက်လေသည်။

"ဟား .... ဟား .... ဟား .... "

ထိုလူက တဟားဟားရယ်မောလိုက်သည်။

"တိတ်ချောင်း .... မင်း ဘာတတ်နိုင်မှာမို့လဲ .... "

လက်တစ်ဖက် ဆန့်ထုတ်ကာ တိတ်ချောင်း၏ လက်ထဲမှဓားကို လုယူကာ တိတ်ချောင်း၏ရင်ဝကို ပြန်လည်ထိုးစိုက်ချလိုက်လေသည်။ တိတ်ချောင်း မခုခံနိုင်ပါ။ သူ့ရန်သူသည် သိုင်းပညာအလွန်ကောင်းသူဖြစ်နေသည်။

ထိုလူ၏လှုပ်ရှားမှုက လျှပ်ပြက်သကဲ့သို့ လျှင်မြန်နေသည်။

တိတ်ချောင်း ဘာမှမတတ်နိုင်တော့ပါချေ။

"အား .... "

စူးရှစွာအော်ဟစ်ကာ မြေပေါ်လဲကျသွားတော့သည်။

တိတ်ချောင်း လဲကျသွားပြီး မရှေးမနှောင်းမှာပင် .... ·

"အား .... "

ဆရာစိန်၏ အော်ဟစ်သံ ထွက်ပေါ်လာလေတော့သည်။

ဖုံးချိန်အာမခံဌာန၏ ခေါင်းဆောင်များဖြစ်ကြသော တိတ်



ချောင်းနှင့် ဆရာစိန်တို့ မြေပေါ်လဲကျကာ အသက်ပျောက်နေကြပြီဖြစ်ပါသည်။ ကျန်အဖွဲ့သားများ သွေးပျက်သွားကြတော့သည်။

"ပြေးကြဟေ့ .... "

တစ်ယောက်က အော်ပြောလိုက်၏။

ထို့နောက် အားလုံးအသက်လုထွက်ပြေးဖို့ ကြိုးစားလိုက်ကြသည်။ သို့သော် ....

"တစ်ယောက်မှ မလွတ်စေနဲ့ .... "

မျက်နှာဖုံးစွပ်ကာ ရုပ်ဖျက်ထားကြသည့် ထိပ်သီးသိုင်းသမားကြီးများက လုံးဝအလွတ်မပေးဘဲ ရက်ရက်စက်စက် သုတ်သင်ပစ်လိုက်ကြတော့သည်။

အော်သံဟစ်သံ တိုက်ခိုက်သံများ ကျွက်ကျွက်ညံသွား၏။ မကြာပါချေ။ ဖုံးချိန်အာမခံဌာနအဖွဲ့သားအားလုံး သုတ်သင်ရှင်းလင်းခံလိုက်ကြရလေတော့သည်။

"ဟား .... ဟား .... ဟား .... "

"ဟား .... ဟား .... ဟား .... "

မျက်နှာဖုံးစွပ်များက ရယ်မောလိုက်ကြလေသည်။ ဖုံးချိန်အာမခံဌာနအဖွဲ့သားများအား သုတ်သင်ရှင်းလင်းပြီးနောက် ဘဏ္ဍာတော်များသည် သူတို့၏လက်ထဲ ရောက်လာပြီ မဟုတ်ပါလား။

"ကဲ .... မြင်းလှည်းကို မောင်းယူသွားကြမယ် .... "

တစ်ယောက်က ပြောလိုက်သည်။

ကျန်လူများက သဘောတူလိုက်သည်။

မျက်နှာဖုံးစွပ်တစ်ယောက်သည် မြင်းလှည်းမောင်းသူနေရာသို့ ခုန်တက်လိုက်သည်။

"ဟေး .... ဟေး .... "

မြင်းများကို အော်ငေါက်ကာ မြင်းလှည်းကို ဒုန်းစိုင်းမောင်းနှင်သွားလေတော့၏။ ကျန်လူများက ကိုယ်ဖော့ပညာအသုံးပြုကာ ပြေးလိုက်သွားကြသည်။

"ဟီး .... ဟီး .... ဟီး .... "

"ခွပ်ခွပ် .... ခွပ်ခွပ် .... "

မြင်းခွာသံ မြင်းဟီသံများ ကျယ်လောင်စွာ ထွက်ပေါ်လာပြီး တဖြည်းဖြည်း ဝေး၍ ဝေး၍ သွားတော့သည်။ မျက်နှာဖုံးစွပ် ရုပ်ဖျက်ထားသော ထိပ်သီးသိုင်းသမား**ကြီးများမှာ** မြင်းကွင်းမှ ပျောက်ကွယ်သွားကြလေတော့သည်။

ဆရာစိန်၊ တိတ်ချောင်းတို့ **ဦးဆောင်သော 'ဖုံးချိန်'**အာမခံအဖွဲ့သားများကား မြေပေါ်၌ အတုန်းအရုံးလဲကျသေဆုံးလျက် ကျန်ရစ်ခဲ့ရှာလေသည်။ ထူးခြားသည်ကား ....

တစ်ကိုယ်လုံး သွေးချင်းချင်းနီရဲကာ ဒဏ်ရာပြင်းထန်စွာ ရထားသော ယင်ကျင်း၏အလောင်းကို မတွေ့ရခြင်းဖြစ်ပါသည်။

ယင်ကျင်း၏အလောင်း ပျောက်ဆုံးနေသဖြင့် အသက်ရှင်ထွက်ပြေးလွတ်မြောက်သွားပြီလား။ မျက်နှာစွပ်များက တစ်ယောက်မှ ထွက်ပြေး၍ မရနိုင်အောင် သတိကြီးစွာထားပြီး တစ်ယောက်မကျန် သုတ်သင်ပစ်ခဲ့ကြခြင်းဖြစ်သည်။ လက်စတုံးရှင်းပစ်ခဲ့ခြင်းဖြစ်သည်။ ဤသို့ဆိုလျှင် ယင်ကျင်းတစ်ယောက် အဘယ်ကဲ့သို့ ပျောက်ဆုံးသွားလေသနည်း။



အခန်း(၈)

## အရှက်နှင့် သိက္ခာ

"ခွပ်ခွပ် .... ခွပ်ခွပ် .... "

"ခွပ်ခွပ် .... ခွပ်ခွပ် .... "

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်နေသည်။ မျက်နှာဖုံးစွပ်တစ်ဦးသည် မြင်းလှည်းကို ဒုန်းစိုင်းမောင်းနှင်နေသည်။

မြင်းလှည်းပေါ်၌ ဘဏ္ဍာတော်များပါရှိလာ၏။ **ဘဏ္ဍာတော်**များအား လျှို့ဝှက်စွာ သယ်ယူလာခဲ့သော ဖုံးချိန်**အာမခံဌာန**ကားကံဆိုးသွားခဲ့ပြီဖြစ်ပါသည်။ ခေါင်းဆောင်များဖြစ်ကြသော တိတ်ချောင်း**နှင့် ဆရာစိန်**တို့အပါအဝင် အဖွဲ့သားအားလုံး အသတ်ခံလိုက်ကြရလေ**သည်**။ သို့သော် ....

"**ဟူး** .... ဟူး .... "

**အဝတ်**အစားလေတိုးသံများ ထွက်ပေါ်နေသည်။ မျက်နှာဖုံးစွပ် ထိပ်သီးသိုင်းသမားကြီးများသည် ကိုယ်ဖော့ပညာအသုံးပြုကာ ပြေးလိုက်လာနေကြသည်။ မကြာမီ ....

တောင်တစ်လုံး၏ခြေရင်းရှိ ရေတံခွန်ကြီးတစ်ခုအနီးသို့ ရောက်

ရှိလာကြလေ၏။ ရေတံခွန်ကြီးမှ ရေများ တဝေါဝေါမြည်ကာ စီးကျနေ၏။ ထိုစီးကျလာသော ရေများသည် အောက်ဘက်သို့ ရောက်လာသောအခါ ချောင်းကလေးအဖြစ် စီးဆင်းသွားသည်။ ရေတံခွန်ကြီးမှ ဖြာထွက်လာသော ရေမှုန်ရေမွှားများသည် နေရောင်ခြည်နှင့် ထိတွေ့မိသောအခါ သက်တန့်များ ဖြစ်ပေါ်လာ၏။ အလွန်ကြည့်ကောင်းသည်။ ရေတံခွန်အနီး၌ ရောင်စုံတောပန်းများက လှပစွာဖူးပွင့်နေသည်။

ကျေးငှက်သာရကာလေးများလည်း သဘာဝတေး သီကျူးကာ ဟိုမှသည် ပျံသန်းနေကြ၏။ အလွန်သာယာလှပသော ပတ်ဝန်းကျင်တစ်ခု ဖြစ်ပါတော့သည်။ ရုတ်တရက် စမ်းချောင်းကလေး၌ ရေသောက်ဆင်းလာသော သမင်လေးတစ်ကောင်သည် ခေါင်းထောင်ကာ ဟိုဟိုသည်သည် ကြည့်လိုက်သည်။

ထို့နောက် ....

လျင်မြန်သောအဟုန်ဖြင့် တောအုပ်ထဲ ပြေးဝင်သွားတော့သည်။ သမင်လေး ထွက်ပြေးပြီး မရှေးမနှောင်းမှာပင် မြင်းခွာသံ၊ မြင်းလှည်းဘီးလိမ့်သံများ ထွက်ပေါ်လာကာ မျက်နှာဖုံးစွပ်များ ရောက်ရှိလာကြခြင်းဖြစ်တော့သည်။

"ဟေး .... "

မြင်းလှည်းမောင်းသူက မြင်းဇေါက်ကာ ရပ်တန့်လိုက်သည်။ မရှေးမနှောင်းမှာပင် ကျန်မျက်နှာဖုံးစွပ်များ ပြေးလွှားရောက်ရှိလာကြသည်။ စုစုပေါင်းကိုးယောက်တိတိဖြစ်သည်။ ထိုလူကိုးယောက်သည် ရေတံခွန်နံဘေးတွင် စုရုံးမိကြသောအခါ အားလုံးရယ်မောကြလေတော့သည်။



"ဟား .... ဟား .... ဟား .... "

"ဟား .... ဟား .... ဟား .... "

သဘောကျစွာဖြင့် ဟားတိုက်ရယ်မောလိုက်ကြသည်။ သူတို့သည် ဘဏ္ဍာတော်များ လုယက်လာနိုင်ကြသဖြင့် အားရကျေနပ်နေကြသည် မဟုတ်ပါလား။ ခက်ခက်ခဲခဲလည်း မဟုတ်ချေ။ သူတို့ တစ်ယောက်မျှ အဖိတ်အစင်မရှိချေ။ တစ်ယောက်က ပြောလေ၏။

"မြို့စားလေးက ကျုပ်တို့ကို လှည့်စားဖို့ ကြံစည်ခဲ့တာပဲ .... ဒါပေမယ့် သူ့ရဲ့လှည့်ကွက်က ရိုးနေပါပြီဗျာ .... ဒါတွေက လုပ်ရိုးလုပ်စဉ်တွေပဲ .... သူက အခုမှ အဆန်းလို့ထင်နေတာ .... "

အခြားတစ်ယောက်က ထောက်ခံလိုက်၏။

"မြို့စားလေးက ကိုယ့်ကိုယ်ကိုယ်ပိုင်လှပြီ ထင်နေတာ .... ဘဏ္ဍာတော်တွေ လုယက်ခံလိုက်ရတာကိုသာသိရင် ကြက်နာကြီးလည်လိမ်ထားသလို ဖြစ်နေမှာ မြင်ယောင်မိသေးတယ် .... "

"ဟား .... ဟား .... ဟား .... "

သူတို့ ရယ်မောလိုက်ကြပြန်သည်။

ပြီးမှ ....

"မြို့စားလေးတို့လူစုကို တိုက်ခိုက်သုတ်သင်ရတာထက် ဖုံးချိန်အာမခံဌာနက လူတွေကို နှိမ်နင်းပစ်ရတာက ပိုပြီးလွယ်ကူတယ် .... မြို့စားလေးက ကျုပ်တို့အပေါ် စိတ်ကောင်းထားလိုက်တာပဲ .... ဒါမှမဟုတ်ရင် မြို့စားလေးတစ်ယောက်ကို သုတ်သင်ရှင်းလင်းပစ်ရတဲ့ အပြစ်တစ်ခု တိုးသွားဦးမှာပဲ .... "

"ဒါ အရေးမကြီးဘူး .... နောက်ထပ် အပြစ်ဆယ်ခုလုပ်လည်း မထူးဘူး .... ဘဏ္ဍာတော်တွေကို လုယက်တိုက်ခိုက်ပြီးမှရမယ့် အပြစ်

ဒဏ်ဟာ သေဒဏ်ကလွဲပြီး ဘာမှ မရှိတော့ဘူး .... "

"သည်ကိစ္စ ကျုပ်တို့လက်ချက်ဖြစ်မှန်း ဘယ်သူမှ မသိအောင် သစ္စာရှိပြီး နှုတ်လုံမှဖြစ်မယ် .... ဒါမှမဟုတ်ရင် အားလုံးဒုက္ခရောက်သွားလိမ့်မယ် .... အားလုံးနှုတ်လုံကြရမယ် .... "

စသည် စသည်ဖြင့် တစ်ယောက်တစ်ပေါက် ပြောဆိုနေကြသည်။ အနီးပတ်ဝန်းကျင်၌ သူတို့ကိုးယောက်အပြင် နောက်ထပ်လူတစ်ယောက် ရှိနေသေးသည်ကိုလည်းကောင်း၊ သူတို့ပြောသောစကားများကို ကြားသွားသည်ကိုလည်းကောင်း၊ ထိုလူကိုးယောက်ရုတ်တရက် သတိမပြုမိကြချေ။

ထိုလူကား မြင်းလှည်းအောက်၌ ရှိနေပါသည်။

ထိုသူကား ယင်ကျင်းပါတည်း။

ယင်ကျင်းသည် ဒဏ်ရာပြင်းထန်စွာရကာ သေလုမျောပါး ဖြစ်နေသော်လည်း အလွန်သတိကောင်းသူဖြစ်သည်။ မျက်နှာဖုံးစွပ်များစာ ဒဏ်ရာရကာ မြင်းပေါ်လဲကျပြီး ညည်းညူနေသူများကိုပါ ချမ်းသာမပေးဘဲ၊ သုတ်သင်ပစ်နေသည်ကိုမြင်လျှင် ကြိုးစား၍ မြင်းလှည်းအောက်ထဲ တိုးဝင်လိုက်၏။

မြင်းလှည်းဘီးလေးဘီး၏ ဝင်ရိုးကို တွယ်ကာယ်ကာ အိမ်မြှောင်တစ်ကောင်ကဲ့သို့ ပုန်းအောင်းနေလိုက်သည်။

သို့ဖြင့် ....

မျက်နှာဖုံးစွပ်များသည် သူ့အား သတိမပြုမိလိုက်ကြတော့ချေ။

ယခု .... ယင်ကျင်းသည် မြင်းလှည်းအောက်၌ ရှိနေပြီး ထိုလူများ၏ပြောစကားများကို အတိုင်းသားကြားနေရလေတော့သည်။

"ကျုပ်တို့အချင်းချင်း သစ္စာရှိ နှုတ်လုံကြတာ ဟုတ်ပါပြီ .... ကျုပ်တို့က သည်ကို ပုန်းလျှိုးကွယ်လျှို လာခဲ့ကြပေမယ့် ကျုပ်တို့ရောက်ရှိလာတာကို သတိထားမိတဲ့ လူတစ်ယောက် ရှိနေသေးတယ်ဆိုတာ ခင်ဗျားတို့ စဉ်းစားမိရဲ့လား .... "

"ဘယ်သူများလဲ .... ပြောပါဦး .... "

"ဘယ်သူရှိရမလဲ .... စားသောက်ဆိုင်ပိုင်ရှင် လူကြီးပေါ့ .... သည်လူက နှုတ်စပ်စပ်ရှိတယ် .... စားသောက်ဆိုင်ပိုင်ရှင်ဆိုပေမယ့် သိုင်းလောကအကြောင်း တော်တော်သိထားတာ .... သိုင်းလောကသားတစ်ယောက်လို သိုင်းလောကမှာ နှုတ်စပ်တယ် .... သူဟာ ကျုပ်တို့အတွက် ပြဿနာပဲဗျ"

"ကိစ္စမရှိဘူး .... သည်ကိစ္စကို ရှင်းရတာလွယ်ပါတယ် .... နောက်မှ ကြည့်လုပ်တာပေါ့ .... ခုတော့ အချိန်မရှိဘူး .... ဝေစုခွဲပြီး လူခွဲလိုက်ကြတာကောင်းမယ် .... "

"ဟုတ်တယ် .... သည်နေရာက အမြန်ဆုံး ခြေရာဖျောက်ကြရလိမ့်မယ် .... "

"ဒါဖြင့် .... လာကြဗျာ .... "

စကားသံများထွက်ပေါ်လာသည်။ ထိုလူသုံးယောက် မြင်းလှည်းအနီးသို့ စုရုံးရောက်ရှိလာကြလေသည်။

ယင်ကျင်း အသက်ပင်မရှူဝံ့တော့ပါ။ သူပုန်းအောင်းနေသည်ကို သိသွားကြလျှင် ချက်ချင်းသက်ပစ်ကြလိမ့်မည် မဟုတ်ပါလား။

"ဝုန်း .... "

မြင်းတံခါးပွင့်သွား၏။

ထိုလူများသည် ဘဏ္ဍာတော်များထည့်ထားသည့် သေတ္တာကို မြင်းလှည်းပေါ်မှ ဆွဲချလိုက်ကြသည်။

သေတ္တာအဖုံးဖွင့်လိုက်လျှင် ပြိုးပြိုးပျက်ပျက်အရောင်များ ထွက်ပေါ်လာလေသည်။

"ဟား .... ဟား .... ဟား .... "

"ဟား .... ဟား .... ဟား .... "

ထိုလူများ သဘောကျစွာ ရယ်မောလိုက်ကြသည်။

ထို့နောက် ....

"ကဲ .... အညီအမျှခွဲဝေယူကြတာပေါ့ .... "

"ကောင်းတယ် .... ဝေစုမြန်မြန်ခွဲပြီး သည်ဒေနရာက မြန်မြန်ထွက်သွားရမယ် .... "

ဘဏ္ဍာတော်များအား ခွဲဝေယူလိုက်ကြ၏။

ထိုစဉ် ....

လူတစ်ယောက် ချာခနဲ လှည့်ထွက်သွားသည်ကို တွေ့မြင်လိုက်ရလေသည်။

ကျန်လူများ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

"ချင်းရှောင် .... ခင်ဗျား ဘယ်သွားမလို့လဲ .... "

မေးမြန်းသံ ထွက်ပေါ်လာ၏။

လှည့်ထွက်သွားသူက ....

"ကျုပ် မလိုချင်တော့ဘူး .... "

"နေပါဦး .... ခင်ဗျား ဘာကြောင့် စိတ်ပြောင်းသွားရတာလဲ၊ ဘဏ္ဍာတော်တွေ ကျုပ်တို့လက်ထဲ ရောက်နေပြီ မဟုတ်လား"

"ဟုတ်တယ် .... ကျုပ်စိတ်ထဲမှာ မလိုချင်တော့ဘူး .... ကျုပ်ကိုယ်ကျုပ်လည်း အံ့သြမိတယ် .... ကျုပ်ကို ဘယ်လိုမှ သဘောမထားကြပါနဲ့ .... ကဲ .... ကျုပ်သွားလိုက်ဦးမယ် .... "



ချင်းရှောင်ဆိုသူသည် စကားဆုံးသည်နှင့် လျှင်မြန်စွာ ထွက်ခွာသွားလေတော့သည်။

ကျန်ရှစ်ယောက်မှ ဝေစုမယူဘဲ ထွက်သွားသည့် ချင်းရှောင်ကြောင့် တအံ့တသြဖြစ်နေကြပြီး မည်သူကမျှ ဟန့်တားလိုက်ခြင်း မရှိတော့ချေ။

ချင်းရှောင်ဆိုသူ မြင်ကွင်းမှ ပျောက်ကွယ်သွားတော့မှ သတိဝင်လာကြလေသည်။

"သူက ဘယ်လိုဖြစ်သွားတာလဲ .... "

"စိတ်ထားပြောင်းပြီး သစ္စာဖောက်ရင်တော့ အားလုံးဒုက္ခရောက်သွားနိုင်တယ် .... "

"ချင်းရှောင်က သစ္စာဖောက်မယ့်လူစားမျိုး မဟုတ်ပါဘူး .... ဘဏ္ဍာတော်တွေ လုယက်မိတာ မှားပြီဆိုဆိုတဲ့ အတွေးဝင်လာရင်တော့ သစ္စာဖောက်မဟုတ်ဘဲ အဝေးကို ရှောင်ထွက်သွားမယ့် လူစားမျိုးပါ .... "

"အို .... ကျုပ်တို့ကို သစ္စာဖောက်ရင်တော့ .... သူလည်း သက်သာမလား .... ဖုံးချိန်အာမခံဌာနကလူတွေကို တစ်ယောက်မကျန် သတ်ပစ်ခဲ့တုန်းက သူလည်း ပါဝင်ခဲ့တာပဲ မဟုတ်လား"

တစ်ယောက်တစ်ပေါက် ဝေဖန်ပြောဆိုသံများ ထွက်ပေါ်လာသည်။

ထို့နောက် ....

"ချင်းရှောင်ကို မေ့ပစ်လိုက်တော့ .... ဝေစုခွဲမယ် .... ချင်းရှောင်မယူတော့ ကျုပ်တို့ပါ ပိုရတာပေါ့ .... "

"ဟုတ်တယ် .... ပိုတောင်ကောင်းသေးတယ် .... "

ထိုလူများသည် ချင်းရောင်အား အမှုမထားကြတော့ဘဲ ဘဏ္ဍာတော်များအား ခွဲဝေယူလိုက်ကြသည်။

ထို့နောက် တစ်ယောက်က ပြောလိုက်၏။

"သွားကြစို့ .... "

ချက်ချင်းလူစုခွဲလိုက်ကြလေတော့သည်။

ရေတံခွန်ကြီးမှ ရေကျသံက တဝေါဝေါမြည်ဟီးသံ ထွက်ပေါ်နေသည်။

ကျေးငှက်သာရကာလေးများ၏ သဘာဝတေးသီကျေးသံများ ပြန်လည်ထွက်ပေါ်လာသည်။ ပန်းရနံ့များ သယ်ဆောင်လာသည့် လေပြည်လေညင်းလေးကလည်း ဝှေ့ယမ်းတိုက်ခတ်နေ၏။

သစ်ရွက်အချို့က ဝေ့ကာဝဲကာ ကြွေကျလာ၏။ မျက်နှာဖုံးစွပ်ကိုးယောက်မှာ ဘဏ္ဍာငွေများကို ဝေစုခွဲဝေယူပြီးနောက် လူစုခွဲကာ ထွက်သွားခဲ့ကြပြီဖြစ်ပါသည်။ ထိုလူများ ထွက်သွားပြီး အတော်ကလေးကြာမှ ....

"ဝုန်း .... "

ယင်ကျင်းမှာ မြေပေါ် ပြုတ်ကျသွားလေသည်။

မြင်းလှည်းအောက်၌ ခိုကပ်နေခဲ့ရသဖြင့် ခြေလက်များညောင်းညာကိုက်ခဲနေပြီ မဟုတ်လား။ ရင်ဝ၌ ဒဏ်ရာရထားသလို မျက်နှာတစ်ခုလုံးလည်း ဒဏ်ရာဗရပွဖြင့် ရစရာမရှိတော့ချေ။

ယင်ကျင်းမှာ အလွန်ကျန်းမာသန်စွမ်းသော လူငယ်တစ်ယောက် ဖြစ်နေခြင်းကြောင့် ပြင်းထန်သော ဒဏ်ရာများကို ခံနိုင်ရည်ရှိနေခြင်းဖြစ်သည်။

အသက်ပြင်းသော ယင်ကျင်း ဖြစ်ပါတော့သည်။



ယင်ကျင်းသည် မြေပေါ် ခြေပစ်လက်ပစ် ကျသွားပြီး နာကျင်မှုဝေဒနာကို အံကြိတ်လိုက်သည်။

ထို့နောက် မြေပေါ်လိမ့်ကာ မြင်းလှည်းအောက်မှ ထွက်လိုက်၏။ လွယ်ကူစွာ ထွက်နိုင်သည် မဟုတ်ပါ။ နာကျင်မှုများကို ခံစားပြီး ထွက်လာရခြင်းဖြစ်ပါသည်။

ဖုံးချိန်အာမခံဌာနမှ .... အသက်ရှင်လျက် ကျန်ရစ်ခဲ့သူ တစ်ယောက်ရှိနေချေပြီ။

ယင်ကျင်းသည် အသက်ရှင်ကျန်ရစ်ခဲ့သဖြင့် ဝမ်းသာမိသော်လည်း ဆရာစိန်နှင့် တိတ်ချောင်းတို့အပါအဝင် သေဆုံးသွားကြသော အာမခံဌာနအဖွဲ့သားများအတွက် ဝမ်းနည်းကြေကွဲမိသည်။

ယင်ကျင်းက ကြိုးစားပြီး ဒူးထောက်လိုက်သည်။

"ကျွန်တော်ဟာ ဖုံးချိန်အာမခံဌာနက အဖွဲ့သားတစ်ယောက်ဖြစ်ပါတယ် .... ဖုံးချိန်အာမခံဌာန မတရားအသတ်ခံရတဲ့ကိစ္စမှာ တရားခံတွေကို ဖော်ထုတ်သွားမယ်လို့ ကတိပြုပါတယ် .... "

ကောင်းကင်ပေါ် ခေါင်းမော့ကာ မိုးနတ်မင်းကြီးကို တိုင်တည်ပြောဆိုလိုက်လေသည်။

ထို့နောက် မြင်းလှည်းကို အားပြုကာ မတ်တတ်ရပ်လိုက်သည်။

သူ၏ရင်ဝ ဒဏ်ရာမှသွေးများ စိမ့်ထွက်လာသည်။ မျက်နှာမှဒဏ်ရာများမှာလည်း ပို၍ နာကျင်ကိုက်ခဲလာသည်။

ယင်ကျင်းက ဝေဒနာကို အောင့်အည်းခံလိုက်သည်။ အသက်ရှင်လျက် သူတစ်ဦးတည်း ကျန်ရစ်ခဲ့လေသောကြောင့် အားတင်းထားမှ ဖြစ်မည်ကို နားလည်ထား၏။ ယင်ကျင်းက မြင်းလှည်းဆွဲသည့် မြင်းလေးကောင်မှ မြင်းတစ်ကောင်ကို ဖြုတ်ယူလိုက်၏။

သူက ထိုက်ပေမြို့သို့ အရောက်သွားရမည်ဖြစ်သည်။ မြို့စားလေးသည် ထိုက်ပေမြို့၌ စောင့်ဆိုင်းနေမည်ဖြစ်ပါသည်။

မြို့စားလေးနှင့် သွားတွေ့ရပေမည်။ မြို့စားလေးကိုတွေ့လျှင် အကျိုးအကြောင်း ပြောပြလိုက်သည်နှင့် တရားခံများကို ဖော်ထုတ်နိုင်လိမ့်မည် ဖြစ်သည်။

ယင်ကျင်းက အားတင်းကာ မြင်းပေါ် ကြိုးစားတက်လိုက်လေသည်။ မြင်းလှည်းဆွဲသည့် မြင်းလေးကောင်မှာ ယင်ကျင်း အထူးလေ့ကျင့်ပေးထားသော မြင်းလိမ္မာများ ဖြစ်ပါသည်။ ယင်ကျင်းက မြင်းပေါ် ရောက်သွားသည်နှင့် မြင်း၏နားနားသို့ တိုးကပ်ပြီး တီးတိုးပြောလိုက်၏။

"ငါတို့ ထိုက်ပေမြို့ကို သွားကြမယ် .... တရားခံတွေကို ဖော်ထုတ်ကြမယ် .... "

"ဟီး .... ဟီး .... ဟီး .... "

မြင်းညိုကြီးက နားလည်သည့်အလား ရှည်လျားစွာ ဟီလိုက်ပြီး ဒုန်းစိုင်းပြေးသွားလေတော့သည်။

ယင်ကျင်းမှာ မြင်းကျောပေါ်၌ ဖက်တွယ်ကာ လိုက်ပါသွားလေ၏။

|◗|

ထိုက်ပေမြို့ ....

ထိုက်ပေမြို့သည် မြို့တော်တစ်ခုပမာ စည်ကားသိုက်မြိုက်နေသည်။



ယင်ကျင်းသည် ထိုက်ပေမြို့သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာသည်။ သူ၏တစ်ကိုယ်လုံး သွေးချင်းချင်းနီရဲနေပြီး သေလုမျောပါး ဖြစ်နေပြီဟု ဆိုနိုင်သည်။

ယင်ကျင်း စီးနင်းလာသော မြင်းသည် မြို့လယ်ခေါင် လမ်းဆုံလမ်းခွ၌ ရပ်တန့်သွားသည်။

လမ်းသွားလမ်းလာများသည် ယင်ကျင်းကိုကြည့်ပြီး ထိတ်လန့်ကာ ဝေးဝေးရှောင်သွားကြသည်။

သို့သော် .... ယင်ကျင်းမှာ ဒုက္ခမပေးနိုင်မှန်း သိသွားကြပြီး စိတ်ဝင်စားလာကြသည်။

အချို့က အရဲကိုးကာ အနီးသို့ ချဉ်းကပ်လာကြသည်။

"အင်း .... အင်း .... "

ယင်ကျင်း ညည်းတွားလိုက်၏။

"ဟာ .... သည်ကောင်လေး မသေသေးဘူးကွ .... "

"ဘာဖြစ်လာတာလဲ မသိဘူး .... "

"သူ့တစ်ကိုယ်လုံး သွေးတွေပေကျံနေပေမယ့် သူ ဝတ်ထားတာ ဖုံးချိန်အာမခံဌာနက အဝတ်အစားကွ .... ငါသိတယ် .... "

"ဒါဆို .... ဖုံးချိန်အာမခံဌာနကလူပေါ့ .... "

"သေချာပါတယ်ကွာ .... "

ယင်ကျင်းက ထပ်မံညည်းတွားလိုက်၏။

"ကျုပ် .... ကျုပ်ကို မြို့စားလေးဆီကို ပို့ပေးပါ .... "

ဝိုင်းအုံချဉ်းကပ်လာပြီး အမျိုးမျိုးဝေဖန်ပြောဆိုနေကြသူများသည် ယင်ကျင်း၏စကားကို ကြားသွားကြသည်။

"မြို့စားလေးဆီကိုပို့ပေးပါလို့ပြောနေတယ် .... "

"အကြောင်းထူးရှိမှာ သေချာတယ် .... ပို့ပေးလိုက်ကြတာပေါ့ကွာ .... "

"ကောင်းပြီ .... ကျုပ် သွားပို့မယ် .... "

သတ္တိကောင်းသော လူတစ်ယောက်က မြင်းဇက်ကြိုးကိုဆွဲကာ ယင်ကျင်းအား ခေါ်ဆောင်သွားလေသည်။ မြို့အရှေ့ပိုင်းသို့ ခေါ်သွားခြင်းဖြစ်သည်။

မြို့စားလေးနှင့် အဖွဲ့သားများသည် ထိုက်ပေမြို့၏ ရွှေစည်းစိမ်တည်ခိုခန်း၌ ရောက်ရှိတည်းခိုနေကြသည်။ သွေးသံရဲရဲဖြင့် ယင်ကျင်းရောက်ရှိလာသောအခါ မြို့စားလေး အထိတ်တလန့် ဖြစ်သွားရလေတော့သည်။ ယင်ကျင်းက အားယူကာ ဦးညွှတ်လိုက်သည်။

"ဘက္ကာတော်တွေ လုယက်ခံလိုက်ရပါပြီ .... "

သူသည် ဤမျှသာပြောပြီး သတိလစ်မေ့မြောသွားလေတော့သည်။ မြို့စားလေးသည် ယင်ကျင်းကို ဂရုစိုက်ခဲ့သည်။ သမားတော်ပင့်ကာ ဆေးကုပေးခဲ့သည်။ ယင်ကျင်း ရက်ပိုင်းအတွင်း သက်သာကာ ထူထူထောင်ထောင် ဖြစ်လာသည်။

ယင်ကျင်း သက်သာလာသည်နှင့် မြို့စားလေးက ဘက္ကာတော်များသည် သူ့အသက်ပင် မဟုတ်ပါလား။

"ဆရာစိန်နဲ့ ဆရာတိတ်ကော .... "

"သူတို့လည်း လုပ်ကြံခံလိုက်ရပါပြီ .... အာမခံအဖွဲ့သားအားလုံး ရက်ရက်စက်စက် အသတ်ခံလိုက်ရပါတယ် .... "

"ဘက္ကာတော်တွေကော .... "

"ဗျက်နှာဖုံးစွပ်ဓားပြတွေက လုယက်သွားပါတယ် .... "

မြို့စားလေး ခေါင်းငိုက်စိုက်ကျသွားသည်။



ဘက္ကာတော်များ ဆုံးရှုံးလိုက်ရပြီဖြစ်ပါသည်။

သူ တာဝန်မကျေတော့ပါ။

အမှုတော်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့ခြင်း မရှိသည်မှာ ရှက်ဖွယ်လိလိဖြစ်သည်ဟု ခံယူထားသည်။

"ရန်သူက ငါ့အကြံကို သိသွားပြီး ခြေတစ်လှမ်း ဦးသွားတာကိုး .... "

ယခု ဘာမှ မတတ်နိုင်တော့ပါ။

ဘုရင့်ဘက္ကာတော်များ လုယက်ခံလိုက်ရပြီဖြစ်ရာ တာဝန်ကျေပွန်ခြင်းမရှိ၍ အပြစ်ပေးအရေးယူခံရတော့မည် ဖြစ်ပါသည်။

မြို့စားလေးက နောက်ဆုံး ကြေကွဲစွာပြောသည်။

"မင်းတို့ ဖုံးချိန်အာမခံဌာနကလူတွေအတွက် ငါ စိတ်မကောင်းပါဘူး .... "

မြို့စားလေးသည် အရှက်နှင့် ဂုဏ်သိက္ခာအတွက် ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်သွားတော့သည်။

ဘက္ကာတော်များ လုယက်တိုက်ခိုက်ခံရသည့်ကိစ္စကို ဖြေရှင်းရန် တာဝန်သည် ယင်နန်နယ်စားကြီး၏ ပခုံးပေါ်သို့ ကျရောက်လာလေတော့သည်။

ထို့ကြောင့် ....

ယင်ကျင်းသည် ယင်နန်နယ်စားကြီး၏ ကြေးတိုက်ထဲသို့ ရောက်ရှိသွားခဲ့ရလေတော့သည်။

။၇။

## အခန်း(၉)

## အဖြစ်မှန်ကိုသုံးသပ်ခြင်း

ယင်နန်နယ်စားကြီး၏မျက်နှာ တည်ကြည်လေးနက်နေ၏။ သူ၏ရှေ့၌ ဒူးထောက်နေသော ယင်ကျင်းအား သေသေချာချာ အကဲခတ်ကြည့်လိုက်သည်။

ယင်ကျင်း၏ ရင်ဝမှဒဏ်ရာ သက်သာပျောက်ကင်းသွားခဲ့ပြီဖြစ်ပါသည်။

ထိုအတူ မျက်နှာပေါ်မှ ဒဏ်ရာဒဏ်ချက်များလည်း ပျောက်သွား၏။

ရင်ဝမှ ဒဏ်ရာအမာရွတ်မှာ အရေးမကြီးလှသော်လည်း မျက်နှာပေါ်မှ ဒဏ်ရာအမာရွတ်များကား ယင်ကျင်း၏ ချောမောခန့်ညားသော ရုပ်သွင်ကို ရစရာမရှိအောင် ဖျက်ဆီးပစ်လိုက်သည်။

ယင်ကျင်းမှာ အရုပ်ဆိုး အကျည်းတန်ကာ ကြောက်မက်ဖွယ်ကောင်းသူတစ်ယောက်အသွင်သို့ ပြောင်းလဲသွားလေတော့သည်။

ယင်နန်နယ်စားသည် ယင်ကျင်းကို ကြည့်ရင်း စိတ်ထဲ၌ အလိုလိုသဘောမကျနိုင်အောင် ဖြစ်သွား။



ကြောက်မက်ဖွယ်ကောင်းနေသော ရုပ်သွင်က နယ်စားကြီးအား စိတ်အနှောင့်အယှက် ဖြစ်သွားစေခဲ့ခြင်းပင်။

ယင်နန်နယ်စားကြီးက မေးလိုက်သည်။

"မင်းဟာ ဖုံးချိန်အာမခံဌာနက လူတစ်ယောက်ဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ .... ကျွန်တော်က ယင်ကျင်းပါ"

ယင်ကျင်းက ရှိရှိသေသေ ဖြေလိုက်သည်။ ယင်နန် နယ်စားက ....

"မြို့စားလေးဟာ တာဝန်အတိုင်း ဘဏ္ဍာတော်တွေကို သူကိုယ်တိုင် သယ်သွားရမယ့်အစား ဘာကြောင့် မင်းတို့ ဖုံးချိန်အာမခံဌာနကို ငှားရမ်းရတာလဲ .... "

ယင်ကျင်းက ....

"ဘဏ္ဍာတော်တွေကို လုဆိုးဓားပြတွေက ကြားဖြတ်လုယက်တိုက်ခိုက်လိမ့်မယ်ဆိုတဲ့သတင်း ကြားထားလို့ပါ .... "

"သည်လို သတင်းကြားရင် ကျုပ်ဆီကို ဆက်သွယ်ပြီး အကူအညီတောင်းရမှာပေါ့ .... သူက ကိုယ့်သဘာနဲ့ကိုယ် ဖုံးချိန်အာမခံဌာနကို ငှားရမ်းပြီး လွှဲပြောင်းသယ်ယူသွားစေတာဟာ မရိုးသားတဲ့ လုပ်ရပ်တစ်ခုဖြစ်နေပြီ .... "

နယ်စားကြီး သုံးသပ်လိုက်သောစကားကြောင့် ယင်ကျင်း ထိတ်လန့်သွားသည်။ နယ်စားကြီးက ....

"ဘဏ္ဍာတော်တွေ ပျောက်ဆုံးသွားရတာဟာ မြို့စားလေးနဲ့ မင်းတို့ ဖုံးချိန်အာမခံဌာနတို့ ပူးပေါင်းကြံစည်ခဲ့ကြတာပဲ မဟုတ်လား။ မှန်မှန်ပြောစမ်း .... "

ယင်ကျင်း ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူး .... သည်လို လုံးဝမဟုတ်ပါဘူး .... "

"ဒါဖြင့် ဘယ်လိုဖြစ်ရတာလဲ ပြောစမ်း .... "

"ထိပ်သီးအဖြူရောင်သိုင်းသမားကြီးရှစ်ယောက်က မျက်နှာဖုံးစွပ်ရုပ်ဖျက်ပြီး လုယက်တိုက်ခိုက်ခဲ့ကြတာပါ .... "

"ဘာကွ .... "

"လုယက်ခဲ့ကြတဲ့ သိုင်းသမားကြီးတွေထဲမှာ မုယုံကျင်း၊ စုထင်းနဲ့ ကျိုရီတို့ ပါဝင်ခဲ့ကြပါတယ် .... "

"ဟေ .... "

နယ်စားကြီးသည် ယင်ကျင်း၏စကားကို ကြားလိုက်ရသောအခါ ထိတ်လန့်သွားလေသည်။

"မင်း ဘယ်လိုပြောလိုက်တာလဲ .... "

"မုယုံကျင်းတို့ စုပေါင်းပြီး လုယက်ခဲ့ကြတာပါ .... "

ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို ပြောပြလိုက်၏။ သူ၏ အမှန်အတိုင်း ပြောသော်လည်း နယ်စားကြီး လုံးဝအယုံအကြည်မရှိချေ။

"ဒါ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး .... ဟောလာကြစမ်း .... သည်ကောင့်ကို ဆုံးမပြီး အမှန်အတိုင်း ဝန်ခံလာအောင် စစ်ဆေးလိုက်ကြစမ်း .... သည်ကောင် လိမ်ပြောနေတာ အကြောင်းထူးတစ်ခုခုတော့ ရှိရမယ် .... "

အစောင့်အကြပ်များသည် ချက်ချင်းရောက်ရှိလာကြပြီး ယင်ကျင်းအား ဆွဲခေါ်သွားကြလေတော့သည်။

ထို့နောက် ရိုက်နှက်နှိပ်စက်ညှဥ်းပန်းကာ စစ်ဆေးမေးမြန်းကြသည်။



နာလန်ထကာစ ယင်ကျင်းမှာ အမှန်အတိုင်းပြောနေသော်လည်း သူ၏စကားကို မည်သူကမှ ယုံကြည်မှုမရှိကြဘဲ ရိုက်နှက်နှိပ်စက်ခံရသဖြင့် သတိလစ်မေ့မြောသွားတော့သည်။

ယင်ကျင်း ပြန်သတိရလာလျှင် ....

"ဟေ့ကောင် .... အမှန်အတိုင်းပြောစမ်း .... "

"ဘဏ္ဍာတော်တွေ ဘယ်မှာလဲ .... "

"မင်းတို့ ဖုံးချိန်အာမခံဌာနက မြို့စားလေးနဲ့ ပူပေါင်းပြီး .... အကောက်ကြံခဲ့ကြတာ မဟုတ်လား .... "

အမျိုးမျိုးစစ်ဆေးမေးမြန်းကာ နှိပ်စက်ညှဥ်းပမ်းကြပြန်သည်။

ယင်နန်နယ်စားကြီးမှာ တရားလက်လွတ် ပြုလုပ်တတ်သူတော့ မဟုတ်ပါ။

မြို့စားလေးက မည်သူ့ကိုမှ အကြောင်းမကြားဘဲ ကိုယ့်သဘောနှင့်ကိုယ် ဖုံးချိန်အာမခံဌာနကို ငှားရမ်းကာ ဘဏ္ဍာတော်များ လွှဲပြောင်းသယ်ယူနိုင်းသည့်ကိစ္စသည် သဘာဝမကျ။ ရိုးသားခြင်းမရှိဟု မှတ်ယူသွားခြင်းဖြစ်သည်။

အမှန်တော့ ....

လုယက်မည့်သူများ၌ အဖြူရောင်ထိပ်သီးသိုင်းသမားကြီးများ ပါဝင်နေသည်ဟု သတင်းရရှိပြီးနောက် ဖော်ထုတ်ဆုံးမနိုင်ရန် မြို့စားလေးက ကြံစည်ကြိုးစားအသိပေးအကြောင်းကြားဖို့ မေ့လျော့ပျောက်ကွယ်သွားခဲ့ခြင်းဖြစ်သည်။

ထိုချို့ယွင်းချက်ကြောင့် မည်သို့မျှ ဖြေရှင်းနိုင်တော့မည် မဟုတ်ဟု နားလည်သဘောပေါက်ကာ မြို့စားလေး ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်သွားခြင်း ဖြစ်ပါတော့သည်။

ကျန်ရစ်ခဲ့သော ယင်ကျင်းမှာလည်း မည်သို့မျှ ဖြေရှင်း၍ မရနိုင်အောင် ဖြစ်နေပါတော့သည်။

ယင်ကျင်းသည် ထိပ်သီးသိုင်းသမားကြီးများက စားပြတိုက်ခဲ့သည်ဟု မိမိလို ပွဲစားတစ်ယောက်က ပြောသည်ကို မည်သူကမှ ယုံကြည်ကြမည် မဟုတ်ကြောင်း သဘောပေါက်လာမိသည်။

ထို့ကြောင့် ....

"ထိပ်သီးသိုင်းသမားကြီးတွေ လုယက်မှုမှာ ပါဝင်ခဲ့တယ်ဆိုတာ သက်သေခံနိုင်တဲ့ လူတစ်ယောက်ရှိပါတယ် .... အဲဒါက စားသောက်ဆိုင်ပိုင်ရှင် သူဌေးကြီးပါ .... "

လူဝကြီးကို သက်သေထူလိုက်သည်။

နယ်စားကြီးသည် စားသောက်ဆိုင်ပိုင်ရှင်လူဝကြီးအား ချက်ချင်းသွားရောက်ခေါ်ဆောင်စေသည်။

သို့သော် .... လူဝကြီးသည် သက်သေခံဖို့ နယ်စားကြီးရှေ့သို့ ရောက်မလာနိုင်တော့ပါ။

သူ၏စားသောက်ဆိုင် မီးဖိုချောင်မှ မီးလောင်မှုဖြစ်ပွားရာတွင် မီးထဲပါကာ အသက်ဆုံးရှုံးသွားခြင်းကြောင့် ဖြစ်သည်။

ယင်ကျင်း သက်သေမပြနိုင်တော့ပါ။

သူစွပ်စွဲသော လူဆိုးဓားပြများမှာ အများအကျိုး၊ သိုင်းလောကအကျိုး စွမ်းစွမ်းတမံ ဆောင်ရွက်ရင်း လျှမ်းလျှမ်းတောက်ကျော်ကြားပြီး အများသူငါ၏ ကြည်ညိုလေးစားမှုခံရသော အထက်လမ်းထိပ်သီးသိုင်းသမားကြီးများ ဖြစ်နေ၍ နယ်စားကြီးက လုံးဝလက်မခံပါ။

"ဓားပြမှုမှာ သိုင်းသမားကြီးတစ်ယောက်တလေ ပါဝင်ခဲ့တယ်ဆိုရင် သူ့စကားကို လက်ခံလို့ရသေးတယ် .... သိုင်းသမားကြီးတွေ



အပေါ်မှာ သံသယဖြစ်စရာရှိသေးတယ် .... ခုတော့ သိုင်းသမားကြီး 'ကိုး'ယောက်ကိုတောင် စွပ်စွဲထားတာဆိုတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်တော့ဘူး .... "

နယ်စားကြီး၏ အယူအဆလည်း မှားယွင်းသည်ဟု မဆိုသာချေ။ နယ်စားကြီး၏နေရာ၌ ရှိကြသူတိုင်း ထိုသို့ပင် တွေးတောကြလိမ့်မည် ဖြစ်ပေသည်။

နယ်စားကြီးက ယင်ကျင်း၏စကားကို လုံးဝလျစ်လျူရှုခဲ့ခြင်း၊ ဥပေက္ခာပြုခဲ့ခြင်းလည်း မဟုတ်ပါ။

လူဝကြီးအား ခေါ်ယူသော်လည်း လူဝကြီးသေဆုံးသွားခဲ့သည်။ သိုင်းသမားကြီးကိုးယောက်အကြောင်းကိုလည်း စုံစမ်းခဲ့သေး၏။ သိုင်းသမားကြီးကိုးယောက်မှာ ဓားပြတိုက်ခဲ့ရသည့် အချိန်က သိုင်းလောကအစည်းအဝေးပွဲတစ်ခုသို့ တက်ရောက်နေကြောင်း ခိုင်လုံသော သက်သေများရှိနေသည်။

ထို့ကြောင့် .... နယ်စားကြီးသည် ယင်ကျင်း၏စကားများကို မည်သို့မျှ လက်မခံတော့ချေ။ ယင်ကျင်း ကံဆိုးဖို့ဖြစ်လာသည်။

ဒဏ်ရာများရခဲ့သည့်အပြင် နှိပ်စက်ညှဉ်းပန်းခြင်း ခံရသောအခါ စိတ်ဖောက်ပြန်သွားတော့သည်။ နယ်စားကြီးက ယင်ကျင်းအား ကြေးတိုက်ထဲ၌ ချုပ်နှောင် ထားရန် အမိန့်ထုတ်ခဲ့လေတော့သည်။

။၂။

ကြေးတိုက်အတွင်း၌ အသက်ထက်ဆုံး နေထိုင်သွားရန် 'ဝမ်းကျင်းစန်း' စီရင်ခံရသည့်နေ့မှာပင် 'ယင်ကျင်း' မွေးဖွားခဲ့သည်။

ယခု ....

ဝမ်းကျင်းစန်းက အကျဉ်းခံရသည့် နှစ်ပေါင်းနှစ်ဆယ်ပြည့်သည့် နေ့တွင် ယင်ကျင်းက ဘဏ္ဍာတော်များ လုယက်တိုက်ခိုက်သည့် ပြစ်မှုနှင့် ကြေးတိုက်ထဲ ရောက်လာသည်။

ယင်ကျင်းသည် အရိုးပေါ် အရေတင် ပိန်းချုံးချည့်နဲ့နေသည့် အပြင် စိတ်ဖောက်ပြန်နေသည်။

ထို့ကြောင့် ....

ဝမ်းကျင်းစန်းက ယင်ကျင်းအား ဆေးကုပေးဖို့ တာဝန်ယူခဲ့ရလေတော့သည်။ မဟူရာသမားတော် ဝမ်းကျင်းစန်း .... ။

ဝမ်းကျင်းစန်းသည် ဆေးပညာဘက်တွင် တဘက်ကမ်းခတ် ကျွမ်းကျင်သူဖြစ်ကြောင်း ဝါရင့်သမားတော်ကြီးများပင် လက်ခံထားကြသည်။

သူသည် ကြေးတိုက်အတွင်း၌ ချုပ်နှောင်ခံထားရသောအကျဉ်းသားများ၏ ရောဂါဝေဒနာများကို တာဝန်ယူဆေးကုပေးခဲ့ရသည်။

ဝမ်းကျင်းစန်းကြောင့် ကြေးတိုက်ထဲ၌ ဖြစ်ပေါ်နေသော ကူးစက်ရောဂါများ ပျောက်ကင်းသွားပြီး ဝေဒနာရှင်များ အသက်ချမ်းသာရခဲ့ကြသည်။ ဝမ်းကျင်းစန်းသည် နောက်ထပ် ရောက်လာသော ယင်ကျင်းကိုလည်း ဆေးကုပေးရသည်။

ဝမ်းကျင်းစန်း၏ ဆေးစွမ်းထက်မြက်မှုကြောင့် ခြောက်လအကြာ၌ ယင်ကျင်း ထူထူထောင်ထောင်ဖြစ်လာလေတော့သည်။

ယနေ့ .... ဝမ်းကျင်းစန်းရောက်လာသောအခါ ယင်ကျင်းက လဲလျောင်းနေရာမှထကာ ဦးညွှတ်ဂါရဝပြုလိုက်သည်။

"သမားတော်ကြီးကို ဂါရဝပြုပါတယ် .... "



ဝမ်းကျင်းစန်း၏ မျက်နှာကြီး ရှုံ့မဲ့သွား၏။

"မင်းက ငါ့ကို သမားတော်ကြီးလို့ မခေါ်ဘဲ တခြားတစ်ခုခု ပြောင်းခေါ်လို့ မရဘူးလား .... "

ယင်ကျင်းက ....

"ကျွန်တော် ဘယ်လိုပြောင်းခေါ်ရမလဲဗျာ .... "

"ဦးလေးတို့ ဘာတို့ပေါ့ .... သမားတော်လို့ မခေါ်ဘဲ တခြားဘာဖြစ်ဖြစ်ရတယ် .... "

"ဒါဖြင့် ဦးလေးဝမ်းဆိုရင်ကော .... "

"ရတယ် .... ရတယ် .... အဲသည်လိုခေါ်တာ ပိုကောင်းတယ်၊ ငါက မင်းရဲ့ဦးလေးအရွယ်ပဲ မဟုတ်လား .... "

"ဟုတ်ပါတယ် ခင်ဗျား .... "

ယင်ကျင်းက စိတ်ဝင်စားစွာလေသည်။

"ဦးဟာ တကယ်ထက်မြက်တဲ့ သမားတော်ကြီးတစ်ယောက်ပါပဲ .... ဘာကြောင့် သမားတော်လို့ခေါ်တာကို မကြိုက်သလဲဆိုတာ ကျွန်တော် စဉ်းစားလို့ မရဘူး .... "

ဝမ်းကျင်းစန်းက ပြုံးလိုက်သည်။

"စဉ်းစားလို့မရရင်လည်း မစဉ်းစားနဲ့ပေါ့ကွာ .... "

ယင်ကျင်းက ....

"သမားတော်ဆိုတာ သတ္တဝါတွေရဲ့ အသက်ကို ကယ်တင်နေတဲ့ မေတ္တာရှင်ဆိုတဲ့ ဂုဏ်ပုဒ်ကို ဖော်ပြတာပါ .... ဦးကလည်း ကြေးတိုက်ထဲမှာ နေထိုင်မကောင်းဖြစ်နေသူတွေ ရောဂါဝေဒနာရှင်တွေ သက်သာအောင် ပျောက်ကင်းချမ်းသာရာရအောင် ကူညီနေတဲ့ လူတစ်ယောက်ပါ .... သမားတော်ဆိုတဲ့ ဂုဏ်ပုဒ်ကို ဘာကြောင့် သဘော

မကျနိုင်အောင် ဖြစ်ရတယ်ဆိုတာ ကျွန်တော်လည်း စဉ်းစားလို့ မရဘူး အတော်ကို အံ့သြမိတယ် .... ”

သူ၏စကားသည် ဝမ်းကျင်းစန်းအား လှုပ်လှုပ်ရှားရှားဖြစ်သွားစေပါတော့သည်။ ယင်ကျင်းကို စိုက်ကြည့်ပြီး အေးတိအေးစက် ပြောလိုက်လေသည်။

“သမားတော်ဆိုတာ မင်းပြောသလို အသက်ကယ်တဲ့လူလေကွာ .... ငါကတော့ လူတွေရဲ့ အသက်ပေါင်းများစွာကို သေဆုံးသွားစေခဲ့တဲ့ လူတစ်ယောက်ပေါ့ .... ”

“ဗျာ .... ”

“ငါ့ကြောင့် မိုးတိမ်ကျေးရွာတစ်ရွာလုံး သေသွားခဲ့ရတယ်”

ယင်ကျင်း ပါးစပ်အဟောင်းသား ဖြစ်သွားတော့သည်။

ဝမ်းကျင်းစန်းက မေးသည်။

“ငါက အသက်ကယ်တဲ့ သမားတော်လား .... လူသတ်သမားလား မင်း တွေးကြည့်ပေါ့ .... ပြီးတော့ ဟောသည်ကြေးတိုက်ထဲမှာ တစ်သက်လုံး နေသွားရမယ်လို့ ပြစ်ဒဏ်ချမှတ်ခံထားရသူတစ်ယောက်ပဲ .... ကဲ .... မင်း ဘာပြောချင်သေးသလဲ .... ”

ယင်ကျင်း သက်ပြင်းချလိုက်သည်။

“ရုတ်တရက်ဆိုတော့ ကျွန်တော်လည်း လန့်ဖျပ်သွားမိပါတယ်၊ ဒါပေမယ့် ဦးလေးဝမ်းဟာ လူကောင်းတစ်ယောက်ဆိုတာ ကျွန်တော်သိပါတယ် .... ”

ဝမ်းကျင်းစန်းက ယင်ကျင်းကိုက မျက်လုံးပြူးကာ ကြည့်လိုက်သည်။ ယင်ကျင်းက ....

“ဦးလေးကြောင့် လူတွေသေဆုံးခဲ့ရတယ်ဆိုရင်လည်း ဦးလေးက သူတို့ကို သေဆုံးသွားစေချင်လို့ မဟုတ်ဘဲ မတော်တဆဖြစ်ခဲ့တာဘဲ နေမှာပါ .... ”



ဝမ်းကျင်းစန်းသည် ကျောက်ရုပ်ကြီးပမာ ရပ်နေပြီးမှ သက်ပြင်းချလိုက်သည်။

“ငါ့အကြောင်းက အရေးမကြီးဘူး .... မင်းကို ဆေးကုပေးဖို့က အရေးကြီးတယ် .... ကဲ .... လာ .... လာ .... ”

ယင်ကျင်းကိုခေါ်ကာ စမ်းသပ်စစ်ဆေးလိုက်သည်။

ယင်ကျင်း၏ ခန္ဓာကိုယ်ပေါ်မှ ဝေဒနာများမှာ သက်သာပျောက်ကင်းသွားပြီ ဖြစ်ပါသည်။ ထို့အပြင် စိတ်ဖောက်ပြန်သည့် ဝေဒနာ လည်း ပျောက်ကင်း ကာ လူကောင်းပကတိဖြစ်နေပြီကို စစ်ဆေးတွေ့ရှိရလေသည်။

“အင်း .... ငါ ထင်တော့ထင်သားပဲ .... ”

“ဗျာ .... ”

ဝမ်းကျင်းစန်း ပြုံး၍ မှတ်ချက်ချလိုက်ခြင်းကြောင့် ယင်ကျင်း အံ့သြသွားသည်။ ဝမ်းကျင်းစန်းက ....

“အားလုံးက မင်းကို စိတ်ဖောက်ပြန်ရူးသွပ်သွားပြီလို့ သတ်မှတ်ခဲ့ကြတာ .... ဒါပေမယ့် ငါကတော့ သည်လိုမထင်ဘူး .... မင်းဟာ ဒဏ်ရာတွေရခဲ့တဲ့အပြင် စိတ်ထိခိုက်ခဲ့ရတယ် .... ကြေကွဲစရာ အဖြစ်နဲ့ ကြုံခဲ့ရတယ် .... ပြီးတော့ အထင်မှားပြီး ညှဉ်းပန်းထားခံခဲ့ရတယ် .... ဒါတွေရောထွေးသွားတော့ စိတ်ဂယောင်ချောက်ချားဖြစ်ပြီး ပြောချင်ရာလျှောက်ပြောနေတာ .... မင်းကို အားလုံးက ရူးသွပ်သွားပြီလို့ သတ်မှတ်လိုက်ကြတာပေါ့ .... ”

ယင်ကျင်း အသက်ပြင်းပြင်းရှူရှိုက်လိုက်သည်။

ဖြစ်ပျက်ခဲ့သောကိစ္စများကို ပြန်မစဉ်းစားချင်လောက်အောင် ဖြစ်နေသည်။ သူ၏ဘဝ အမှောင်ဖုံးခဲ့ပြီး ကြောက်မက်ဖွယ် အခြေအနေဆိုးများနှင့် ကြုံတွေ့ခဲ့ရသည် မဟုတ်ပါလား။ ဝမ်းကျင်းစန်းက

"မင်းရဲ့ဝေဒနာတွေ ပျောက်ကင်းသွားရင် ကျန်းမာပြီး ခွန်အားပြည့်ဝလာရင် ပင်းရဲ့စိတ်တွေ တည်ငြိမ်ပြီး ပုံမှန်အခြေအနေကို ပြန်ရောက်လာလိမ့်မယ်လို့ ကျုပ် ယုံကြည်တယ် .... ဒါကြောင့် မင်းကို ဆေးကုဖို့ တာဝန်ယူခဲ့တာ .... "

ယင်ကျင်း ပြုံးလိုက်သည်။

"ဦးက လူကောင်းတစ်ယောက်၊ သမားတော်တစ်ယောက်လို့ ကျွန်တော်ပြောတော့ ဦးဘာကြောင့်များ လက်မခံချင်ရတာလဲဗျာ"

ဝမ်းကျင်းစန်းလည်း သက်ပြင်းချမိသည်။

အဖြေမပေးဘဲ ယင်ကျင်းကို ပြန်မေးလိုက်သည်။

"မင်းဟာ လူကောင်းလေးတစ်ယောက် ဖြစ်ရမယ်ဆိုတာ ကျုပ်သိတယ် .... မင်းကကော ဘာကြောင့်များ ဘဏ္ဍာတော်တွေကို မက်မောခဲ့ရတာလဲ .... "

ယင်ကျင်း ခေါင်းခါယမ်းလိုက်သည်။

"ကျွန်တော် ဘယ်တုန်းကမှ မမက်မောပါဘူးဗျာ .... ဘုရင့်ဘဏ္ဍာတော်တွေကို စိတ်နဲ့တောင် မပြစ်မှားခဲ့ပါဘူး .... ကျွန်တော့်ဖုံးချိန်အာမခံဌာနကလူတွေဟာ အသက်ပေးပြီး ကာကွယ်စောင့်ရှောက်ခဲ့ကြတာပါ .... "

အဖြစ်အပျက်များကို ပြောပြလိုက်သည်။

ဝမ်းကျင်းစန်းက စိတ်ဝင်စားစွာ နားထောင်နေပါသည်။ သာမန် စိတ်ဝင်စားမှုမျိုး မဟုတ်ပါ။



ယင်ကျင်း၏စကား ဆုံးသွားတော့မှ ....

"မင်းတို့ အဖြစ်က တော်တော်ဆိုးတာပဲ .... ဒါပေမယ့် မင်းပြောပြတာကို ဘယ်သူကမှ လက်မခံကြဘူး .... မဟုတ်လားကွ"

ဝမ်းကျင်းစန်းက မေးသည်။

"ဟုတ်ပါတယ် ခင်ဗျာ .... "

"အဲဒါ ဘာကြောင့်လဲ မင်းသိလား .... "

"ကျွန်တော် .... "

"မင်းဟာ မသင်မှုရား အာမခံဌာနလေးတစ်ခုက မြင်းလှည်းသမားတစ်ယောက်ဖြစ်ပြီး တရားခံအစစ်တွေက လျှမ်းလျှမ်းတောက်ကျော်ကြားတဲ့ ထိပ်သီးသိုင်းသမားကြီးတွေ ဖြစ်နေကြလို့ပေါ့"

ယင်ကျင်းက အံကြိတ်လိုက်သည်။

"သူတို့ဟာ ထင်ရှားကျော်ကြားသူတွေဖြစ်ပြီး အင်မတန် ရက်စက်ယုတ်မာခဲ့ကြတယ် .... ရိုးသားပြီးသစ္စာရှိတဲ့ ဖုံးချိန်အာမခံဌာနတစ်ခုလုံး ပျက်စီးသွားခဲ့ရတယ် .... သည်လူတွေကို ကျွန်တော် ဘယ်တော့မှ မကျေနပ်ဘူး .... သူတို့ရဲ့ မကောင်းတဲ့လုပ်ရပ်တွေကို ဖော်ထုတ်ပြီး ထိုက်သင့်တဲ့အပြစ်ဒဏ် ခံရအောင် ကြိုးစားသွားမှာပါ"

"ဟား .... ဟား .... ဟား .... "

ဝမ်းကျင်းစန်းက ရယ်မောလိုက်လေသည်။

ယင်ကျင်း ကြောင်အမ်းအမ်းဖြစ်သွားသည်။

"ဦးက .... "

ဝမ်းကျင်းစန်းက ....

"သဘောကျလို့ရယ်တာပေါ့ကွ .... "

"ဗျာ .... "

"မင်းကိုယ်မင်း ဘာများမှတ်နေသလဲ .... မင်း အခုဘယ်မှာ ရောက်နေတယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ် သတိထားစမ်းပါဦးကွာ"

ယင်ကျင်း ပါးစပ်ပိတ်ထားလိုက်ရလေတော့သည်။

ဝမ်းကျင်းစန်းက ....

"မင်းကို တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ချမှတ်လိုက်တယ် ... ဒါကြောင့် မင်း သည်အထဲမှာ တစ်သက်လုံး နေသွားရတော့မှာပဲကွ"

ကြေးတိုက်ထဲ၌ တစ်သက်လုံး နေထိုင်သွားရတော့မည်ဖြစ်ရာ ထိပ်သီးသိုင်းသမားကြီးကိုးယောက်၏ မကောင်းသော လုပ်ရပ်တွေကို ဖော်ထုတ်နိုင်တော့မည် မဟုတ်ပါချေ။ ယင်ကျင်း ယူကျုံးမရဖြစ်လာသည်။ အံကြိတ်လိုက်မိသည်။

"ကျွန်တော် မတရားခံလိုက်ရတာပဲ .... "

ဝမ်းကျင်းစန်း ခေါင်းညိတ်လိုက်၏။

"မင်းရဲ့စကားကို ငါယုံကြည်ပါတယ်ကွာ .... "

"ဗျာ .... "

ယင်ကျင်း အံ့သြစွာကြည့်မိသည်။

"ကျွန်တော့်စကားကို ယုံကြည်တယ် ဟုတ်လား .... "

"ဟုတ်တယ် .... တစ်လောကလုံး ဘယ်သူမှ မယုံရင်နေပါစေ .... ငါ ယုံကြည်တယ် .... "

ဝမ်းကျင်းစန်းက ရင်ကော့ပြီးပြော၏။

ယင်ကျင်း ခေါင်းခါယမ်းလိုက်သည်။

"ဦးက တကယ်ယုံကြည်လို့ မဟုတ်ဘဲ ကျွန်တော် စိတ်ချမ်းသာအောင် ပြောနေတယ်ဆိုတာ ကျွန်တော် သိပါတယ်ဗျာ .... "

ဝမ်းကျင်းစန်းက ....



"မင်းက ငါ့စကားကို သံသယဖြစ်နေတာကိုး .... ငါက သည်လောက် မအပါဘူးကွာ .... မင်းရဲ့ကိစ္စမှာ အရေးကြီးတဲ့ အချက်နှစ်ချက်ကို ငါ သတိပြုမိတယ် .... ဒါကြောင့် မင်း အမှန်အတိုင်းပြောနေတယ်ဆိုတာကို ငါ ယုံကြည်တာပေါ့ .... "

ယင်ကျင်းသည် ဝမ်းကျင်းစန်းအား မည်သို့နားလည်ရမှန်းမသိအောင် ဖြစ်နေ၏။ ဝမ်းကျင်းစန်းက ရှင်းပြသည်။

"မင်းက ရှင်းပြစေချင်ရင်တော့ ငါ ရှင်းပြမယ် .... ပထမတစ်ချက်က မင်းဟာ တကယ်တမ်းလုယက်တိုက်ခိုက်ခဲ့ရသူဆိုရင် မြို့စားလေးကို လာတွေ့ပါ့မလား .... အဝေးကို ထွက်ပြေးတိမ်းရှောင်သွားတော့မှာပေါ့ .... "

ယင်ကျင်း ဝန်ခံလိုက်သည်။

"ကျွန်တော်မှ မဟုတ်တာ .... ဓားပြတွေကို ဖော်ထုတ်ဆုံးမနိုင်အောင် သေလုမျောပါး ဒဏ်ရာတွေရထားတဲ့ကြားထဲက မြို့စားလေးဆီကို အပြေးလာခဲ့တာပဲ .... ကျွန်တော်သာ မကောင်းတာလုပ်ရင် လာရဲပါ့မလားဗျာ .... "

ဝမ်းကျင်းစန်းက ....

"အေး .... နောက်တစ်ချက်ပြောပြမယ် .... ဒါက ပိုပြီး အရေးကြီးတယ် .... အထက်လမ်းထိပ်သီးသိုင်းသမားကြီးတွေဆိုရင် အားလုံးက ကြည်ညိုလေးစားကြတယ် .... သူတို့ဟာ မကောင်းတာကို ဘယ်တော့မှ လုပ်မယ့်လူ မဟုတ်ဘူးလို့ အားလုံးက ယုံကြည်လက်ခံကြတယ် .... ဒါဟာ သူတို့ကို အခွင့်အရေးတစ်ခု ပေးထားသလို ဖြစ်မနေဘူးလား .... "

ယင်ကျင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

ဝမ်းကျင်းစန်းက ဆက်ပြောသည်။

"ကျုပ်က သမားတော်ဘဝနဲ့ တကယ့်ဂုဏ်သရေရှိ လူကြီးလု ကောင်းတွေ၊ သူဌေးသူကြွယ် ကုန်သည်ပွဲစားတွေ၊ ထိပ်သီးသိုင်းဆရာ ကြီးတွေအိမ်ကို ဆေးကုဖို့ ရောက်ခဲ့ဖူးပါတယ်၊ အဲသည်မှာ သူတို့အား လုံးမှာ တူညီတဲ့ချို့ယွင်းချက်တစ်ခုရှိနေတယ်ဆိုတာ သတိပြုမိခဲ့တယ်"

ယင်ကျင်းသည် စိတ်လှုပ်ရှားမှုကို ထိန်းချုပ်ကာ စိတ်ဝင်စား စွာ နားထောင်နေလိုက်၏။ ဝမ်းကျင်းစန်းက ....

"အဲသည်ချို့ယွင်းချက်ကတော့ သူတို့ရှိတည်နေထိုင်ရတဲ့ဘ နဲ့ အဆင့်အတန်းမီအောင် လိုက်လျောညီထွေမှုရှိအောင် ငွေကို အလျှံ ပယ် သုံးစွဲနေကြတာပဲ .... "

သူက ယင်ကျင်းကို ကြည့်လိုက်သည်။

"ငွေကို အလျှံပယ်သုံးစွဲနေရင် တစ်ချိန်ချိန်မှာ ငွေလိုအပ်လာ တော့မယ် မဟုတ်လား .... "

"ဟုတ် .... ဟုတ်ပါတယ် ခင်ဗျာ .... "

"ငွေလိုရင်လည်း နည်းနည်းပါးပါးဆိုတာ ဘယ်နည်းနဲ့မှ မဖြစ် နိုင်ဘူး .... ငွေအလုံးလိုက် အခဲလိုက်လိုအပ်မှာပဲ .... ပြီးတော့ သူတို့ က ငွေရမယ့် စီးပွားရေးလုပ်ငန်းတွေ လိုက်လုပ်ကြမှာ မဟုတ်ဘူး သူများပေးကမ်း ထောက်ပံ့တာကိုလည်း လက်ခံကြမှာ မဟုတ်ဘူး သည်တော့ ဘာလုပ်ကြမလဲ .... "

ယင်ကျင်းသည် ချက်ချင်းပင် ကြမ်းပြင်ပေါ် ဒူးထောက်ချကာ ဝမ်းကျင်းစန်းအား ဂါရဝပြုလိုက်သည်။ ဝမ်းကျင်းစန်း ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"ဟေ့ .... ဟေ့ .... မင်းဘာလုပ်လိုက်တာလဲကွ .... "



ယင်ကျင်းက ....

"ဦးကို ကျေးဇူးတင်လွန်းလို့ပါ .... ဦးလို ဘယ်သူကမှ တွေး ခေါ်ကြမှာ မဟုတ်ပါဘူး .... ထိပ်သီးသိုင်းသမားကြီးတွေဆိုတဲ့ ဂုဏ်ပုဒ် ကို ယုံကြည်နေကြတာကြောင့် မျက်စိပိတ်နားပိတ်ထားသလိုဖြစ်ပြီး အမှန်ကို ဘယ်သူကမှ တွေးတောစဉ်းစားမိကြမှာ မဟုတ်ပါဘူး ခင်ဗျာ"

ဝမ်းကျင်းစန်း လက်ကာပြလိုက်သည်။

"ကျုပ်တစ်ယောက်တည်း မဟုတ်ပါဘူး .... ယင်နန်နယ်စား ကြီးလည်း စဉ်းစားမိမှာပါ .... "

"ဗျာ .... "

"နယ်စားကြီးဟာ တကယ့်လူတော်လူကောင်းတစ်ယောက်ပါ။ မင်းက ဘဏ္ဍာတော်တွေကို ထိပ်သီးသိုင်းသမားကြီးကိုးယောက်က လုယက်ခဲ့တယ်လို့ စွပ်စွဲပြီး လုယက်ခံရတဲ့အရပ်ဒေသကို သူတို့ရောက် လာခဲ့ကြတယ်ဆိုတာကို စားသောက်ဆိုင်ပိုင်ရှင်လူဝကြီး တွေ့မြင်ခဲ့ တယ်လို့ ပြောပြခဲ့ပေမယ့် လူဝကြီးမီးလောင်တဲ့အထဲပါသွားပြီး သေ ဆုံးသွားတော့ သက်သေခံမယ့်လူ မရှိတော့ဘူး .... ဒါဟာ သက်သေ မရှိအောင် ဖျောက်ဖျက်တဲ့လုပ်ရပ်ဆိုတာကို သူက မစဉ်းစားမိဘဲ နေ မှာ မဟုတ်ပါဘူး .... ဒါပေမယ့် တရားခံဆိုသူတွေဟာ ထိတ်ထိတ်ကြဲ တွေ ဖြစ်နေတော့ သတိထားပြီး လုပ်ကိုင်ဆောင်ရွက်ရမယ့်သဘောရှိ နေတယ် .... လုံးဝအမှားအယွင်း မခံတဲ့ကိစ္စပဲ .... ငါထင်တယ် .... သူဟာ မင်းပြောတဲ့ သိုင်းသမားကြီးတွေကို တိတ်တဆိတ်စုံစမ်းကြည့် နေမှာပါပဲ .... "

ယင်ကျင်း မကျေမနပ်ဖြစ်သွား၏။

"ဒါဖြင့် ကျွန်တော့်ကို ဘာကြောင့် ဖမ်းဆီးထားရတာလဲဗျာ"

"မင်းကို တရားခံအဖြစ် သတ်မှတ်လိုက်တော့ .... တကယ့်တရားခံအစစ်ဟာ စိတ်အေးသွားလိမ့်မယ် .... သူကို ဘယ်သူကမှ သင်္ကာမကင်း မဖြစ်တော့ဘူးဆိုပြီး ပေါ့ပေါ့ဆဆဖြစ်သွားနိုင်တယ် .... သည်လိုနဲ့ သူ့ရဲ့အမှားကိုစောင့်ပြီး အမှုမှန်ဖော်ထုတ်ဖို့ အခွင့်အရေးပေါ်လာနိုင်တာပေါ့ .... "

ယင်ကျင်း ဘဝင်မကျသော်လည်း ဘာမှမပြောင်းဘဲ နေလိုက်ပါသည်။ ဝမ်းကျင်းစန်းက ....

"ဘုရင့်ဘဏ္ဍာတော်လုယက်ခံရတဲ့ကိစ္စဟာ ပေါ့သေးသေးကိစ္စ မဟုတ်ဘူး .... ဒါကြောင့် မင်းဘဝအတွက် နစ်နာသွားနိုင်ပေမယ့် လျစ်လျူရှုထားရမှာပဲ .... တိုက်ပွဲတစ်ခုဖြစ်ရင် နစ်ဘက်စလုံးမှာ ထိခိုက်ကျဆုံးမှုတွေ ရှိစမြဲပဲ .... တိုက်ပွဲအနိုင်ရအောင် ကျဆုံးမှုတွေကို ဥပေက္ခာပြုရမယ့်သဘောရှိတယ် မဟုတ်လား .... "

ယင်ကျင်း ခေါင်းငုံ့ထားမြဲ ထားနေသည်။ ဝမ်းကျင်းစန်းသည် ယင်ကျင်း၏ပခုံးကိုပုတ်ကာ အားပေးနှစ်သိမ့်လိုက်သည်။

"ဘာမှစိတ်ဓာတ်မကျပါနဲ့ကွာ .... တစ်နေ့ အဖြစ်မှန်ပေါ်ပေါက်လာမှာပါ .... ကြေးတိုက်ထဲမှာ မင်းတစ်ယောက်တည်းနေမယ့်အစား ငါနဲ့ အဖော်ပြုပေါ့ကွာ .... မကောင်းဘူးလား .... "

"ဟုတ် .... ဟုတ်ကဲ့ .... "

ဤသို့ဖြင့် .... ယင်ကျင်းသည် သမားတော်ဝမ်းကျင်းစန်းနှင့် အဖော်ပြုခဲ့ရလေတော့သည်။ သူတို့သည် တစ်သက်တစ်ကျွန်းကျထောင်သားနှစ်ဦး မဟုတ်ပါလား။





အခန်း(၁၀)

## ဖေးမလာသောက်တရား

ငါးနှစ် .... ။

ငါးနှစ်ဟူသောအချိန်မှာ တဖြည်းဖြည်း ကုန်ဆုံးသွားခဲ့သည်။

ယင်ကျင်း ကြေးတိုက်ထဲရောက်လာသည်မှာ ငါးနှစ်တင်းတင်းပြည့်ခဲ့ပြီဖြစ်ပါသည်။ သူသည် စိတ်ထားကောင်းမွန်သူဖြစ်ရကား ထိုငါးနှစ်အတွင်း ကိုယ့်ကိုယ်ကိုယ် ကျန်းမာအောင် ဂရုစိုက်ကာ နေထိုင်ခဲ့သည်။ အချိန်အားလျှင် သိုင်းလေ့ကျင့်သည်။

ဝမ်းကျင်းစန်း ဆေးကုသောလုပ်ငန်းများ၌ ပါဝင်ကူညီဆောင်ရွက်ပေးသည်။

ဝမ်းကျင်းစန်းသည် ယင်ကျင်းကို အထူးပင်ခင်မင်ကာ သူ၏အခန်း၌ လာရောက်နေထိုင်ခွင့်ပေးရန် ကြေးတိုက်မှူးကြီးထံ၌ ခွင့်တောင်းရာ ကြေးတိုက်မှူးကြီးက သဘောတူခွင့်ပြုခဲ့သည်။

ထို့ကြောင့် .... ယင်ကျင်းနှင့် ဝမ်းကျင်းစန်းတို့မှာ အိပ်အတူစားအတူ တစ်ချိန်လုံး တပူးတွဲတွဲနေခဲ့ရသဖြင့် သွေးသားရင်းပမာ သံယောဇဉ်ဖြစ်လာကြတော့သည်။

ဝမ်းကျန်းစန်းသည် ဆေးပညာတစ်ဘက်ကမ်းခတ်တော်သည့် အပြင် သိုင်းပညာတတ်မြောက်ထားသူလည်းဖြစ်သည်။ သို့သော် သူ သိုင်းပညာတတ်မြောက်ထားသည်ကို မည်သူမျှ မသိချေ။

သူ တတ်မြောက်ထားသော သိုင်းပညာရပ်များကို ယင်ကျင်းအား သင်ကြားပေးခဲ့သည်။ ဝမ်းကျင်းစန်းနှင့် ယင်ကျင်းသည် စိတ်ဓာတ်အားဖြင့်လည်း တူညီကြသည်။ သို့ဖြင့် ....

သူကိုနှစ်ယောက်သည် ခွဲခြားမရတော့ဘဲတသွေးတသားတည်း ဖြစ်လာတော့သည်။ တစ်နေ့ ....

ဝမ်းကျင်းစန်းက ထူးထူးခြားခြား စကားဆိုလာလေသည်။

"ယင်ကျင်း .... ငါက မဟူရာအဆိပ်ဆေးကို သိပ်ကို ဖော်စပ်ချင်တာပဲကွ .... "

သူ၏ ကြောက်မက်ဖွယ်ကောင်းသောအဆိပ်ကို မဟူရာအဆိပ်ဟု ဝမ်းကျင်းစန်းက ကင်ပွန်းတပ်ခဲ့သည်။

ယင်ကျင်းသည် ဝမ်းကျင်းစန်း၏ ခံစားချက်ကို နားလည်မိသည်။ သူကိုယ်တိုင်လည်း ထိပ်သီးသိုင်းသမားကြီးကိုးယောက်၏ မကောင်းမှုကို ဖော်ထုတ်လိုလှသည် မဟုတ်ပါလား။

ကြေးတိုက်ထဲရောက်နေကြသည်ဖြစ်ရာ ဘာမှတတ်နိုင်ကြမည် မဟုတ်ချေ။ ဝမ်းကျင်းစန်းက ....

"ငါက ကြောက်စရာအကောင်းဆုံးဆိုတဲ့ မဟူရာအဆိပ်ကို ဖော်စပ်နိုင်ခဲ့တယ် .... ဒါပေမယ့် ဖြေဆေးကို မဖော်စပ်နိုင်ခဲ့ဘူး .... သည်လိုဆိုတော့ ငါဟာ အင်မတန်ညံ့ဖျင်းတဲ့ လူတစ်ယောက်ဖြစ်မနေဘူးလား .... ပြောစမ်းပါဦး .... "

ယင်ကျင်းက ဝမ်းကျင်းစန်း စိတ်ချမ်းသာအောင် ပြောလိုက်



လေသည်။

"ဟုတ်ပါတယ် .... ဦးက ခေါင်းအေးအေးထားပြီး စိတ်ရှည်လက်ရှည် ကြိုးစားသွားမယ်ဆိုရင် အဆိပ်ဖြေဆေးကို ဖော်စပ်နိုင်မှာ သေချာပါတယ် .... "

ဝမ်းကျင်းစန်း ပြုံးလိုက်သည်။

"ဟုတ်တယ် .... အဲသည်အချိန်က ငါဟာ စိတ်မရှည်နိုင်အောင် ဖြစ်ခဲ့တယ် .... အခုကြေးတိုက်ထဲမှာ နှစ်ဆယ့်ငါးနှစ်လုံးလုံးနေပြီး စဉ်းစားကြည့်တော့မှ အဲသည်အချိန်က မဟူရာအဆိပ်ကို ဖော်စပ်ထားတဲ့ နည်းပညာတွေ အကြောင်းအရာတွေဟာ ခေါင်းထဲမှာ ရှုပ်နေတာကြောင့် ဖြေဆေးဖော်စပ်ဖို့နည်းလမ်း ရှာမရအောင်ဖြစ်ခဲ့တယ်ဆိုတာ သဘောပေါက်လာတယ် .... မဟူရာအဆိပ်ဖော်စပ်တဲ့နည်းလမ်းတွေကို ဦးခေါင်းထဲက ရှင်းထုတ်ပြီး အေးအေးဆေးဆေး အချိန်ယူပြီးမှ ဖြေဆေးကို ဖော်ထုတ်ဖို့ ကြိုးစားရမယ်ဆိုရင် ခုလိုအဖြစ်မျိုး ကြုံတွေ့ရမှာ မဟုတ်ဘူး .... "

ယင်ကျင်းက ....

"ဦးပြောတာ မှန်ပါတယ် ခင်ဗျာ .... ခုချိန်မှာ ဦး ကြိုးစားခွင့်ရမယ်ဆိုရင် အဆိပ်ဖြေဆေးကို ကျိန်းသေဖော်စပ်နိုင်မှာပဲ .... "

"အင်း .... အဆိပ်နဲ့ အဆိပ်ဖြေဆေးဖော်စပ်တာက သီးခြားစီ သပ်သပ် မဟုတ်ဘဲ ဆက်စပ်မှုရှိနေတာကိုတော့ သတိထားရလိမ့်မယ်"

ဝမ်းကျင်းစန်းက ယင်ကျင်းအား စိုက်ကြည့်လိုက်သည်။

"မင်းက ငါ့ကို ကူညီရင် သိပ်ကောင်းမှာပဲ .... "

"ဗျာ .... "

"မင်းကို ငါက အဆိပ်ဖော်စပ်နည်း သင်ပေးမယ် .... ပြီးရင်

အဲသည်အဆိပ်ကို ပျက်ပြယ်စေတဲ့ အဆိပ်ဖြေဆေး ဖော်စပ်ဖို့ ဆက်ကြိုးစားကြတာပေါ့ .... "

ယင်ကျင်းက ....

"ကျွန်တော်တို့နှစ်ယောက် ကြေးတိုက်ထဲမှာ တစ်သက်လုံး နေသွားကြရလိမ့်မယ်ဆိုတာကို ဦး မေ့နေပြီလား ခင်ဗျာ၊ ကျွန်တော်တို့ အဆိပ်ဖြေဆေးဖော်စပ်လို့ ဖြစ်မြောက်အောင်မြင်ရင်လည်း အချည်းအနှီးပါပဲခင်ဗျာ .... "

ဝမ်းကျင်းစန်း ပါးစပ်ပိတ်သွားလေတော့သည်။

သို့သော် ....

**ဝမ်းကျင်းစန်း**သည် လွယ်လွယ်နှင့် စိတ်ဓာတ်မကျတတ်ကြောင်း **နောက်**ရက်များတွင် ယင်ကျင်း သိခဲ့သည်။

"**ကြေးတိုက်ထဲမှာ** တစ်သက်လုံးနေသွားရတော့လည်း ဘာအရေးလဲ၊ အခွင့်အရေးကြုံရင် ကြေးတိုက်မှူးကြီးကို အကျိုးအကြောင်းပြောပြပြီး အဆိပ်ပညာဝါသနာပါတဲ့ သမားတော်တစ်ယောက်ယောက်ဆီကို တို့ ရှာဖွေတွေ့ရှိတဲ့ နည်းလမ်းတွေပေးပြီး အဆိပ်ဖြေဆေး ဖော်စပ်နိုင်တာပေါ့ .... "

ဝမ်းကျင်းစန်း၏ ဦးခေါင်းထဲ၌ အဆိပ်ဖြေဆေး မည်သို့ဖော်စပ်ရမည်ကိုသာ အာရုံရောက်နေတော့သည်။ အဆိပ်နှင့် အဆိပ်ဖြေဆေး**အကြောင်း** တစ်ချိန်လုံးကြားနေရသဖြင့် ယင်ကျင်း နားယဉ်လာသည်။

**ဝမ်းကျင်းစန်း၏** အဆိပ်ပညာများ အံ့မခန်းအစွမ်းရှိကြောင်း**လည်း** သဘောပေါက်လာ၏။

သူကိုယ်တိုင်လည်း တဖြည်းဖြည်း **စိတ်ဝင်စားလာလေတော့**သည်။



ယင်ကျင်းသည် ကျေးတောသားတစ်ယောက်ဖြစ်သော်လည်း ဗဟုသုတနံ့နည်းသူ မဟုတ်ပါ။

ယင်ကျင်းနှင့် **ဝမ်းကျင်းစန်း**တို့သည် အဆိပ်ပညာအကြောင်း အချိန်ရတိုင်း **ဆွေးနွေးပြော**ဆိုခဲ့ကြသည်။

သို့ဖြင့် တစ်နေ့တွင် သတင်းထူးတစ်ခု ကြားရလေသည်။

ယင်ကျင်းက အခန်းတွင်း၌ တံမြက်စည်းလှည်းကျင်းကာ သန့်ရှင်းရေးလုပ်နေ၏။

ဝမ်းကျင်းစန်းက နေမကောင်းဖြစ်နေသော အကျဉ်းသားတစ်ယောက်အား ဆေးသွားကုပေးပြီး ပြန်လာသောအခါ ထိုသတင်းထူးကို သယ်ဆောင်လာခြင်းဖြစ်သည်။

"ယင်ကျင်းရေ .... ဘုရင်မင်းမြတ် အတော်ကို မကျန်းမမာဖြစ်နေတယ်တဲ့ကွ .... နေ့လားညလားပဲတဲ့ .... နန်းတွင်းက သမားတော်ကြီးတွေလည်း လက်လျှော့လိုက်ကြပြီ .... "

ယင်ကျင်းက ....

"ဆရာသွားပြီး ကုသပေးရင်ကော မဖြစ်နိုင်ဘူးလား"

ဝမ်းကျင်းစန်း ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်ဘူး .... ငါ့ရဲ့ပညာဟာ နန်းတွင်းက သမားတော်ကြီးတွေရဲ့ ခြေဖျားကိုတောင်မီတာ မဟုတ်ဘူး .... မဖြစ်နိုင်ဘူးကွ"

သူတို့သည် ဘုရင်မင်းမြတ်၏ ကျန်းမာရေးချို့ယွင်းနေပုံကို ပြောဆိုခဲ့ကြပြီး နောက်သုံးရက်အကြာတွင် ဘုရင်မင်းမြတ် နတ်ရွာစံကုန်သွားကာ သားတော်မင်းသားလေးက နန်းတက်ခဲ့သည်။

ဘုရင်မင်းမြတ် သက်တော်ကြီးရင့်ပြီဖြစ်၍ ဓရာ၏ဝေဒနာကို မည်သည့်သမားတော်ကမှ တားဆီးနိုင်ကြလိမ့်မည် မဟုတ်ပါချေ။

သားတော်လေး နန်းတက်ပြီး တစ်လအကြာတွင် ဘိသိတ် ခံယူပွဲကျင်းပသည်။

တိုင်းပြည်နှင့် အဝှမ်း ပျော်ပွဲရွှင်ပွဲများ ကျင်းပပေးသည်။ ဆင်းရဲနွမ်းပါးသူများအတွက် ငွေကြေးထောက်ပံ့ပြီး မြေယာများ ခွဲဝေပေးသည်။ ခုနစ်ရက်ခုနစ်လီ အလှူအတန်းကြီးပေးသည်။

ထို့ကြောင့် တိုင်းပြည်တဝှမ်းလုံး ပျော်ရွှင်နေကြလေတော့သည်။ ထိုအချိန်တွင် ....

"ဂျိန်း .... "

သံတံခါးကြီးပွင့်သွားသည်။ အဆိပ်ပညာနှင့် ပတ်သက်၍ တိုင်ပင်ဆွေးနွေးနေကြသော ယင်ကျင်းတို့ သတိဝင်လာကာ လှမ်းကြည့်လိုက်ကြသည်။

ထိုအခါ ....

ကြေးတိုက်မှူးကြီးက ပြုံးရွှင်သောမျက်နှာထားဖြင့် လှမ်းဝင်လာသည်ကို တွေ့ရ၏။

ကြေးတိုက်မှူးကြီး၏မျက်နှာ ပြုံးရွှင်နေပါသည်။ ပွဲလမ်းသဘင်သွားမည့်အလား ဝတ်ကောင်းစားလှ ဝတ်ဆင်ထားသည်။

ကြေးတိုက်မှူးကြီးသည်ပင် အသက်အတော်ကြီးရင့်နေပြီဖြစ်ပါသည်။ ဝမ်းကျင်းစန်းက လှမ်းပြီး နှုတ်ဆက်လိုက်သည်။

"ကြေးတိုက်မှူးကြီးက ဝတ်ကောင်းစားလှဝတ်လို့ ဘယ်ကိုသွားမလို့လဲဗျာ .... "

ကြေးတိုက်မှူးကြီးက ....

"သည်နေ့ဟာ မင်္ဂလာရှိတဲ့နေ့လေ .... ဒါကြောင့် မင်္ဂလာရှိအောင် ဝတ်ကောင်းစားလှဝတ်ထားရတာပေါ့ .... "



ရယ်ရယ်မောမော ပြောကြားသည်။

ဝမ်းကျင်းစန်းက ....

"ဘာကြောင့် မင်္ဂလာရှိတာလဲ .... ပြောပါဦးဗျ .... "

ကြေးတိုက်မှူးကြီးက ....

"နန်းတက်မင်းသားလေးဟာ တိုင်းပြည်နဲ့ အဝှမ်း အေးချမ်းသာယာပြီး တိုင်းသူပြည်သားတွေ ပျော်ရွှင်ချမ်းမြေ့မှုရှိအောင် ဦးစားပေး ဆောင်ရွက်ခဲ့သလို အကျဉ်းချခံနေရသူတွေကိုလည်း သနားကရုဏာထားပြီး လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူလိုက်တယ်လေ"

ယင်ကျင်းနှင့် ဝမ်းကျင်းစန်းတို့က ကြေးတိုက်မှူးကြီးအား ကြောင်ကြည့်နေမိကြသည်။

ကြေးတိုက်မှူးကြီးက ....

"ခင်ဗျားတို့ ကျုပ်ပြောတာ မကြားဘူးလား .... "

ဝမ်းကျင်းစန်းက ....

"ကြားပါတယ်ဗျာ .... "

"ဒါဖြင့် .... ဝမ်းမသာကြဘူးလား၊ ဘယ်လိုဖြစ်နေကြတာလဲ"

ရုတ်တရက်ဆိုတော့ ကိုယ့်နားကိုယ်မယုံနိုင်အောင် ဖြစ်နေလို့ပါဗျာ .... "

"ကျုပ်ကိုယ်တိုင် လာပြောတာတောင် မယုံနိုင်ကြသေးဘူးလား .... "

ကြေးတိုက်မှူးကြီး၏မျက်နှာ တဖြည်းဖြည်းပြုံးရွှင်လာ၏။ ယင်ကျင်းလည်း လှုပ်လှုပ်ရှားရှားဖြစ်လာသည်။

သူတို့အချင်းချင်း ကြည့်လိုက်ကြသည်။

ထို့နောက် ....

"ဟေး .... ငါတို့ လွတ်မြောက်ပြီကွ .... "

ဝမ်းသာအားရအော်ဟစ်လိုက်ကြလေတော့သည်။

။၃။

လေပြည်လေညင်း ဝှေ့ယမ်းတိုက်ခတ်လာ၏။ ယင်ကျင်းက အားရပါးရ ရှူရှိုက်လိုက်၏။

ပြင်ပလေကို မရှူရသည်မှာ အတန်ကြာပြီ မဟုတ်လား။ ဝမ်းကျင်းစန်းကား ဆိုဖွယ်မရှိတော့ချေ။ တစ်သက်လုံး ကြေးတိုက်ထဲ၌ နေထိုင်သွားရတော့မည်ဟု စိတ်ဒုန်းဒုန်းချထားခဲ့ကြသည်။

ယခုကဲ့သို့ လွတ်မြောက်ခွင့်ရလာသောအခါ နှစ်ယောက်စလုံး မယုံနိုင်အောင် ဖြစ်နေကြပါသည်။

ဝမ်းကျင်းစန်း၏မျက်နှာကြီး ပြုံးရွှင်နေ၏။

"ငါဟာ တစ်ချက်ကလေးပေါ့ဆလိုက်တာကြောင့် လူအများ ဒုက္ခရောက်ခဲ့ကြရတယ် .... ဒါပေမယ့် ဘယ်သူ့ကိုမှ ဒုက္ခမရောက်စေချင်ဘူး .... ငါတတတ်ထားတဲ့ ဆေးပညာနဲ့ အားလုံးကို ကယ်တင်သွားချင်တာ .... ငါ့ရဲ့ဆန္ဒပဲ .... ငါ့ရင်ထဲက မုန်ကန်တဲ့ စေတနာ မေတ္တာတရားတွေကြောင့် ခုလိုလွတ်မြောက်ခွင့်ရခဲ့တာလို့ ငါ ယုံကြည်တယ် .... "

ယင်ကျင်းကိုလည်း ပြောလိုက်သည်။

"မင်းလည်း လုံးဝအပြစ်ကင်းစင်တာကြောင့် လွတ်မြောက်လာခဲ့တာပေါ့ .... နည်းနည်းဒုက္ခခံခဲ့ရတာကို အတိတ်က ကံတရားလို့ သဘောထားရမယ် .... "



ယင်ကျင်း ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ပါဘူး ခင်ဗျာ .... ဒါ လုံးဝမဟုတ်ပါဘူး .... "

"ဟေ .... မဟုတ်ဘူး .... ဒါဆိုရင် .... "

"ကျွန်တော် မတရားခံခဲ့ရတာပဲ .... "

ဝမ်းကျင်းစန်း ရင်ထိတ်သွားသည်။

"မင်းက သည်ကိစ္စကို မကျေနပ်နိုင်သေးဘူးပေါ့ ဟုတ်လား"

"မှန်ပါတယ်ဗျာ .... "

"မင်း .... "

ယင်ကျင်းက တည်ကြည်လေးနက်သော မျက်နှာထားဖြင့် ပြောလေသည်။

"ကျွန်တော်က မေ့ပြစ်လိုက်မယ်ဆိုရင် သေဆုံးခဲ့ကြရတဲ့ ခေါင်းဆောင်နှစ်ယောက်နဲ့ ဖုံးချိန်အာမခံအဖွဲ့သားတွေအပေါ် သစ္စာမဲ့ရာ ကျသွားပါလိမ့်မယ် .... "

ဝမ်းကျင်းစန်း ပင့်သက်ရှိုက်မိသည်။

"သူတို့ကို ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သူတွေဟာ ဘဏ္ဍာတော်တွေကို သုံးဖြုန်းပြီး ပျော်ရွှင်နေကြပါလိမ့်မယ် .... သူတို့ကို သည်အတိုင်း လွှတ်ပေးထားရမယ်ဆိုရင် ဘယ်လိုလုပ် တရားမျှတနိုင်တော့မှာလဲဗျာ .... "

ဝမ်းကျင်းစန်းက ....

"ယင်ကျင်း .... မင်း ခေါင်းအေးအေးထားပြီး စဉ်းစားရင်ကောင်းမယ် .... သူတို့ဟာ ထိပ်သီးသိုင်းသမားကြီးတွေ .... သူတို့အကြောင်းဖော်ထုတ်ဖို့ မင်းမှာ ဘာသက်သေအထောက်အထားမှရှိတာ မဟုတ်ဘူး .... သည်ကိစ္စတွေပြီးဆုံးသွားပြီလို့ အားလုံးက သက်

မှတ်ထားလိုက်ကြပြီ .... မင်းတို့ ငါတို့ကိုတောင် လွှတ်ပေးလိုက်ပြီ မဟုတ်လား .... ပြီးဆုံးသွားတဲ့ ကိစ္စတစ်ခုကို ဘာကြောင့် အစပြန်ဖော်ချင်ရတာလဲကွာ .... "

ယင်ကျင်းက ....

"သည်လူတွေကို သည်အတိုင်းလွှတ်ထားလိုက်ရင် နောက်ထပ် မကောင်းမှု မကျူးလွန်ဘူးလို့ ဘယ်သူပြောနိုင်မှာလဲဗျာ သူတို့ တစ်ခါကျူးလွန်ဖူးပြီး သူတို့လက်မှာသွေးလွန်းသွားကြပါပြီ၊ နောင်"

ဝမ်းကျင်းစန်း မည်သို့ပြောရမှန်းမသိ ဖြစ်သွားလေတော့သည်။

ယင်ကျင်းက ....

"ဘဏ္ဍာတော်တွေကိုတောင် တိုက်ခိုက်လုယက်စုံတဲ့လူတွေဟာ တခြားဘာမဆို လုပ်ဖို့ဝန်လေးကြမှာ မဟုတ်ပါဘူး .... သူတို့ဟာ အထက်လမ်းထိပ်သီးသိုင်းသမားကြီးတွေဆိုပြီး ထင်ရှားကျော်ကြားမှုနဲ့ အများပြည်သူရဲ့ ယုံကြည်အားကိုးမှုကို ခုတုံးလုပ်ပြီး ထင်ရာစိုင်းနေကြဦးမှာပါပဲ .... "

ဝမ်းကျင်းစန်း မတတ်သာတော့ပါ။ ယင်ကျင်းပြောသည်မှာ တရားနည်းလမ်းကျပါသည်။ လက်ခံလိုက်ရတော့သည်။

"ကောင်းပြီလေ .... မင်းပြောတာကို ငါ လက်ခံပါတယ် .... ဒါပေမယ့် ဟိုလူတွေက ထိပ်သီးသိုင်းသမားကြီးတွေ .... မင်းက ပညာ မပြည့်စုံသေးဘူး .... ပြီးတော့ တစ်ယောက်တည်း မဟုတ်ဘူး .... ကိုးယောက်တောင် ရင်ဆိုင်ရမှာ .... မင်း ဘယ်လိုလုပ်မလဲ"

ယင်ကျင်းက ....

"ကျွန်တော်၊ဒါတွေကိုတွေးပြီး စိတ်ပျက်နေမှာ မဟုတ်ပါဘူး၊ သိုင်းလောကထဲဆင်းပြီး နည်းလမ်းရှာရင်ဆိုင်သွားမှာပါ .... "



ဝမ်းကျင်းစန်းက စိတ်မကောင်းသောလေသံဖြင့် ပြောလေသည်။

"ငါက ငါနဲ့အတူ မင်းလိုက်ခဲ့မယ် ထင်နေတာ .... မဟူရာတောအုပ်ကိုပြန်ညပီး အဆိပ်ဖြေဆေးဖော်စပ်ကြမယ်ပေါ့ကွာ .... ခုတော့"

ယင်ကျင်းက ....

"တစ်နေ့ ဦးဆီကို ကျွန်တော် ရောက်အောင်လာခဲ့မယ်လို့ ကတိပေးပါတယ် .... ဦးဟာ ကျွန်တော့် ဦးလေးအရင်းပါပဲဗျာ"

ဝမ်းကျင်းစန်း ဝမ်းသာသွားသည်။

"မင်းတကယ်ပြောတာနော် .... "

"တကယ်ပါ .... "

"အေးလေ .... ငါ့ကို မေ့မသွားဘူးဆိုရင် ငါ ကျေနပ်ပါပြီ .... မင်းရောက်လာမယ့် အချိန်ကို ငါ မျှော်နေမယ် .... "

"စိတ်ချပါ .... ကျွန်တော် အရောက်လာခဲ့မှာပါ .... "

ယင်ကျင်းက ဦးညွှတ်လိုက်သည်။

"ကြေးတိုက်ထဲမှာ နေစဉ်ကာလတစ်လျှောက် ကျွန်တော့်ကို ဆေးကုပေးပြီး ပြုစုစောင့်ရှောက်ခဲ့တာ ဆုံးမသွန်သင်ခဲ့တာတွေဟာ ကျေးဇူးကြီးမားလှပါတယ်၊ ဦးဆီကိုကျွန်တော်ဆက်ဆက်လာခဲ့ပါ့မယ်"

"ကောင်းပါပြီကွယ် .... "

ထို့နောက် နှစ်ယောက်သား လမ်းခွဲလိုက်ကြလေသည်။

ဝမ်းကျင်းစန်းသည် တရွေ့ရွေ့ဝေးသွားသော ယင်ကျင်းအား မျက်ရည်လည်သော မျက်လုံးများဖြင့် ငေးမောကြည့်ရင်း ကျန်ရစ်ခဲ့လေတော့သည်။

## အခန်း(၁၁)

## သဲလွန်စ

ယင်ကျင်းသည် ဝမ်းကျင်းစန်းနှင့် လမ်းခွဲပြီး ထွက်လာခဲ့ရာ 'ချောင်ဝှက်မြို့သို့ ရောက်ရှိလာခဲ့သည်။

ယခု ....

ယင်ကျင်းသည် အရွယ်ရောက်ပြီး ကျန်းမာသန့်ရှင်းသော လူရွယ်တစ်ဦးဖြစ်နေချေပြီ။

သို့သော် ....

နဂိုက ချောမောခန့်ညားခဲ့သောမျက်နှာမှာ ဒဏ်ရာဒဏ်ချက်များကြောင့် အမာရွတ်များဖြစ်ကာ အကျည်းတန်နေချေပြီ။

ထိုသို့ အကျည်းတန်နေသည်ကိုပင် ယင်ကျင်း သဘောကျမိသည်။

သူ၏ရုပ်သွင် ပြောင်းလဲသွားခြင်းကြောင့် မည်သူမှ မမှတ်မိနိုင်တော့ခြင်းက သူ့အတွက် အကောင်းဆုံးဟု ခံယူထားခြင်းကြောင့် ဖြစ်ပါသည်။ ချောင်ဝှက်မြို့သို့ ရောက်လာခဲ့သည်မှာလည်း အကြောင်းရှိနေပါသည်။



ချောင်ဝှက်မြို့တွင် နာမည်ကျော်သိုင်းသမားကြီး ချင်းရှောင်နေထိုင်လျက်ရှိနေသည် မဟုတ်ပါလား။ ချင်းရှောင်သည် ဘဏ္ဍာတော်များအား လုယက်တိုက်ခိုက်ခဲ့သူများတွင် ပါဝင်ခဲ့သူဖြစ်သည်။

ချင်းရှောင်နှင့် ပတ်သက်ပြီး ယင်ကျင်း ထူးထူးခြားခြား မှတ်မိနေသည်မှာ ဘဏ္ဍာတော်များအား လုယက်ရရှိပြီးနောက် ဝေစုခွဲဝေယူကာနီးအချိန်ရောက်မှ စိတ်ပြောင်းကာ ထွက်သွားခြင်းဖြစ်သည်။

"ချင်းရှောင်ဟာ တခြားလူတွေရဲ့ တိုက်တွန်းမှုကြောင့် ဘဏ္ဍာတော်တွေကို လုယက်တဲ့နေရာမှာ ပါဝင်ခဲ့ပေမယ့် တိုက်ခိုက်ပြီးတာနဲ့ မှားသွားပြီဆိုတာကို သတိဝင်လာပုံရတယ် .... သူ့အတွက်ရမယ့် ဝေစုကို မယူဘဲ ထွက်သွားတယ် .... သူ့ကိုအရင်ဆုံးစုံစမ်းကြည့်ရမယ်"

ယင်ကျင်းက ထိုအတွေးဖြင့် သတင်းစုံစမ်းပြီး ချင်းရှောင်ရှိနေသော ချောင်ဝှက်မြို့သို့ လာခဲ့ခြင်းဖြစ်သည်။

ချောင်ဝှက်မြို့ထဲသို့ရောက်လျှင် ခဲခဲယဉ်းယဉ်း မစုံစမ်းရပါဘဲ ချင်းရှောင်၏အိမ် တည်ရှိသည့်နေရာကို သိလိုက်ရ၏။

ယင်ကျင်းက ချက်ချင်းသွားလိုက်သည်။

ချင်းရှောင်၏အိမ်သည် ပန်းမျိုးစုံစိုက်ပျိုးထားသော ခြံငယ်ကလေးတစ်ခုအတွင်း၌ရှိသည်။ သာမန်အိမ်ကလေးတစ်လုံးမျှသာဖြစ်လေသည်။

"ထိတ်ထိတ်ကြဲ သိုင်းသမားကြီးတစ်ယောက်ဟာ ဂုဏ်ပကာသနမရှိဘဲ ရိုးရိုးအေးအေးနေထိုင်တယ်ဆိုတာ အံ့သြစရာပဲ"

ချင်းရှောင်သည် ဂုဏ်ပကာသနကို မမက်မောဘဲ ရိုးရိုးအေးအေး နေလိုသူဖြစ်ကြောင်း ပန်းခြံနှင့် အိမ်ကလေးကို ကြည့်ရုံဖြင့် သိနိုင်ခဲ့သည်။

"သည်လိုလူစားမျိုးက ဘဏ္ဍာတော်လုယက်တဲ့ကိစ္စမှာ ဘာကြောင့်ပါဝင်ခဲ့ရတာလဲ .... "

ယင်ကျင်းက တွေးတောရင်း ခြံထဲဝင်လာခဲ့ရာ ပန်းခြုံရုံများကြား၌ အဘိုးအိုတစ်ယောက်ရှိနေသည်ကို တွေ့လိုက်ရ၏။ ထိုအဘိုးမှာ သိုင်းသမားချင်းရှောင် မဟုတ်ကြောင်း ယင်ကျင်း သိသည်။

အဘိုးအို၏ အဝတ်အစားများကိုကြည့်ရင်း တွေးလိုက်သည်။

"သည်အဘိုးအိုဟာ ချင်းရှောင်ရဲ့ အိမ်ထိန်းပဲ ဖြစ်ရမယ်"

"အဟမ်း .... "

ယင်ကျင်းက ချောင်းတစ်ချက်ဟန့်လိုက်တော့မှ ပန်းပင်စိုက်ပျိုးနေသော အဘိုးအို ခေါင်းမော့ကြည့်လာ၏။

ချက်ချင်းပင် ယင်ကျင်းထံသို့ လှမ်းလာလေသည်။

ယင်ကျင်းက ဦးညွှတ်လိုက်သည်။

"သည်အိမ်ဟာ ဆရာကြီးချင်းရှောင်ရဲ့အိမ် မဟုတ်လား ခင်ဗျာ"

အဘိုးအိုက ....

"ဟုတ်ပါတယ်ကွယ် .... ဟုတ်ပါတယ် .... ဘာကိစ္စရှိလို့လဲ ပြောပါ .... "

"ကျွန်တော်က ဆရာကြီးချင်းရှောင်ကို တွေ့ချင်လို့ပါ"

"သြော် .... "

အဘိုးအို ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"မောင်ရင်လေးတွေ့ချင်သလို ကျုပ်လည်း တွေ့ချင်နေတာပါပဲကွယ် .... "

ယင်ကျင်း ကြောင်အမ်းအမ်းဖြစ်သွားသည်။

"ဦးက .... "



"မောင်ရင်လေးက မင်းမှုထမ်းတစ်ယောက် မဟုတ်လား"

"ဗျာ .... "

"ဆရာချင်းရှောင်အကြောင်းကို လာပြီးစုံစမ်းတယ်ဆိုတော့ မင်းမှုထမ်းတစ်ယောက်ပဲ ဖြစ်ရမှာပေါ့ .... "

ယင်ကျင်း ခေါင်းခါယမ်းလိုက်သည်။

"ဦးမှားနေပါပြီ .... ကျွန်တော်က မင်းမှုထမ်း မဟုတ်ပါဘူး။ ဆရာကြီးချင်းရှောင်ရဲ့ ဂုဏ်သတင်းကိုကြားပြီး ကြည်ညိုလေးစားလို့ ရပ်ဝေးကလာရင်း သည်မြို့ကိုရောက်တဲ့အခါ လမ်းကြုံတုန်းဝင်ပြီး ဂါရဝပြုတာပါ ခင်ဗျာ .... "

"မောင်ရင်လေးပြောတာ အမှန်ပဲနော် .... "

"ဦးမယုံရင် စုံစမ်းကြည့်လို့ရပါတယ် ခင်ဗျာ .... "

ယင်ကျင်းက မှင်သေသေဖြင့် ပြောလိုက်လေသည်။

အဘိုးအို ပခုံးတွန့်လိုက်သည်။

"သခင်ကြီးပျောက်ဆုံးသွားပြီးတဲ့ နောက်ပိုင်းမှာ မင်းမှုထမ်းတွေက သခင်ကြီးအကြောင်းကို မကြာခဏလာပြီးစုံစမ်းနေကြတာ၊ ယင်နန်နယ်မှာ ဘဏ္ဍာတော်တွေ လုယက်ခံရတဲ့ကိစ္စမှာ ပါဝင်ပတ်သက်နေတယ်လို့ မသင်္ကာလို့ဆိုကြတာပဲ .... "

ယင်ကျင်းသည် ဝမ်းကျင်းစန်း၏မျက်နှာကို ဖျတ်ခနဲ မြင်ယောင်လိုက်လေ၏။

နယ်စားကြီးသည် သူ့အား အပြစ်ပေးခဲ့သော်လည်း ထိပ်သီးသိုင်းသမားကြီးကိုးယောက်၏ အခြေအနေကိုလည်း မျက်ခြည်မပြတ်စောင့်ကြည့်စုံစမ်းနေသည်ဟု ဝမ်းကျင်းစန်းက ပြောပြခဲ့သည် မဟုတ်ပါလား။

သူသည် တရားခံအစစ်မဟုတ်ကြောင်း နယ်စားကြီးလည်း သတိပြုမိကြောင်း တွေးမိကာ ယင်ကျင်း ကျေနပ်သွား၏။

"ဆရာကြီးချင်းရှောင်ကကော ဘဏ္ဍာတော်လုယက်တဲ့ကိစ္စမှာ တကယ်ပဲ ပါဝင်ခဲ့လို့လား ခင်ဗျာ .... "

အဘိုးအိုက ....

"ကျုပ်လည်း မပြောတတ်ဘူး .... သူက လုံးဝပြန်မလာတော့လို့ ဖြစ်ချင်လည်း ဖြစ်နေမှာပေါ့ .... တကယ်လို့သာ သူဟာ ဘဏ္ဍာတော်လုယက်တဲ့ကိစ္စထဲမှာ ပါဝင်ပတ်သက်ခဲ့မယ်ဆိုရင် သူ့ရဲ့သမီးလေး 'ချင်းချင်း'ကြောင့်ပဲ ဖြစ်ရမယ် .... "

ယင်ကျင်း စိတ်ဝင်စားလာသည်။

"ချင်းချင်းက ဘာဖြစ်လို့လဲခင်ဗျာ .... "

အဘိုးအိုက ....

"ချင်းချင်းဟာ အင်မတန်လိမ္မာရေးခြားရှိတဲ့ ကလေးမလေးပါကွယ် .... အရွယ်နဲ့မလိုက်အောင် လိမ္မာတယ် .... ယဉ်ကျေးသိမ်မွေ့တယ် .... ဉာဏ်ထက်တယ် .... မိတဆိုးလေးမို့ ဆရာချင်းရှောင်က အရမ်းချစ်ခဲ့တာ .... တစ်ချိန်လုံး သူ့ရဲ့သမီးလေး ကြီးပြင်းလာရင် ချမ်းချမ်းသာသာနေနိုင်အောင် တွေးနေခဲ့တာပဲ .... "

ယင်ကျင်း၏ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာမိသည်။

ချင်းရှောင်က မှားယွင်းခဲ့သည်ဆိုလျှင် သမီးလေးအတွက်သာ ဖြစ်ရပေမည်။

အဘိုးအိုပြောသည့်အတိုင်း ဖြစ်နေပြီဟု နားလည်လိုက်၏။

"သူ့ရဲ့သမီးလေးကော ဘယ်မှာလဲ .... "



ယင်ကျင်းက မေးလိုက်သည်။

အဘိုးအိုက ....

"မရှိဘူးကွဲ့ .... "

"သူဘယ်များ သွားနေလို့လဲ ခင်ဗျာ .... "

အဘိုးအို ခေါင်းခါယမ်းလိုက်သည်။

"သူ တစ်နေရာရာကို သွားတော မဟုတ်ဘူး .... သည်မှာကို မရှိတော့တာ .... လွန်ခဲ့တဲ့ခြောက်နှစ်နီးပါးက ဆရာချင်းရှောင်က အရေးကြီးတဲ့ ကိစ္စရှိတယ်ဆိုပြီး ယင်နန်နယ်ဘက်ကို ခရီးထွက်သွားတယ် .... မကြာပါဘူး .... သမီးကို လာခေါ်သွားတယ် .... သားအဖနှစ်ယောက် အဲသည်ညကတည်းက ထွက်သွားကြတာ ခုထိပြန်ရောက်မလာကြသေးဘူး .... "

ချင်းရှောင်သည် သူ၏အမှားကိုသိပြီး သမီးဖြစ်သူကိုပါခေါ်ကာ ထွက်ပြေးတိမ်းရှောင်သွားခြင်းဖြစ်ကြောင်း ယင်ကျင်း နားလည်လိုက်တော့သည်။

ချင်းရှောင်က အမှားကိုသိပြီး ခြေရာဖျောက်သွားသော်လည်း သူက ခွင့်မလွှတ်နိုင်ပါ။

"ခင်ဗျား ဘယ်လောက်ပြေးနိုင်မလဲ .... ပြေးစမ်း .... တစ်နေ့ ကျုပ်လက်ထဲကို ရောက်လာရမယ် .... "

စိတ်ထဲမှ ကြုံးဝါးလိုက်သည်။

အဘိုးအိုက ....

"သူထွက်သွားပြီးတဲ့နောက်ပိုင်း မင်းမှုထမ်းတွေ မကြာခဏ ခဏခဏလာပြီး စုံစမ်းကြလို့ ဘဏ္ဍာတော်တွေ လုယက်တဲ့ကိစ္စမှာ ပါဝင်ပတ်သက်တယ်လို့ သက်ာမကင်းခံနေရတယ်ဆိုတာကို ကျုပ်

သိခဲ့ရတာ .... သူတစ်ယောက်တည်း မဟုတ်ပါဘူး .... သူ့ရဲ့မိတ်ဆွေတချို့လည်း သည်ကိစ္စနဲ့ သင်္ကာမကင်းခြင်း ခံရတာပါပဲ .... "

ယင်ကျင်း မသိချင်ယောင်ဆောင်ကာ မေးလိုက်လေသည်။

"သူ့မိတ်ဆွေတွေကလည်း နာမည်ကျော်သိုင်းဆရာကြီးတွေပဲ မဟုတ်လားဗျာ .... "

"မှန်ပါတယ်ကွယ် .... ဒါပေမယ့် သူတို့လည်း အခြေအနေသိပ်မဟန်ဘူးကွဲ့ .... "

"ဘာများဖြစ်လို့လဲ ခင်ဗျာ .... "

"သူတို့ဟာ အကြောင်းအမျိုးမျိုးပြပြီး သိုင်းလောကနဲ့ ခပ်ကင်းကင်း နေလိုက်ကြလို့ပဲ .... တချို့ဆိုရင် ကျန်းမာရေးကို အကြောင်းပြပြီး ခရီးထွက်သွားကြတာ ပေါ်မလာတော့ဘူး .... "

ယင်ကျင်းက ....

"ဦးကိုကြည့်ရတာ ဘဏ္ဍာတော်လုယက်ခံရတဲ့ကိစ္စမှာ ဆရာချင်းရှောင်နဲ့ သူ့ရဲ့**မိတ်ဆွေတွေ** **ပါဝင်ပတ်သက်နေတယ်လို့** သင်္ကာမကင်းဖြစ်နေပုံပဲ .... "

အဘိုးအိုမှာ ရိုးသားပွင့်လင်းသူပီပီ အမှန်အတိုင်းပြော၏။

"ဘဏ္ဍာတော်တွေ လုယက်ခံရတယ် .... မင်းမှုထမ်းတွေလာပြီး စုံစမ်းကြတယ် .... **သူတို့ကလည်း** မှုမမှန်ကြဘူး .... ဒါကြောင့် သူတို့ ပါဝင်ပတ်သက်ခဲ့**လိမ့်မယ်လို့** **ကျုပ်** သံသယဝင်မိတာပေါ့ .... ဒါပေမယ့် သူတို့ အိမ်ပြန်**လာကြပါစေလို့** ဆုတောင်းနေမိတာလည်း အမှန်ပါပဲကွယ် .... "

"ဆရာချင်းရှောင် ဘယ်မှာရှိတယ်ဆိုတာ မသိဘူးလား ခင်ဗျာ"

ယင်ကျင်းက အဓိကဖမ်းကာ စကားနှိုက်လိုက်လေသည်။



အဘိုးအိုက ....

"မသိလို့ပေါ့ကွယ် .... သိများသိရင် ကျုပ်သည်မှာ ဘယ်နေတော့မလဲ .... သူတို့နောက်ကိုလိုက်သွားပြီပေါ့ .... "

"သူ့ရဲ့မိတ်ဆွေတွေကော မသိကြဘူးလား .... "

"သူ့မိတ်ဆွေတွေလား .... ဝေးပါသေးတယ် .... သူတို့ဆီမှာ သတင်းမေးဖို့ မပြောနဲ့ .... တွေ့ချင်လို့တောင် မတွေ့ရဘူး .... နေကောင်းတဲ့လူနဲ့ ခရီးထွက်တဲ့လူနဲ့ တံခါးပိတ်ပြီး သိုင်းလေ့ကျင့်တဲ့လူနဲ့ သွားမေးရင် ရှိလည်း မရှိဘူးပြောတယ် .... မရှိလည်း မရှိဘူးပြောတယ် .... သူတို့အိမ်သားတွေက လာမေးတဲ့လူကို ချက်ချင်းရန်မူကြတော့မယ့်အတိုင်းပဲ .... သိပ်ကို စိတ်ပျက်ဖို့ကောင်းတာပေါ့"

ယင်နန်နယ်စားကြီး၏ စုံစမ်းမှုကြောင့် လုယက်တိုက်ခိုက်မှုတွင် ပါဝင်ပတ်သက်ခဲ့ကြသူများသည် မလှုံမလဲဖြစ်နေကြောင်း ထင်ရှားနေ၏။

ယင်ကျင်း အားရမိသော်လည်း ကျေနပ်ခြင်းတော့မရှိပါ။

"ဘယ်လိုပဲ မသင်္ကာပေမယ့် သက်သေအထောက်အထားမရှိတော့ အရေးယူဖို့ခက်တယ် .... ဘုရင်မင်းမြတ်ကလည်း လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့တယ်ဆိုတော့ .... လုယက်ခံရတဲ့ကိစ္စက ပြီးပြတ်သေလာက်ဖြစ်သွားပြီ .... သည်လူယုတ်မာတွေကို ငါ့နည်းငါ့ဟန်နဲ့ ဆုံးမရတော့မှာပဲ .... "

သူသည် တွေးတောနေသည်။

ယင်ကျင်းက ပို၍သေချာအောင် အဘိုးအိုအား မေးလိုက်သည်။

"သည်နောက်ပိုင်းမှာ မင်းမှုထမ်းတွေ လာပြီးစုံစမ်းကြသေးသလား .... "

အဘိုးအို ခေါင်းခါယမ်းလိုက်သည်။

"ဟင်အင်း .... မလာကြတာကြာပြီ .... ကဲ .... မင်း ဘာသိချင်သေးသလဲ .... "

ယင်ကျင်းက ပြုံးလိုက်သည်။

"ကျွန်တော်က ဆရာချင်းရှောင်ရဲ့ အဖြစ်အပျက်ကို စိတ်ဝင်စားမိလို့ပါ .... ဆရာမရှိဘူးဆိုရင်လည်း သွားခွင့်ပြုပါဦး ခင်ဗျာ"

"အေး .... အေး .... "

အဘိုးအိုက ခြံဝအထိ လိုက်လံပို့ဆောင်ပေး၏။

ယင်ကျင်းလည်း အဘိုးအိုအား နှုတ်ဆက်ကာ ထွက်လာခဲ့လေတော့သည်။

။◗။



အခန်း(၁၂)

## ထိပ်သီးသိုင်းသမား လူရမ်းကား

တစ်နှစ် .... ။

တစ်နှစ်ဟူသော အချိန်ကာလမှာ မည်သို့ကုန်ဆုံးသွားသည်ကို ယင်ကျင်း သတိမထားမိလိုက်ချေ။ သူသည် အချိန်တိုင်းပင် သိုင်းသမားကြီးကိုးယောက်နောက်သို့ သဲသဲမဲမဲခြေရာခံလိုက်နေမိသည် မဟုတ်ပါလား။

ခြံစောင့်အဘိုးအိုပြောသည့်အတိုင်းပင် သိုင်းသမားကြီးများမှာ အကြောင်းပြချက်အမျိုးမျိုးဖြင့် လူမြင်ကွင်းမှ ပျောက်ကွယ်နေကြသည်။

နာမည်ကျော် သိုင်းသမားကြီးများဖြစ်ကြသည့်အပြင် သူတို့၏ အကြောင်းပြချက်များက နိုင်လုံနေခြင်းကြောင့် သူတို့ လူမြင်ကွင်းသို့ မထွက်တော့သည့်ကိစ္စမှာ ထူးခြားသည့်ကိစ္စ ဖြစ်မလာတော့ချေ။

ထို့ကြောင့်လည်း ယင်ကျင်းမှာ သတင်းစုံစမ်း၍ မရအောင် အခက်ကြုံခဲ့ရတော့သည်။ ထိုသိုင်းသမားကြီးများ၏ နေအိမ်သို့ ကိုယ်တိုင်ထိုးဖောက် ဝင်ရောက်ဖို့လည်း မစွန့်စားဝံ့သေးပါ။

သိုင်းသမားကြီးများ မဆိုထားနှင့် သူတို့၏ တပည့်များကိုပင် ယှဉ်နိုင်ဖို့ မလွယ်ကြောင်း နားလည်သဘောပေါက်ထားသည်။

ထိပ်တိုက်ရင်ဆိုင်ဖို့ ကြိုးစားလျှင် အဓိပ္ပာယ်မဲ့ အသက်ဆုံးရှုံး သွားရမည် မဟုတ်ပါလား။

တစ်နေ့ .... ။

ယင်ကျင်းသည် စားသောက်ဆိုင်လေးတစ်ဆိုင်၌ ထိုင်ကာ စားသောက်ရင်း ကိုယ့်ကိုယ်ကိုယ် ပြန်လည်သုံးသပ်နေမိသည်။

"ငါဟာ ဘယ်သူမှမသိကြတဲ့ အညတရတစ်ယောက်ပါပဲ .... ငါ့မှာ ငွေမရှိဘူး .... အသိုင်းအဝိုင်းမရှိဘူး .... သိုင်းပညာလည်းမရှိဘူး .... ငါတကယ်တမ်း စွမ်းဆောင်နိုင်တာ ဘာမှမရှိဘဲ ထိပ်သီးသိုင်းသမားကြီးတွေကို ဆုံးမဖို့ ကြိုးစားနေမိတာ ရယ်စရာကောင်းနေပြီထင်ပါရဲ့ .... "

လက်ရှိ သူ၏အခြေအနေနှင့် ထိပ်သီးသိုင်းသမားကြီးများအား ဆုံးမဖို့ မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်ပါချေ။ ဒေါသရှေ့ထားကာ ရင်ဆိုင်မည်ဆိုလျှင် အသက်ဆုံးရှုံးခြင်းသာ အဖတ်တင်ပေမည်။

ယင်ကျင်း ကိုယ့်ကိုယ်ကိုယ် အားမလိုအားမရဖြစ်လာသကဲ့သို့ စိတ်ပျက်အားငယ်မှုများ ဖြစ်ပေါ်လာသည်။ ယခုလက်ရှိ သူ၏လုပ်ရပ်များသည် ဘာမှအဓိပ္ပာယ်မရှိကြောင်း ကောင်းကောင်းကြီး သဘောပေါက်လာသည်။ သူသည် အသိဉာဏ်ပညာရှိသော လူငယ်တစ်ယောက်ဖြစ်၍ ထိုသို့ ကိုယ့်ကိုယ်ကိုယ် ပြန်သုံးသပ်နိုင်ခြင်းဖြစ်သည်။

"ငါ သည်လိုနေလို့ မဖြစ်တော့ဘူး .... "

ထိပ်သီးသိုင်းသမားကြီးများနှင့် ရင်မဆိုင်တော့ဘဲ နောက်ဆုတ်လိုက်မည်လော .... ။



ယင်ကျင်း ဘယ်တော့မှ နောက်ဆုတ်မည် မဟုတ်ပါ။ ဖုံးချိန်အာမခံဌာနအတွက် သူ၏ဘဝကို ပေးအပ်ထားပြီးပြီဖြစ်ပါသည်။

ထို့အပြင် ....

လူကြီးလူကောင်းဟန်ဆောင်မျက်နှာဖုံးစွပ်ကာ နောက်ကွယ်၌ မကောင်းမှုပြုလုပ်နေကြသူများအား ဖော်ထုတ်ဆုံးမရန် တာဝန်ရှိသည်ဟုလည်း ခံယူထားသည် မဟုတ်လား။ ဘဝတိုးတက်ရန် ရည်ရွယ်ချက်ဖြင့် ဇာတိကျေးရွာလေးမှ ထွက်လာခဲ့သော်လည်း ယခုအချိန်တွင် သူ၏ဘဝကို ဖုံးချိန်အာမခံဌာနအတွက် ဖြစ်ရမည်ဟု ဆုံးဖြတ်ထားပြီဖြစ်သည်။

ထိုဆုံးဖြတ်ချက်ကြောင့် သူ့အား ခွင့်လွှတ်ဖို့ ကွယ်လွန်သွားပြီဖြစ်သော ဖခင်ကြီးအား တောင်းပန်မိသည်။ ယင်ကျင်းသည် စိတ်ပျက်ဝမ်းနည်းကာ အတန်ကြာအောင် တွေဝေငေးငိုင်နေပြီးမှ လူတစ်ယောက်ကို သတိရလာလေ၏။

သူနှင့် အရင်းနှီးဆုံးရှိခဲ့ပြီး သူ့အား ကူညီနိုင်မည့်သူတစ်ယောက်ဖြစ်သည်။ ထိုလူကား မဟုရာသမားတော် ဝမ်းကျင်းစန်းပင်ဖြစ်သည်။

"သူကလွဲပြီး ငါ့ကို ဘယ်သူမှ ကူညီနိုင်ကြမှာ မဟုတ်ဘူး .... သူ့ဆီက အဆိပ်ပညာကို သင်ယူနိုင်မယ်ဆိုရင် ငါရန်သူတွေကို သုတ်သင်ပစ်နိုင်ပြီပေါ့ .... "

အမှန်တော့ ကြံရာမရ ဖြစ်အောင် ထိုသို့ တွေးမိလိုက်ခြင်းဖြစ်ပါသည်။ ယင်ကျင်း အမျိုးမျိုးတွေးတော စဉ်းစားနေစဉ် ရုတ်တရက် ဆိုင်ထဲ၌ ဆူဆူညံညံပြောဆို စားသောက်နေကြသော အသံဗလံများ ပျောက်ကွယ်ကာ အပ်ကျသံကြားရလောက်အောင်ပင် တိတ်တဆိတ် ငြိမ်သက်သွားကြောင်း သတိပြုမိလိုက်သည်။

ယင်ကျင်း မသိမသာအကဲခတ်ကြည့်လိုက်၏။

ထိုအခါ ....

လူနှစ်ယောက် ဆိုင်ထဲဝင်နေကြသည်ကို တွေ့ရသည်။ တစ်ယောက်က ကျယ်လောင်သောအသံဖြင့် လှမ်းပြောလိုက်သည်။

"ဟေ့ .... အရက်တစ်အိုး မြန်မြန်ယူခဲ့ ...."

ဆိုင်လုလင်များ ပျာပျာသလဲ ဖြစ်သွားကြသည်။

အချို့က နေရာထိုင်ခင်းပေးပြီး အချို့က စားသောက်ဖွယ်ရာများကော အကောင်းစားအရက်များပါ ချက်ချင်းယူပေးလိုက်ကြသည်။

ထိုလူနှစ်ယောက် ရောက်လာသည်နှင့် စားသောက်ဆိုင်လေး၏ အခြေအနေမှာ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားလေတော့သည်။

စားသောက်နေခဲ့ကြသူများသည် လက်စသတ်ကာ ကျသင့်ငွေပေးပြီး ဆိုင်ထဲမှ အလျှိုလျှိုထွက်သွားကြ၏။ ဆိုင်ရှင်နှင့် ဆိုင်လုလင်များသည်လည်း ဂနာမငြိမ်ဖြစ်နေသည်။

"သည်လူနှစ်ယောက်ကို အားလုံးက ကြောက်လန့်နေကြပုံပဲ၊ ဘယ်သူတွေများပါလိမ့် ...."

ယင်ကျင်းသည် ထိုလူနှစ်ယောက်အား စိတ်ဝင်စားသွားသည်။

ထိုလူနှစ်ယောက်ကား မည်သူ့ကိုမှ အမှုမထားဘဲ အားရပါးရစားသောက်နေကြသည်။

သူတို့၏ မျက်နှာများမှာ မာကြောနေသည်။ မည်သူ့ကိုမှ အမှုမထားကြပုံမျိုးဖြစ်သည်။ စိတ်ထဲ မထင်လျှင် မထင်သလို ပြုလုပ်ကြမည့်သဘောထား ရှိသူများဖြစ်ကြောင်း ပေါ်လွင်နေ၏။

ယင်ကျင်းသည် ထိုလူနှစ်ယောက်ကို သေသေချာချာ ကြည့်မိလိုက်လျှင် ....



"ဟာ ...."

လွှတ်ခနဲ အော်လိုက်၏။

လက်ထဲကိုင်ထားသော အကြမ်းပန်းကန်လုံးလည်း ကြမ်းပြင်ပေါ် လွတ်ကျသွားတော့သည်။

"ခွမ်း ...."

အကြမ်းပန်းကန်လုံးကျကွဲသွားသောသံကြောင့် ထိုလူနှစ်ယောက်က လှမ်းကြည့်လာကြလေသည်။

ယင်ကျင်း တစ်ကိုယ်လုံး တောင့်တင်းသွား၏။ အသက်ပင်မရှူဝံ့အောင် ဖြစ်သွားသည်။ ပြီးမှ သတိဝင်လာကာ ပန်းကန်ကွဲများကို ကောက်ယူရှင်းလင်းဖို့ ကြိုးစားမိလိုက်လေသည်။

ထိုစဉ် ....

"ခင်ဗျားတို့နှစ်ယောက် ဘယ်ပြေးမလဲ ...."

အော်ငေါက်သံထွက်ပေါ်လာသည်။

ဓားရှည်ကိုင်ထားသူတစ်ယောက်သည် ဆိုင်ထဲသို့ ပြေးဝင်လာပြီး ထိုလူနှစ်ယောက်အား တိုက်ခိုက်လိုက်သည်။

ထိုလူနှစ်ယောက်က အေးအေးဆေးဆေးပင်။ လူတစ်ယောက်က သူတို့ထံသို့ ဓားရှည်ကိုင်ကာ တိုက်ခိုက်ရန် ပြေးလာသည်ကို တွေ့ရသော်လည်း မဖြစ်သလိုရှိနေသည်။ တစ်ယောက်ကပြောသည်။

"ရွှေကျားမင်းသိုင်းအဖွဲ့ကထင်တယ် ...."

ကျန်တစ်ယောက်က ....

"ဘယ်သူပဲဖြစ်ဖြစ် အရေးမကြီးပါဘူးကွာ .... ငါတို့လို ဒုက္ခပေးလာမယ်ဆိုရင် သူ သေရမှာပဲ ...."

ခက်ထန်စွာပြောရင်း လက်ဖွေ့မယ်းလိုက်လေသည်။

"ဝှစ် .... "

ဓားမြှောင်တစ်လက်လွင့်သွားပြီး ဓားရှည်ကိုင်ထားသူ၏ရင်း
၌ စိုက်ဝင်သွားသည်။

"ဒုတ် .... "

"အား .... "

တာရှည်ကိုင်ထားသောသူမှာ တိုက်ခိုက်ဖို့ ကြိုးစားနေရုံရှိသေး
သည်။ တင်းမာခက်ထန်သူနှစ်ယောက်၏ လက်ချက်ဖြင့် အသက်
ပျောက်သွားလေတော့သည်။

"ဝှန်း .... "

ဓားတခြား လူတခြားဖြစ်ကာ ကြမ်းပြင်ပေါ် လဲကျသွားပြီး
တုတ်တုတ်မျှ မလှုပ်တော့ချေ။

ထိုလူနှစ်ယောက်သည် ဘာမှမဖြစ်သကဲ့သို့ဆက်ပြီး စား
သောက်နေလိုက်ကြသည်။

ယင်ကျင်းလည်း တည်ငြိမ်မှုရှိအောင် မနည်းစိတ်ထိန်းချုပ်နေရ
၏။ ထိုလူနှစ်ယောက်အား သေသေချာချာ တွေ့မြင်လိုက်သည်နှင့်
ဟန်မဆောင်နိုင်လောက်အောင်ပင် ကြက်သီးမွေးညင်းပျက်သွားမိသည် မဟုတ်ပါ
လား။ အကယ်၍ ဓားရှည်ကိုင်ကာ တိုက်ခိုက်မည့်သူတစ်ယောက် သာ
ရောက်မလာပါလျှင် ထိုလူနှစ်ယောက်သည် သူ့အပေါ် အာရုံစူး
စိုက်လာကြလိမ့်မည် ဖြစ်ပေသည်။

ဓားရှည်ကိုင်ကာ တိုက်ခိုက်မည့်သူ ရောက်လာသဖြင့် သူတို့
အာရုံပြောင်းသွားကြခြင်းဖြစ်သည်။

ယင်ကျင်း ကံကောင်းသွားပြီး ဓားရှည်ကိုင်ထားသူ ကံဆိုးသွား
လေတော့သည်။



ယင်ကျင်းသည် ထိုလူနှစ်ယောက်ကြောင့် ကြက်သီးမွေးညင်းပျက်သွားရ
သည်မှာ ထိုလူနှစ်ယောက်သည် ဘဏ္ဍာတော်များ လုယက်သည့် ဓား
ပြမှုတွေ ပါဝင်ပတ်သက်နေသူများဖြစ်ကြောင်း မှတ်မိလိုက်ခြင်းဖြစ်
ပါသည်။ ထိုသူများမှာ 'ရှောင်လုံ'နှင့် 'ဖုံးလွေ'ဆိုသော ထိပ်သီးသိုင်း
သမားကြီးနှစ်ယောက်ဖြစ်ပါသည်။

ယင်ကျင်းသည် ရှောင်လုံတို့အား နောက်ထပ်မကြည့်မိအောင်
သတိထားနေလိုက်သည်။ ဟန်မပျက်စားသောက်နေလိုက်သည်။

မဟာရန်သူတော်ကြီးများနှင့် အနီးကပ်တွေ့ဆုံလိုက်ရပါသော်
လည်း ယင်ကျင်းက မကြိုးစားဝံ့အောင် ဖြစ်နေ၏။ တော်ရုံတန်ရုံသိုင်း
ပညာဖြင့် ရှောင်လင်တို့အနီးသို့ပင် ချဉ်းကပ်၍မရကြောင်း ရွှေကျား
မင်းသိုင်းအဖွဲ့မှ ဓားရှည်ကိုင်ထားသူ၏ အဖြစ်ဆိုးက သက်သေခံနေ
သည် မဟုတ်ပါလား။

ရှောင်လုံနှင့် ဖုံးလွေတို့သည် သူတို့ကြောင့် လူတစ်ယောက်
သေဆုံးသွားသော်လည်း သူတို့နှင့် ဘာမှမဆိုင်သကဲ့သို့ ရှိနေပြီး အစား
အစာများကို အရသာခံကာ စားသောက်နေကြသည်။ စားသောက်
နေနိုင်ကြသည်။ အတန်ကြာ၍ စားသောက်ပြီးစီးသွားတော့မှ ရှောင်
လုံက စားပွဲကို ဖြန်းခဲမြည်အောင် လက်ဝါးဖြင့် ပုတ်လိုက်၏။

"ဆိုင်ရှင် .... ဘယ်မှာလဲ .... "

ဟုလည်း အသံဝါကြီးဖြင့် အော်ပြောလိုက်သည်။

"ရှိ .... ရှိပါတယ် .... လာပါပြီဗျာ .... "

အဘိုးအိုတစ်ယောက် ကပျာကယာပြေးလာ၏။

ရှောင်လုံက အဘိုးအိုကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး ခေါ်လိုက်
လေသည်။

"ဘာလဲ .... ခင်ဗျားဆိုင်မှာ လာပြီးစားသောက်တဲ့ လူကို ရန်ပြုစော်ကားဖို့ ခင်ဗျား စီစဉ်ထားတာလားဗျ .... "

"ဟာ .... မဟုတ်ပါဘူး၊ ကျုပ် .... ကျုပ်ဘာမှ မသိပါရဘူးဗျာ"

"ဟာ .... ခင်ဗျားမသိရမှာလဲ .... ခင်ဗျားဆိုင်မှာ လာစားလို့ ကျုပ်တို့ စော်ကားခံရတာ ခင်ဗျားမှာတာဝန်ရှိတယ် .... ကဲ .... ပြောစမ်း .... ခင်ဗျား ဘယ်လိုဖြေရှင်းမလဲ .... "

ရှောင်လုံသည် ဆိုင်ရှင်အဘိုးအိုအား တမင်အပြစ်ရှာနေခြင်း ဖြစ်ပေတော့သည်။ ဖုံးလွှဲဆိုသူက ဝင်ပြောသည်။

"အစားအသောက်တွေကလည်း ညံ့ဖျင်းလိုက်တာ .... ကျုပ်တို့ ရောက်လာရင် အကောင်းဆုံးဖြစ်အောင် ဧည့်ခံရမယ်ဆိုတာ ခင်ဗျား မသိဘူးလား .... ဒါ .... တမင်ကျုပ်တို့ကို အထင်သေးပြီး စော်ကားတာပဲ .... "

ယခု ....

ရှောင်လုံကော ဖုံးလွှဲပါ အထက်လမ်းထိပ်သီးသိုင်းသမားကြီးများအသွင် မရှိကြတော့ဘဲ ထင်ရာစိုင်းနေသည့် လူဆိုးဓားပြများပမာ ဖြစ်နေကြချေပြီ။

ဆိုင်ရှင် ခေါင်းငုံ့ကာရပ်နေ၏။ မဟုတ်မဟက်လုပ်ကြံစွပ်စွဲကာ အပြစ်ရှာခြင်းကြောင့် ပြန်ပြောဖို့စကားရှာမရအောင် ဖြစ်နေပုံရ၏။

ရှောင်လုံက ....

"ခင်ဗျားက စကားမပြောတာ ကျုပ်တို့ကို ဂရုမစိုက်တဲ့သဘောလား .... "

လက်မြန်ခြေမြန်ဖြင့် အဘိုးအိုအား ပါးရိုက်ချလိုက်လေသည်။

"အမလေးဗျ .... "



အဘိုးအို ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားသည်။ လက်နှစ်ဖက်ကာရင်း ပျာပျာသလဲ တောင်းပန်လိုက်လေသည်။

"ဂရုမစိုက်တာ မဟုတ်ပါဘူး .... ကျုပ်က .... "

ဖုံးလွှဲက ....

"တိတ်စမ်း .... ကျုပ်တို့ ခင်ဗျားဆိုင်မှာ မထီမဲ့မြင် စော်ကားခံရတာကို 'လက်ဆောင်ငွေ'ပေးပြီး ကျေနပ်အောင် တောင်းပန်မှပေါ့၊ ဘာလဲ .... ငွေငါးသောင်းလောက်ကို ခင်ဗျား နှမြောနေတာလား"

အဘိုးအိုက ....

"မ .... မနှမြောပါဘူးဗျာ .... "

ချက်ချင်းပင် ငွေငါးသောင်းယူပေးလိုက်သည်။ ရှောင်လုံနှင့် ဖုံးလွှဲကား အကြောင်းရှာကာ ဆိုင်ရှင်ထံမှ ခြိမ်းခြောက်ငွေညှစ်လိုက်ခြင်း ဖြစ်ပါသည်။

ငွေငါးသောင်းရသည်နှင့် ....

"အဘိုးကြီး .... သည်လိုလိမ္မာမှပေါ့ဗျာ .... "

သူတို့သည် တဟားဟား တဝါးဝါးရယ်မောပြီး ဆိုင်ထဲမှ ထွက်သွားကြလေတော့သည်။

ဆိုင်ရှင်အဘိုးအို စိတ်ပျက်စွာ ညည်းညူလိုက်၏။

"သူတို့ဟာ အရင်က အများကြည်ညိုလေးစားခံရတဲ့ အထက်လမ်းထိပ်သီးသိုင်းသမားကြီးတွေ ဖြစ်ခဲ့ကြပေမယ့် ဘဏ္ဍာတော် လုယက်ခဲ့ရတဲ့ကိစ္စမှာ ပါဝင်နေကြတယ်လို့ သက်သေမကင်းဖြစ်ခံနေရပြီးတဲ့နောက်ပိုင်း ဟန်ဆောင်မျက်နှာဖုံးတွေ ကွာကျသွားပြီး ပြောင်ပြောင်တင်းတင်းပဲ ထင်ရာစိုင်းကြတော့တာပဲ .... သူတို့က အထက်လမ်းသိုင်းသမားကြီးတွေ မဟုတ်တော့ဘူး .... အောက်လမ်းသိုင်းသမား

ကြီးတွေ ဖြစ်နေကြပြီ .... "

ယင်ကျင်း သက်ပြင်းချမိသည်။

ဘဏ္ဍာတော်လုယက်ခံရပြီး ထိပ်သီးသိုင်းသမားကြီးများ ပါဝင်ပတ်သက်မှုရှိနေသည်ဟူ၍ နယ်စားကြီး၏ သက်သေမကင်းခံရပြီးနောက် ထိုသတင်းမှာ လူတိုင်းသိသောသတင်း ဖြစ်သွား၏။

သို့သော် ....

ယခုအချိန်၌ ထိုသတင်းသည် မည်သို့မျှ အသုံးဝင်နိုင်တော့မည် မဟုတ်ပါ။ ဘဏ္ဍာတော်လုယက်တိုက်ခိုက်ခံရသည့်ကိစ္စ၌ ပါဝင်သည်ဟုလည်း ပြောဝံ့ကြမည် မဟုတ်ပါ။

လူတိုင်းလူတိုင်းသည် ထိပ်သီးသိုင်းသမားကြီးများအား စိုးရွံ့နေကြသည် မဟုတ်ပါလား။

"ရှောင်လုံနဲ့ ဖုံးလွှေတို့ကတော့ အရှက်နဲ့ ဂုဏ်သိက္ခာကို အရေးမထားဘဲ ထင်ရာစိုင်းနေကြပြီ .... သူတို့ရဲ့ သိုင်းပညာမြင့်မားတော့ အများပြည်သူ ဒုက္ခရောက်နေရတယ် .... သူတို့ကို ဆုံးမနိုင်မယ့်လူ မရှိတော့ဘူးလား .... "

ယင်ကျင်းလည်း ဆိုင်ရှင်ကဲ့သို့ ညည်းတွားမိ၏။

ထိုစဉ် .... ဆူဆူညံညံအသံများ ထွက်ပေါ်လာကာ လူတစ်စုဆိုင်ထဲဝင်ရောက်လာကြပြန်သည်။

ထိုလူစုများ ကိုယ်ကြပ်အင်္ကျီများ ဝတ်ဆင်ထားကြသဖြင့် သိုင်းသမားများဖြစ်ကြောင်း ထင်ရှားနေသည်။ ထိုလူများသည် ဝမ်းနည်းကြေကွဲနေကြသလို ခံပြင်းဒေါသထွက်နေကြပုံလည်းရှိကြသည်။

"အစ်ကိုလေးတော့ ကံဆိုးသွားပြီ .... "

"သည်လူတွေဟာ ထိပ်သီးသိုင်းသမားကြီးတွေဖြစ်ပြီး ကိုယ့်



ထက် သိုင်းပညာနိမ့်တဲ့လူတွေကို စော်ကားတဲ့အပြင် ရက်ရက်စက်စက် သတ်ပစ်လိုက်ကြတာ လုံးဝမတရားဘူး .... "

ရွှေကျားမင်း သိုင်းအဖွဲ့မှလူများ ဖြစ်နေသည်။

တစ်ယောက်တစ်ပေါက်ပြောရင်း သေဆုံးနေသူ၏အလောင်းကို သယ်ဆောင်သွားကြသည်။ ယင်ကျင်း စိတ်မကောင်းဖြစ်နေသည်။

ဆိုင်ရှင်အဘိုးအိုအနီးသို့ ချဉ်းကပ်ကာ မေးမြန်းစုံစမ်းကြည့်လိုက်လေသည်။

"အဘ .... သူတို့ဟာ ရွှေကျားမင်းသိုင်းအဖွဲ့ကလူတွေလား"

အဘိုးအိုက ....

"ဟုတ်တယ်ကွဲ့ .... သည်မြို့မှာ သူတို့အဖွဲ့ဟာ ရပ်ရွာအေးချမ်းသာယာရေးကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနေကြတာပေါ့ .... မောင်ရင်လေးတွေ့တဲ့အတိုင်း ထိပ်သီးသိုင်းသမားကြီးတွေဆိုတဲ့ လူနှစ်ယောက်ရောက်လာကြတော့ ရွှေကျားမင်းသိုင်းအဖွဲ့က လေးလေးစားစားပဲ ကြိုဆိုပြီး ဧည့်ဝတ်ပြုကြတယ် .... ဒါကို ရှောင်လုံတို့က အခွင့်ကောင်းယူပြီး ရွှေကျားမင်းသိုင်းအဖွဲ့က မိန်းမပျိုတချို့ကို စော်ကားဖို့ ကြိုးစားတယ်ဆိုပြီး ပြဿနာရှာတော့တာပဲ .... သူတို့ရဲ့လက်ချက်နဲ့ ရွှေကျားမင်းသိုင်းအဖွဲ့ကလူတွေ အတော်များများ ထိခိုက်ဒဏ်ရာ ရသွားတယ် .... သူတို့က ဂရုမစိုက်ဘူး .... ထွက်မသွားကြသေးဘဲ သည်မြို့မှာပဲ တစ်ညအိပ်ပြီး ခုမနက် ကျူပ်ဆိုင်ကိုလာပြီး ဒုက္ခပေးကြတာလေ .... "

ရှောင်လုံနှင့် ဖုံးလွှေကား ဘာကိုမှ ဂရုမစိုက်ဘဲ သိုင်းပညာအားကိုးဖြင့် ထင်တိုင်းကျဲနေကြပြီဖြစ်ပါသည်။ ရွှေကျားမင်းသိုင်းအဖွဲ့သားများသည် လုံးဝကျေနပ်ကြမည် မဟုတ်ပါ။

ယင်ကျင်းက ခံပြင်းစွာပြောလိုက်သည်။

"သည်လူတွေဟာ တကယ့်လူဆိုး လူယုတ်မာတွေပါပဲ"

ထိုနောက် ကျသင့်ငွေချေကာ ဆိုင်ထဲမှ ထွက်လာခဲ့လေတော့သည်။ ဆိုင်အပြင်ဘက် လမ်းပေါ်သို့ရောက်သောအခါ တစ်မြို့လုံး လှုပ်လှုပ်ရွရွ ဖြစ်နေသည်ကို တွေ့ရ၏။

ရှောင်လုံနှင့် ဖုံးလွှေတို့ သောင်းကျန်းခဲ့ခြင်းကြောင့် မကျေမနပ်ဖြစ်နေကြခြင်းပင်။ ယင်ကျင်း စိတ်မကောင်းဖြစ်မိသည်။

"သည်လူတွေကို မဆုံးမလို့ မဖြစ်တော့ဘူး"

ထိုစဉ် ....

"မြန်မြန်လာကြဟေ့ .... "

အော်ဟစ်ပြောဆိုသံများနှင့်အတူ လူတစ်စု ပြေးလွှားလာနေကြသည်ကို တွေ့ရ၏။ လက်နက်ကိုယ်စီကိုင်ဆောင်ထားကြသော ရွှေကျားမင်းသိုင်းအဖွဲ့သားများ ဖြစ်ကြသည်။

ရွှေကျားမင်းအဖွဲ့သားများသည် စုရုံးကာ မြို့အနောက်ဘက်သို့ ပြေးလွှားသွားကြခြင်းဖြစ်သည်။ ယင်ကျင်း စိတ်လှုပ်ရှားသွားသည်။

"ရှောင်လုံတို့နောက်ကို လိုက်သွားကြမလို့ ဖြစ်မယ်ထင်တယ်"

မခံမရပ်နိုင်အောင် ဖြစ်နေကြသော ရွှေကျားမင်းအဖွဲ့သားများမှာ ရှောင်လုံတို့နှင့် ရင်ဆိုင်ကြတော့မည်မှာ သေချာနေပါတော့သည်။

ယင်ကျင်း မနေနိုင်တော့ပါ။

ရွှေကျားမင်းအဖွဲ့သားများနောက်သို့ ပြေးလွှားလိုက်ပါသွားတော့သည်။





အခန်း(၁၃)

## မိန်းမချောလေး၏ အဖြစ်ဆိုး

မြို့ပြင်တွင် စိမ်းလန်းသော တောအုပ်တစ်ခုရှိသည်။

တောအုပ်အတွင်း၌ မြေကွက်လက်တစ်ခု ရှိလေ၏။ ရွှေကျားမင်း သိုင်းအဖွဲ့သားများသည် တောအုပ်အတွင်းရှိ မြေကွက်လပ်သို့ ရောက်လျှင် ရှောင်လုံနှင့် ဖုံးလွှေတို့အား မီသွားကြသည်။

ရွှေကျားမင်းသိုင်းအဖွဲ့သားများအား ခေါင်းဆောင်လာသည့် စုံးဝမ်ကျက်ဆိုသူက အော်ငေါက်လိုက်သည်။

"လူယုတ်မာကြီးတွေ .... ခင်ဗျားတို့ သည်အတိုင်း ထွက်သွားလို့ မရတော့ဘူး .... "

ရှောင်လုံနှင့် ဖုံးလွှေတို့သည် စုံးဝမ်ကျက်ဦးဆောင်သော ရွှေကျားမင်းအဖွဲ့သားများ ပြေးလိုက်လာသည်ကိုမြင်လျှင် တဟားဟား ရယ်မောလိုက်ကြသည်။

"ဟား .... ဟား .... ဟား .... "

"ရွှေကျားမင်းသိုင်းအဖွဲ့က လူတွေကို ဆုံးမထားတာ မမှတ်မိသေးဘူး ထင်တယ် .... "

"မမှတ်သေးရင်လည်း တစ်သက်လုံးမှတ်သွားအောင် ဆုံးမလိုက်ကြတာပေါ့ကွာ .... "

ရှောင်လုံက စူးဝမ်ကျက်အား မြေပြင်တစ်နေရာသို့ လက်ညှိုးညွှန်ပြလိုက်လေသည်။

"ကျုပ်တို့ကို မတိုက်နိုက်ခင် မင်းလူတွေကို မြေကျင်းအရင်တူးခိုင်းထားလိုက်ရင် ကောင်းလိမ့်မယ် .... "

"ဘာဗျ .... "

"ဒါမှ ငါတို့လက်ချက်နဲ့ သေသွားရင် မင်းတို့ကို မြှုပ်နှံဖို့ မြေကျင်းအဆင်သင့်ရှိမှာပေါ့ .... "

စူးဝမ်ကျက် ဒေါသအမျက်ခြောင်းခြောင်းထွက်သွား၏။

"ကျုပ်တို့ကတော့ ခင်ဗျားတို့ဟာ ထိပ်သီးသိုင်းသမားကြီးတွေဆိုပြီး နာမည်ပျက်ရှိတာကို ကြားသိထားတာတောင် လေးလေးစားစား ဆက်ဆံခဲ့တယ် .... ခင်ဗျားတို့ကတော့ ကိုယ့်ရဲ့ဂုဏ်သိက္ခာကိုတောင် မထောက်ထားဘဲ သိုင်းပညာအားကိုးနဲ့ မောက်မာတယ် .... ရက်စက်ယုတ်မာကြတယ် .... ခင်ဗျားတို့ကို မယှဉ်နိုင်မှန်းသိပေမယ့် မတရားလုပ်တာကို ဘယ်နည်းနဲ့မှ ခေါင်းငုံ့မခံနိုင်ဘူးဗျ .... "

"ဟုတ်တယ် .... ဟုတ်တယ် .... "

ရွှေကျားမင်းသိုင်းအဖွဲ့သားများက .... တညီတညွတ်တည်းထောက်ခံလိုက်ကြလေသည်။

"ဟား .... ဟား .... ဟား .... "

ရှောင်လုံက တဟားဟားရယ်မောလိုက်ပြန်သည်။

"မင်းတို့ မယှဉ်နိုင်မှန်းသိလျက်နဲ့ ယှဉ်ချင်ကြတာကိုး .... ဒါကြောင့် မြေကျင်းအရင်တူးခိုင်းထားတာပေါ့ကွာ .... "



စူးဝမ်ကျက်က

"ကျုပ်တို့သေသွားတာ ဘာအရေးလဲ .... ရှက်စရာ မဟုတ်ဘူး၊ ခင်ဗျားတို့သာ အရှက်မရှိတဲ့လူတွေ .... ကဲ .... သေဖို့သာ ပြင်ထားပေတော့ .... "

အော်ဟစ်ကြုံးဝါးရင်း ဓားဖွေ့ယမ်းကာ ပြေးဝင်တိုက်နိုက်လိုက်တော့သည်။

"တိုက်ကြဟေ့ .... "

"စော်ကားခံရတာထက် သေရတာက မြတ်သေးတယ် .... အရှုံးမပေးကြနဲ့ .... "

"ရွှေကျားမင်းသိုင်းအဖွဲ့ရဲ့ဂုဏ်သိက္ခာအတွက် အသက်စွန့်ကြစို့"

ညာသံများပေးကာ တခဲနက်တိုက်နိုက်လိုက်ကြခြင်းဖြစ်သည်။

ရှောင်လုံနှင့် ဖုံးလွေတို့က တဟားဟားရယ်မောနေကြပါသည်။

ရွှေကျားမင်းအဖွဲ့သားများကို အမှုမထားဘဲ မညှာမတာ ပြန်လည်တိုက်နိုက်ပစ်လိုက်သည်။

ပြင်းထန်သောတိုက်ပွဲ ဖြစ်ပေါ်လာသည်။

"အား .... "

"ဝုန်း .... "

"အမလေး .... "

"သေပါပြီဗျ .... "

စူးရှသောအော်ဟစ်သံများလည်း ကျွက်ကျွက်ညံသွားလေတော့သည်။ တိုက်ပွဲကား ပြင်းထန်လှသည်။

သို့သော် ရွှေကျားမင်းအဖွဲ့သားများသည် လူများသော်လည်း သိုင်းပညာအရ ရှောင်လုံတို့နှစ်ယောက်အား လုံးဝမယှဉ်နိုင်ကြချေ။

တိုက်ပွဲမှာ တစ်ဘက်သတ်ဆန်လှပတော့သည်။

ရှောင်လုံနှင့် ဖုံးလွေတို့ကလည်း မညှာဘဲ ရက်ရက်စက်စက် တုံ့ပြန်ကြသည်ဖြစ်ရာ ရွှေကျားမင်းအဖွဲ့သားများ တစ်ခဏအတွင်း အရေးနိမ့်သွားကြလေတော့သည်။

စိမ်းလန်းသော တောအုပ်အတွင်း၌ သွေးရောင်လွှမ်းသွားသည်။ ရွှေကျားမင်းအဖွဲ့သားများသည် မယှဉ်နိုင်မှန်း သိကြသော်လည်း အသက်စွန့်ရင်ဆိုင်ကြလေ၏။

နောက်ဆုတ်ထွက်ပြေးဖို့ တစ်ယောက်မှ မစဉ်းစားကြပါ။

ထို့ကြောင့် တိုက်ပွဲဖြစ်ပွားပြီး တစ်ခဏအကြာတွင် ခေါင်းဆောင်လာသော စူးဝမ်ကျက်အပါအဝင် အဖွဲ့သားအားလုံး မြေပေါ်လဲကျသေဆုံးသွားကြသည်။

သစ်ပင်တစ်ပင်၏ နောက်ကွယ်မှနေ၍ တိုက်ပွဲအား ချောင်းကြည့်နေသည့် ယင်ကျင်း၏တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ယင်နေပါသည်။ ကြောက်ရွံ့ထိတ်လန့်စိတ်၊ ခံပြင်းစိတ်များ ရောထွေးကာ ဆောက်တည်ရာမရ ဖြစ်နေသည်။

စူးဝမ်ကျက်တို့လူစုကား သူ့ရဲကောင်းများ ပီသစွာ အသက်စွန့်လွှတ်သွားကြပြီဖြစ်ပါသည်။

"ငါတော့ .... "

ယင်ကျင်း ကိုယ့်ကိုယ်ကိုယ် မေးလိုက်သည်။

အသက်စွန့်ရမည်ကို သူ ဝန်မလေးတော့ပါ။

သို့သော် ....

"ငါက အသေခံပြီး တိုက်ခိုက်တော့ကော ဘာများ အကြောင်းထူးမှာလဲ .... သူတို့က ငါ့ကို ရှင်းပစ်ပြီး ထင်တိုင်းကြဲနေကြဦးမှာ၊



သူတို့ကို ရှင်းပစ်နိုင်မှ ငါ့ရည်ရွယ်ချက်အောင်မြင်မှာ .... "

သူသည် စိတ်နောက်ကိုယ်ပါ သွားရောက်ယှဉ်ပြိုင်ခြင်း မပြုဖို့ ဆုံးဖြတ်လိုက်၏။

အသက်ရှင်နေသေးလျှင် ရှောင်လုံတို့လူသိုက်အား ဆုံးမနိုင်တော့မည့်နည်းလမ်းကို ရှာဖွေတွေ့ရှိနိုင်သေးသည် မဟုတ်ပါလား။

ယင်ကျင်း သစ်ပင်နောက်ကွယ်မှ မထွက်ဘဲနေလိုက်သည်။

ထိုစဉ် ....

"မင်း ဘာကြောင့်ပုန်းနေတာလဲ .... "

ရှောင်လုံ၏အော်ငေါက်သံ ထွက်ပေါ်လာလေသည်။

ယင်ကျင်း ထိတ်လန့်သွား၏။

သူပုန်းအောင်းနေသည်ကို ရှောင်လုံတို့ သိရှိသွားကြပြီလော။

ယင်ကျင်း အံကြိတ်လိုက်သည်။

မထူးတော့သဖြင့် အသက်စွန့်ရင်ဆိုင်တော့မည်ဟု ဆုံးဖြတ်ကာ သစ်ပပင်နောက်ကွယ်မှ လှမ်းထွက်ရန် ဟန်ပြင်လိုက်စဉ်မှာပင်

"ကျွန် .... ကျွန်မကို ချမ်းသာပေးပါရှင် .... "

မိန်းကလေးတစ်ယောက်၏အသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ယင်ကျင်း ခေါင်းထွက်ပြီး ကြည့်လိုက်သောအခါ ချုံပုတ်ကြီးနောက်ကွယ်မှ မိန်းမချောလေးတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့လိုက်ရလေသည်။ ထိုမိန်းမချောလေးကိုမြင်လျှင် ရှောင်လုံတို့ မျက်မှောင်ကုတ်သွားကြလေသည်။ ရှောင်လုံက မေးသည်။

"မင်းဟာ ရွှေကျားမင်းသိုင်းအဖွဲ့က မဟုတ်ဘူးထင်တယ်"

မိန်းကလေး ခေါင်းခါယမ်းလိုက်သည်။

"ဟာ .... မဟုတ်ပါဘူးရှင် .... "

"ဒါဖြင့် .... မင်းက ဘယ်သူလဲ .... ပြောပါဦး .... "

"ကျွန်မ ဝှာလင်းပါ .... ကျွန်မတို့ အဖော်တစ်စု အပျော်ခရီး ထွက်လာရင်း လမ်းမှာ လူတစ်ယောက်က အတင်းလိုက်ဖမ်းတာနဲ့ ထွက်ပြေးလာခဲ့တာပါရှင် .... "

"မင်းရဲ့အဖော်တွေကော .... "

"သူ .... သူတို့ .... "

ဝှာလင်းဆိုသော မိန်းမချောလေး မပြောတတ်ချေ။

ဝမ်းနည်းကြေကွဲနေပြီး မျက်ရည်များ ကျဆင်းလာ၏။

သူမသည် အဖော်များနှင့် ကွဲကာ ခြေဦးတည့်ရာ ပြေးလာရင်း ဤနေရာသို့ ရောက်လာပုံရှိသည်။ ဖုံးလွှေက မေးလိုက်သည်။

"မင်းကို လိုက်ဖမ်းတဲ့လူကကော ဘယ်သူလဲ .... "

ဖုံးလွှေနှင့် ရှောင်လုံတို့သည် မိန်းမချောလေးဝှာလင်းအား မေးနေကြသော်လည်း သူမအား ကူညီမည့်သူများ မဟုတ်ကြဘဲ ဒုက္ခ ပေးကြမည့်သူများဖြစ်ကြောင်း ဝှာလင်း သိမည်မဟုတ်ဟုတွေးကာ ယင်ကျင်း စိတ်မကောင်းဖြစ်မိတော့သည်။

ဝှာလင်း ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မ .... မသိပါဘူးရှင် .... "

ထိုအချိန်မှာပင် ....

"မိန်းကလေး .... မင်းပုန်းနေလို့ ကျုပ်လက်က လွတ်မယ် ထင်နေသလား .... "

ကျယ်လောင်သော ကြုံးဝါးသံ ထွက်ပေါ်လာသည်။

လူတစ်ယောက် ပြေးလွှားရောက်ရှိလာသည်ကို တွေ့ကလိုက်ရ



သည်။ ထိုလူမှာ အစိမ်းရောင်အဝတ်အစားများ ဝတ်ထားပြီး ရုတ်တရက်ကြည့်လျှင် မင်းညီမင်းသားတစ်ပါးနှင့် တူနေသည်။

ထိုလူကိုမြင်သည်နှင့် ရှောင်လုံနှင့် ဖုံးလွှေတို့ တဟားဟားနှင့် အော်ဟစ်ရယ်မောတော့သည်။

"ဟား .... ဟား .... ဟား .... "

"ဟား .... ဟား .... ဟား .... "

ယင်ကျင်းလည်း ထိုလူအား ချက်ချင်းမှတ်မိလိုက်၏။ ထိုလူမှာ ဘဏ္ဍာတော်လုယက်တိုက်ခိုက်ခဲ့ကြသူများ၌ ပါဝင်နေသူ မဟုတ်ပါလား။ 'သူဌေးသားဆုထင်း' ဟု သတင်းကြီးသည့် ထိပ်သီးသိုင်းသမားကြီးဖြစ်သည်။

ယင်ကျင်းစုံစမ်းခဲ့သည့် နောက်ပိုင်းတွင် 'သူဌေးသား'ဘွဲ့ခံယူထားသော စုထင်းသည် လောင်းကစားဝါသနာထုံသည့်အပြင် အလွန်မိန်းမပွေသူဖြစ်ကြောင်းလည်း သိခဲ့ရလေသည်။

စုထင်းသည် ဝှာလင်းနှင့်အတူ ရှောင်လုံ၊ ဖုံးလွှေတို့အား တွေ့လိုက်ရသဖြင့် အံ့သြသွား၏။

"လက်စသတ်တော့ မိတ်ဟောင်းဆွေဟောင်းတွေကိုး"

ရှောင်လုံက ....

"စုထင်း၊ မင်းက မိန်းကလေးတစ်ယောက်တို့ သည်လောက်သဲကြီးမဲကြီး ဖြစ်နေရသလားကွာ .... "

စုထင်းက ....

"ကြည့်စမ်းပါဦး .... ဘယ်လောက်ချောတဲ့ မိန်းကလေးလဲ၊ ကျုပ်ဝါသနာကို ခင်ဗျားတို့ သိပါတယ်လေ .... "

"ထားပါတော့လေ .... မင်းဟာ နာမည်ကျော်သိုင်းသမားကြီး

တစ်ယောက်ဆိုတာ မေ့နေပြီလား .... ”

“ခင်ဗျားတို့ကကော .... ”

စုထင်းက ပြန်မေးသည်။

ရှောင်လုံက ....

“ကျုပ်တို့က နာမည်ပျက်နေပြီလေ .... ယင့်နန်နယ်စားကြီးက ဟိုကိစ္စကို ရိပ်မိသွားပြီး လိုက်စုံစမ်းနေတော့ လူတွေက မသင်္ကာဖြစ်လာကြတာပေါ့ .... ”

ဖုံးလွေက ....

“သည်လောက်တောင် မသင်္ကာဖြစ်နေတော့ မထူးဘူး .... ကျုပ်တို့ လုပ်ချင်ရာလုပ်မယ် .... ဘာပြောကြဦးမလဲဆိုတော့ .... ကဲ .... ကဲ .... ဘယ်သူမှ ဘာမှမပြောဘဲကြပါလားဗျာ .... ”

သူသည် ပြောပြီးရယ်မောနေသည်။

စုထင်းက ....

“မှန်လိုက်လေဗျာ .... လွတ်ငြိမ်းချမ်းသာခွင့်လည်း ထုတ်ပြန်လိုက်ပြီ .... ယင်နန်နယ်စားကြီးလည်း ကွယ်လွန်သွားခဲ့ပြီ .... ဘဏ္ဍာတော်လုယက်ခံရတဲ့ကိစ္စ ပြီးဆုံးသွားပြီ .... အားလုံးပြည်ဖုံးကားချလိုက်တာတောင် ကျုပ်တို့ကို မယုံတဲ့လူတွေ ရှိနေသေးတယ် .... ဒါကြောင့် ကျုပ်က ဂရုမစိုက်ဘူးဆိုတာ လက်တွေ့ပြတဲ့သဘောနဲ့ လုပ်ချင်ရာလုပ်နေတာ .... ကျုပ်ရခဲ့တဲ့ ဝေစုကို အရင်းပြုပြီး အပျော်ကဟာနဲ့ လောင်းကစားဝိုင်းတောင်ပြီး သိုင်းလောကမှာ နေပြလိုက်ဦးမယ်”

ရှောင်လုံက ....

“ခင်ဗျားရဲ့ဝေစုကို ခင်ဗျားသုံးလို့ မကုန်သေးဘူးလား”

စုထင်းက ပြန်မေးသည်။



“ခင်ဗျားတို့ကော ကုန်သွားပြီလား .... ”

ရှောင်လုံနှင့် ဖုံးလွေတို့ ပြိုင်တူခေါင်းညိတ်လိုက်ကြလေသည်။

“တစ်ပြားတစ်ချပ်တောင်မရှိတော့ဘူး .... ”

“ဒါကြောင့် နောက်ထပ်ဓားပြတိုက်ရင် ကောင်းမားလို့ စဉ်းစားနေတာ .... ”

စုထင်း လက်ကာပြလိုက်သည်။

“သည်တစ်ခါတော့ ကျုပ်မပါချင်တော့ပါဘူး .... ခင်ဗျားတို့နဲ့ ကြုံတုန်းဆုံတုန်း ဧည့်ခံပြုစုချင်သေးတယ် .... ကျုပ်နဲ့ လိုက်ခဲ့ပါလား”

ရှောင်လုံက ဖုံးလွေကို မေးလိုက်သည်။

“ဘယ်လိုသဘောရသလဲ .... ”

ဖုံးလွေက ....

“ကောင်းတာပေါ့ .... သူ ဘယ်လောက်ဧည့်ဝတ်ကျေမယ်ဆိုတာ ကြည့်ချင်သေးတယ် .... ”

စုထင်းက ....

“လိုက်သာလိုက်ခဲ့စမ်းပါ .... ခင်ဗျားတို့ ကျေနပ်စေရပါ့မယ်၊ ကျုပ် တာဝန်ယူပါတယ် .... ”

ရှောင်လုံက မိန်းမချောလေး ဗာလင်းကိုညွှန်ပြလိုက်လေသည်။

“သူ့ကိုကော ဘယ်လိုလုပ်မလဲ .... ”

စုထင်းက ပြုံးလိုက်သည်။

“ကိစ္စမရှိဘူး .... ကျုပ်တာဝန်ယူပါ့မယ် .... ”

ရုတ်တရက် ရှေ့တိုးသွားပြီး ဗာလင်းအား သွေးကြောပိတ်လိုက်လေသည်။ ဗာလင်းသည် အခြေအနေမဟန်မှန်းသိ၍ ထွက်ပြေးဖို့ကြိုးစားလိုက်သော်လည်း နောက်ကျသွားပြီဖြစ်ပါသည်။

"အင့် .... "

သွေးကြောပိတ်ခံရကာ မလှုပ်မယှက် ဖြစ်သွား၏။

စုထင်းက သူမအား ပွေ့ချီကာ ပခုံးပေါ် ထမ်းလိုက်လေသည်။

ထို့နောက် ....

"ကဲ .... သွားကြစို့ .... "

ရှေ့မှ ဦးဆောင်ထွက်သွားလေတော့သည်။

ရောင်လုံနှင့် ဖုံးလွှတို့လည်း ရယ်မောရင်း လိုက်သွားကြသည်။ သူတို့ မြင်ကွင်းမှ ပျောက်ကွယ်သွားတော့မှ ယင်ကျင်း ပုန်းကွယ်ရာမှ လှမ်းထွက်လိုက်လေသည်။

မိန်းမချောလေးတစ်ယောက်လည်းအတွက် စိတ်မကောင်းဖြစ်မိသည်။

မြေပေါ်လဲကျသေဆုံးနေကြသော ရွှေကျားမင်းသိုင်းအဖွဲ့သားများကိုကြည့်ရင်း ဖုံးချိန်အာမခံဌာနအဖွဲ့သားများကို မြင်ယောင်လာလေသည်။ ယင်ကျင်း အံကြိတ်လိုက်သည်။

"သည်ကိစ္စတွေကို ကျုပ် မှတ်ထားလိုက်ပါ့မယ် .... တစ်နေ့ကျရင် အားလုံးပေါင်းပြီး သူတို့ပြန်ပေးဆပ်ရပါလိမ့်မယ် .... "

ရွှေကျားမင်းအဖွဲ့သားများအား ကောင်းမွန်စွာ မြုပ်နှံသင်္ဂြိုဟ်ပေးပြီးမှ တောအုပ်ထဲမှ ထွက်လာခဲ့လေတော့သည်။

၊ ၊



အခန်း(၁၄)

## ထူးခြားသော အသိုးအိမ်

သိုင်းလောက၏နာမည်ကျော် ရောင်လင်ကျောင်းတော်ကြီးသို့ ယင်ကျင်း ရောက်ရှိလာခဲ့သည်။ ရောင်လင်ကျောင်း၏ ကြီးကျယ်ခမ်းနားပုံကား ယင်ကျင်းအတွက် ရင်သပ်ရှုမောဖြစ်ရသည်။

"ရောင်လင်ကျောင်းတော်ကြီးမှာသာ ပညာသင်ကြားနိုင်မယ်ဆိုရင် လူယုတ်မာတွေကို ကောင်းကောင်းကြီး ဆုံးမနိုင်မှာပဲ"

သူသည် မျှော်လင့်ချက်ကြီးစွာဖြင့် ရောင်လင်ကျောင်းတော်ကြီးသို့ ရောက်ရှိလာခဲ့ခြင်းလည်း ဖြစ်ပါသည်။

ရောင်လင်ကျောင်းသားတစ်ယောက်သည် ယင်ကျင်းကို ကြိုဆိုပြီး လာရင်းကိစ္စမေးသည်။

ယင်ကျင်းက သိုင်းပညာသင်ယူလိုသဖြင့် လာရောက်ခဲ့ကြောင်း ပြောပြသောအခါ ဧည့်ကြိုတာဝန်ခံထံသို့ ခေါ်ဆောင်သွားသည်။

တာဝန်ခံနှင့် တွေ့ရသောအခါ ....

"မောင်ရင်လေးက သိုင်းပညာသင်ချင်လို့ လာခဲ့တာ ဟုတ်လား .... "

"ဟုတ်ပါတယ် ခင်ဗျာ .... "

"ကောင်းပြီ .... သိုင်းပညာကို ဘာကြောင့်သင်ချင်ရတာလဲ ပြောပါဦး .... "

"ကျွန်တော့်ရဲ့ရန်သူတွေကို လက်စားချေချင်လို့ပါ .... "

ယင်ကျင်းက မှင့်မှင့်လင်းလင်း ပြောလိုက်၏။

ဧည့်ကြိုတာဝန်ခံကလည်း ရှင်းရှင်းလင်းလင်းပင် ပြောကြားလေသည်။

"ဒါဆိုရင် မောင်ရင်လေး ပြန်နိုင်ပါပြီကွယ် .... "

"ဗျာ .... "

ယင်ကျင်း ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"ကျွန်တော် သိုင်းပညာမသင်ရဘူးလား ခင်ဗျာ .... "

ဧည့်ကြိုတာဝန်ခံက ....

"ရှောင်လင်ကျောင်းက သိုင်းပညာကို လွယ်လွယ်နဲ့ သင်လို့မရပါဘူး၊ ရန်သူကို လက်စားချေဖို့ဆိုရင် ပိုပြီးသင်လို့ရမှာ မဟုတ်ပါဘူး"

"ကျွန်တော် .... "

"မောင်ရင်လေး ပြန်နိုင်ပါပြီကွယ် .... "

ယင်ကျင်း ဘာမှ မတတ်နိုင်တော့ပါ။

ရှောင်လင်ကျောင်းအား ကျောနိုင်းကာ ထွက်လာခဲ့ရလေတော့သည်။ သူသည် ခေါင်းငိုက်စိုက်ချကာ ထွက်လာခဲ့၏။ သူ ထွက်လာသည်မှာ ကျေးလက်တောရွာလေးသို့ မဟုတ်ပါလား။

ဝူတန်းတောင် .... ။

ဝူတန်းတောင်ခြေသို့ရောက်သောအခါ ယင်ကျင်းမှာ အလွန် ပင်ပန်းနွမ်းနယ်နေပြီဖြစ်ပါသည်။



သို့သော် ....

ဝူတန်းတောင်သို့ အရောက်လာနိုင်ခဲ့သဖြင့် ကျေနပ်နေမိပါသည်။ ရှောင်လင်ကျောင်း၌ သိုင်းပညာသင်ကြားခွင့် မရခဲ့သော်လည်း ဝူတန်းဂိုဏ်း၌ သင်ယူနိုင်ပါက လူယုတ်မာများအား ဆုံးမနိုင်လိမ့်မည် မဟုတ်ပါလား။ မဟာရန်သူတော် ကိုးယောက်အား ဆုံးမနိုင်ဖို့ သူ့တွင် ထိပ်တန်းသိုင်းပညာရှိမှ ဖြစ်မည်ကို ယင်ကျင်း နားလည်သဘောပေါက်လာသည်။ ယင်ကျင်းက ဝူတန်းတောင်ခြေရှိ ဧည့်သည်များ အနားယူရန် ဆောက်လုပ်ထားသော ဇရပ်ကလေး၌ ခေတ္တအနားယူနေစဉ် ရသေ့ကြီးတစ်ပါး ရောက်ရှိလာ၏။ ဝူတန်းဂိုဏ်းမှ အရေးပါအရာရောက်သူတစ်ယောက် ဖြစ်ပုံရလေသည်။

ယင်ကျင်း ချက်ချင်းဂါရဝပြုလိုက်သည်။

"ကျွန်တော်က ယင်ကျင်းပါ .... ဝူတန်းတောင်မှာ သိုင်းပညာသင်ယူဖို့ လာခဲ့တာပါ ခင်ဗျာ .... "

ရသေ့ကြီး ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်လေသည်။

"ဝူတန်းမှာ ပညာသင်ပြီး သိုင်းလောကမှာ အောင်မြင်ကျော်ကြားနေတဲ့ သိုင်းသမားတွေ အများကြီးရှိပါတယ် .... ကြိုးစားမယ်၊ ခွဲလုံ့လရှိမယ်ဆိုရင် အချိန်တန်တဲ့အခါ ထိပ်တန်းသိုင်းသမားတစ်ယောက် ဖြစ်လာမှာပါ .... ဝူတန်းတောင်ရဲ့ စည်းမျဉ်းစည်းကမ်းတွေကိုလည်း တစ်သဝေမတိမ်း လိုက်နာရလိမ့်မယ် .... "

ယင်ကျင်းက အားတတ်သရော ပြောလိုက်သည်။

"ကျွန်တော် လိုက်နာပြီး အစွမ်းကုန်ကြိုးစားသွားမှာပါ ခင်ဗျာ"

ရသေ့ကြီးက ယင်ကျင်းအား ခြေဆုံးခေါင်းဆုံးကြည့်လိုက်လေသည်။

"အင်း .... မင်းရဲ့ ခန္ဓာကိုယ် အရိုးအဆက်ကိုကြည့်ရတာ သိုင်းပညာသင်ဖို့ သင့်လျော်တဲ့ သဘောရှိတယ် .... "

ယင်ကျင်း ဝမ်းသာနေ၏။ ရသေ့ကြီးကမေးသည်။

"နေပါဦး .... မင်းက ဘယ်လိုရည်ရွယ်ချက်နဲ့ ဝူတန်းတောင်မှာ သိုင်းပညာသင်ချင်တာလဲ ပြောပါဦး .... "

ယင်ကျင်းက အားမာန်အပြည့်ဖြင့် ပြောလိုက်၏။

"ကျွန်တော့်ရဲ့ ရန်သူတွေကို လက်စားချေ ဆုံးမချင်လို့ပါ"

"ဟေ .... "

"ကျွန်တော် သိုင်းပညာပြည့်စုံပြီဆိုတာနဲ့ သူတို့ကို ဆုံးမရေးမှန်းပစ်မှာပါ .... သူတို့ဟာ ကျွန်တော့်ဆရာနဲ့ ရဲဘော်တွေကို သတ်ဖြတ်ခဲ့ပါတယ် .... "

ရသေ့ကြီး ပင့်သက်ရှိုက်လိုက်သည်။

"သည်လိုဆိုရင်တော့ မောင်ရင်လေးနောက်ကြောင်း လှည့်ပြန်တာ အကောင်းဆုံးပါပဲ .... "

"ဗျာ .... "

"ပြန်ပါတော့ကွယ် .... "

"ကျွန် .... ကျွန်တော် .... "

"မောင်ရင်လေးသိုင်းပညာသင်ချင်ရမှာမဟုတ်ပါဘူး။သိုင်းပညာဆိုတာ လက်စားချေတဲ့နေရာမှာအသုံးပြုရတဲ့ပညာ မဟုတ်လို့ပါပဲ"

ယင်ကျင်း ခေါင်းငိုက်စိုက်ကျသွားလေတော့သည်။

။ ၅ ။



ရှောင်လင် .... ။

ဝူတန် .... ။

ဂူဖီး .... ။

ငိုမိ .... ။

အစရှိသည့် ထိပ်သီးသိုင်းဂိုဏ်းကြီးများရှိရာသို့ ယင်ကျင်း အရောက်သွားခဲ့သည်။

သိုင်းလောက၌ လျှမ်းလျှမ်းတောက်ကျော်ကြားနေသော သိုင်းဂိုဏ်းကြီးများ၏ ထိပ်တန်းသိုင်းပညာရပ်များကိုသာ သင်ကြားရပါမှ မဟာရန်သူတော်ကိုးယောက်အား ချေမှုန်းဆုံးမနိုင်လိမ့်မည် မဟုတ်ပါလား။ သိုင်းသမားကြီးကိုးယောက်အား ဆုံးမနိုင်ရန် ထိပ်တန်းသိုင်း ပညာ ရရှိမှဖြစ်မည်။ ထို့ကြောင့် ယင်ကျင်းသည် ထင်ရှားကျော်ကြားသည့် အထင်ကရ သိုင်းဂိုဏ်းကြီးများသို့ရောက်ကာ တပည့်ခံခဲ့သည်။ သို့သော် ....

အားလုံးက သူ့အား လက်မခံဘဲ ငြင်းဆန်ခဲ့ကြသည်။ ယင်ကျင်း အမျိုးမျိုးတောင်းပန်သော်လည်း မည်သူကမှ လက်မခံခဲ့ကြချေ။ ထိပ်တန်းသိုင်းပညာသင်ယူဖို့ အခွင့်အရေးမရှိတော့သဖြင့် ယင်ကျင်း အကြီးအကျယ်စိတ်ဓာတ်ကျဆင်းသွားလေတော့သည်။

အေးမြသောလေပြည်လေညင်းကလေး ဝှေ့ယမ်းတိုက်ခတ်နေပါသည်။ မွေးကြိုက်သင်းပျံ့သော ပန်းရနံ့များ လွင့်ပျံ့နေသည်။ ကျေးငှက်သာရကာလေးများ၏ ဘာသာဘာဝ တေးသီကျွေးသံများလည်း

ကြားနေရ၏။ သာယာလှပသော ပတ်ဝန်းကျင်၌ ရောက်ရှိနေသည် ဖြစ်သော်လည်း ယင်ကျင်း၏ရင်ထဲ ပျော်ရွှင်ချမ်းမြေ့မှု မခံစားရချေ။

စိတ်ဓာတ်များ ကျဆင်းကာ အလိုလိုဝမ်းနည်းကြေကွဲနေပါတော့သည်။ လောက၌ တစ်ယောက်တည်း အထီးကျန်အဖော်မဲ့ဖြစ်ရချေပြီ။ ယင်ကျင်းသည် စမ်းချောင်းလေးနံဘေးရှိ ကျောက်တုံးကြီး တစ်တုံးပေါ်၌ထိုင်ကာ ငေးငိုင်နေသည်။ အားလုံးက မေ့ထားကြသည့် အပယ်ခံလူသားတစ်ယောက်အဖြစ်လည်းကောင်း၊ အသုံးမကျအရာမဝင်သူအဖြစ်လည်းကောင်း ခံစားနေရသည်။

"ယင်ကျင်းဆိုတာ ဘာမှမဟုတ်သေးတဲ့ လူတစ်ယောက်ပါလား .... ငါအသက်ရှင်နေသည်ဖြစ်စေ၊ သေဆုံးသွားသည်ဖြစ်စေ၊ ဘယ်သူကမှ ငါ့ကို အမှုထားနေကြမှာ မဟုတ်ဘူး .... တလောကလုံးဟာ ငါနဲ့ ဘာမှမဆိုင်သလိုပါဘဲလား .... "

တွေးရင်း စိတ်နာလာသည်။

မဟာရန်သူကိုးယောက်အား ချေမှုန်းနိုင်ခြင်း မရှိလျှင် အသက်ရှင်နေ၍ အကြောင်းထူးတော့မည် မဟုတ်ဟု အတွေးဝင်လာသည်။

"တောက် .... ငါကိုယ်ငါ မဆုံးစီရင်လိုက်တာပဲ ကောင်းပါလိမ့်မယ် .... အသက်ရှင်နေလို့ ဘာထူးမှာလဲ .... "

အသံထွက်ကာ ရေရွတ်လိုက်၏။ အားငယ်ခြင်း၊ စိတ်ပျက်ခြင်း၊ ခံပြင်းဒေါသထွက်ခြင်းများကြောင့် သူ၏အသံ ကျယ်လောင်သွားသည်။

ထိုစဉ် အသံတစ်သံ ထွက်ပေါ်လာလေ၏။

"အမလေး .... ကိုယ့်ကိုယ်ကိုယ်တော့ အဆုံးမစီရင်လိုက်စမ်းပါနဲ့ကွာ .... လူ့ဘဝဆိုတာ ရခဲပါဘိခြင်း .... "

ယင်ကျင်း ထိတ်လန့်သွားသည်။ ကျောက်တုံးပေါ်မှ ကယှာ



ကယှာ ခုန်ဆင်းလိုက်လေ၏။ ထိုအခါမှ ....

မလှမ်းမကမ်းရှိ ချုံပုတ်ကြီးတစ်ခုအတွင်းမှ ထိုးထွက်လာသည့် အဘိုးအိုတစ်ယောက်ကို တွေ့လိုက်ရသည်။ အဘိုးအိုမှာ ဖာထေးဖာ ရာ ဗရပွ ညစ်ပတ်ပေကျံနေသောအင်္ကျီ ဝတ်ဆင်ထား၏။

လက်ထဲ၌ ဘူးသီးခြောက်ဖြင့် ပြုလုပ်ထားသော အရက်ဘူး တစ်လုံးကိုင်ထားသည်။ ချုံပုတ်ကြီးအပြင်ဘက် ရောက်လာသည်နှင့် ထိုအဘိုးအိုထံမှ အရက်နံ့တထောင်းထောင်း လှိုင့်ပျံ့လာတော့သည်။

ယင်ကျင်း မကျေမနပ်ဖြစ်သွားသည်။ သူကအော်မေးလိုက်၏။

"ခင်ဗျား ဘယ်သူလဲ၊ သည်နေရာမှာ ဘာလုပ်နေတာလဲဗျ"

အဘိုးအိုက သူ့အား မျက်လုံးပြူးကာ ကြည့်လိုက်၏။

"မင်းကကော ဘယ်သူလဲ .... သည်နေရာမှာ ဘာလုပ်နေတာလဲ .... ငါ့ကိုမေးနေတယ် .... မင်းပြောစမ်း .... "

"ဘာဗျ .... "

ယင်ကျင်း ဒေါသထွက်နေသဖြင့် လေသံကမာနေသည်။

"အေးလေ .... ငါဘယ်သူလဲဆိုတာ မင်း မသိပေမယ့် မင်းကတော့ ယောကျ်ားမပီသဘဲ ကိုယ့်ကိုယ်ကိုယ် သတ်သေချင်နေတဲ့ ကောင်ဆိုတာ ငါ သိပါတယ် .... "

ယင်ကျင်းက ....

"ခင်ဗျား စကားကြည့်ပြောရင်ကောင်းမယ် .... "

အဘိုးအိုရယ်မောလိုက်သည်။

"ဟ .... ငါက မင်းကို တည့်တည့်ကြည့်ပြီး ပြောနေတာ .... ကျောခိုင်းပြီး ပြောနေတာမှ မဟုတ်ဘဲကွာ .... "

"ခင် .... ခင်ဗျား .... "

အဘိုးအိုက ဘူးသီးခြောက်အရက်ဘူးထဲမှ အရက်တစ်ငုံ မော့သောက်လိုက်သည်။ ထို့နောက် တတွတ်တွတ်ရေရွတ်နေတော့သည်။

"လူတွေဟာ တစ်ခါတစ်ရံမှာ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးမရှိတော့ဘူးဆိုပြီး အဆုံးစီရင်ချင်ကြတယ် .... အဲ့ဒါ မှားတာပေါ့ .... အသက်ရှင်နေတာကိုက သေသွားတာထက်ပိုပြီး တန်ဖိုးရှိနေတာ .... ကိုယ်လုပ်ချင်တာ လုပ်နိုင်တယ် မဟုတ်လား .... "

ယင်ကျင်း ခေါင်းခါယမ်းလိုက်သည်။ လေသံလည်း ပျော့သွားသည်။

"ကျွန်တော် လက်မခံနိုင်ပါဘူး ခင်ဗျာ .... "

"နေပါဦး .... မင်းက ဘာကြောင့်လက်မခံနိုင်တာလဲ ပြောစမ်းပါဦး .... "

ယင်ကျင်းက ရှင်းပြလေ၏။

"ကျွန်တော်လုပ်ချင်တာ ဘာမှကို မရနိုင်ဘူး .... ဒါကြောင့် သေတဲ့လူနဲ့ ဘာမှမခြားတော့ဘူးဗျ .... ရှင်နေရင် ကိုယ်လုပ်ချင်တာ မလုပ်နိုင်လို့ စိတ်ညစ်နေရမယ် .... သေသွားရင် ဘာမှစိတ်ညစ်စရာ အကြောင်း မရှိတော့ဘူး .... "

"ဟား .... ဟား .... ဟား .... "

အဘိုးအို သဘောကျသွားသည်။

"မင်း မဆိုးဘူး .... မင်းရဲ့အယူအဆက တစ်မျိုးပဲ .... ဒါပေမယ့် ငါထင်တယ် .... လုပ်ချင်ရာမလုပ်နိုင်ဘူးဆိုတော့ .... မင်းလုပ်ချင်တဲ့အလုပ်က တခြားလူတွေ အလွယ်တကူလုပ်နိုင်တဲ့ကိစ္စမျိုး ဖြစ်နေလို့လား .... "

ယင်ကျင်းက ....



"မဟုတ်ပါဘူး .... ကျွန်တော်လည်း မလုပ်နိုင်ဘူး .... တခြားလူတွေလည်း လုပ်နိုင်ဖို့ မလွယ်ပါဘူး .... "

အဘိုးအိုက အရေးမကြီးသလိုပြောသည်။

"ဒါများကွာ၊ သူများတွေလည်း လုပ်မှမလုပ်နိုင်ကြတာကို မင်းက မလုပ်နိုင်တာဘာဖြစ်သလဲ၊ ထူးဆန်းတဲ့ကိစ္စမှမဟုတ်တာပဲ၊ သူများလုပ်နိုင်တဲ့အလုပ်ကို မင်းမလုပ်နိုင်မှ မင်း ဒီစကားပြောသင့်တယ်ကွ"

ယင်ကျင်း သက်ပြင်းချလိုက်သည်။

"ဒါပေမယ့် သည်ကိစ္စကို လုပ်နိုင်တဲ့လူတွေရှိကြတယ် .... ပြီးတော့ ကျွန်တော့်မှာ ဖြစ်အောင်လုပ်ရမယ့်တာဝန် ရှိနေတယ်"

အဘိုးအိုသည် ယင်ကျင်းအားစိတ်ဝင်စားသွားလေတော့သည်။

သိုင်းသမားကြီးကိုးယောက်၏ မကောင်းမှုများကို အရှေးအရှ ခါးမကျန် ပြောပြလိုက်မိတော့သည်။ အဘိုးအို ငြိမ်ကျသွား၏။ ယင်ကျင်း၏စကားအဆုံးတွင် သူသည်စကားတစ်ခွန်းသာပြောလေ၏။

"ဒုက္ခပါပဲ .... "

သူသည် ညည်းတွားပြီး အရက်ဘူးထဲမှ အရက်များကို တကျိုက်ကျိုက်မော့သောက်လိုက်တော့သည်။

အရက်လေးငါးကျိုက်သောက်ပြီးသောအခါ နှုတ်ခမ်းထောင့်မှ စီးကျနေသော အရက်များကို အင်္ကျီလက်ဖြင့် သုတ်လိုက်သည်။

ထို့နောက် ယင်ကျင်းကို ကရုဏာသက်စွာ ကြည့်လိုက်သည်။

"မင်းက ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်တာကို တားမိလို့ ငါ့ကို ခွင့်လွှတ်ပါကွာ .... မင်းမှန်ပါတယ် .... ငါ မတားတော့ပါဘူး .... "

"ဗျာ .... "

"သည်လူကိုးယောက်ကို သုတ်သင်ရှင်းလင်းပစ်ဖို့ဆိုတာ မင်းမပြောနဲ့ .... ဘယ်သူမှ တတ်နိုင်ကြမှာ မဟုတ်ဘူးကွ .... မိုးကိုဒူးနဲ့ တိုက်သလိုပဲကွာ .... "

ယင်ကျင်း ပါးစပ်ပိတ်ထားလိုက်သည်။ အဘိုးအိုက ....

"သူတို့ကိုးယောက်သာ တကယ်တမ်း ပူးပေါင်းပြီး တိုက်ခိုက်ကြမယ်ဆိုရင် သိုင်းလောကမှာရှိနေကြတဲ့ ရှောင်လင်၊ ဝူတန်၊ ဝူဖီး၊ ငိုမိအစရှိတဲ့ သိုင်းဂိုဏ်းကြီးတွေက ဂိုဏ်းချုပ်ကြီးတွေလည်း တတ်နိုင်ကြမှာ မဟုတ်လို့ဘဲကွ .... "

ယင်ကျင်း ဗိုပြီးစိတ်ဓာတ်ကျသွားတော့သည်။

"သည်လူယုတ်မာကိုးယောက်ကို ဘယ်သူကမှ မဆုံးမနိုင်ကြတော့ဘူးလားဗျာ .... သူတို့ဟာ တကယ်ကိုဆိုးသွမ်းတဲ့ လူယုတ်မာကိုးယောက်ပါ .... "

"တစ်ယောက်ချင်းယှဉ်ပြိုင်တိုက်ခိုက်ရမယ်ဆိုရင်တော့ မှုစရာမရှိပါဘူး .... ဒါပေမယ့် သူတို့ကိုးယောက်ပေါင်းလိုက်ရင်တော့ ဘယ်လိုမှ ယှဉ်လို့မရနိုင်တာ သေချာတယ် .... မြေကြီးလက်ခတ်မလွဲဘူး"

ယင်ကျင်း ခံပြင်းလာသည်။

"တစ်ယောက်ကို ထိလိုက်တာနဲ့ ကျန်တဲ့လူတွေက အုံကြွလာမှာ သေချာတယ် .... သူတို့အချင်းချင်း ကူညီစောင့်ရှောက်ဖို့ ဝန်လေးကြမှာ မဟုတ်ဘူး .... သူတို့က ကျားနာတွေလိုဖြစ်နေတယ်"

အဘိုးအို လက်ဝှေ့ယမ်းပြလိုက်သည်။

"ကဲ .... ကဲ .... မင်းကို မတားတော့ဘူး .... မင်းလုပ်စရာရှိတာ ဆက်လုပ်ပေတော့ .... "

စကားဆုံးလျှင် ခြေလှမ်းကျဲကျဲဖြင့် လှမ်းထွက်သွား၏။ ယင်ကျင်း ငိုင်သွားတော့သည်။ အဘိုးအိုသည် ခပ်လှမ်းလှမ်းသို့ရောက်မှ ခြေလှမ်းရပ်ကာ လှမ်းကြည့်လိုက်သည်။

"မင်းစိတ်ဓာတ်ကျနေတာကို ငါ အပြစ်မပြောချင်ပါဘူး .... ဒါပေမယ့် သေချာတဲ့လူတစ်ယောက်ထက် အသက်ရှင်နေတဲ့ လူတစ်ယောက်က ပိုပြီး အခွင့်အရေးရှိတယ် .... ကိုယ်ဖြစ်ချင်တာဖြစ်အောင်ကြိုးစားနိုင်စွမ်းရှိသေးတယ်ဆိုတာကိုတော့ မမေ့နဲ့ပေါ့ကွာ .... "

ယင်ကျင်းက အဘိုးအိုကို ငေးကြည့်နေ၏။ အဘိုးအို၏စကားများမှာ စဉ်းစားစရာဖြစ်နေသည်။

"တစ်ခုတော့ရှိတယ် .... လူ့ဘဝဟာ ထူးဆန်းတယ် .... တစ်ခါတစ်ရံမှာ မမျှော်လင့်တဲ့ အခွင့်အရေးပေါ်လာတတ်တယ်ဆိုတာကို ယုံကြည်တယ်ဆိုရင်တော့ အသက်ရှင်နေတာ အကောင်းဆုံးပဲပေါ့ကွာ"

ယင်ကျင်းက အဘိုးအိုအား ဦးညွှတ်လိုက်လေသည်။

"ဦးကိုကျေးဇူးတင်ပါတယ် ခင်ဗျာ .... "

အဘိုးအိုပြုံးလိုက်သည်။

မလှမ်းမကမ်းတစ်နေရာသို့ ညွှန်ပြလိုက်၏။

"ဟိုဘက်မှာ ဘုံကျောင်းပျက်လေးတစ်ခုရှိတယ် .... တို့သွားပြီး အေးအေးဆေးဆေး စကားပြောကြတာပေါ့ မကောင်းဘူးလား"

"ကောင်းပါပြီခင်ဗျာ .... "

ယင်ကျင်းက သဘောတူလိုက်လေသည်။ ယင်ကျင်းသည် နဂိုကပင် သိမ်မွေ့ယဉ်ကျေးသူဖြစ်၍ နောက်ပိုင်းတွင် အဘိုးအိုအား လေးစားစွာ ဆက်ဆံတော့သည်။ ထို့နောက် အဘိုးအိုနောက်သို့ လိုက်သွားမိလေတော့သည်။

၊ ၂ ၊

အခန်း(၃၄)

## အကြံညာဏ်

စမ်းချောင်းကလေးနှင့် မလှမ်းမကမ်းတွင် ဘုံကျောင်းပျက်ကလေးတစ်ခုရှိသည်။

အဘိုးအိုသည် ဘုံကျောင်းပျက်ထဲမှ သစ်သားပိုင်းအကျိုးအပဲ့များ ရှာဖွေကာ မီးဖိုလိုက်သည်။ အန်းပတ်ဝန်းကျင်မှ သစ်ကိုင်းခြောက်များလည်း မီးစာဖြစ်သွားသည်။

တဖန် မည်သည့်အချိန်က ရှာဖွေထားမှန်း မသိရသော ငှက်နှစ်ကောင်နှင့် ငါးအချို့ကို မီးကင်လိုက်သည်။

"ငါးက စမ်းချောင်းထဲကရတယ် .... ငှက်ကတော့ ချုံပုတ်ထဲကပေါ့ကွာ .... "

ရယ်ရယ်မောမောပြောရင်း ငါးကင်နှင့် ငှက်ကင်များ ယင်ကျင်းကိုလည်းကျွေးမွေးသည်။

"ကျေးဇူးပါပဲခင်ဗျာ .... "

ယင်ကျင်းလည်း မွေးကြိုင်သော အနံ့အသက်များကြောင့် ဆာလောင်လာသည်ဖြစ်ရာ ယူစားလိုက်၏။ အဘိုးအိုက ဘူးသီးခြောက်အရက်ဘူးကို ထောင်ပြသောအခါ၌ကား ခေါင်းခါယမ်းပြလိုက်သည်။



အဘိုးအိုက တဟားဟားရယ်မောရင်း မေးလာလေ၏။

"ကဲ .... မင်းရဲ့အဖြစ်အပျက်တွေ ငါ့ကို တစ်ခေါက်လောက်ပြန်ပြောပြစမ်းပါဦး .... "

ယင်ကျင်းကလည်း အစမှအဆုံး ပြန်ပြောပြလိုက်သည်။

အဘိုးအိုသည် ငါးကင်စားလိုက် အရက်သောက်လိုက်ဖြင့် နားထောင်နေသည်။ ယင်ကျင်း၏စကား ဆုံးသွားတော့မှ တီးတိုးရေရွတ်လိုက်လေ၏။

"လက်စသတ်တော့ သည်ကိစ္စဟာ ပြီးဆုံးသွားခဲ့ပြီပဲ"

ယင်ကျင်းက ....

"ဘုရင်မင်းမြတ်က လွှတ်ငြိမ်းချမ်းသာခွင့် ပြုလိုက်ပြီ၊ ယင်နန်နယ်စားကြီးလည်း ကွယ်လွန်သွားပြီ .... ဒါကြောင့် သည်ကိစ္စ ပြီးဆုံးသွားပြီလို့ အားလုံးသဘောထားလိုက်ကြပေမယ့် တကယ်တော့ မပြီးဆုံးသေးပါဘူး ခင်ဗျာ .... "

"ဘာဖြစ်လို့လဲ .... "

"ကျွန်တော် အသက်ရှင်နေသေးလို့ပါပဲ .... "

အဘိုးအို ရယ်မောလိုက်သည်။

"ကောင်းကွာ .... မင်းက ဘာများတတ်နိုင်မှာမို့လဲကွ .... ပြောစမ်းပါဦး .... မင်းကိုယ်မင်း မိုးနတ်မင်းကြီးများ ထင်နေသလား"

"ဦးပြောသလိုပဲ .... ကျွန်တော် အသက်ရှင်နေသေးတယ်လေ၊ ကျွန်တော့်အတွက် ပေါ်ပေါက်လာမယ့် အခွင့်အရေးကိုလည်း စောင့်မျှော်နိုင်တာပေါ့ .... ဥပမာ – ဦးနဲ့ ဆုံတွေ့ရတာမျိုးပေါ့ .... "

အဘိုးအို မျက်မှောင်ကုတ်သွား၏။

"ငါနဲ့ တွေ့ရတာမျိုး ဟုတ်လား .... မင်းက ငါ့ကို မိုးနတ်မင်းကြီးများ မှတ်နေသလား .... "

"ဟုတ်ပါတယ် .... ဦးက ဖွင့်မပြောပေမယ့် ထိပ်သီးသိုင်းဆရာကြီးတစ်ယောက်ဖြစ်ရမယ်ဆိုတာ ကျွန်တော် နားလည်သဘောပေါက်ထားပါတယ် .... "

"ဟဲ .... ဟဲ .... မင်းက ငါ့ကို အထင်ကြီးနေတာကိုး"

ယင်ကျင်းက တည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်သည်။

"ကျွန်တော်ပြောတဲ့ သိုင်းသမားကိုးယောက်စလုံးကို ဦးက သိနေတယ် .... ဘုရင်မင်းမြတ် လွတ်ငြိမ်းချမ်းသာခွင့်ပြုတာကော၊ ယင်နန်နယ်စားကြီး ကွယ်လွန်သွားတာကော .... သိုင်းလောက,က အဖြစ်အပျက်တွေကော ဦးသိနေတယ် .... ပြီးတော့ ဦးရဲ့အသက်အရွယ်နဲ့ဆိုရင် တော်ရုံလူ မဖြစ်နိုင်ဘူးဆိုတာ ကျွန်တော် တွက်ဆမိလိုက်တာပေါ့ .... "

အဘိုးအိုက ....

"မင်းရဲ့စဉ်းစားသုံးသပ်ပုံက မဆိုးပါဘူး .... ငါ့ရဲ့အဝတ်အစားနဲ့ လက်ထဲက ဘူးသီးခြောက်အရက်ဘူးကိုကြည့်ပြီး ငါ ဘယ်သူလဲဆိုတာတောင် မင်း ရိပ်မိနေလောက်ပြီ ထင်တယ် .... "

ယင်ကျင်း ခေါင်းညိတ်လိုက်သည်။

"ဦးဟာ သိုင်းလောကမှာ လျှမ်းလျှမ်းတောက်ကျော်ကြားနေတဲ့ ဗေဒါဂိုဏ်းချုပ်ဖြစ်ရမယ်လို့ ကျွန်တော် နားလည်ထားပါတယ်ခင်ဗျာ .... "



ယင်ကျင်းမှာ ကျေးတောသားဘဝက ဘဘကျန်း၏ စာပေသင်ကြားမှုကို ခံယူခဲ့သည်။ စာတတ်ပေတတ်ဖြစ်လာသော ယင်ကျင်းသည် စဉ်းစားဝေဖန်တတ်သော အသိဉာဏ်ရှိလာသည်။ ဘဘကျန်း၏ ပြောဆိုဆုံးမသော စကားများ၊ အာမခံဌာနမှ ဆရာတိတ်၏ အသိပညာဖွင့်ပေးသည့် ဆုံးမစကားများကြောင့် သိုင်းလောကအကြောင်းကြားဖူးနားဝရှိခဲ့ပြီးဖြစ်သည်။ အဘိုးအို ရယ်မောခြင်း မပြုတော့ချေ။

"မင်းဟာ တကယ့်ကို ထက်မြက်တဲ့ လူတော်လူကောင်းလေးတစ်ယောက်ပါပဲ၊ ဒါပေမယ့် မင်း ရင်ဆိုင်ရမယ့်ကိစ္စက ကြီးကျယ်လွန်းတယ် .... မင်းအတွက် အကောင်းဆုံးအကြံပေးချင်တာက ဖြစ်ပြီးခဲ့တဲ့ ကိစ္စတွေကို မေ့ပစ်လိုက်ပြီး လူသစ်စိတ်သစ်နေသွားဖို့ပဲ .... "

ယင်ကျင်းက ....

"ဦးက စေတနာနဲ့ ပြောတယ်ဆိုတာကို ကျွန်တော် သဘောပေါက်ပါတယ် .... ဒါပေမယ့် သည်ကိစ္စကို ဖြေရှင်းဖို့ ကျွန်တော် အသက်ရှင်နေတာပါပဲ .... "

အဘိုးအိုကား သိုင်းလောက၌ လျှမ်းလျှမ်းတောက်ကျော်ကြားနေသည့် ဗေဒါဂိုဏ်းချုပ်ဖြစ်သည်။

ဗေဒါဂိုဏ်းချုပ်ကိုယ်တိုင်ပင် သိုင်းသမားကြီးကိုးယောက်အားဆုံးမဖို့ရာ ခက်ခဲလှကြောင်း ပြောဆိုနေရာ ယင်ကျင်း မျှော်လင့်ချက်မရှိတော့ချေ။

သို့သော် ....

အားလုံးက မဖြစ်နိုင်တော့ဟု ပြောနေကြလေလေ စိတ်ပျက်စရာဖြစ်လာလေသည်။ ယင်ကျင်း ခံပြင်းလာလေလေဖြစ်ပြီး သူ၏သဘောထားများလည်း ပြောင်းလဲသွားတော့သည်။

ဘယ်သူမှ မဖြစ်နိုင်ဟု ပြောဆိုနေသောကိစ္စကို ဖြစ်မြောက်အောင်မြင်အောင် စွမ်းဆောင်ရန်လိုသည့်စိတ်ဓာတ် ပေါ်လာခြင်းဖြစ်သည်။

အဘိုးအိုက ....

"ကောင်းပြီ .... မင်းတကယ် ကြိုးစားသွားမယ်ဆိုရင် ကျုပ်လည်း တတ်စွမ်းသလောက် မင်းကို ကူညီသွားပါ့မယ် .... ကျုပ်အကောင်းဆုံးသိုင်းကွက် သုံးကွက်လောက် မင်းကို သင်ပေးလိုက်မယ် မင်းအတွက် အသုံးဝင်ကောင်းဝင်နိုင်တယ်ပေါ့ .... "

ယင်ကျင်းက ....

"ကျွန်တော် .... "

"မငြင်းပါနဲ့ကွာ .... မသူတော်ကိုးယောက်ကို ဆုံးမတဲ့နေရာမှာ ငါလည်း အုတ်တစ်ချပ် သဲတစ်ပွင့် ပါဝင်တဲ့သဘောမျိုးပေါ့ကွ"

အဘိုးအို(ဝ) ဖေဒါဂိုဏ်းချုပ်၏ စကားကြောင့် ယင်ကျင်း မငြင်းဖြစ်တော့ချေ။ လက်နှစ်ဖက်ဆုပ်ကာ ဦးညွတ်လိုက်သည်။

"ဦးကို ကျေးဇူးတင်ပါတယ် ခင်ဗျာ .... "

ထို့နောက် ....

ဖေဒါဂိုဏ်းချုပ်သည် သူ၏အကောင်းဆုံးသိုင်းကွက်သုံးကွက်အား ယင်ကျင်းကို သင်ကြားပေးလိုက်လေတော့သည်။

။ ၆ ။

တစ်ရက် ....

နှစ်ရက် ....



သုံးရက် ....

သုံးရက်ဟူသောအချိန်မှာ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း ကုန်ဆုံးသွားခဲ့သည်။ ထိုသုံးရက်အတွင်း ဖေဒါဂိုဏ်းချုပ်က ယင်ကျင်းအား သိုင်းသုံးကွက်သင်ကြားပေးခဲ့သည်။

သိုင်းကွက်များ၏ သဘောတရားကို နားလည်အောင် စိတ်ရှည်လက်ရှည် ရှင်းပြပြီးမှ လက်တွေ့သင်ကြားပေးခြင်းဖြစ်သည်။

ယင်ကျင်းကလည်း အခွင့်အရေးတစ်ရပ်ဟု သဘောထားကာ ဂရုစိုက်ကြိုးစားသင်ယူခဲ့သည်။ သူသည် ဉာဏ်ကောင်းသူဖြစ်သည်။

ထို့ကြောင့် သုံးရက်အတွင်း၌ သိုင်းကွက်သဘောတရားကို ကောင်းစွာ နားလည်သဘောပေါက်သွားတော့သည်။ ဖေဒါဂိုဏ်းချုပ်လည်း ယင်ကျင်းကို အလွန်သဘောကျသွားလေတော့၏။

"မင်းမှာ တာဝန်ကြီးတစ်ရပ် မနေဘူးဆိုရင်တော့ မင်းကို ငါခေါ်သွားချင်တယ် .... သိုင်းလောကတနံတလျား သွားကြမယ်ပေါ့၊ သိုင်းလောကသားတွေ့အကြိုတွေကို မင်း ရစေမယ်ပေါ့ .... "

ယင်ကျင်း ပြုံးလိုက်သည်။

ဖေဒါဂိုဏ်းချုပ်က ....

"မင်းရဲ့ခံစားချက်ကို ငါ နားလည်သဘောပေါက်ပါတယ် .... သည်လူကိုးယောက်ဟာလည်း သိုင်းလောကထဲက တကယ့်ကို ဖယ်ရှားပစ်သင့်တဲ့ လူတွေပါပဲ .... ဒါကို ငါ လုံးဝလက်ခံပါတယ် .... မင်းရဲ့ရည်ရွယ်ချက် အောင်မြင်ပါစေလို့ ငါ ဆုတောင်းပေးလိုက်ပါတယ်"

"ကျေးဇူးတင်ပါတယ် ခင်ဗျာ .... "

ဖေဒါဂိုဏ်းချုပ်က ....

"မင်းရဲ့ မဟာရန်သူတော်ကိုးယောက်ဟာ သိုင်းပညာထက်

မြက်ကြရင် အရင်ကတော့ သိုင်းလောကအကျိုး၊ အများအကျိုး သယ်ပိုးဆောင်ရွက်ခဲ့ကြတဲ့ အစဉ်အလာကောင်းတွေရှိခဲ့ကြတယ် .... ဘဏ္ဍာတော်တွေ လုယက်ခံရတဲ့ကိစ္စမှာ သူတို့ပါဝင်ပတ်သက်နေတယ်လို့ ယင်နန်နယ်စားကြီးက သင်္ကာမကင်းဖြစ်ပြီးတဲ့နောက်ပိုင်း သူတို့ရဲ့ အခြေအနေကလည်း မသင်္ကာစရာကောင်းအောင် ဖြစ်သွားကြတယ်"

ယင်ကျင်းက ဗေဒါဂိုဏ်းချုပ်အား အကဲခတ်ကြည့်နေ၏။

အကြောင်းတစ်ခုခုရှိ၍ ထိုသို့ပြောနေခြင်းဖြစ်ကြောင်းကို နားလည်မိသည်။ ဗေဒါဂိုဏ်းချုပ် စကားဆက်လိုက်သည်။

"သူတို့ဟာ လူတွေ့မခံတဲ့လူနဲ့ ခရီးထွက်တဲ့လူနဲ့ ကျန်းမာရေးအကြောင်းပြတဲ့လူနဲ့ အတော်ကို ဣန္ဒြေပျက်ခဲ့ကြတော့ ဘဏ္ဍာတော်တွေကိစ္စမှာ သူတို့ပါဝင်ခဲ့ကြတာ သေချာတယ်လို့ သိုင်းလောကတစ်ခုလုံးက သတ်မှတ်လိုက်ကြတယ် .... ဒါပေမယ့် လက်ဆုပ်လက်ကိုင်သက်သေပြစရာမရှိဘူး .... သူတို့ကို ရင်ဆိုင်ဖို့ဆိုတာလည်း ကျားဖြံဆွဲရတာထက်ပိုပြီး ကြောက်စရာကောင်းနေတယ် .... နောက်ပိုင်းမှာ လွတ်ငြိမ်းချမ်းသာခွင့်လည်း ရသွားတော့ အားလုံးလက်ပိုက်ကြည့်နေလိုက်ကြတာပဲပေါ့ .... "

ယင်ကျင်းက ....

"သူတို့က နောင်တရမယ့်လူတွေ မဟုတ်ပါဘူး ခင်ဗျာ .... ရှောင်လုံနဲ့ ဖုံးလွှေဆိုရင် ဘယ်သူ့ကိုမှ အမှုမထားဘဲ ပိုပြီးအတင့်ရဲလာပြီး ထင်တိုင်းကြဲနေကြပါတယ်၊ သူတို့ကို ဟန့်တားမှဖြစ်ပါလိမ့်မယ်"

ဗေဒါဂိုဏ်းချုပ် ခေါင်းညိတ်လိုက်သည်။

"ကျွန်တော် သဘောပေါက်ပါတယ် .... ဒါကြောင့် မင်းကို ကူညီဖို့ ကြိုးစားခဲ့တာပေါ့ .... ကျူပ်သင်ပေးလိုက်တဲ့ သိုင်းသုံးကွက်



ဟာ သူတို့ကို ဘယ်နည်းနဲ့မှ ယှဉ်နိုင်မှာ မဟုတ်ဘူး .... ဒါပေမယ့် အရေးအကြောင်းကြုံလာရင် ခုခံကာကွယ်နိုင်စွမ်းတော့ရှိတယ်"

"ဟုတ်ကဲ့ .... "

"မင်းကို ငါ အကြံပေးချင်တာက .... "

"ဟုတ်ကဲ့ .... ပြောပါခင်ဗျာ .... "

ဗေဒါဂိုဏ်းချုပ်သည် ပြောဖို့ဟန်ပြင်လိုက်ပြီးမှ မပြောဘဲ နေလိုက်သည်။ ယင်ကျင်း ကြောင်အမ်းအမ်းဖြစ်သွားသည်။

ဗေဒါဂိုဏ်းချုပ်က ....

"ထားပါတော့လေ .... သူတို့နဲ့ ရင်ဆိုင်ဖို့ရာ စိတ်လောမကြီးပါနဲ့ .... စိတ်ရှည်ရှည်ထားပြီး သတိဝီရိယနဲ့ ရင်ဆိုင်ပါ .... "

"ကောင်းပါပြီ ခင်ဗျာ .... "

ဗေဒါဂိုဏ်းချုပ်သည် မည်သည့်စကားမျိုး ပြောလိုသည်ကို ယင်ကျင်း စဉ်းစားမရဖြစ်နေ၏။ အကြောင်းတစ်ခုခုရှိနေရမည်ဟုကား ရိပ်မိသည်။ ဗေဒါဂိုဏ်းချုပ်က ....

"ကျူပ်သည်မှာရောက်နေတာ ရက်အတော်ကြာသွားပြီ .... ဒါကြောင့် သွားမှဖြစ်မယ် .... "

စကားဆုံးလျှင် ထိုင်ရာမှ ထလိုက်သည်။

ယင်ကျင်းလည်း မတ်တတ်ရပ်လိုက်၏။

ဗေဒါဂိုဏ်းချုပ်က ....

"တို့ပြန်တွေ့ကြသေးတာပေါ့ကွာ .... "

"ကောင်းပါပြီ ခင်ဗျာ .... ကျွန်တော်လည်း ဆရာကြီးနဲ့ ပြန်တွေ့ချင်ပါသေးတယ် .... "

နှစ်ယောက်သား ပန်းချင်းယှဉ်ကာ ထွက်လာရင်း ဘုံကျောင်း

ပျက်အပေါက်ဝသို့ ရောက်သွားကြ၏။

"ငါသွားတော့မယ် .... ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ပါ .... "

"ဟုတ်ကဲ့ .... "

ဗေဒါကိုဏ်းချုပ်သည် ထွက်သွားကာနီးမှ ယင်ကျင်းမျှော်လင့်မထားသည့် စကားတစ်ခွန်းကို ပြောလိုက်လေ၏။

"မင်းက မဟာ့ရာသမားတော်နဲ့ သွားတွေ့သင့်တယ် .... "

ဗေဒါကိုဏ်းချုပ် ထွက်သွားပြီဖြစ်ပါသည်။

ယင်ကျင်းသည် ဘုံကျောင်းပျက်ရှေ့၌ ငူငူကြီးရပ်နေမိ၏။

ဗေဒါကိုဏ်းချုပ် နောက်ဆုံးပြောသွားသောစကားကို ပြန်စဉ်းစားနေခြင်းဖြစ်သည်။

"သူက ဘာကြောင့် မဟာ့ရာသမားတော်ဝမ်းကျင်းစန်းနဲ့ သွားတွေ့သင့်တယ်လို့ ပြောသွားရတာလဲ .... "

"ဝမ်းကျင်းစန်းတစ်ယောက်ပဲ ငါ့ကိုကူညီနိုင်မယ့်လူရှိလို့လား"

"ဘယ်သူမှ မကူညီနိုင်တဲ့ကိစ္စကို ဝမ်းကျင်းစန်းက ဘယ်လိုများ ကူညီနိုင်မှာလဲ .... "

ယင်ကျင်းသည် အမျိုးမျိုးတွေးတောစဉ်းစားရင်း အဖြေတစ်ခုရလာသည်။

"အဆိပ် .... "

သူက သိုင်းသမားကြီးကိုးယောက်အား အဆိပ်ဖြင့် တိုက်ခိုက်အနိုင်ယူဖို့ တစ်ကြိမ်စဉ်းစားဖူးသည်။

နောက်ပိုင်း၌ ထိုအတွေးကို မေ့လျော့ပစ်ခဲ့သည်။ အဆိပ်ဖြင့် တိုက်ခိုက်အနိုင်ယူရမည်ကို သဘောမကျ၍ ဖြစ်သည်။

ထို့အပြင် ....



ရန်သူအား လက်စားချေမည်ဆိုပျှင် ဝမ်းကျင်းစန်းက သူ၏ အဆိပ်ပညာကို သင်ပေးချင်မှ သင်ပေးပေလိမ့်မည်။

ထို့ကြောင့် အဆိပ်အသုံးပြုသည့်နည်းလမ်းကို စဉ်းစားမိခဲ့သော်လည်း မေ့ထားလိုက်ခြင်းဖြစ်သည်။ ယခု .... ဗေဒါကိုဏ်းချုပ်သည် ဝမ်းကျင်းစန်းထံသို့ သွားသင့်သည်ဟု ပြောခဲ့သည်။

မပြောဘဲနေဖို့ ဆုံးဖြတ်ပြီး နောက်ဆုံးထွက်သွားကာနီးမှ မအောင့်အည်းနိုင်ဘဲ ပြောသွားခြင်းဖြစ်ကြောင်း ထင်ရှားနေသည်။

ဝမ်းကျင်းစန်းထံ သွားစေလိုသည်မှာ ဝမ်းကျင်းစန်းထံမှ အဆိပ်ပညာသင်ယူဖို့မှလွဲပြီး အခြားမဖြစ်နိုင်တော့ပါ။

"သူတို့ကိုးယောက်ကို သုတ်သင်ဖို့ တခြားနည်းလမ်းမရှိတော့ဘူးဆိုရင် အဆိပ်ကိုအသုံးပြုရတော့မှာပဲ .... အဆိပ်နဲ့ တိုက်ခိုက်ရင် သူတို့ ဘာခံနိုင်ကြမှာလဲ .... ငါ မဟာ့ရာတောအုပ်ကို သွားရမယ်"

ယင်ကျင်းအားတက်လာသည်။

သူ့အတွက် မျှော်လင့်ချက်ရှိလာပြီဟုလည်း ယုံကြည်မိသည်။

သူနှင့် ဝမ်းကျင်းစန်းတို့ ကြေးတိုက်ထဲ၌ ခင်မင်ရင်းနှီးခဲ့ကြပါသည်။ ထိုခင်မင်ရင်းနှီးမှုသည် ဝမ်းကျင်းစန်းထံမှ အဆိပ်ပညာရရှိဖို့ အခွင့်အရေးဖြစ်သည်။ ဗေဒါကိုဏ်းချုပ်ပြောသကဲ့သို့ တစ်ခါတစ်ရံ အခွင့်အရေးရတတ်သည် မဟုတ်ပါလား။

အခွင့်အရေးကို သိရှိကာ ရယူတတ်ဖို့သာလိုပေသည်။

ယင်ကျင်းသည် ဝမ်းကျင်းစန်းရှိရာ မဟာ့ရာတောအုပ်သို့သွားရန် ဆုံးဖြတ်လိုက်လေတော့သည်။

။၅။

အခန်း(၁၆)

## သိမ်းငှက်သခင်ဟူသည်

ယင်နန်နယ် .... ။

ယင်နန်နယ်၏မြောက်ဘက်တောင်တန်းမှာ တောင်ကုန်းများ၊ တောင်ပူစာများ၊ ချိုင့်ဝှမ်းများ၊ လျှိုမြောင်စိမ်စမ်းများ၊ တောနက်ကြီးများဖြင့် သွားလာရခက်သော တောင်တန်းအဖြစ် နာမည်ကျော်လျက်ရှိသည်။

မိုးထိတောင်၊ မိုးမြှော်တောင်၊ မဟူရာတောအုပ်တို့သည် မြောက်ဘက်တောင်တန်းကြီး၏ အစိတ်အပိုင်းများအဖြစ် ပါဝင်ကြသည်။ ယင်ကျင်းသည် မဟူရာတောအုပ်သို့ ဦးတည်ခရီးထွက်လာရင်း မြောက်ဘက်တောင်တန်းနယ်နိမိတ်အတွင်းသို့ ရောက်ရှိလာသည်။

သူသည် တော်တောင်ထူထပ်သည့် ပတ်ဝန်းကျင်ပထဝီအနေအထားကိုကြည့်ရင်း ရင်ထဲ လေးလံလာသည်။

"ဦးလေးဝမ်းကျင်းစန်းကို နေရာတိတိကျကျမေးထားလိုက်ရင်ကောင်းသား .... ခုတော့ တောထဲတောင်ထဲမှာ စမ်းတဝါးဝါးနဲ့ လိုက်ရှာရဦးမယ် .... ငါမှားတယ် .... "



သူတွေးတောနေစဉ်မှာပင် ....

"ဂိး .... "

စူးရှသောငှက်အော်မြည်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။ ယင်ကျင်း ခေါင်းမော့ကြည့်လိုက်မိလေ၏။

"သိမ်းငှက်တစ်ကောင်ရဲ့အော်သံပဲ .... "

မရှေးမနှောင်းမှာပင် ....

"သည်နေရာမှာ လူသူတစ်စုံတစ်ယောက် ရှိနေတာပဲ .... ငါကံကောင်းပြီ .... "

ချက်ချင်းပင် သိမ်းငှက်အော်မြည်သံနှင့် ရယ်မောသံ ထွက်ပေါ်လာရာဘက်သို့ ဦးတည်သွားလိုက်သည်။

သစ်ပင်ချုံနွယ်များကြားမှ တိုးဝှေ့ဖြတ်ကျော်သွားပြီး မကြာမီ တောင်ကုန်းလေးတစ်ခုအနီးသို့ ရောက်ရှိသွားသည်။

တောင်ကုန်းလေးကို ကွေ့ပတ်လိုက်လျှင် နောက်ထပ် တောအုပ်တစ်ခုကိုတွေ့ရသည်။ ထိုတောအုပ်ရှေ့၌ မြက်ခင်းပြင်တစ်ခုရှိပြီး အနီရောင်ဝတ်ဆင်ထားသူတစ်စုရှိနေသည်ကို တွေ့ရ၏။

ထိုအနီရောင်ဝတ်ထားသူများတွင် ရွှေရောင်ဝတ်ရုံကြီး လွှမ်းခြုံထားသူတစ်ယောက် ပါဝင်နေသည်။

ထိုလူ၏ပခုံးပေါ်တွင် သိမ်းငှက်ကြီးတစ်ကောင် နားလျက်ရှိပြီး ရက်စက်ကြမ်းကြုတ်မည့် ထိုသိမ်းငှက်ကြီးသည် ပတ်ဝန်းကျင်ကို ကျီးကန်းတောင်းမှောက် အကဲခတ်ကြည့်နေသည်။

သိမ်းငှက်ပိုင်ရှင်ကား အနီရောင်ဝတ်ဆင်ထားသူများ၏ ခေါင်းဆောင်ဖြစ်ပုံရသည်။ ထိုလူစုနှင့် မလှမ်းမကမ်း၌ မြင်းလှည်းတစ်စီးရပ်ထား၏။

သိမ်းငှက်ပိုင်ရှင် ခေါင်းဆောင်ဖြစ်သူ၏မျက်နှာကို သေသေချာချာ တွေ့မြင်လိုက်ရသောအခါ ယင်ကျင်း ထိတ်လန့်သွားလေတော့သည်။ ထိုလူမှာ .... ဘုရှာတော်များ လုယက်တိုက်ခိုက်ခဲ့သူ ကိုးယောက်တွင် ပါဝင်နေသည့် သိမ်းငှက်ရဲတိုက်ပိုင်ရှင် မုယုံကျင်းဖြစ်ပါတော့သည်။ မုယုံကျင်းက တပအားဟားရယ်မောရင်း လက်ဝှေ့ယမ်းပြလိုက်သည်။

"ကဲ .... ဖမ်းထားတဲ့လူတွေကို ခေါ်လာခဲ့စမ်း .... "

"ကောင်းပါပြီသခင် .... "

အနီရောင်ဝတ်ဆင်ထားကြသူများ တောအုပ်ထဲသို့ ပြေးဝင်သွားကြသည်။ မရှေးမနှောင်းမှာပင် ဆူဆူညံညံအသံများ ထွက်ပေါ်လာလေတော့သည်။

အနီရောင်ဝတ်ထားကြသူများသည် လူတစ်စုအား ကြိုးများဖြင့်တုပ်နှောင်ကာ ဖမ်းဆီးခေါ်ဆောင်လာကြသည်ကို တွေ့လိုက်ရလေ၏။ ဖမ်းဆီးခေါ်ဆောင်လာခြင်း ခံရသူများမှာ လယ်သမား၊ ယာသမား၊ ကျေးလက်တောရွာ၌ နေထိုင်ကြသူများဖြစ်ကြောင်း သူတို့အဝတ်အစားများကို ဖော်ပြနေ၏။

သိမ်းငှက်ရဲတိုက်ပိုင်ရှင် မုယုံကျင်းက ထိုလူများအား တစ်ချက်ဝေ့ကြည့်ပြီး သဘောကျသွားသည်။

"ကောင်းတယ် .... သူတို့ကို မြင်းလှည်းပေါ်တင်လိုက် .... သိမ်းငှက်ရဲတိုက်ကို ခေါ်သွားရမယ် .... "

သူသည် အမိန့်ပေးကာ မလှမ်းမကမ်းသစ်ပင်တစ်ပင်အောက်၌ ချည်နှောင်ထားသော သူ၏မြင်းရှိရာသို့ လှမ်းသွားရန် ဟန်ပြင်လိုက်သည်။



ထိုစဉ် အဖမ်းခံနေရသူများအနက် တစ်ယောက်က အော်မေးလိုက်သည်။

"ဘာကြောင့် ကျုပ်တို့ကို မတရားဖမ်းဆီးရတာလဲ .... ခုချက်ချင်းလွှတ်ပေး .... ကျုပ်တို့ဘာသာ လုပ်စားနေကြတာ .... "

မုယုံကျင်း ခြေလှမ်းရပ်သွားသည်။

ထိုလူက ....

"ကျုပ်တို့က ရိုးရိုးသားသားလုပ်ကိုင်စားသောက်နေသူတွေပါ၊ ဘာအပြစ်ရှိလို့ ဖမ်းရတာလဲ .... ကျုပ်တို့ ဘာများလုပ်မိလို့လဲ .... ခင်ဗျားတို့ မတရားမလုပ်နဲ့ .... ပြန်လွှတ်ပေးပါ .... "

ထပ်မံအော်ပြောလိုက်သည်။

"ဟား .... ဟား .... ဟား .... "

မုယုံကျင်းက ရယ်မောလိုက်လေ၏။

"မင်းတို့မှာ ဘာအပြစ်မှမရှိဘူး .... ကျုပ်နဲ့ ဘာရန်ငြိုးရန်စမှလည်း မရှိဘူး .... မင်းတို့ကို ဘာကြောင့် ဖမ်းဆီးရတာလဲဆိုရင် သိုင်းပညာလေ့ကျင့်ချင်လို့ ဖမ်းတာလို့ပဲပြောရမယ် .... "

ထိုလူက ....

"ခင်ဗျား သိုင်းပညာလေ့ကျင့်တာ ကျုပ်တို့နဲ့ ဘာဆိုင်လို့လဲဗျ .... "

မုယုံကျင်းက ....

"ဆိုင်တယ်ကွ .... ကျုပ်တို့အားလုံး မယုံသင်္ကာဖြစ်နေကြပြီဆိုတော့ သိုင်းလောကထဲဆင်းပြီး လက်တွေ့လှုပ်ရှားဖို့ မလွယ်တော့ဘူး .... ခါတိုင်းဆိုရင် ကျုပ် တီထွင်ထားတဲ့ 'သိမ်းငှက်ခြေသည်း' သိုင်းပညာကို တပ်ဆင့်တက်လေ့ကျင့်ပြီး သိုင်းလက်တွေ့စမ်းသပ်

ကြည့်ဖို့ သိုင်းလောကထဲဆင်းတယ် .... လူဆိုးဓားပြတွေကို လိုက်ရှာပြီး တိုက်ခိုက်တယ် .... ကျုပ်ရဲ့သိုင်းပညာကို လက်တွေ့စမ်းသပ်တဲ့အနေနဲ့ လူဆိုးဓားပြတွေကို တိုက်ခိုက်ရင် သူတို့ သေဆုံးသွားကြတော့ လူတွေအားလုံးက မကောင်းသူပယ် ကောင်းသူကယ် အတက်လမ်း သိုင်းသမားကြီးဆိုပြီး ပိုင်းချီးကျူးကြတယ် .... ဘယ်လောက်ရယ်စရာကောင်းသလဲ .... "

ချောင်းကြည့်နေသော ယင်ကျင်းက တီးတိုးကျိန်ဆဲလိုက်၏။

"လူယုတ်မာကြီး .... "

မုယုံကျင်း လေ့ကျင့်ထားသော သိမ်းငှက်ခြေသည်းသိုင်းပညာကို လက်တွေ့လေ့ကျင့်ရာတွင် ရက်စက်သောတိုက်ခိုက်မှုကြောင့် တိုက်ခိုက်ခံရသူများ သေဆုံးသွားကြရတတ်ပေသည်။ မုယုံကျင်းက သူ၏ လေ့ကျင့်မှုများအတွက် လူဆိုးဓားပြများကို ရွေးချယ်ခဲ့သည်။

သူ၏လက်ချက်ကြောင့် လူဆိုးဓားပြများ သေဆုံးကုန်ကြသည်။ အများက မုယုံကျင်းအကြောင်း မသိကြဘဲ မုယုံကျင်းအား သူရဲကောင်းကြီးဟု သတ်မှတ်ခဲ့ကြသည်။

မုယုံကျင်း၏အကြောင်းကို သေသေချာချာ သိကြပါက အားလုံး ထိတ်လန့်ကြောက်ရွံ့သွားကြပေလိမ့်မည်။

ယခု .... မုယုံကျင်းက သူ၏အကြောင်းကို ကိုယ်တိုင်ထုတ်ဖော်နေပြီ ဖြစ်ပါသည်။

"ကျုပ်က လူဆိုးဓားပြတွေကို ရက်ရက်စက်စက် သတ်ပစ်ခဲ့တယ် .... လူတွေက ကျုပ်ကို အထင်ကြီးခဲ့ကြတယ် .... ဘဏ္ဍာတော်တွေ လုယက်တိုက်ခိုက်ခံရပြီးတဲ့နောက်ပိုင်းတော့ အခြေအနေတစ်မျိုးပြောင်းလဲသွားတယ် .... "



ယင်ကျင်းက မုယုံကျင်း ဤနေရာသို့ရောက်ရှိလာခြင်းကို အံ့ဩနေမိသည်။ အကြောင်းတစ်ခုခုရှိရပေမည်။

အပြစ်မရှိသော ကျေးတောသားလယ်သမား၊ ယာသမားများအား အဘယ်ကြောင့် ဖမ်းဆီးနေရပါသနည်း။

မုယုံကျင်း၏စကားသံ ထွက်ပေါ်လာသည်။

"သိုင်းလောကသားတွေက ကျုပ်ကို မယုံသင်္ကာဖြစ်လာပြီး စောင့်ကြည့်လာကြတယ် .... ဒါကြောင့် သိုင်းလောကထဲဆင်းပြီး ကျုပ်ရဲ့သိုင်းပညာကို လက်တွေ့စမ်းသပ်ဖို့ မလွယ်တော့ဘူး .... ဟဲ ဟဲ .... ကျုပ်က သိုင်းလောကထဲ ဆင်းလို့မဖြစ်တော့ သိမ်းငှက်ရဲတိုက်မှာပဲ ကျုပ်ရဲ့ပညာကို လေ့ကျင့်ရတာပေါ့ .... လေ့ကျင့်ဖို့ လူတွေကို ရှာဖွေဖမ်းဆီးရတဲ့အလုပ်တစ်ခု ပိုလာတာပါ .... "

အဖမ်းခံနေရသူများအနက် သတ္တိကောင်းသူတစ်ဦးက အော်ပြောလိုက်သည်။

"ခင်ဗျား ဘာတွေပြောနေတာလဲ .... ကျုပ်တို့ ဘာမှ မသိဘူး၊ ကျုပ်တို့ကို ခုချက်ချင်း လွှတ်ပေးပါ .... "

မုယုံကျင်းက ....

"သည်လောက်ရှင်းပြနေတာတောင် မသိကြသေးဘူးဆိုရင် လက်တွေ့ပြရသေးတာပေါ့ ... "

သူသည် လေတစ်ချက်ချွန်လိုက်လျှင် ....

"ဟူး .... "

သိမ်းငှက်ကြီးက ပခုံးပေါ်မှ ထပျံသွားသည်။ မုယုံကျင်းက မကျေမနပ်ပြောနေသူအား ညွှန်ပြလိုက်သည်။

"သားကြီးရေ .... သူ့ကို ပညာပြလိုက်စမ်း .... "

"ဟီး ...."

သိမ်းငှက်ကြီးသည် လူစကားနားလည်သည့်ပမာ တစ်ချက် အော်မြည်လိုက်ပြီး မကျေမနပ်ပြန်ပြောနေသူထံသို့ ပျံသန်းတိုးဝင်သွားသည်။ ထိုလူ၏မျက်နှာကို ခြေသည်းဖြင့် ကုပ်ချလိုက်သည်။

"အား ...."

ထိုလူ၏မျက်နှာတစ်ခုလုံး သွေးချင်းချင်းနီရဲသွားလေတော့သည်။ ထိုလူသည် အလွန်နာကျင်သွားသဖြင့် ကြောက်အားလန့်အားဖြင့် ရုန်းလိုက်ရာ သူ့အား ချည်နှောင်ထားသော ကြိုးများ ပြတ်တောက်သွားတော့သည်။လေထဲပျံသန်းရင်း မျက်နှာဆီသို့တိုးဝင်ကာအတောင်ဖြင့်ရိုက်၊ ခြေသည်းဖြင့် ကုပ်နေသည့် သိမ်းငှက်ကြီးအား လက်ဆန့်ထုတ်ကာ အတင်းဖမ်းဆီးပြီး မြေပေါ်ပေါက်ချလိုက်သည်။

အဓာင့်ရဲလှသော သိမ်းငှက်ကြီးမှာ တစ်ချိန်တွင် ထိုလူ၏ ဖမ်းဆီးခြင်းခံရပြီး မြေပေါ်ပေါက်ချခံရ၏။

"ဟင် ...."

အတောင်များကျိုးကာ ထမပျံနိုင်တော့ဘဲ မှုးဝေနေ၏။

ထိုလူက ....

"သေစမ်း ...."

ဖနောင့်ဖြင့် ပေါက်ချလိုက်သောအခါ သိမ်းငှက်ကြီး အသက်ပျောက်သွားလေတော့သည်။

"ဟာ ...."

မုယုံကျင်းကိုယ်တိုင် တအံ့တသြဖြစ်သွား၏။

အထူးလေ့ကျင့်ပေးထားသော သိမ်းငှက်ကြီးမှာ ကြောက်လန့်တကြား တိုက်ခိုက်လိုက်၊ သူ၏လက်ချက်ဖြင့် သေဆုံးသွားချေပြီ



"မင်း .... မင်း ...."

မုယုံကျင်း ဒေါသမထိန်းနိုင်တော့ပါ။

"ငါ့ရဲ့သိမ်းငှက်ကြီး မရှိတော့ပေမယ့် ငါတီထွင်ထားတဲ့ သိမ်းငှက်ခြေသည်းသိုင်းပညာကို မင်း လက်တွေ့သိရလိမ့်မယ် ...."

မြေပေါ်ခြေဆောင့်ကာ ခုန်ဝင်သွားပြီး 'သိမ်းငှက်ခြေသည်း' သိုင်းပညာ အသုံးပြုကာ ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်သည်။

ထိုလူမှာ ကျေးတောသားတစ်ယောက်မျှသာဖြစ်ရာ သိမ်းငှက်ကြီးအား သတ်ပစ်နိုင်ခဲ့သော်လည်း မုယုံကျင်းကိုတော့ မယှဉ်နိုင်ပါ။ မတိုက်ခိုက်နိုင်ပါ။ မုယုံကျင်း၏ လက်ငါးချောင်းသည် ထိုလူ၏ဇယ်ထိပ်ကို ကုပ်ချမိလိုက်လေတော့သည်။

"အား ...."

ထိုလူ၏ဦးခေါင်းတစ်ခုလုံး သွေးချင်းချင်းနီရဲကာ မြေပေါ်လဲကျသေဆုံးသွားလေတော့သည်။ မုယုံကျင်းသည် သူ၏သိမ်းငှက်ကြီး သေဆုံးသွားပြီဖြစ်၍ ဒေါသကို မထိန်းနိုင်ချေ။

"သေလိုက်ကြစမ်း ...."

ကျန်ဖမ်းဆီးထားသူများကိုလည်း ဆက်လက်တိုက်ခိုက်တော့သည်။ သိမ်းငှက်ကို မွေးမြူထားပြီး သိမ်းငှက်၏ အမူအကျင့် အစာရှာပုံ တိုက်ခိုက်ပုံများကို လေ့လာကာ သိမ်းငှက်ခြေသည်းသိုင်းပညာ တီထွင်ခဲ့ခြင်းဖြစ်သည်။ မုယုံကျင်း၏ လှုပ်ရှားမှုမှာ သိမ်းငှက်ကြီးတစ်ကောင်နှင့် တူနေသည်။ သို့သော် ....

မုယုံကျင်းသည် သိမ်းငှက်ကြီးတက် ပို၍ကြောက်စရာကောင်းနေသည်မှာ သူ၏ ရက်စက်ကြမ်းကြုတ်မှုပင်ဖြစ်သည်။

"အား ...."

"အမလေး .... "

"သေပါပြီဗျ .... "

စူးရှသော အော်ဟစ်သံများ တစ်ခဲနက်ထွက်ပေါ်လာသည်။ ဖမ်းဆီးခံထားရသူများမှာ မုယုံကျင်း၏လက်ချက်ဖြင့် တစ်ယောက်ပြီး တစ်ယောက် လဲကျသေဆုံးသွားကြလေတော့သည်။

မုယုံကျင်းသည် စိတ်ရှိလက်ရှိ အားရအောင် တိုက်ခိုက်ပြီးမှ တံတွေးတစ်ချက်ထွေးလိုက်၏။

"ထွီ .... "

"သည်ကောင်တွေကြောင့် ငါ့ရဲ့သိမ်းငှက်ကြီး သေဆုံးသွားရတာ နမြောစရာ အင်မတန်ကောင်းတယ် .... တော်ပြီ ရဲတိုက်ကိုပြန်ကြမယ် .... အလောင်းတွေကိုရှင်းပြီး လိုက်ခဲ့ကြ .... "

သူ၏လူများကို အမိန့်ပေးကာ မြင်းပေါ်ခုန်တက်လိုက်လေသည်။ ထို့နောက် ....

"ဟေး .... ဟေး"

မြင်းကိုအော်ငေါက်ကာ ဒုန်းစိုင်းမောင်းနှင် ထွက်ခွာသွားလေတော့သည်။

"ဟီး .... ဟီး .... ဟီး"

"ခွပ် ခွပ် .... ခွပ် ခွပ် .... "

မြင်းဟီသံ၊ မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာကာ မုယုံကျင်းမှာ မြင်းကွင်းမှ တစ်ခဏအတွင်း ပျောက်ကွယ်သွားလေတော့သည်။ သူ၏လူများသည်လည်း အလောင်းများကို ခပ်သွက်သွက်ဖျောက်ဖျက်ပစ်လိုက်ကြသည်။

ထို့နောက် တောအုပ်ရှေ့မှ အလျင်အမြန် ထွက်ခွာသွားကြ



လေတော့သည်။ ယင်ကျင်း ယခုမှ အသက်ဝဝရှူနိုင်တော့သည်။

မုယုံကျင်း၏ရက်စက်မှုကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရသဖြင့် ရင်ထဲ ကြေကွဲနေမိသည်။

"သည်လူယုတ်မာတွေ အသက်ရှင်နေသေးသရွေ့တော့ အများပြည်သူတွေ ဒုက္ခရောက်ကြရဦးမှာပဲ"

မုယုံကျင်းတို့လူသိုက်အား တစ်နေ့တွင် သုတ်သင်ရှင်းလင်းပစ်မည်ဟူသော သူ၏ သန္နိဋ္ဌာန်မှာ ပို၍ ပို၍ ခိုင်မာသွားလေတော့သည်။ သစ်ပင်၏နောက်မှ လှမ်းထွက်လိုက်စဉ် မလှမ်းမကမ်းရှိ ချုံပုတ်ကြီးတစ်ခု လှုပ်ယမ်းသွားသည်ကို သတိပြုမိလိုက်သည်။

ယင်ကျင်း ရင်ထိတ်သွားလေသည်။

"ဘယ်သူလဲ ထွက်ခဲ့စမ်း .... "

ဟုအော်ငေါက်လိုက်ရာ လူတစ်ယောက်က ချုံပုတ်ထဲမှ တိုးထွက်လာသည်။

"ကျုပ် .... ကျုပ်ကို ချမ်းသာပေးပါ"

မြေပေါ် ဒူးထောက်ကာ တောင်းပန်လာသည်။

ထိုသူမှာ ဆင်းရဲနွမ်းပါးသော လယ်သမား ယာသမားတစ်ဦးဖြစ်ပုံရ၏။ ယင်ကျင်း မျက်မှောင်ကုတ်သွားသည်။

"ခင်ဗျား ဘယ်သူလဲ .... ဘာကြောင့် ချုံပုတ်ထဲမှာ ဝင်ပုန်းနေရတာလဲ .... "

ထိုလူက ....

"ကျုပ်တို့ကျေးရွာက သည်နေရာနဲ့ တော်တော်ဝေးပါတယ်၊ သည်ဘက်မှာ တောရှင်းခုတ်ထွင်ပြီး လယ်မြေယာမြေစိုက်ပျိုးဖို့ .... နေရာသစ်ရှာဖို့ ထွက်လာကြတာပါ .... တောအုပ်ထဲရောက်တော့

လူဆိုးတွေနဲ့တွေ့ပြီး အတင်းလိုက်ဖမ်းခံရတာနဲ့ ထွက်ပြေးရပါတယ် ကျုပ်က ချုံပုတ်ထဲ ဝင်ပုန်းနေလို့ လွတ်သွားပေမယ့် ကျန်တဲ့လူတွေ အဖမ်းခံလိုက်ကြရပါတယ် .... အခုတော့ သူတို့အားလုံး .... "

ထိုလူသည် စကားဆုံးအောင် မပြောနိုင်ဘဲ သက်ပြင်းရှိုက်နေတော့သည်။ ယင်ကျင်း စိတ်မကောင်းဖြစ်သွား၏။

"ခင်ဗျားတို့လူစု မုယုံကျင်းနဲ့တွေ့တာ ကံဆိုးတာပဲ .... ဒါပေမယ့် မပူပါနဲ့တော့လေ .... သူတို့ထွက်သွားကြပါပြီ .... "

ထိုလူက ....

"မိတ်ဆွေလေး .... ကျုပ်ကို ဒုက္ခမပေးတာ ကျေးဇူးတင်ပါတယ် .... သည်ဘက် တောအုပ်ထဲမှာ လူတွေကို ဖမ်းဆီးပြီး ဒုက္ခပေးနေတဲ့ သိုင်းသမားဆိုးကြီးတစ်ယောက် ရှိနေတယ်ဆိုတဲ့သတင်း ကျုပ်တို့ကြားမိပါတယ် .... ဒါကို အမှုမထားဘဲ လာခဲ့ကြမိတာ ကျုပ်တို့အမှားပါ .... ကဲ .... ကျုပ်ကို ခွင့်ပြုပါဦး .... "

ယင်ကျင်း ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီနော် .... "

ထိုလူသည် နှုတ်ဆက်ပြီးလျှင် ပြေးလွှားထွက်ခွာသွားလေတော့သည်။ ယင်ကျင်း သက်ပြင်းချလိုက်ပြန်သည်။

"မဟူရာသမားတော် ဝမ်းကျင်းစန်းကို မြန်မြန်တွေ့ရတော့မှ ဖြစ်မယ် .... သူတို့ကို မရှင်းနိုင်ရန် လူအတော်များများ အသေခံကြရတော့မယ်"

သူလည်း ရှေ့ဆက်ခရီးနှင်ရန် ဆုံးဖြတ်လိုက်လေတော့သည်။

အခန်း(၁၇)

## လှုံစိမ်းသူစိမ်း လေးသမား

မဟူရာတောအုပ် .... ။

ယင်ကျင်းသည် မဟူရာတောအုပ်ကြီးဆီသို့ ဦးတည်ခရီးနှင်လာရင်း အလွန်မြင့်မားသော တောင်ကြီးတစ်လုံးအနီးသို့ ရောက်ရှိလာခဲ့သည်။ တောင်ခြေ၌ ခေတ္တရပ်နားကာ အပန်းဖြေပြီး ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်လျှင် အရှေ့ဘက်တွင် နောက်ထပ်တောင်မြင့်ကြီးတစ်လုံး ရှိနေသည်ကို တွေ့လိုက်ရပြန်သည်။

တောင်မြင့်ကြီးနှစ်လုံးသည် မျက်နှာချင်းဆိုင် ရှိနေကြခြင်းဖြစ်ပါသည်။ ယင်ကျင်းသည် မိုးထိမြင့်မားလှသော တောင်ကြီးနှစ်လုံးကို တအံ့တဩကြည့်နေမိပြီးမှ တစ်စုံတစ်ခုကို သတိရလာသည်။

"ဒါဟာ .... ဦးလေးဝမ်းကျင်းစန်းပြောတဲ့ မိုးမျှော်တောင်နဲ့ မိုးထိပ်တောင်ပဲ ဖြစ်မယ်"

ထိုတောင်ကြီးနှစ်လုံးအား တွေ့ရပြီးနောက် ဝမ်းကျင်စန်းကိုလည်း တွေ့ရဖို့မခက်တော့ကြောင်းတွေးမိကာအားတက်လာလေ၏။

"ငါ ဘာကြောင့်ရှာလို့ မတွေ့ရမှာလဲ .... "

ယင်ကျင်း ကြိုးဝါးရင်း ရှေ့ဆက်ထွက်လာခဲ့ရာ မကြာပါ‌ရွာကလေးတစ်ရွာအား လှမ်းမြင်လိုက်ရလေတော့သည်။

ယင်ကျင်း ပြုံးလိုက်သည်။

"ဟုတ်ပြီ .... ရှေ့ကရွာကလေးကို သွားပြီး အကူအညီတောင်းရမယ် .... "

ရွာသူရွာသားများသည် ဝမ်းကျင်းစန်းထံသို့ လမ်းညွှန်ပေးနိုင်လိမ့်မည်ဟူသော ယုံကြည်ချက်ဖြင့် အပြေးတစ်ပိုင်း သွားလိုက်မိလေတော့သည်။ ရွာကလေးနှင့် တစ်စတစ်စ နီးကပ်လာသောအခါ ယင်ကျင်းမှာ အံ့သြစိတ်များ ဖြစ်ပေါ်လာရပါတော့သည်။ ရွာကလေးသည် အံ့သြဖွယ်ကောင်းအောင် တိတ်ဆိတ်ငြိမ်သက်နေသည်။

လူသံသူသံမကြားရပါ .... ။

လူသူလှုပ်ရှား သွားလာနေသည်ကိုလည်း အရိပ်အယောင်မျှမတွေ့ရပါ။ ကျေးရွာတို့၏ထုံးစံအတိုင်း ကြက်၊ ဝက်၊ ဘဲ၊ ဆိတ် စသည့်သတ္တဝါများ၏ အသံဗလံကိုလည်း မကြားရပါ။

"တစ်ရွာလုံး တိတ်ဆိတ်နေပါလား။ ထူးဆန်းလိုက်တာ တစ်ခုခုတော့ တစ်ခုခုပဲ .... "

ယင်းကျင်းသည် အန္တရာယ်နှင့် မကြာခဏ ကြုံတွေ့နေရသည်ဖြစ်၍ ရှေ့ဆက်သွားရန်ပင် ဝန်လေးသွားတော့သည်။

သစ်ပင်ကြီးတစ်ပင်အနီး၌ ခြေလှမ်းရပ်လိုက်မိသည်။ ရွာကလေးဆီသို့ အကဲခတ်နေလိုက်သည်။ သို့ဖြင့် .... အချိန်များ တဖြေးဖြေး ကုန်ဆုံးသွားလေသည်။ လေပြည်လေညင်း ဝှေ့ယမ်းတိုက်ခတ်လာသည်။



ရော်ရွက်ကလေးများ ကြွေကျလာလေသည်။

အဝေးမှ ငှက်ကလေးတစ်ကောင်၏ ဘာသာဘာဝ တေးသီကြွေးသံများလည်း လွင့်ပျံ့လာသည်။ ဝန်းကျင်တစ်ခုလုံး အေးချမ်းနေပြီး အန္တရာယ်ဖြစ်နိုင်သည့် အရိပ်အယောင် စိုးစဉ်းမျှမတွေ့ရချေ။

ယင်ကျင်း ဂဏာမငြိမ် ဖြစ်လာလေသည်။

"သည်လောက် အေးချမ်းသာယာတဲ့နေရာမှာ ရွာကလေးတစ်ရွာရှိတယ် .... ဒါပေမယ့် လူသူအရိပ်အရောင် မတွေ့ရဘူး .... ဘာဖြစ်လို့ ငြိမ်သက်နေရတာလဲ .... "

အတန်ကြာအောင် ကြည့်နေသည်တိုင် လူသူအရိပ်အယောင်လုံးဝမတွေ့ရသည်ကတော့ အမှန်ပင် .... ။

ယင်ကျင်း၏ စိုးရိမ်စိတ်များ တဖြည်းဖြည်းလျော့ပါးသွားကာ ရှေ့တိုးသွားလိုက်သည်။ တစ်လှမ်း .... နှစ်လှမ်း .... သုံးလှမ်း ....

ရွာကလေးနှင့် တစ်စထက်တစ်စ နီးကပ်သွားသည်။

ယခုမှ ရွာကလေး၏ အခြေအနေကို သေသေချာချာတွေ့မြင်လိုက်ရတော့သည်။ အိမ်များက ပြိုပျက်နေသည်။

လူသူနေထိုင်ခြင်းမရှိတော့သည့် ရွာပျက်ကြီးဖြစ်နေလေသည်။

"လက်စသတ်တော့ ရွာပျက်ကြီးတစ်ခုပဲကိုး .... "

ယင်ကျင်း အခုမှ စိတ်အေးသွား၏။

ဟိုဟိုသည်သည် အကဲခတ်ရင်း ရွာထဲဝင်လာခဲ့သည်။

ရွာထဲသို့ ရောက်လာသောအခါ အသုံးအဆောင်ပစ္စည်းများရှိနေပြီး ယူဆောင်သွားကြခြင်း မရှိကြောင်း တွေ့လာရပြန်သည်။

ထို့အပြင် .... လူအရိုးစုများ တိရစ္ဆာန်အရိုးစုများလည်း ဟိုနားသည်နား တွေ့လာရလေသည်။

ယင်ကျင်းသည် မဟူရာသမားတော် ဝမ်းကျင်းစန်း၏အဖြစ်အပျက်ကို သတိရလာနေလေသည်။

"လက်စသတ်တော့ ဒါဟာ မိုးတိမ်ကျေးရွာဖြစ်နေတာကိုး"

မိုးတိမ်ကျေးရွာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသည့်အဖြစ်ပေတကား။ မိုးတိမ်ကျေးရွာသည် ဝမ်းကျင်းစန်း၏ အဆိပ်ကြောင့် ဒုက္ခရောက်ခဲ့ရသည်။ ယင်ကျင်း ပင့်သက်ရှိုက်မိသည်။

"အတော်ကို ကြေကွဲစရာကောင်းတဲ့ အဖြစ်အပျက်ပါလား....ဦးလေးဝမ်းကျင်းစန်း ပေါ့လျော့တာနဲ့ တစ်ရွာလုံး သေဆုံးသွားခဲ့ရတာပါပဲလား ...."

မိုးတိမ်ကျေးရွာမှလူများအပေါ် ကရုဏာသက်မိသည်။

"နောက်နောင် သည်လိုအဖြစ်မျိုး ပေါ်ပေါက်မလာရလေအောင် ထိန်းသိမ်းသွားရမယ်၊ ငါသာ အဆိပ်ပညာတတ်မြောက်လာခဲ့ရင် သည်လိုအဖြစ်မျိုးတွေ ဘယ်တော့မှ မပေါ်ပေါက်စေရဘူး"

ယင်ကျင်းသည် မိုးတိမ်ကျေးရွာနှင့် ဝမ်းကျင်းစန်း၏ဖြစ်ရပ်ကို သင်ခန်းစာယူလိုက်မိသည်။ ထိုစဉ် ....

"ခွပ် ခွပ် .... ခွပ် ခွပ်"

"ခွပ် ခွပ် .... ခွပ် ခွပ်"

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကိုကြားလိုက်ရလေတော့သည်။ ရွာအပြင်ဘက်မှဖြစ်သည်။

မြင်းစီးသမားတစ်ယောက်သည် မိုးတိမ်ကျေးရွာသို့ ဦးတည်ခရီးနှင်လာနေပြီဖြစ်ပါသည်။ မည်သူဖြစ်ပါသနည်း။

လူသူနေထိုင်ခြင်းမရှိ၊ ဝမ်းကျင်းစန်း၏အဆိပ်ကြောင့် တစ်ရွာလုံး သေဆုံးသွားရသည့် မိုးတိမ်ကျေးရွာသို့ ဦးတည်လာနေသူမှာ တစ်



ယောက်တော့ ဖြစ်နိုင်သည်။

"ဦးလေးဝမ်းကျင်းစန်းများ ဖြစ်နေမလား"

ယင်ကျင်း စိတ်လှုပ်ရှားလာ၏။

ဝမ်းကျင်းစန်း လာနေသည်ဆိုပါလျှင် မည်မျှကောင်းလိုက်မည်နည်း .... ။ ယင်ကျင်းသည် မျှော်လင့်ချက်ဖြင့် ရွာအဝင်လမ်းသို့ လှမ်းကြည့်လိုက်မိသည်။ ထိုစဉ် ....

"အား .... "

စူးရှသော အော်ဟစ်သံထွက်ပေါ်လာ၏။

တစ်ကိုယ်လုံး သွေးအလိမ်းလိမ်းပေကျံနေသူတစ်ဦး ရွာထဲသို့ ပြေးဝင်လာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

မမျှော်လင့်သော အဖြစ်ကြောင့် ယင်ကျင်း ကြောင်အမ်းအမ်းဖြစ်သွားသည်။ သူက ဝမ်းကျင်းစန်းအား မျှော်လင့်နေခြင်းဖြစ်သည်။

သူတွေ့လိုက်ရသူကား သွေးအလိမ်းလိမ်းပေကျံကာ သွေးရူးသွေးတန်းဖြင့် ပြေးလာနေသူဖြစ်သည်။

ထိုလူ၏နောက်ကျောဌ်လည်း မြားတစ်စင်း စိုက်ဝင်နေပါသည်။ ထိုလူသည် ရွာထဲရောက်လာပြီး တစ်ခဏအတွင်းမှာပင် လုံးဝမဟန်နိုင်တော့ဘဲ လဲကျသွားတော့သည်။

"ဝုန်း .... "

ယင်ကျင်းက ကြောင်အမ်းအမ်းဖြင့် ကြည့်နေဆဲပင်။

ထိုလူသည် မှောက်ခုံကြီး လဲကျကာ တုတ်တုတ်မျှမလှုပ်တော့ချေ။ သူ၏နောက်ကျောဌ် စိုက်ဝင်နေသော မြားတံက ထိုးထိုးထောင်ထောင် ရှိနေသည်။ မြားတံအမြီးပိုင်း၌ ရောင်စုံငှက်မွေးများ ဟပ်ဆင်ထား၏။ မြားတံကို အဖြူတစ်ရစ် အနက်တစ်ရစ် ဆေးခြယ်ကာ အလှ

ဆင်ထားသည်။ မြားတံပိုင်ရှင်မှာ တော်ရုံလူတစ်ယောက် မဟုတ်ကြောင်း ထင်ရှားပေါ်လွင်နေသည်။ ယင်ကျင်း ငေးငိုင်နေစဉ်မှာပင်၊

"ခွပ် ခွပ် .... ခွပ် ခွပ်"

"ခွပ် ခွပ် .... ခွပ် ခွပ်"

မြင်းခွာသံများ ပို၍ကျယ်လောင်လာကာ မြင်းစီးသမား တစ်ယောက် ရွာထဲဝင်လာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

မြင်းစီးသမားသည် ရွာထဲရောက်လာသည်နှင့် ....

မြင်းကို ဟေးခနဲ အော်ကာ အရှိန်လျှော့လိုက်၏။

သေဆုံးနေသူနှင့် မလှမ်းမကမ်းသို့ ရောက်တော့မှ မြင်းကိုရပ်တန့်လိုက်သည်။ ယင်ကျင်းက ထိုလူအားကြည့်နေသကဲ့သို့ ထိုလူကလည်း ယင်ကျင်းကို အကဲခတ်ကြည့်နေသည်။

ထိုလူသည် အလွန်ချမ်းသာကြွယ်ဝသူတစ်ယောက်ပမာ ဝတ်ကောင်းစားလှ ဝတ်ဆင်ထား၏။

သူစီးထားသော မြင်းကြီးကလည်း အလွန်သန်မာထွားကျိုင်းပြီး မွန်ဂိုမျိုးစပ် မြင်းနက်ကြီးတစ်ကောင် ဖြစ်သည်။

ထိုလူငယ်ခါး၌ ဓားရှည်တစ်လက် ချိတ်ထားကာ ကျောပေါ်၌ မြားအိတ်လွယ်ထား၏။ လက်ထဲ၌ လေးမြားကိုင်ထားသည်။

ယင်ကျင်းနှင့် အသက်အရွယ်ချင်း မတိမ်းမယိမ်းသာ ရှိဦးမည်ထင်ရသည်။ ရုတ်တရက်ကြည့်လျှင် တောကစားထွက်လာသည့် မင်းသားလေးတစ်ပါးနှင့် တူနေတော့သည်။

ယင်ကျင်းက တောထဲတောင်ထဲ၌ မင်းသားလေးတစ်ပါးနှင့်တူသူတစ်ယောက်အား တွေ့လိုက်ရသဖြင့် အံ့ဩနေမိသည်။

"သူ့ကိုကြည့်ရတာ သည်အရပ်ဒေသနဲ့ စိမ်းတဲ့ပုံ မရှိဘူး ....



ရင်းနှီးကျွမ်းဝင်တာ သေချာတယ် .... ဘယ်သူများပါလိမ့် .... "

သူ တွေးတောနေစဉ်မှာပင် ထိုလူ၏စကားသံ ထွက်ပေါ်လာလေသည်။

"မိတ်ဆွေက ခရီးသည်တစ်ယောက်လားဗျာ"

ယင်ကျင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ"

ထိုလူက ....

"ဒါဖြင့် မိတ်ဆွေသိပ်ကံကောင်းသွားတာပဲ"

"ဗျာ .... "

"နေဦး .... မိတ်ဆွေကို မေးရဦးမယ်၊ ခုတလော သည်အရပ်ဒေသဘက်မှာ လာပြီးသောင်းကျန်းနေတဲ့လူတွေထဲမှာ မိတ်ဆွေတော့ မပါပါဘူးနော် .... "

"ဟာ .... မပါပါဘူးဗျာ .... ကျုပ်က ခရီးသည်တစ်ဦးပါဗျာ၊ မြင်ရုံနဲ့ ခရီးသည်မှန်း ခင်ဗျား သိမှာပါ .... "

"ဒါဆို တော်သေးတာပေါ့ .... "

ထိုလူရွယ်သည် မြင်းပေါ်မှ ဆင်းလိုက်သည်။

လဲကျသေဆုံးနေသူထံသို့ လှမ်းသွားလိုက်၏။

ထိုလူ၏နောက်ကျော၌ စိုက်ဝင်နေသော မြားတံကိုဆွဲနုတ်ကာ မြားတံ၌ ပေကျံနေသော သွေးများကို သေဆုံးနေသူ၏အင်္ကျီဖြင့်ပင် ပြန်သုတ်လိုက်သည်။

လူရွယ်သည် သူ၏လက်ချက်ဖြင့် လူတစ်ယောက် သေဆုံးသွားသော်လည်း မည်သို့မျှ ခံစားရပုံ မပေါ်ချေ။ မြားတံကို သိမ်းဆည်းထားလိုက်ပြီးမှ ယင်ကျင်းကို ကြည့်လိုက်သည်။

"သည်လူက အတော်ဆိုးတာဗျ .... "

သေဆုံးနေသူကို ညွှန်ပြကာပြော၏။ ယင်ကျင်း ဘာမှမပြောဘဲ အကဲခတ်ကြည့်နေ၏။ လူရွယ်က ....

"သည်အရပ်ဒေသကို သူတို့ရောက်လာကြမယ် .... ရိုးသားပြီး အပြစ်မဲ့တဲ့လယ်သမား ယာသမားတွေကို ဒုက္ခပေးကြတယ်၊ ခုလည်း လယ်သမားအိမ်တစ်အိမ်ကို ဝင်ဓားပြတိုက်သွားတယ်လေ၊ ဒါကြောင့် ကျုပ်ကလိုက်ရှာပြီး ဆုံးမလိုက်တာပဲ"

အဘယ်ကြောင့် ဆုံးမလိုက်ရသည်ကို ရှင်းပြ၏။

ယင်ကျင်းက ....

"သည်လူက ဓားပြတစ်ယောက်ဟုတ်လား"

"ဟုတ်တယ် .... ဘာလဲ .... ခင်ဗျား မယုံဘူးလား"

လူရွယ်က ပြန်မေးလာလေသည်။

"သူက .... "

ယင်ကျင်းသည် .... သေဆုံးနေသူမှာ ဓားပြတစ်ယောက်ဖြစ်ကြောင်း ရုတ်တရက်ယုံကြည်ဖို့ ခက်ခဲနေပါတော့သည်။

သေဆုံးနေသူမှာ ရက်ပေါင်းများစွာ အစာရေစာစားသောက်ခဲ့ရပုံမရှိပါ။ သူ၏အဝတ်အစားများ စုတ်ပြဲနေကာ တစ်ကိုယ်လုံး ဒဏ်ရာဒဏ်ချက်များ ရရှိထားသည်ကို တွေ့ရ၏။ ထို့ကြောင့် ယင်ကျင်းမှာ ဓားပြတစ်ယောက်ဟုဆိုခြင်းကို မယုံနိုင်အောင် ဖြစ်နေခြင်းပင်။ ထိုလူသည်လည်း သေဆုံးနေသူကိုတစ်လှည့်၊ ယင်ကျင်းကို တစ်လှည့်ကြည့်ကာ သဘောပေါက်သွားပုံဖြင့် ရယ်မောလိုက်လေသည်။

"ဟား .... ဟား .... ဟား .... ခင်ဗျားက သူ့ရဲ့ပုံပန်းသဏ္ဌာန်ကို ကြည့်ပြီး ဓားပြမဟုတ်ဘူးလို့ သံသယဖြစ်နေတာကိုး .... "



ဦးခေါင်းတဆတ်ဆတ်ညိတ်ကာ ရှင်းပြလိုက်လေသည်။

"သောင်းကျန်းနေတဲ့ ဓားပြတွေကို ကျုပ်ကလိုက်ရှာပြီး ဆုံးမနေတာ .... ဓားပြတွေ တစ်ယောက်ပြီးတစ်ယောက် သေကုန်ကြတယ်၊ တချို့က တောထဲတောင်ထဲမှာ ပုန်းနေကြတယ်၊ သည်လူက တောထဲမှာ ဝင်ပုန်းနေတာကြာပြီ .... အစာငတ်ရေငတ်ပြီး ဆူးပင်ချုံပင်တွေနဲ့ ခြစ်မိပြီး တစ်ကိုယ်လုံးပိန်ချုံး ဒဏ်ရာဒဏ်ချက်တွေချည်းပဲ .... ငတ်တဲ့ဒဏ်မခံနိုင်လို့ ပုန်းနေရာကထွက်လာတော့ ကျုပ်လက်ချက်မိသွားတာပေါ့ .... "

"ဪ .... သည်လိုကိုး .... "

လူရွယ် ရှင်းပြမှ ယင်ကျင်း သဘောပေါက်သွားသည်။

လူရွယ်ကမေးလာလေ၏။

"ဒါထက် ခင်ဗျားက ဘယ်သွားမလို့လဲ ပြောပါဦး .... "

ယင်ကျင်းက ....

"ကျုပ်နာမည် ယင်ကျင်းလို့ခေါ်ပါတယ်ဗျာ .... မဟူရာတောအုပ်ထဲမှာနေတဲ့ မဟူရာသမားတော်ဝမ်းကျင်းစန်းကို လာရှာတာပါ"

လူရွယ်မျက်မှောင်ကုတ်သွား၏။

"မဟူရာသမားတော်ဝမ်းကျင်းစန်း ဟုတ်လား .... "

"ဟုတ်ပါတယ်ဗျာ .... "

"ခင်ဗျားနဲ့ ဘယ်လိုပတ်သက်နေလို့လဲ .... "

"ကျုပ်တို့ချင်း ရင်းနှီးပါတယ် .... သူ့ဆီကို အလည်အပတ်လာခဲ့တာပါ"

ယင်ကျင်းက အဆင်ပြေသလို ကြည့်ပြောလိုက်လေသည်။

"မဟူရာသမားတော်ဝမ်းကျင်းစန်းက ကြောက်စရာကောင်း

တဲ့လူဗျ .... သူကြောင့် သည်ရွာတစ်ရွာလုံး ပျက်စီးသွားတာ .... သည်အတိုင်းဆိုရင် ဝမ်းကျင်းစန်းနဲ့ ပတ်သက်နေတဲ့ ခင်ဖျားလည်း ကြောက်စရာကောင်းတဲ့လူတစ်ယောက် ဖြစ်မှာပဲ"

ယင်ကျင်းကပျာကယာ ဖြေရှင်းလိုက်လေသည်။

"မဟုတ်ပါဘူးဗျာ .... ကျုပ်က ဝမ်းကျင်းစန်းဆီမှာ အကူအညီ တောင်းဖို့လာခဲ့တာပါ"

"ခင်ဖျားက ဒုက္ခရောက်နေတာလား"

"ဟုတ်ပါတယ်ဗျာ"

လူရွယ်သည် ယင်ကျင်းအား သက်ာမကင်းသော မျက်လုံးများဖြင့် ခြေဆုံးခေါင်းဆုံးကြည့်လိုက်သည်။ ထို့နောက် .... ။

"အမှန်ကိုပြောရရင်ခင်ဖျားပြောတာကိုယုံကြည်ဖို့ခပ်ခက်ခက်ပဲ"

"ဘာဖြစ်လို့လဲဗျာ .... "

"ဘာဖြစ်ရမလဲ .... ခင်ဖျားက သိုင်းပညာတတ်တဲ့လူတစ်ယောက်ဆိုတာကို ကျွန်တော် အကဲခတ်မိလို့ပေါ့ဗျ .... "

မင်းသားလေးနှင့်တူသော လူရွယ်မှာ လူကဲခတ်မခေကြောင်း ပေါ်လွင်နေသည်။ ယင်ကျင်း ပြုံးလိုက်သည်။

"ကျုပ်ရဲ့သိုင်းပညာက ပြောပလောက်တာ မဟုတ်ပါဘူးဗျာ၊ ကျုပ်မှာ ထက်မြက်တဲ့သိုင်းပညာရှိရင် ဒုက္ခရောက်စရာအကြောင်း မရှိဘူး .... ဦးလေးဝမ်းကျင်းစန်းဆီကိုလာပြီး အကူအညီတောင်းစရာ အကြောင်း မရှိတော့ပါဘူး"

လူရွယ်က ....

"ခင်ဖျားသည်ကိုတစ်ယောက်တည်းလာတာလား အဖော်မပါဘူးလားဗျ"



ယင်ကျင်း ခေါင်းခါယမ်းလိုက်သည်။

"အဖော်မပါဘူး .... ကျုပ်တစ်ယောက်တည်း လာခဲ့တာပါ"

"ဝမ်းကျင်းစန်းကတော့ .... ခင်ဖျားလာမယ်ဆိုတာကို သိနေသလား"

"သိမှာမဟုတ်ဘူးဗျ"

"ဟား .... ဟား .... ဟား"

လူရွယ်ကောက်ကာငင်ကာ ရယ်မောလိုက်သဖြင့် ယင်ကျင်း ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

"ခင်ဖျား ဘာရယ်တာလဲ"

လူရွယ်က ....

"ဩော် .... ခင်ဖျားက .... ပွင့်ပွင့်လင်းလင်း ပြောတတ်တာကို သဘောကျလို့ပါဗျာ"

ယင်ကျင်း၏စိတ်ထဲ၌ လူရွယ်သည် သဘောမနောကောင်းပြီး ပျော်ပျော်နေတတ်သည်။ မတရားမှုကို ရွံမုန်းပြီး အခက်အခဲဒုက္ခရောက်နေသူအား ကူညီလိုစိတ်ရှိသူဟုထင်မိသည်။လူရွယ်က ဆက်ပြောသည်။

"ကျုပ်နာမည် မောက်ဖိန်လို့ခေါ်ပါတယ် .... မြေပိုင်ရှင်ကြီး မောက်ကျိုရဲ့မြေးပါ .... မဟူရာတောအုပ်အပြင်ဘက်က နယ်မြေ သုံးပုံတစ်ပုံလောက်ဟာ ကျုပ်အဘိုးပိုင်ဆိုင်ခဲ့တာပေါ့ဗျာ .... "

"ဩော် .... "

"မဟူရာတောအုပ်က နက်ရှိုင်းတယ်ဗျ .... လမ်းပြမပါဘဲ .... တောအုပ်ထဲ့ဝင်သွားဖို့မလွယ်၊ ဝမ်းကျင်းစန်းက လျှို့ဝှက်တဲ့လူတစ်ယောက်ဆိုတော့ သူ ဘယ်မှာနေတယ်ဆိုတာ ဘယ်သူမှ မသိကြဘူး၊ ခင်ဖျား သည်အတိုင်း လိုက်ရှာရင် တောအုပ်ထဲမှာ တဝဲလည်လည်

ဖြစ်ပြီး ဒုက္ခရောက်ရမှာ သေချာတယ် .... "

ယင်ကျင်းက ....

"ကျုပ်က သူ့ကို မတွေ့ရလို့ မဖြစ်ဘူးဗျ"

လူ့ရွယ် (ဝါ) မောက်ဖိန်က ....

"ကျုပ်လည်း ဝိုင်းကူရှာပေးပါ့မယ်ဗျာ .... ကျုပ် ကူညီပါ့မယ်"

"ခင် .... ခင်ဗျား တကယ်ပြောတာနော်"

ယင်ကျင်း ဝမ်းသာအားရ ရယ်မောလိုက်မိသည်။

မောက်ဖိန် ခေါင်းညိတ်လိုက်သည်။

"ကျုပ်က .... လူဆိုးဓားပြတွေကိုသာ မုန်းတီးတာပါဗျာ .... အခက်အခဲ ဒုက္ခရောက်နေသူတွေကို ကူညီဖို့ ဝန်မလေးပါဘူး .... မဟူရာတောအုပ်ကို ချက်ချင်း သွားလို့ရသေးတာလည်းမဟုတ်တော့ အေးအေးဆေးဆေးပေါ့ဗျာ .... ကျုပ်နဲ့လိုက်ခဲ့ပြီး အနားယူပါဦး .... ပြီးမှ မဟူရာသမားတော်ကို ဘယ်လိုလိုက်ရှာကြမယ်ဆိုတာ တိုင်ပင်ဆွေးနွေးပြီး ခရီးထွက်ဖို့ စီစဉ်ကြတာပေါ့ .... မကောင်းဘူးလား"

ယင်ကျင်း ကျေးဇူးတင်သွားသည်။

လက်နှစ်ဖက်ဆုပ်ကာ ဦးညွတ်လိုက်သည်။

"မိတ်ဆွေ ကူညီတဲ့ကျေးဇူးကို မမေ့ပါဘူးဗျာ .... "

"ကျေးဇူးတင်စရာမလိုပါဘူး .... ကျုပ်က ဘယ်သူ့ကိုမဆို ကူဝန်မလေးပါဘူး .... ကဲ .... ကျုပ်နဲ့ လိုက်ခဲ့ပါဗျာ"

မောက်ဖိန်က သဘောမနောကောင်းစွာ ဖိတ်ခေါ်၏။

ယင်ကျင်းလည်း အားကိုးမိပြီး လိုက်သွားခဲ့တော့သည်။



အခန်း(၁၈)

## အရှုးထောင်ချောက်

မိုးတိမ်ကျေးရွာမှ ထွက်လာပြီးနောက် မောက်ဖိန်က ယင်ကျင်းအား သူ့၏မြင်းပေါ် တက်ခိုင်းသည်။

"မိတ်ဆွေ .... မြင်းပေါ်တက်ပါ၊ ခြေလျင်သွားနေမယ်ဆိုရင် မိုးချုပ်တာတောင် ကျုပ်ရဲ့စံအိမ်ကို ရောက်မှာမဟုတ်ဘူးဗျ"

ယင်ကျင်းက ....

"တော်တော်ဝေးလို့လား .... "

မောက်ဖိန်က ....

"မိုးတိမ်ကျေးရွာနဲ့ ဝေးလို့လည်း ဝမ်းကျင်းစန်းရဲ့ အဆိပ်ဒဏ်က လွတ်သွားတာပေါ့ .... ဒါမှမဟုတ်ရင် ကျုပ်တို့မျိုးဆက်အားလုံး လူ့လောကက ပျောက်ကွယ်သွားတာ ကြာပြီပေါ့ .... မိုးတိမ်ကျေးရွာနဲ့ ဝေးပေမယ့် မဟူရာတောအုပ်နဲ့တော့ နီးပါတယ် မိတ်ဆွေ .... ခရီးတွင်သွားတာပေါ့ .... "

"ကျေးဇူးပါပဲဗျာ .... "

ယင်ကျင်းသည်မောက်ဖိန်နှင့်အတူမြင်းစီးကာလိုက်ပါလိုက်သည်။

"ခွပ် ခွပ် .... ခွပ် ခွပ် .... "

"ခွပ် ခွပ် .... ခွပ် ခွပ် .... "

မြင်းခွာသံများ ကျယ်လောင်စွာထွက်ပေါ်လာသည်။

မောက်ဖိန်သည် မြင်းစီးကျင်လည်သည့်အပြင် နယ်မြေအေ ကျွမ်းကျင်သူဖြစ်သည်။ သူ မြင်းစီးပုံကိုကြည့်ပြီး ယင်ကျင်း ဆုံးဖြတ် ခြင်းဖြစ်လေ၏။ ယင်ကျင်းအား သူ၏မြင်းပေါ်တင်ကာ ဒုန်းစိုင်းနှင် သွားရာ ထမင်းတစ်အိုးချက်ခန့်ကြာသောအခါ ရှေးဟောင်းစံအိမ်ကြီး တစ်ခုကိုအွားခနဲတွေ့မြင်လိုက်ရလေတော့သည်။ မောက်ဖိန်ကပြော သည်။

"ဒါ .... ကျုပ်တို့မျိုးရိုးစဉ်ဆက် နေထိုင်ခဲ့တဲ့ စံအိမ်ကြီးပေါ့"

တောထဲတောင်ထဲ၌ ခန်းနားထည်ဝါလှသော စံအိမ်ကြီးတစ် လုံးကို တွေ့လိုက်ရသဖြင့် ယင်ကျင်း မယုံနိုင်အောင် ဖြစ်သွားလေ တော့သည်။ မောက်ဖိန်က ....

"ကျုပ်အဘိုးဟာ မြေပိုင်ရှင်ကြီးဆိုတော့ အင်မတန် ချမ်းသာ ကြွယ်ဝပြီး တမည့်တပန်း ပေါ်များခဲ့တာပေါ့ .... ဒါပေမယ့် ဘယ်တော့ မှ အေးအေးချမ်းချမ်း မနေရပါဘူး"

ယင်ကျင်းက ....

"ဘာဖြစ်လို့လဲဗျ .... "

"လူဆိုးဓားပြတွေက လာပြီးနှောင့်ယှက်ကြလို့လေ .... သည် လိုနဲ့ ကျုပ်အဘိုးဟာ တစ်ချိန်လုံး လူဆိုးဓားပြတွေကို ကြောက်လန့် နေခဲ့ရတာ သူ သေသွားတဲ့အချိန်အထိပဲပေါ့ .... "

ယင်ကျင်းက စိတ်ဝင်စားစွာ နားထောင်နေလိုက်၏။

မောက်ဖိန်က ....



"ကျုပ်အဖေ လက်ထက်ကျတော့ အဘိုးရဲ့ ဖြစ်ရပ်ကို သင်ခန်း စာယူပြီး လယ်မြေတွေကို ဘယ်သူယူမလဲ .... ယူချင်တဲ့ လူတွေကို ဝေချမ်းပေးလိုက်တယ် .... ပစ္စည်းဥစ္စာတွေကိုလည်း ဆင်းရဲနွမ်းပါး တဲ့လူတွေကို ဝေချမ်းပေးလိုက်တယ် .... သည်လိုနဲ့ ကျုပ်တို့ပိုင်ဆိုင် တာဆိုလို့ ပြောပြလောက်အောင် မရှိတော့ဘူး .... သည်တော့ အခြေ အရံတွေလည်း မရှိတော့ဘူး .... ဟဲ ဟဲ .... တစ်ခုတော့ သဘောကျ ဖို့ကောင်းတယ် .... လူဆိုးဓားပြတွေလည်း လာပြီး မနှောင့်ယှက် တော့ဘူး .... "

ယင်ကျင်း ပြုံးလိုက်သည်။

"ဒါလည်း တစ်မျိုးကောင်းတာပဲ .... "

ထောက်ခံပြောဆိုလိုက်၏။

မောက်ဖိန်က ....

"တစ်မျိုးကောင်းတယ်ဆိုရင် တစ်မျိုး မကောင်းပြန်ဘူးဗျ"

"ဟင် .... ဘာဖြစ်လို့လဲ"

"ဟိုရောက်တော့ ခင်ဗျား သိရမှာပေါ့ .... "

မောက်ဖိန်သည် မြင်းကို အော်ငေါက်ကာ ပို၍ သွက်သွက်နှင် လိုက်၏။ သူတို့သည် စံအိမ်ကြီးရှေ့သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိ သွားကြလေတော့သည်။ မောက်အမျိုးအနွယ်စံအိမ်။

စံအိမ်အဝင်တံခါးမကြီးနံဘေးရှိ ကျောက်တိုင်ပေါ်၌ ကြေးဝါ ဆိုင်းဘုတ်ကြီးရှိသည်။ ထိုဆိုင်းဘုတ်ကြီးပေါ်၌ ရေးထွင်းထားသော စာလုံးများက မှေးမှိန်နေပြီဖြစ်သော်လည်း ကောင်းစွာ ဖတ်၍ရနိုင်ပါ သေး၏။ ယင်ကျင်းသည် တောထဲတောင်ထဲမှ စံအိမ်ကြီးကိုကြည့်ကာ ရင်သပ်ရှုမောဖြစ်သွားသည်။

ရှေးဟောင်းလက်ရာဖြစ်ပြီး တစ်ချိန်က အလွန်ကြီးကျယ်ခန်းနားခဲ့မည်ဖြစ်ကြောင်း ထင်ရှားသည်။ ယခု ဟောင်းနွမ်းအိုမင်းနေပြီဖြစ်သော်လည်း စံအိမ်ကြီး၏အရှိန်အဝါက ကျန်နေသေးသည်မဟုတ်ပါလား။ မောက်ဖိန်က ....

"ဒါ .... ကျုပ်ရဲ့ စံအိမ်ပေါ့ကွာ"

ရယ်ရယ်မောမောပြောရင်း စံအိမ်ထဲ လှမ်းဝင်သွားသည်။

ယင်ကျင်းလည်း လိုက်သွား၏။

ညှို့ခန်းမဆောင်ကြီး တစ်ခုတည်းသည်ပင် အိမ်ကြီးတစ်ဆောင်နီးပါး ကျယ်ဝန်းနေသည်။ စကြံလမ်းများ အဆောင်ဆောင်အခန်းခန်း ဖွဲ့စည်းထားခြင်း ဖြင့် ရင်သပ်ရှုမောရှိနေသည်။ နယ်စားကြီးတစ်ယောက်၏ **နန်းဆောင်ကြီး**တစ်ခုနှင့်ပင် တူနေပါတော့သည်။

**သို့သော် .... ဤမျှ ကြီး**ကျယ်ခန်းနားလှသည့် စံအိမ်ကြီးထဲ၌ လူသူတစ်စုံတစ်ယောက်မှ မတွေ့ရဘဲ .... အပ်ကျသံကြားရလောက်အောင်ပင် တိတ်ဆိတ်ငြိမ်သက်နေခြင်းက ထူးခြားနေသည်။ ယင်ကျင်းနှင့် မောက်ဖိန်တို့ လှမ်းဝင်လာသော ခြေသံများကို အတိုင်းသားကြားနေရပါတော့သည်။ယင်ကျင်းက မနေနိုင်ဘဲ မေးလိုက်လေသည်။

"သည်စံအိမ်ကြီးမှာခင်ဗျားတစ်ယောက်တည်းနေတာလားဗျာ"

"ဟုတ်တယ် .... ဘာဖြစ်လို့လဲ"

"အိမ်ဖော်တွေ ဘာတွေကော မရှိဘူးလား .... "

မောက်ဖိန်က ရယ်မောလိုက်သည်။

"ဒါကြောင့် ကျုပ်က လမ်းမှာ ပြောခဲ့တာပေါ့ .... ကျုပ်အဖေရဲ့လုပ်ရပ်က တစ်မျိုးကောင်းတယ် တစ်မျိုးလည်းမကောင်းဘူး ဆိုတာလေ .... "



ယင်ကျင်း အံ့သြနေသည်။ မောက်ဖိန်က ....

"ဖေဖေက လယ်ယာမြေတွေကို ဝေခြမ်းပေးကမ်းလိုက်တယ်၊ ရှိတဲ့ပစ္စည်းဥစ္စာတွေကိုလည်း စွန့်ကြဲပေးကမ်းလိုက်တယ် .... ဒါကြောင့် ဘာမှမရှိတော့လို့ လူဆိုးဓားပြတွေကို ကြောက်စရာမလိုတော့ဘူး၊ မကောင်းတာကတော့ ကျုပ်တို့က ဟောသည်စံအိမ်ကြီးနဲ့နေပြီး .... ဆင်းရဲမွဲတေတဲ့လူတွေ ဖြစ်သွားတာပဲ .... "

သူသည် လက်ကိုဝှေ့ယမ်းကာ သူ၏ အခြေအနေကို ပြောပြနေသည်။

"ကဲ .... ထိုင်ပါဦး၊ အေးအေးဆေးဆေးပေါ့ဗျာ"

ရှေးဟောင်းကျွန်းစားပွဲကြီး၌ ယင်ကျင်းကို နေရာပေးလိုက်သည်။ ထို့နောက် .... အတွင်းဘက်ဝင်ကာ မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

ယင်ကျင်းက ထိုင်ခုံတစ်လုံးမှာထိုင်ကာ မောက်ဖိန်ပြန်ရောက်လာမည့်အချိန်ကို စောင့်နေလိုက်၏။ ထူးခြားသောနေရာတစ်ခုသို့ ရောက်လာခြင်းဖြစ်ကြောင်း နားလည်မိသည်။

ထို့အပြင် ....

မောက်ဖိန်၏ စံအိမ်ကြီးမှာ ထိတ်လန့်ချောက်ချားဖွယ်ကောင်းသည့် အိမ်ကြီးတစ်လုံးနှင့် တူနေသည်ဟုလည်း စိတ်ထဲ ခံစားလာရသည်။ ခြေသံများ ပြန်လည်ထွက်ပေါ်လာသည်။

မောက်ဖိန်က စားစရာနှင့် အရက်များ ထည့်ထားသည့်လင်ပန်းတစ်ချပ်ကိုင်ကာ ပြန်လည်ရောက်ရှိလာသည်ကို တွေ့ရသည်။

"ကဲ .... မိတ်ဆွေ မောလည်းမော ဗိုက်လည်းဆာနေတော့မယ် .... ကဲ သုံးဆောင်လိုက်ပါဦး"

ယင်းကျင်းအား ဧည့်ခံကျွေးမွေးသကဲ့သို့ သူကိုယ်တိုင်လည်း ယင်ကျင်းနှင့် မျက်နှာချင်းဆိုင်ထိုင်ကာ စားသောက်လိုက်လေသည်။

"ဘာမှ အားမနာနဲ့ မိတ်ဆွေ၊ ရင်းရင်းနှီးနှီးပေါ့ဗျာ .... "

ယင်ကျင်းလည်း မောက်ဖိန်ကို ခင်မင်သွား၏။

"ကျေးဇူးပါပဲဗျာ .... "

**မောက်ဖိန်၏စေတနာ**ကို လေးစားသောအားဖြင့် စားသောက်**လိုက်လေသည်။ စားစရာများကား** အသားခြောက်ကင်နှင့် အသီးအရွက်ကြော်များ ဖြစ်လေသည်။ စားသောက်ရင်း မောက်ဖိန်က သူ၏ အခြေအနေကို ပြောပြလေသည်။

"ဖေဖေရှိတုန်းကတော့ လူတွေက ဖေဖေ့ကို **ကျေးဇူး**ဆပ်တဲ့ အနေနဲ့ ဆန်စပါးတွေ၊ ဟင်းသီးဟင်းရွက်တွေ၊ **အသားငါး**တွေ လာပို့ကြတယ် .... ကျုပ်တို့**အတွက်** ဘာမှ လိုလေ**သေးမရှိဘူးပေါ့**ဗျာ .... အေးအေးဆေးဆေး **စားသောက်**နေရုံပါပဲ .... **ဒါပေမယ့် နှစ်**တွေကြာညောင်းလာတော့ ခါတိုင်းလို **မှန်မှန်မပို့ကြတော့ဘူး ....** လာပို့တဲ့ ပစ္စည်းတွေကလည်း **နည်းသည်ထက် နည်းလာတယ် ....** ဖေဖေ ကွယ်လွန်သွားပြီး နောက်တစ်နှစ်လည်းကြာကော ဘယ်သူမှ မလာကြတော့ဘူး .... ကျုပ်က တစ်လောကလုံးနဲ့ အဆက်ပြတ်သွားတယ်၊ ဘယ်သူကမှ ကျုပ်ကို မသိကြတော့ဘူး .... "

စကားဆုံးလျှင် သဘောကျစွာ ရယ်မောလိုက်လေသည်။

"ဟား ဟား ဟား .... "

သူ၏ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ တိတ်ဆိတ်နေသော စံအိမ်ကြီးထဲ၌ ဟိန်းထွက်လာသည်။ ယင်ကျင်းပင် ထိတ်လန့်သလို ဖြစ်သွားသည်။



"ကျုပ်အဖေက သူတို့အပေါ် ကောင်းခဲ့သလောက် သူတို့က ကျုပ်အပေါ် မကောင်းကြဘူး .... ဘာမှ အသိတရားမရှိကြတဲ့ လူတိရစ္ဆာန်တွေပဲ .... "

ယခုတစ်ကြိမ် မောက်ဖိန်၏စကားသံမှာ ဒေါသသံ ပါနေပါသည်။ သူ၏မျက်လုံးများလည်း အရောင်တဖိတ်ဖိတ် တောက်နေသည်။ ပါးစပ်က ရယ်နေသော်လည်း မျက်လုံးများက မရယ်ပါ။

သူ၏မျက်နှာသည် နဂိုအတိုင်း ရှိနေသော်လည်း မျက်လုံးများက ကြောက်စရာကောင်းအောင် ခက်ထန်တင်းမာလာသည်ဟု ထင်ရသည်။ ယင်ကျင်းသည် မောက်ဖိန်ကို ကြည့်ရင်း ရင်ထဲ၌ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာလေသည်။

သို့သော် .... အားလုံးက လျစ်လျူရှုခြင်းခံခဲ့ရသည့် အထီးကျန်ဘဝ၌ နေထိုင်ရသူတစ်ယောက် မည်သို့ခံစားရမည်ဆိုသည်ကို ကိုယ်ချင်းစာမိပြီး ခွင့်လွှတ်နိုင်ခဲ့သည်။

မောက်ဖိန် ဦးခေါင်း တဆတ်ဆတ် ညိတ်လိုက်သည်။

"လူတိရစ္ဆာန်တွေပဲ .... "

ယင်ကျင်းက မေးလိုက်လေ၏။

"ခင်ဗျားတစ်ယောက်တည်း ဖြစ်နေပြီဆိုတော့ .... တောထဲတောင်ထဲမှာ အထီးကျန်နေမယ့်အစား တခြားနေရာကို ထွက်သွားရင် ပိုမကောင်းဘူးလားဗျာ .... ခင်ဗျားလည်း လူ့အသိုင်းအဝိုင်းထဲ ပြန်ရောက်သွားတာပေါ့ .... "

**မောက်ဖိန်က ....**

"ကျုပ် မသွားနိုင်ပါဘူးဗျာ .... ကျုပ်တို့ ဘိုးစဉ်ဘောင်ဆက် သည်မှာပဲ နေခဲ့ကြတာဆိုတော့ ကျုပ်ကလည်း သေဆုံးသွားတဲ့အထိ

သည်မှာပဲနေသွားမှာပါ .... အခု ကျုပ်တစ်ယောက်တည်း ဆိုတော့ ကျုပ် သေသွားတာနဲ့ မျိုးဆက်ပြတ်သွားပါပြီ .... နောက်ထပ် စိတ်ဆင်းရဲစရာကိစ္စတွေ ပေါ်ပေါက်လာစရာ အကြောင်းမရှိတော့ပါဘူး ကျုပ် သည်မှာပဲနေမယ် .... သည်မှာပဲ သေရမှာပေါ့ဗျာ .... "

"အင်း .... ခင်ဗျားအဖြစ်ကလည်း မလွယ်ပါလား .... "

မောက်ဖိန် ရယ်လိုက်သည်။ ယင်ကျင်းကို စိုက်ကြည့်လိုက်၏။

"ကျုပ် သည်မှာ တစ်ယောက်တည်းနေရတာကို ပျင်းရိငြီးငွေ့လိမ့်မယ်လို့ ထင်နေတာလား .... ဟင်း ဟင်း .... ကျုပ်က ပျော်တောင်ပျော်ပါသေးတယ်ဗျာ .... နေစရာ ဟောသည့်စံအိမ်ကြီးရှိတယ်၊ စားစရာ တောထဲမှာ ဟင်းသီးဟင်းရွက်တွေ အမဲသားငါးတွေရှိတယ်၊ ကဲ .... ဘာပူစရာလိုသေးလို့လဲ ပြောပါဦး .... ခင်ဗျား သည့်ထက် မျှော်လင့်ချက်ကြီးရင်တော့ မပြောတတ်ဘူးပေါ့ဗျာ .... "

ယင်ကျင်းက အလိုက်အထိုက် ပြောသည်။

"အင်း .... ဒါလည်း ဟုတ်တာပဲ"

မောက်ဖိန်က ....

"ကျုပ်အဖေ ကွယ်လွန်သွားပြီးတဲ့နောက်ပိုင်းမှာ တစ်နှစ်နှစ်နှစ်လောက်ပဲ ဒုက္ခရောက်ခဲ့တာပါ .... ကျုပ်က လူငယ်ပဲဗျာ၊ ကိုယ့်ဝမ်းစာ ကိုယ်ရှာစားနိုင်ရမှာပေါ့၊ ကိုယ့်ဘဝ ကိုယ်ရပ်တည်နိုင်အောင် ကြိုးစားရင်း ခုတော့ အေးအေးဆေးဆေး ဖြစ်သွားပါပြီ .... ကျုပ်က အမဲလိုက်ရတာကို သဘောကျသွားတယ်လေ .... ဝမ်းစာရှာရင်း ဝါသနာပါလာတော့ အလိုလို ပျော်မွေ့သွားတာပေါ့ .... ခင်ဗျားကော အမဲလိုက်တာ ဝါသနာမပါဘူးလား .... "

ယင်ကျင်း ပြုံးလိုက်သည်။



"ကျုပ် တစ်ခါမှ အမဲမလိုက်ဘူးတော့ ဘယ်လိုပြောရမှန်းမသိဘူးဗျ .... ကျုပ်က မြို့မှာ အနေများတာဆိုတော့ သားကောင်တွေနဲ့ အကျွမ်းမဝင်ဘူး .... "

မောက်ဖိန်က ....

"အမဲလိုက်ရတာ သိပ်ပျော်စရာကောင်းတာပေါ့ဗျာ .... အင်မတန် ပါးနပ်ပြီး ဉာဏ်များတဲ့ သတ္တဝါတစ်မျိုးကို အမဲလိုက်ရတဲ့အခါ ပိုတောင် ပျော်စရာကောင်းသေးတယ် .... "

ထိုသတ္တဝါသည် မည်သို့သောသတ္တဝါ ဖြစ်သည်ကိုမူ ပြောမပြချေ။ ယင်ကျင်းက ထိုစကားအတွက် ထွေထွေထူးထူး တွေးမနေချေ။

အလင်းရောင်က တစ်စထက်တစ်စ အားနည်းလာ၏။ စံအိမ်ကြီးထဲ၌ အမှောင်ရိပ်များ လွှမ်းမိုးလာသည်။ မောက်ဖိန် သတိပြုမိသွား၏။

"အင်း .... စကားပြောကောင်းနေတာနဲ့ အချိန်ကုန်သွားတာတောင် သတိမထားမိလိုက်ဘူး .... ကဲ မိတ်ဆွေလည်း ပင်ပန်းနေပြီ၊ သည်ည သည်မှာပဲ အနားယူပေါ့ဗျာ .... မနက်ကျမှ ကျုပ် လိုက်ပို့ပေးပါ့မယ် .... "

"ကောင်းပါပြီဗျာ .... "

ယင်ကျင်း သဘောတူလိုက်လေ၏။

"မိတ်ဆွေအတွက် ကျုပ် နေရာထိုင်ခင်း စီစဉ်လိုက်ဦးမယ်"

မောက်ဖိန် ထိုင်ရာမှ ထကာ အတွင်းဘက် ဝင်သွားလေတော့သည်။ ထိုည .... ယင်ကျင်းမှာ ခရီးပန်းလာခြင်းကြောင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသည်။

မောက်ဖိန်က သန့်ရှင်းသပ်ရပ်သော အခန်းတစ်ခုတွင် အိပ်

စက်အနားယူနိုင်ရန် စီစဉ်ပေးခဲ့သည်။ အခန်းတွင်း၌ ရှေးဟောင်းကြေး ခုတင်ကြီးတစ်လုံး ရှိနေပါသည်။

ကြေးခုတင်ပေါ်တက်ကာ လှဲလျောင်းလိုက်သည်နှင့် အိပ်ချင်စိတ်ကို ထိန်းမရတော့ဘဲ အိပ်ပျော်သွားခဲ့ခြင်း ဖြစ်ပါသည်။

ယင်ကျင်း အိပ်ပျော်ရာမှ နိုးလာပြီး မျက်လုံးဖွင့်လိုက်သောအခါ **နေရောင်ခြည်ကြောင့်** တစ်ခန်းလုံး လင်းလင်းချင်းချင်း ဖြစ်နေသည်ကို **တွေ့လိုက်ရသည်**။ ယင်ကျင်း အံ့သြသွား၏။

"ဟင် .... မိုးတောင်လင်းနေပြီ"

တစ်ညလုံး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်မိခဲ့သည့်အဖြစ်ကို သတိပြုမိပြီး လူးလိမ့်ထရန် ဟန်ပြင်လိုက်၏။

သို့သော် .... သူ၏ ခြေလက်များ မလှုပ်ရှားချင်လောက်အောင် ပျော့ခွေနေ၏။ အားအင်ကုန်ခန်း မောပန်းနေသည်။

ခွန်အား တစ်စက်ကလေးမျှ မရှိတော့ဟု ခံစားလိုက်ရခြင်း ဖြစ်သည်။ ယင်ကျင်း အံ့သြသွားသည်။

"ဘယ်လိုဖြစ်ရတာလဲ .... "

အားယူကာ ခေါင်းထောင်ကြည့်လိုက်တော့မှ သူ၏ခြေလက်များကို အလွန်လေးလံသည့် ကြေးခုတင်ကြီးနှင့်တွဲကာ ကြိုးများဖြင့် ချည်နှောင်ထားကြောင်း တွေ့လိုက်ရလေတော့သည်။

"ဟာ .... "

ယင်ကျင်း ထိတ်လန့်သွားလေ၏။

"ငါ့ကို ဘာကြောင့် ဖမ်းထားရတာလဲ .... "

မောက်ဖိန်က သူ အိပ်ပျော်နေချိန်၌ ခြေလက်များကို ကြိုးဖြင့် တုပ်နှောင်ကာ ဖမ်းဆီးထားခြင်းဖြစ်ပါသည်။



"မောက်ဖိန် .... ခင်ဗျား ဘယ်လိုလုပ်တာလဲဗျ"

ယင်ကျင်း အထိတ်တလန့် အော်လိုက်သည်။ ထိုစဉ် ....

"ဟား ဟား ဟား .... "

ကျယ်လောင်သော ရယ်မောသံ ထွက်ပေါ်လာလေ၏။

မောက်ဖိန်က ရယ်မောရင်း အခန်းတွင်းသို့ လှမ်းဝင်လာသည်ကို တွေ့လိုက်ရသည်။

"**မောက်ဖိန်** .... ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲ .... "

**ယင်ကျင်း အလောတကြီး** လှမ်းမေးလိုက်သည်။ မောက်ဖိန်က

"**ဖမ်းထားတာလေ** .... "

"ဘာဗျ .... "

"ခင်ဗျားကို ဖမ်းထားတာ ခုချိန်ထိတောင် ခင်ဗျား မတွေးမိဘူးလား .... "

"နေပါဦး .... ကျုပ်ကို ဘာကြောင့်ဖမ်းထားတာလဲ ပြောပါဦး"

"ဟား ဟား ဟား .... ကျုပ်ရဲ့သားကောင်အဖြစ် ဖမ်းထားတာပေါ့ဗျာ .... "

"သားကောင် .... "

"ဟုတ်တယ် .... ကျုပ်က မုဆိုးလေ"

"ခင် .... ခင်ဗျား .... "

ယင်ကျင်း ပိုပြီး ထိတ်လန့်သွားတော့သည်။

မောက်ဖိန်က ....

"လူတွေက ကျုပ်ကို မေ့ထားလိုက်တယ်လေ .... ကျေးဇူးကန်းတတ်သူတွေဟာ ကျားခြင်္သေ့တွေထက် ပိုဆိုးပါတယ်ဗျာ .... အင်မတန် ပါးနပ်ပြီး ဉာဏ်များတဲ့ သတ္တဝါတစ်မျိုးကို အမဲလိုက်ရတာ

ကျုပ် အနှစ်ခြိုက်ဆုံးလို့ ပြောခဲ့တယ်မဟုတ်လား .... "

ယင်ကျင်း ဘာမှမပြောနိုင်တော့ပါ။ အံ့အားကြီးသင့်နေသည်။

မောက်ဖိန်က ....

"အဲသည့်သတ္တဝါဟာ လူပေါ့ဗျာ .... "

"ဘာ .... "

"ဟဲ ဟဲ .... ကျုပ်က လူကို သားကောင်လို သဘောထားပြီး အမဲပစ်လိုက်တဲ့ မနုဿမုဆိုးလေဗျာ .... "

ယင်ကျင်း စိတ်ဓာတ်ကျသွားတော့သည်။

သိုင်းသမားကိုးယောက်ကြောင့် ဒုက္ခအမျိုးမျိုး ကြုံတွေ့ခဲ့ရပြီး ယခုတစ်ဖန် မနုဿမုဆိုးမောက်ဖိန်လက်ထဲ ကျရောက်ရပြန်ပြီ ဖြစ်ပါသည်။

မောက်ဖိန်က ....

"ကျုပ်ကလူတွေကို ဖမ်းဆီးပြီး အားအင်ကုန်ခန်းသွားအောင် လုပ်လိုက်တယ် .... ပြီးတော့ သူတို့ကို တောထဲလွှတ်ပေးလိုက်တယ်၊ ကျုပ် လိုက်ဖမ်းလို့ မမိဘဲ လွတ်သွားရင်တော့ ကံကောင်းတာပေါ့၊ ဒါပေမယ့် .... ခုချိန်ထိ ကျုပ်လက်ကလွတ်တဲ့လူ တစ်ယောက်မှ မရှိသေးဘူး .... မရှိအောင်လည်း ကျုပ်က အကွဲက်စေ့အောင် စီစဉ်ထားတာဗျ .... "

ယင်ကျင်း မေးလိုက်သည်။

"ဒါဖြင့် .... မိုးတိမ်ကျေးရွာမှာ တွေ့ခဲ့ရတဲ့လူဟာ လူဆိုးတစ်ယောက် မဟုတ်ဘဲ ခင်ဗျားရဲ့ မနုဿ သားကောင်ပေါ့ ဟုတ်လား"

မောက်ဖိန် မငြင်းချေ။

"သေချာတာပေါ့ .... သည်လူက သုံးရက်လုံးလုံး တောထဲမှာ



ပုန်းအောင်းနေပြီး နောက်ဆုံး အစာငတ် ရေငတ်တဲ့ဒဏ်ကို မခံနိုင်ဘဲ ထွက်လာတော့ ကျုပ်လက်ထဲ ရောက်သွားတာပေါ့ .... "

"တောက် .... ခင်ဗျား တော်တော်ရက်စက်ပါလား"

ယင်ကျင်း ခံပြင်းစွာ ပြောလိုက်မိသည်။

မောက်ဖိန်က ....

"လူတွေက ကျုပ်အပေါ် ကျေးဇူးကန်းခဲ့တာကိုကော ခင်ဗျား ဘာပြောမလဲ .... "

"ခင်ဗျား ရူးနေပြီ .... "

တောတောင်ထဲ၌ အထီးကျန်ဖြစ်နေသော မောက်ဖိန်မှာ သာမန်အခြေအနေမျိုးမရှိတော့ဘဲ စိတ်ဖောက်ပြန်နေပြီဖြစ်ကြောင်း ယင်ကျင်း တွေးဆဆင်ခြင်နိုင်ခဲ့သည်။

"ဟား ဟား ဟား .... "

ဖောက်မိန်က ဟားတိုက်ရယ်မောလိုက်ပြန်သည်။

"ကျုပ်က ရူးနေတယ် ဟုတ်လား .... ကောင်းပြီ .... ရူးတော့ကော ဘာဖြစ်သလဲ ပြောပါဦး"

"ခင်ဗျာ .... "

"လူတွေအားလုံး ကိုယ့်သဘောနဲ့ကိုယ် .... အကြောင်းပြချက်ကိုယ်စီနဲ့ လုပ်ချင်တာတွေ လုပ်နေကြတယ် .... ကိုယ်လုပ်တာ မှန်တယ်လို့ ထင်နေကြတာချည်းပဲ .... ကျုပ်ကလည်း ဘာထူးမှာမို့လဲ၊ ကျုပ်ကို ရူးသွပ်နေပြီ ပြောတော့ကော ဘာအရေးလဲဗျာ .... "

သူ၏စကားကြောင့် ယင်ကျင်း ပါးစပ်အဟောင်းသား ဖြစ်နေပြီး မည်သို့ ပြန်လည်ချေပရမှန်းမသိအောင် ဖြစ်နေတော့သည်။

မောက်ဖိန်က ....

"တောထဲမှာ အဆိပ်ပင်တစ်မျိုးကို ကျုပ် ရှာဖွေတွေ့ရှိခဲ့တာ သိပ်ကောင်းတာပဲ .... အဲသည်အပင်ရဲ့အဆိပ်ဟာ လူရဲ့ခွန်အားကို ဖျက်ဆီးပစ်လိုက်တယ် .... အသက် သေလောက်အောင်တော့ မပြင်းထန်ပါဘူး .... ဒါပေမယ့် အဆိပ်မိတဲ့လူဟာ ခွန်အားကုန်ခန်းပြီး ဘာမှမလုပ်ချင် မကိုင်ချင်အောင် ဖြစ်သွားတတ်တယ် .... အခု ကျုပ်က ခင်ဗျားကို ကျွေးတဲ့ညစာမှာ အဆိပ်ခပ်ထားလိုက်တယ်၊ ခင်ဗျားဟာ သိုင်းသမားတစ်ယောက်ဖြစ်တာကြောင့် ပိုပြီး စိတ်ချရအောင် ခြေလက်တွေ ကြိုးတုပ်ထားရတာပါ .... ဒါပေမယ့် ခုတော့ မလိုတော့ပါဘူးလေ .... "

ပြောပြောဆိုဆို ယင်ကျင်း၏ ခြေလက်များ၌ တုပ်နှောင်ထားသော ကြိုးများကို ဖြည်ပေးသည်။

ယင်ကျင်းသည် အနှောင်အဖွဲ့မှ လွတ်သွားသည်နှင့် အော်ဟစ်မာန်သွင်းပြီး တိုက်ခိုက်လိုက်သည်။

"ယား .... "

မောက်ဖိန် မခုခံနိုင်ဟု ယူဆပါသလား။

။၂။



အခန်း(၁၉)

## မုဆိုး နှင့် သားကောင်

"ယား .... "

ယင်ကျင်းက ညာသံပေးကာ တိုက်ခိုက်လိုက်သည်။

"ဟား ဟား ဟား .... "

မောက်ဖိန်က ဟားတိုက်ရယ်မောနေသည်။

အကြောက်အရွံ့ မရှိသကဲ့သို့ ရှောင်တိမ်းခြင်းလည်း မပြုချေ။

ယင်ကျင်းက တိုက်ခိုက်လိုက်သော်လည်း ခွန်အားများ ကုန်ခန်းကာ တိုက်ခိုက်လို့မရပါ။ ခုန်၍မရပါ။

လူသည်သာ ခုတင်ပေါ်မှ ပြုတ်ကျသွားပါသည်။

"ဝုန်း .... "

ကြမ်းပြင်ပေါ် ခြေပစ်လက်ပစ် ပြုတ်ကျသွားတော့သည်။

မောက်ဖိန် ခေါင်းခါယမ်းလိုက်လေ၏။

"ခင်ဗျား ဘာကြောင့် အပင်ပန်းခံပြီး ကြိုးစားချင်ရတာလဲ .... ကျုပ်က ခင်ဗျားကို လွှတ်ပေးမှာပါ .... "

ယင်ကျင်း ကြမ်းပြင်ပေါ်မှ လူးလိမ့်ထလိုက်သည်။

"မိတ်ဆွေ .... ကျုပ်တို့ ရန်ငြိုးရန်စ ရှိကြတာလည်းမဟုတ်ဘူး၊ ဒါကြောင့် ကျုပ်ကို ဒုက္ခမပေးသင့်ပါဘူးဗျာ .... "

မောက်ဖိန် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် .... ခင်ဗျားဟာ ကျုပ်ရဲ့ မိတ်ဆွေလည်းမဟုတ်ဘူး .... ရန်သူလည်း မဟုတ်ဘူး၊ ကျုပ်ရဲ့ သားကောင်ပဲ"

"ခင် .... ခင်ဗျာ .... "

"မပူပါနဲ့ .... ခင်ဗျားအတွက် မျှော်လင့်ချက်ရှိပါတယ်၊ ကျုပ်အားလုံး စီစဉ်ထားပြီးပါပြီ .... ကျုပ်လက်ထဲက လွတ်အောင်ပြေးနိုင်ရင် ခင်ဗျား ချမ်းသာရာ ရပါလိမ့်မယ်"

"တောက် .... "

ယင်ကျင်း ခံပြင်းစွာ တက်ခေါက်မိသော်လည်း ဘာမျှမတတ်နိုင်တော့ချေ။ သူ့လက်ခုပ်တွင်းမှ ရေဖြစ်နေပေပြီ။ သူပြုသမျှ နုရတော့မည်သာ။

"ကျုပ်နောက် လိုက်ခဲ့ပါဗျာ .... "

ချက်ချင်းပင် အခန်းတွင်းမှ ထွက်သွားလေသည်။

ယင်ကျင်းက အလောတကြီး လိုက်သွားရာ ခြေလှမ်းလိုက်မိသည်။ ထိုအခါ ....

"ဝုန်း .... "

ကိုယ့်ကိုယ်ကို မဟန်နိုင်ဘဲ ကြမ်းပြင်ပေါ် လဲကျသွားလေတော့၏။ အခန်းတံခါးဝသို့ ရောက်နေပြီဖြစ်သော မောက်ဖိန်က လှည့်ကြည့်သည်။ စိတ်ပျက်သွားသည့်သဘောဖြင့် ခေါင်းခါယမ်းလိုက်၏။

"ခင်ဗျား .... သွားရမယ်ဆိုတာတောင် လောကြီးနေသေးတာကိုး၊ ဖြည်းဖြည်းပေါ့ဗျာ .... အချိန်တွေရှိပါသေးတယ်ဗျာ"



သူသည် စိတ်ပျက်ဟန်ဖြင့် ပြေးပြီးထွက်သွားသည်။

ယင်ကျင်း လူးလိမ့်ထလိုက်သည်။ စိတ်လှုပ်ရှားမှုကိုထိန်းချုပ်ကာ ကြိုးစားအားယူပြီးရှေ့သို့လှမ်း လိုက်၏။ ခြေတစ်လှမ်း ....

နှစ်လှမ်း .... သုံးလှမ်း .... ခြေတစ်လှမ်း လှမ်းနိုင်ဖို့ အတော်ခက်ခဲစွာကြိုးစားသည်။

ယင်ကျင်း ချွေးတဒီးဒီးကျလာအောင် ကြိုးစားပြီးမှ အခန်းအပြင်ဘက်ရောက်ရှိသွားလေတော့သည်။

မောက်ဖိန်သည် ထိုင်ခုံ၌ထိုင်ကာ ဒယီးဒယိုင်ဖြင့် လှမ်းလာနေသည့် ယင်ကျင်းကို အကဲခတ်ကြည့်နေ၏။ စားပွဲပေါ်၌အထုပ်တစ်ထုပ်ရှိနေသည်။ ယင်ကျင်းမလှမ်းမကမ်းသို့ရောက်လာတော့မှ စိတ်ပျက်သောလေသံဖြင့် လှမ်းပြော၏။

"ခင်ဗျားက သိုင်းပညာတတ်ထားတော့ သည်တစ်ခါ သားကောင်လိုက်ပွဲကျင်းပရတာ အတော်ကို ပျော်စရာကောင်းမယ်ထင်နေတာ .... ဒါပေမယ့် ခုလိုပုံစံအတိုင်းဆိုရင် သိပ်မဟန်သေးဘူး"

ယင်ကျင်း အံကြိတ်လိုက်သည်။

"ကျုပ်ရဲ့ခွန်အားတွေ ပျောက်ဆုံးမသွားဘူးဆိုရင် မင်းပြောသလို အတော်ကိုပျော်စရာကောင်းမှာပဲ .... အခုတော့ တရားသောအမဲလိုက်ခြင်းမထွက်တော့ဘူးပေါ့၊ မင်းက မင်းအသာရအောင်စီမံထားတာပဲ"

"အင်း .... ခင်ဗျားမှာ မကျေနပ်တဲ့စိတ်ရှိနေတာ သိပ်ကောင်းတယ် .... ဒါမှမဟုတ်ရင် သားကောင်လိုက်ရတာ ပျင်းစရာကောင်းနေမှာပေါ့ .... ကျုပ်က အဲဒီလိုလူမျိုးနဲ့ တွေ့ချင်နေတာ .... "

စားပွဲပေါ်မှအထုပ်ကိုညွှန်ပြလိုက်သည်။

"အထုပ်ထဲမှာ ရေဘူးနဲ့ရိက္ခာခြောက်တွေရှိတယ် .... ခင်ဗျားက ချွေချွေတာတာ စားမယ်ဆိုရင် ငါးရက်လောက်စားလို့ရတယ် .... ဒါပေမယ့် သုံးရက်တည်းနဲ့ကုန်အောင် စားပစ်လိုက်လည်းအကြောင်းမဟုတ်ပါဘူး"

ဦးခေါင်းတညိတ်ညိတ်ဖြင့် လက်ပြောသည်။

"ကျုပ်ရဲ့သားကောင်ကို ဘယ်တုန်းကမှ သုံးရက်ထက်ပိုပြီး မိအောင်ဖမ်းခဲ့ရတယ်ဆိုတာမျိုးမရှိဘူး .... သုံးရက်မပြည့်ခင် ဖမ်းမိခဲ့တာချည်းပဲဗျ .... "

သူ၏အမဲလိုက်ခြင်းမှာ မတရားသောအမဲလိုက်ခြင်းသာ ဖြစ်ပါသည်။ ယင်ကျင်းကလည်း အားကျမခံဒေါသဖြင့် ပြောလိုက်မိ၏။

"သည်သုံးရက်အတွင်း မင်းလည်း ဝဝစားထားပါ .... မစားမိရင် နောင်တရလိမ့်မယ်"

မောက်ဖိန် ပခုံးတွန့်လိုက်သည်။

"ကျုပ်ရဲ့သားကောင်ဖြစ်ရသူတိုင်း .... ကျုပ်ကို ကြောက်လန့်တကြား တောင်းပန်ခဲ့ကြတာချည်းပဲ .... ခင်ဗျားကျတော့ တော်တော်သတ္တိကောင်းတယ်ဆိုပြီး ပျော်စရာကောင်းမှာပေါ့ .... "

စံအိမ်တံခါးမကြီးကို ညွှန်ပြလိုက်သည်။

"ကဲ .... ခင်ဗျားသွားနိုင်ပါပြီ"

ယင်ကျင်းသည် သူ့ရှေ့သို့ ဘုတ်ခနဲကျလာသော ရိက္ခာထုပ်ကို ငုံ့ကြည့်လိုက်သည်။ ထို့နောက် ရိက္ခာထုပ်ကို ဆွဲယူကာ လှမ်းထွက်လာခဲ့လေသည်။ မောက်ဖိန်က တိတ်ဆိတ်စွာကြည့်နေ၏။

သူ၏မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပြောင်နေသည်။ ယင်ကျင်းက လုံးဝလှည့်မကြည့်ပါ။



ဒယီးဒယိုင်ဖြင့် စံအိမ်ထဲမှ ထွက်သွားလေတော့သည်။

|၆|

အေးမြလတ်ဆတ်သော လေပြည်လေညင်းဝှေ့ယမ်းတိုက်ခတ်နေပါသည်။ ယင်ကျင်းသည် အားပါးတရရှူရှိုက်လိုက်ပြီး အနည်းငယ်ကြည်လင်လန်းဆန်းလာ၏။

ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သောအခါ အရပ်လေးမျက်နှာတွင် တောတောင်များထူထပ်စွာဖုံးလွှမ်းထားသည်ကို တွေ့ရသည်။

မည်သည့်နေရာသို့သွားရမည်နည်း။

ဝမ်းကျင်းစန်းထံသို့အရောက်သွားနိုင်လျှင်အခက်အခဲအန္တရာယ်များမှ လွတ်မြောက်သွားပေလိမ့်မည်။ ယခုတော့ ....

သည်အရူးအရဲ့လက်ထဲကလွတ်အောင် အရင်ဆုံးကြိုးစားရမှာပဲ၊ ငါက်နှယ်ဆိုးလိုက်တာ၊ ဘယ့်နဲ့အရူးလက်ထဲရောက်ရသလဲမသိပါဘူး"

ယင်ကျင်းသည် အားတင်းကာ စံအိမ်ကြီးနှင့်ဝေးရာသို့ ထွက်လာခဲ့သည်။ မောက်ဖိန်က အိမ်ထဲမှနေပြီး အကဲခတ်ကြည့်နေလိမ့်မည်ဖြစ်ကြောင်း သူ နားလည်ထားသည်။

"တောက် .... ငါ့ရဲ့ခွန်အားတွေကို ပြန်ပြီးပြည့်ဝလာတာနဲ့ ငါ့အကြောင်းကို မင်းသိရမယ်"

ယင်ကျင်းစိတ်ထဲမှာ ခံပြင်းစွာရေရွတ်မိသည်။

ဝမ်းကျင်းစန်းနှင့်အတူ စိတ်ပျက်မှုများကိုမေ့ထားလိုက်သည်။

မောက်ဖိန်၏အန္တရာယ်ကို ရင်ဆိုင်သွားရန် ဆုံးဖြတ်လိုက်သည်။

"သည်အရူးရဲ့လက်ထဲက ငါလွတ်မြောက်ရမယ် .... သူ့ကို

ဆုံးမနိုင်ရမယ်"

ကိုယ့်ကိုယ်ကိုယ် အားပေးရင်း အားတင်းလိုက်သည်။

စိတ်ဓာတ်ခွန်အားကြောင့် သူ၏ခြေလှမ်းများ သွက်သွက်လက်လက် ဖြစ်လာသည်ထင်ရလေသည်။ ယင်ကျင်းသည် **တောနက်ထဲသို့** တစ်ချက်ချင်းတစ်လှမ်းချင်းလှမ်းဝင်သွားရင်း မြင်ကွင်းမှ **ပျောက်ကွယ်**သွားလေတော့သည်။ တောအုပ်က နက်ရှိုင်းလှသည်။

ယင်ကျင်းသည် တောအုပ်ထဲဝင်ခဲ့ပြီး အရှေ့စူးစူးသို့ ဦးတည်သွားလိုက်သည်။ ခြေဦးတည့်ရာသွားနေမည့်အစား တစ်နေရာတည်းသို့ တစိုက်မတ်မတ်သွားနေခြင်းကအကျိုးရှိမည်ဟု ယင်ကျင်းယုံကြည်မိသည်။ သစ်ပင်ချုံနွယ်များထူထပ်သည့်အပြင် ဆူးပင်နွယ်ပင်များကလည်း ပေါများလှသည်။ အဆိပ်ရှိသည့် မြွေကင်းများအပြင် ကျား ကျားသစ် ဝက်ဝံ **အစရှိသော** သားရဲတိရစ္ဆာန်များလည်းရှိနေသေး၏။ တို့ကြောင့် ယင်ကျင်း **အလွန်**ပင်သတိထားရသည်။

တစ်နေ့လုံး **အားတင်းကာ** မရပ်မနားသွားခဲ့ပြီး ညမိုးချုပ်သွားသောအခါ ချုံပုတ်ကြီးတစ်ခုအတွင်းသို့ တိုးဝင်ကာ အိပ်စက်လိုက်၏။

ညဘက်တွင် ကျားဟိန်းသံများ ကြားနေရသဖြင့် ကောင်းစွာအိပ်မပျော်ခဲ့ချေ။ နောက်တစ်နေ့နံနက်တွင် ယင်ကျင်းအိပ်ရာမှနိုးလာသောအခါ ယမန်နေ့ကထက်စာလျှင် ပို၍လန်းလန်းဆန်းဆန်းရှိလာသည်ဟု ခံစားရ၏။ ခြေလက်များလည်း ပို၍သွက်လက်စွာ လှုပ်ရှားလာနိုင်သည်။ ယင်ကျင်း အားတက်လာ၏။

"သည်အတိုင်းဆိုရင် ငါ့ရဲ့ခွန်အားတွေကို **တဖြည်းဖြည်းပြန်ရနိုင်**တယ် .... ငါသာလူကောင်းပကတိပြန်ဖြစ်လာပြီဆိုရင် မောက်ဖိန်ကိုရင်ဆိုင်ဖို့ ခက်မှာမဟုတ်ဘူး .... ဒီကောင့်ကို မှတ်လောက် သား



လောက်ဖြစ်အောင် ဆုံးမရမယ်"

ချက်ချင်းပင် တောနက်ထဲသို့ တိုးလာခဲ့သည်။

သူ၏ခြေလှမ်းများက ခါတိုင်းထက်ပို၍သွက်လက်လာသည်။

ပို၍ လန်းလန်းဆန်းဆန်း ဖြစ်နေပြီး တစ်ခဏအတွင်းမှာပင်အတော်ဝေးဝေးသို့ရောက်အောင် ခရီးနှင်လာနိုင်ခဲ့သည်။

ယင်ကျင်းသည် အရှေ့စူးစူးသို့သာ ဦးတည်သွားလိုက်သည်။

အချိန်များတရွေ့ရွေ့ကုန်ဆုံးကာ နေမွန်းတည့်ချိန်သို့ပင်ရောက်ရှိသွားသည်။ မြင်းခွာသံမကြားရသေးပါ။ မောက်ဖိန်၏ အရိပ်အရောင်ကိုပင် မတွေ့ရသေးပါချေ။ မည်သို့ဆိုစေ မောက်ဖိန်က သူ့အားလိုက်လံရှာဖွေနေတော့မည်ဖြစ်ကြောင်း ထင်ရှားနေသည်။ မောက်ဖိန်းနှင့်ဝေးအောင် ပြေးရပေမည်။ ယင်ကျင်းသည် မရပ်မနား ခရီးနှင်သွားပြီးဗိုက်ထဲ၌တကြွတ်ကြွတ်မြည်ကာ မခံမရပ်နိုင်အောင် ဆာလောင်လာတော့မှ သစ်ပင်ကြီးတစ်ပင်အောက်၌ ခေတ္တရပ်နားကာ မောက်ဖိန်ပေးလိုက်သော စားသောက်ဖွယ်ရာများကို စားသောက်လိုက်လေသည်။

ထို့နောက် ရှေ့ခရီးဆက်လိုက်သည်။ မကြာမီ ....

ထူးခြားမှုတစ်ခုကို ယင်ကျင်းသတိပြုမိလာတော့သည်။

အင်အားကုန်ခမ်းမောပမ်းလာခြင်းဖြစ်ပါ၏။

ခြေလက်များ မသယ်ချင်အောင်ဖြစ်လာသည်။ နွမ်းလျလာ၏။ ဦးခေါင်းထဲမှ **နောက်ရီဝေကာ** မောဟိုက်လာသည်။

"ကါ ဘယ်လိုဖြစ်သွားတာလဲ"

ပို၍လန်းလန်းဆန်းဆန်းဖြစ်လာရမည့်အစား ခွန်အားများလျော့၍သွားသည်မှာ ထူးခြားနေသည်။ နောက်ဆုံး မဟန်နိုင်တော့ဘဲ သစ်ပင်တစ်ပင်အောက်၌ ရပ်တန့်ကာ ထိုင်ချလိုက်ရလေတော့သည်။

ဦးခေါင်းထဲ ပိုရှုပ်မူးနောက်လာ၏။ အဝေးမှ မြင်းခွာသံသွဲ့သွဲ့ ကြားလိုက်ရသည်ထင်မိ၏။ သစ်ပင်ကို ကျောမှီထားလိုက်သည်။

မျက်ခွံများ လေးလံလာ၏။ အိပ်ပျော်မသွားမီ မောက်ဖိန်ပေး လိုက်သော အစားအစာများတွင် အဆိပ်ခတ်ထားကြောင်း သဘော ပေါက်လိုက်မိလေတော့သည်။ သူ့အသိနောက်ကျခဲ့လေပြီ။ မောက်ဖိန် ကို လုံးဝမယုံစားသင့် ကြောင်း နှောင်းနောင်တဖြင့် တွေးမိ၏။ ဩော် တကယ့်မတရားသော အမဲလိုက်ခံရခြင်းပေတကား။ အချိန်မည်မျှကြာ သွားမှန်းမသိပေ။ ယင်ကျင်း အိပ်ပျော်ရာမှ နိုးလာသောအခါ ကောင်း ကင်ပေါ်၌ လဝန်းပင်ထွက်ပေါ်နေပြီဖြစ်ပါသည်။ ကြည်လင်အေးမြ သောလရောင်ဖြင့် ဝန်းကျင်တစ်ခုလုံး သာယာလှပနေတော့သည်။

ယင်ကျင်းကမျာကယာ လူးလိမ့်ထလိုက်သည်။

အိပ်ရေးဝဝအိပ်လိုက်ရ၍လားမသိ အနည်းငယ်လန်းလန်းဆန်း ဆန်း ဖြစ်လာပြန်သည်။

သို့သော် .... ခြေလက်များက ထုံထိုင်းလေးလံနေဆဲ ....

"အစားအသောက် အဆိပ်ခတ်လိုက်တဲ့ မောက်ဖိန် ....၊ တော် တော် ယုတ်မာတဲ့ကောင်ပဲ"

ယင်ကျင်း ခံပြင်းနေသည်။

ညဘက်ရောက်နေပြီဖြစ်သော်လည်း အနားမယူဝံ့တော့ပါ။ သတိလစ်မသွားမီက မြင်းခွာသံသွဲ့သွဲ့ကြားခဲ့ရသည်မဟုတ်ပါ လား။ မောက်ဖိန်လိုက်လာသည်မှာ ထင်ရှားနေ၏။

ယင်ကျင်းက လရောင်ကို အားပြုကာ ဒယီးဒယိုင်ဖြင့် ထွက် လာခဲ့လေတော့သည်။ သစ်ပင်ချုံနွယ်များကြားမှဖြတ်ကာ ထွက်လာခဲ့ ရင်း အတော်ကလေးကြာလျှင် နားထဲ၌ အသံတစ်ခုကြားမိသည် ထင်



မှတ်ကာ ခြေလှမ်းရပ်ပြီး နားစွင့်လိုက်သည်။ မှန်ပေသည်။

တိတ်ဆိတ်နေသော ညဥ့်ယံဝယ် မြင်းခွာသံကြားလိုက်ရခြင်း ဖြစ်သည်။

"ခွပ်ခွပ် .... ခွပ်ခွပ် .... "

"ခွပ်ခွပ် .... ခွပ်ခွပ် .... "

ကြားကာစက ခပ်သဲ့သဲ့ဖြစ်သော်လည်း တဖြည်းဖြည်းကျယ် လောင်ကာ ပီပြင်လာသည်။ မြင်းခွာသံက တဖြည်းဖြည်းနီးကပ်လာ သည်။ မောက်ဖိန်လိုက်လာချေပြီ။ စိတ်လှုပ်ရှားလာသည်နှင့်ယင်ကျင်း လည်း မောဟိုက်လာတော့သည်။ အသက်ရှူ၍ မဝတော့ဘဲ မျက်လုံး များသည် ပြာဝေလာသည်။

"မောက်ဖိန်ရဲ့ အဆိပ်ဟာ တော်တော်ကြောက်စရာကောင်းပါ လား၊ လူကို အသက်မသေစေဘဲ အားအင်ဆုတ်ယုတ်ရုံ ဆုတ်ယုတ်စေ သတဲ့ဒီလူယုတ်မာလက်ထဲ ဒီအဆိပ်ကရောက်သွားသေးတယ် .... "

ယင်ကျင်းက မြင်းခွာသံနှင့် ဆန့်ကျင်ဘက်သို့ အားတင်းထွက် လာခဲ့သည်။ အင်အားကုန်ခမ်းနေသော်လည်း မောဟိုက်နွမ်းနယ်နေ သော်လည်းအားတင်းကာထွက်လာခဲ့ရသည်။ ကြာသော်ခြေလက်များ မသယ်နိုင်လောက်အောင် ဖြစ်လာ၏။ တစ်ကိုယ်လုံး ချွေးပြိုက်ပြိုက်စို၍ လာသည်။

ဤသို့ဖြင့် အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားပြီး အရှေ့ဘက် တွင် ရောင်နီများ ပျို့အန်လာသည်ကိုပင် တွေ့မြင်လိုက်ရလေတော့ သည်။

၊၁၊

အခန်း(၂၀)

## လက်နက်

နေဝန်းနီမှာ ကောင်းကင်ထက်၌ တစ်စထက်တစ်စ မြင့်တက်လာသည်။

ယင်ကျင်း တောအုပ်ထဲမှ လှမ်းထွက်လိုက်သောအခါ မြင်ကွင်းတစ်ခုလုံး လင်းလင်းချင်းချင်းဖြစ်သွား၏။ အရှေ့ဘက်၌ သစ်ပင်ချုံနွယ်များကျဲသွားကာ တောင်ကြားလမ်းတစ်ခု ရှိနေသည်ကို တွေ့ရသည်။ အန္တရာယ်များသော တောအုပ်ကို လွန်မြောက်ခဲ့ခြင်းကြောင့် ယင်ကျင်း ဝမ်းသာသွား၏။

ထိုစဉ် ....

"ခွပ်ခွပ် .... ခွပ်ခွပ် .... "

"ခွပ်ခွပ် .... ခွပ်ခွပ် .... "

မြင်းခွာသံများ ထွက်ပေါ်လာလေတော့သည်။

"ဟာ .... "

ယင်ကျင်း လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

မောက်ဖိန်၏ အန္တရာယ်စက်ကွင်းမှ မလွတ်နိုင်သေးပါ။



"ပြေးမှပဲ .... "

တောင်ကြားလမ်းဆီသို့ ဦးတည်ပြေးသွား၏။

သူ၏ခြေလှမ်းများ သွက်လက်လာသည်ဆိုသော်လည်း ဒယီးဒယိုင်ဖြစ်နေဆဲပင်။ အားအင်ဆုတ်ယုတ်နေဆဲပင်။ တောအုပ်သည် အနောက်ဘက်၌ တဖြည်းဖြည်းဝေး၍ ကျန်ရစ်ခဲ့သည်။

ယင်ကျင်းသည် တောင်ကြားလမ်းထဲ လှမ်းဝင်မိလိုက်သောအခါ စိတ်အေးသွားသည်။ အတော်အတန် စိတ်ချသွားရပြီဟု သူ ထင်သည်။

"ဟူး .... တော်ပါသေးရဲ့ .... "

ကျောက်တုံးကြီးတစ်တုံးကို ကျောမှီကာ အနားယူအမောပြေလိုက်သည်။ တောင်ကြားလမ်းကိုဖြတ်ကာ ရှေ့ဆက်သွားရလေလိမ့်မည်။ မောက်ဖိန်လက်မှလွတ်အောင်ပြေးရင်း မဟူရာသမားတော် ဝမ်းကျင်းစန်းထံသို့ အရောက်သွားရပေလိမ့်မည်။

ယင်ကျင်းသည် အနည်းငယ် အမောပြေသွားသည်နှင့် တောင်ကြားလမ်းထဲ ဆက်ဝင်သွားရန် ဟန်ပြင်လိုက်၏။

"ခွပ်ခွပ် .... ခွပ်ခွပ် .... "

"ခွပ်ခွပ် .... ခွပ်ခွပ် .... "

မြင်းခွာသံများနှင့်အတူ တောအုပ်ထဲမှ မြင်းနက်ကြီးတစ်ကောင် ပြေးထွက်လာသည်ကို တွေ့လိုက်ရ၏။

မောက်ဖိန် လိုက်လာချေပြီ။

သို့သော် .... နောက်လှည့်ကြည့်လိုက်ရာ တွေ့လိုက်ရသော မြင်ကွင်းကြောင့် ယင်ကျင်း ပါးစပ်အဟောင်းသား ဖြစ်သွားရသည်။

မြင်းနက်ကြီးက ဒုန်းစိုင်းနှင်လာနေသည်ဖြစ်သော်လည်း မြင်း

စီးသူ မပါလာချေ။ မောက်ဖိန်ကို မြင်းပေါ်၌ မတွေ့ရပါ။

မြင်းနက်ကြီးက စီးနင်းသူမပါဘဲ သည်အတိုင်းပြေးလာနေခြင်း ဖြစ်ပါသည်။ ယင်ကျင်းက ....

"မောက်ဖိန် .... ဘယ်ရောက်သွားပြီလဲ .... "

သူ တွေးတောနေစဉ်မှာပင် ....

"ထောက် .... "

"ချွင် .... "

"ခွပ်ခွပ် .... ခွပ်ခွပ် .... "

သူ၏နံဘေးမှ ကျောက်တုံးကြီးအား တစ်စုံတစ်ခုလာရောက် ထိမှန်သွားသဖြင့် အလန့်တကြားဖြစ်ကာ ထခုန်လိုက်မိ၏။

"ဒေါက် .... "

မြေပေါ်သို့ မြားတစ်စင်းကျသွားသည်။

အဖြူတစ်ရစ် အနက်တစ်ရစ် ရောင်စုံငှက်မွေးတပ်ဆင်ထားသော မြားဖြစ်သည်။ မောက်ဖိန်၏ မြားပေတကား။

ယင်ကျင်း ကပျာကယာလှည့်ကြည့်လိုက်သောအခါ ကျောက်တုံးကြီးတစ်တုံးပေါ်၌ရပ်ကာ မြားဖြင့်ချိန်ရွယ်ထားသော မောက်ဖိန်အား တွေ့လိုက်ရလေတော့သည်။

"ဟား .... ဟား .... ဟား .... "

မောက်ဖိန်က ကျယ်လောင်စွာ ရယ်မောလိုက်သည်။

"ခင်ဗျားပြေးဖို့ မလွတ်တော့ဘူး မဟုတ်လား .... "

"မင်း .... မင်း .... "

ယင်ကျင်း မည်သို့ပြောရမှန်း မသိဖြစ်နေသည်။ စကားပင်ထစ်နေသည်။ မောက်ဖိန်က ....



"ခင်ဗျားက မြင်းခွာသံကိုပဲ နားထောင်နေတာကိုး .... ခင်ဗျား တောထဲဝင်သွားကတည်းက ဘယ်လိုပဲပြေးပြေး နောက်ဆုံး သည်တောင်ကြားလမ်းကို ရောက်လာမှာပဲဆိုတာ ကျုပ် သိပြီးသားပါ .... ဒါကြောင့် အရှေ့စူးစူးကိုပြေးအောင် နောက်ကနေ မြင်းခွာသံပေးပြီး ခြောက်လှန့်ထုတ်ခဲ့တာပေါ့ .... ခင်ဗျားစိတ်ထဲမှာတော့ ကျုပ်က မင်းနောက်ကို လိုက်နေပြီ ထင်နေမှာပေါ့ .... "

"မင်း .... မင်း .... မင်း .... "

"ဟဲ .... ဟဲ .... ကျုပ်က သည်နေရာမှာလာပြီး အေးအေးဆေးဆေး စောင့်နေလိုက်တာပေါ့ဗျာ .... သားကောင်က ကျုပ်ဆီကို ပြေးလာတာပဲ .... "

"တောက် မင်းရဲ့ထောင်ချောက်ထဲကို ငါ ရောက်သွားတာကိုး"

မောက်ဖိန်က ....

"ခင်ဗျား သဘောပေါက်ပြီလား .... ဒါဆိုရင် ပြေးပေတော့"

"ဘာကွ .... "

"ပြေးလေ .... ကျုပ်က ရပ်နေတဲ့သားကောင်ကို မပစ်ချင်ဘူး၊ ကျုပ်မြားသုံးချောင်းလွတ်အောင် ရှောင်ပြေးနိုင်ရင် ချမ်းသာပေးလိုက်မယ် .... "

ယင်ကျင်းကမပြေးပါ။

"ငါ ဘယ်တော့မှ မပြေးဘူး .... မင်းနဲ့ သူသေကိုယ်သေ ရင်ဆိုင်သွားမယ်ဆိုတာ မှတ်ထားပါ .... လူဆိုတာ သေတစ်နေ့ မွေးတစ်နေ့ပဲ .... "

ချက်ချင်းပင် မောက်ဖိန်ကို တိုက်ခိုက်ရန် ကြိုးစားလိုက်သည်။ မောက်ဖိန်က ....

"ကျုပ်ကိုတိုက်နိုက်လာလို့ မြားနဲ့ ပစ်ရတာဆိုရင် မဆိုးပါဘူး၊ ကျုပ်ကိုယ်ကျုပ် ကာကွယ်ရတဲ့သဘောပေါ့ဗျာ .... ဒါမှ တရားတဲ့ အမဲလိုက်ခြင်းဖြစ်သွားမယ် .... "

ချက်ချင်း မြားဖြင့်ပစ်ခတ်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ် ....

"အဟမ်း .... "

ချောင်းဟန့်သံတစ်ချက် ထွက်ပေါ်လာတော့သည်။

ယင်ကျင်းကော မောက်ဖိန်ပါ ကြောင်အမ်းအမ်းဖြစ်သွားကြသည်။ ချောင်းဟန့်သံထွက်ပေါ်လာရာသို့ ကြည့်လိုက်ရာ လူတစ်ယောက်ရောက်ရှိလာသည်ကို တွေ့လိုက်ရ၏။ ထိုလူကိုမြင်လျှင် ယင်ကျင်း အလွန်အမင်း ဝမ်းသာသွားလေတော့သည်။

"ဦးလေးဝမ်းကျင်းစန်း .... "

သူလိုက်ရှာနေသော ဝမ်းကျင်းစန်းသည် မမျှော်လင့်သည့်အချိန် မမျှော်လင့်သည့် နေရာ၌ တွေ့လိုက်ရပြီတည်း။

မောက်ဖိန် မကျေမနပ်ဖြစ်သွားသည်။ သူက မေးသည်။

"ခင်ဗျားက မဟူရသမားတော်လား .... "

ဝမ်းကျင်းစန်းက ....

"ဟုတ်တယ် .... မိုးတိမ်ကျေးရွာကို မင်းရောက်ဖူးမှာပေါ့ .... တစ်ရွာလုံး ဒုက္ခရောက်သွားတယ် .... အဲဒါ ငါ့လက်ချက်ပဲ .... ဒီမဟူရာတောအုပ်ထဲမှာ ငါကြောက်တဲ့လူ တစ်ယောက်မှမရှိဘူး .... မင်း အပါအဝင်ပေါ့ကွာ .... "

မောက်ဖိန် အကြီးအကျယ် မျက်နှာပျက်သွားလေတော့၏။

ဝမ်းကျင်းစန်းက ဆက်ပြောသည်။



"မင်းက လူတွေကိုဖမ်းပြီး မနုဿသားကောင်အဖြစ်နဲ့ အမဲလိုက်နေတဲ့ သတင်းကို ငါကြားခဲ့တာကြာပါပြီ .... ဒါပေမယ့် သည်အရပ်ဒေသမှာ အားလုံးဟာ ကိုယ့်သဘောနဲ့ကိုယ် နေထိုင်ကြပြီး ကိုယ်လုပ်ချင်တာ လုပ်နေကြသူတွေချည်းပဲ၊ တစ်ယောက်ကိုတစ်ယောက် ဝင်မရှုပ်ဘူး .... မနှောင့်ယှက်ကြဘူး .... ဒါကြောင့် ငါက လျစ်လျူရှုထားခဲ့တာပါ .... တောတောင်ဥပဒေလို နိုင်ရာစားတဲ့လောကကြီးဖြစ်နေတာကို ငါ လျစ်လျူရှုခဲ့တယ် .... "

"ဒါဖြင့် အခုဘာကြောင့် ဝင်ရှုပ်ချင်ရတာလဲဗျ .... "

ဝမ်းကျင်းစန်းက ယင်ကျင်းအား ညွှန်ပြလိုက်၏။

"သူက ငါ့ရဲ့မိတ်ဆွေဖြစ်နေလို့ပဲကွ .... "

မောက်ဖိန် သက်ပြင်းချလိုက်သည်။

လက်ထဲမှ လေးမြားကို သိမ်းဆည်းလိုက်သည်။

ဝမ်းကျင်းစန်းကို ဦးညွှတ်လိုက်သည်။

"သမားတော်ကြီးရဲ့လူ ဖြစ်နေတယ်ဆိုရင် ကျုပ် စိတ်မဝင်စားတော့ပါဘူးဗျာ .... "

ဝမ်းကျင်းစန်းက ခေါင်းညိတ်လိုက်သည်။

မောက်ဖိန်က ယင်ကျင်းကို ပြုံးပြလိုက်လေ၏။

"ကျုပ် .... သွားတော့မယ် .... "

ထို့နောက် တောင်ကြားထဲမှ ထွက်သွား၏။

"ရှီ .... "

လေချွန်သံတစ်ချက်ပေးလိုက်သောအခါ သူ၏အလွန်လိမ္မာသော မြင်းနက်ကြီးက ပြေးလာသည်။

"ဟီး .... ဟီး .... ဟီး .... "

မောက်ဖိန်က လွှားခနဲ ခုန်တက်ပြီး ဒုန်းစိုင်းမောင်းနှင်ထွက်ခွာသွားတော့သည်။ မောက်ဖိန် ပျောက်ကွယ်သွားတော့မှ ယင်ကျင်းစိတ်အေးသွားရတော့သည်။ ဝမ်းကျင်းစန်း ရယ်မောလိုက်သည်။

"ယင်ကျင်း .... မင်းနဲ့ ငါ ပြန်တွေ့ကြပြီနော် .... "

ဝမ်းကျင်းစန်း၏ နှုတ်ဆက်စကားပေတည်း။

ယင်ကျင်းမှာ ဝမ်းကျင်းစန်းထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားခဲ့လေပြီတကား။ သူ၏အဖြစ်အပျက်များကို ပြောပြပြီး အကူအညီတောင်းလိုက်သည်။ ဝမ်းကျင်းစန်း ငိုင်ကျသွား၏။

ယင်ကျင်းက မေးလိုက်၏။

"ကျွန်တော့်ကို ကူညီဖို့ ဦးမှာ အခက်အခဲရှိနေလို့လား"

ဝမ်းကျင်းစန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် .... "

"ဘယ်လို အခက်အခဲများလဲဗျာ .... ဦးရဲ့ အဆိပ်ပညာကို အသုံးချပြီး သူတို့ကို သုတ်သင်ပစ်မှာ မလိုလားလို့လားဗျာ .... "

ဝမ်းကျင်းစန်းက ....

"သည်လိုလည်း မဟုတ်ပါဘူး .... "

ယင်ကျင်း ထပ်မေးသည်။

"ဘဏ္ဍာတော်လုယက်ခံရတဲ့ကိစ္စ ဖုံးဖိချိန်အာမခံဌာနကလူတွေ သေဆုံးခဲ့ရတဲ့ကိစ္စတွေဟာ ပြီးဆုံးသွားခဲ့ပြီလို့ သဘောထားလို့လားဗျာ .... "

ဝမ်းကျင်းစန်း သက်ပြင်းချလိုက်သည်။

"မင်းပြောသလို တစ်ခုမှ မဟုတ်ဘူး .... "

"ဒါဖြင့် ဘာကြောင့်များလဲဗျာ .... "



ဝမ်းကျင်းစန်း လက်ကာပြလိုက်သည်။

"မင်းကို ငါ ရှင်းပြပါရစေ .... "

"ဟုတ်ကဲ့ .... "

ဝမ်းကျင်းစန်းက သူ၏အခက်အခဲကို ရှင်းပြလိုက်၏။

"ငါဟာ .... ကြေးတိုက်က လွတ်မြောက်လာခဲ့ပြီးတဲ့နောက် အဆိပ်ဖြေဆေး ဖော်စပ်ဖို့ ကြိုးစားခဲ့တယ် .... ဒါပေမယ့် ဘယ်လိုမှ ဖော်စပ်လို့ မရနိုင်ခဲ့ဘူး .... နောက်ဆုံးတော့ အရင်ကလိုပဲ စိတ်ဓာတ်ပြန်ကျသွားပြီး အဆိပ်ဖော်စပ်တဲ့နည်းလမ်းမှတ်တမ်းတွေကော၊ ပစ္စည်းကိရိယာတွေကော အားလုံး ဘာတစ်ခုမှ မချန်ဘဲ မီးရှို့ဖျက်ဆီးပစ်လိုက်လို့ပဲ .... "

"ဟာ .... ဒါ .... ဒါဆို .... "

"မင်း စိတ်မပျက်ပါနဲ့ကွာ .... ငါ့မှာ အခက်အခဲရှိတယ်ဆိုပေမယ့် မင်းသာ စိတ်ရှည်မယ်ဆိုရင် မင်းကို ငါ ကူညီနိုင်မှာပါ .... မင်း စိတ်မရှည်ဘဲ အလောတကြီးဖြစ်နေမှာကိုသာ ငါ စိုးရိမ်နေတာပါ"

ယင်ကျင်းက ....

"သည်လူကိုးယောက်ဟာ နောင်တမရဘဲ ဆက်ပြီးဆိုးသွမ်းမိုက်မဲနေကြတာ ဘယ်နည်းနဲ့မဆို သူတို့ကို သုတ်သင်ရှင်းလင်းပစ်မှဖြစ်မှာ .... လူ့လောကအတွက် အဆိပ်တွေပါ ခင်ဗျာ .... "

ဝမ်းကျင်းစန်းက ....

"သိုင်းပညာအရ သူတို့ကို ရင်ဆိုင်ပြီး ရှင်းပစ်ဖို့ မလွယ်ဘူးဆိုတာ ထင်ရှားနေတာပဲ .... သူတို့ကို ဆုံးမနိုင်ဖို့ အဆိပ်အသုံးပြုတဲ့နည်းလမ်းတစ်ခုပဲရှိတယ် .... အဆိပ်တောင်မှ တော်ရုံအဆိပ်နဲ့ မဖြစ်နိုင်ဘူး၊ သူတို့ ရိပ်မိသွားနိုင်တယ် .... ဘယ်နည်းနဲ့မှ စစ်ဆေးဖော်ထုတ်လို့

မရတဲ့အဆိပ်မျိုးဖြစ်ရမယ် .... "

ယင်ကျင်း ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ် **စင်ဗျာ** .... အဆိပ်အသုံးပြုတယ်ဆိုရင်တောင် လွယ်လွယ်နဲ့တော့ **ရမှာမဟုတ်ပါဘူး** .... "

**ဝမ်းကျင်းစန်းက** ....

"အကောင်းဆုံး အစွမ်းထက်ဆုံးဆိုတဲ့ အဆိပ်ကို ဖော်စပ်ဖို့ဆိုတာလည်း လွယ်ကူတဲ့ကိစ္စ မဟုတ်ဘူး .... အရင် ငါဖော်စပ်ခဲ့တဲ့ ဖြေဆေးမရှိတဲ့ အဆိပ်နဲ့ ပတ်သက်ပြီး ပါဝင်တဲ့ ဘယဆေးဝါး အမျိုးအမည်တွေ အချိန်အဆနဲ့ ဖော်စပ်ဖို့ အဆင့်ဆင့်ကို ရေးသားမှတ်တမ်းတင်ထားခဲ့ပေမယ့် ငါက စိတ်နာနာနဲ့ ဖျက်ဆီးပစ်လိုက်တော့ အခု ငါကိုယ်တိုင်လည်း အသေးစိတ်ပြန်မမှတ်မိတော့ဘူး၊ မှတ်မိသလောက်နဲ့ ပြန်ပြီးစမ်းသပ်ဖော်ထုတ်ရမှာ .... ဒါကြောင့် တစ်နှစ်ကြာရင်ကြာမယ် .... ဆယ်နှစ်ဖြစ်ချင်လည်းဖြစ်မယ် .... မင်း စိတ်ရှည်မှဖြစ်မယ်၊ အကောင်းဆုံးအဆိပ်ကိုရမှ လူယုတ်မာကိုးယောက်ကို ဆုံးမနိုင်လိမ့်မယ်ဆိုတာကို မင်းစိတ်ထဲ သွင်းထားနိုင်မှဖြစ်မယ် .... "

ယင်ကျင်း ပင့်သက်ရှိုက်လိုက်သည် သူရိပ်မိသွားသည်။ သူ့ရင်ထဲ၌ အဆိပ်ကိုးယောက်ကို သုတ်သင်ပစ်ဖို့သာ ရှိနေသည်။ သူ့ရွေးချယ်စရာလမ်း မရှိတော့ပါ။

"ကောင်းပါပြီခင်ဗျာ .... နှစ်ပေါင်းတစ်ထောင်ကြာရင်ကြာပါစေ .... ကျွန်တော် စောင့်ပါ့မယ် .... "

**ဝမ်းကျင်းစန်းသည် သံမဏိစိတ်ဓာတ်ရှိနေသော ယင်ကျင်းကို** လေးစားစွာကြည့်လိုက်မိတော့သည်။ ထိုအချိန်မှစ၍ ယင်ကျင်းသည် မဟူရာသမားတော်ဝမ်းကျင်းစန်းနှင့်အတူ နေထိုင်ခဲ့သည်။



ဝမ်းကျင်းစန်း အဆိပ်ဖော်စပ်ရာတွင် ဝိုင်းဝန်းကူညီလုပ်ကိုင်ပေးသည်။ ကြေးတိုက်ထဲကလို သွားအတူ၊ စားအတူ၊ အိပ်အတူဘဝ ပြန်ရောက်သွားပြီး ပို၍ ရင်းနှီးသွား။

ဆရာတပည့်အဖြစ်လည်းကောင်း၊ မိတ်**ဆွေများအဖြစ်လည်း**ကောင်း၊ သွေးသားအဖြစ်လည်းကောင်း မည်သို့မဆို **ပြောဆိုနိုင်အောင်** ခွဲခြားမရအောင်ဖြစ်သွားသည်။ ဝမ်းကျင်းစန်းက အဆိပ်ဖော်စပ်ရင်း အဆိပ်အကြောင်းကို ရှင်းလင်းသက်ပြသွား၏။

ယင်ကျင်းကလည်း စိတ်ဝင်စားစွာ အနားယူခဲ့သည်။

ဝမ်းကျင်းစန်းက အဆိပ်တစ်မျိုးဖော်စပ်လိုက်၊ သဘောမကျသဖြင့် ဖယ်ရှားလိုက်၊ နောက်တစ်မျိုးဖော်စပ်လိုက်၊ စိတ်တိုင်းမကျလိုက်ဖြင့် စွန့်ပစ်လိုက်ခြင်း လောကပေါ်၌ ကြောက်စရာအကောင်းဆုံးသော အဆိပ်ကို ကြိုးပမ်းဖော်စပ်ခဲ့ကြသည်။

သို့ဖြင့် အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားခဲ့တော့သည်။

။ ၅ ။

နွေ .... ။

မိုး .... ။

ဆောင်း .... ။

ရာသီအလီလီပြောင်းသွားသကဲ့သို့ နှစ်များလည်း ကြာညောင်းသွားခဲ့သည်။

ဝမ်းကျင်းစန်းနှင့် ယင်ကျင်းတို့ကား မပြောင်းလဲဘဲ ကြောက်စရာအကောင်းဆုံး အဆိပ်ကို ဖော်စပ်နိုင်အောင် ကြိုးစားနေကြ၏။

နှစ်များကြာလာသည်နှင့်အမျှ အသက်အရွယ်ထောက်လာသော ဝမ်းကျင်းစန်းမှာ ကျန်းမာရေးချို့ယွင်းလာသည်။

တစ်ချိန်လုံး အဆိပ်နှင့် ထိတွေ့နေခဲ့သူဖြစ်၍ ကျန်းမာရေးကိုပို၍ ထိခိုက်စေခဲ့ခြင်းဖြစ်သည်။ ကြောက်စရာအကောင်းဆုံး မဟူရာအဆိပ်ကို ဖော်စပ်ရာမှ နောက်ဆုံးအဆင့်သို့ အရောက်တွင် ဝမ်းကျင်းစန်း ကွယ်လွန်သွားခဲ့လေတော့သည်။

ယင်ကျင်းတစ်ယောက်ထဲ ကျန်ရစ်ခဲ့သော်လည်း ဖွဲမလျှော့ဘဲ ဆက်၍ ကြိုးစားခဲ့ရာ ဝမ်းကျင်းစန်း ကွယ်လွန်သွားပြီး နောက်တစ်နှစ်အကြာတွင် 'မဟူရာအဆိပ်'ကို အောင်မြင်စွာ ဖော်စပ်နိုင်ခဲ့တော့သည်။

ယင်ကျင်းသည် 'မဟူရာအဆိပ်'ကို လက်ဝယ်ပိုင်ဆိုင်ရရှိလိုက်သောအခါ သူ၏ရည်ရွယ်ချက်အတိုင်း လူယုတ်မာ ်ုငိုင်းသမားဆိုးကိုးယောက်အား ဆုံးမရန် ခြေလှမ်းစလိုက်လေတော့သည်။

ပထမပိုင်းပြီး၏။

ဒုတိယပိုင်းကိုဆက်လက်ဖတ်ရှုပါရန်။

တက္ကသိုလ်နေလင်းအောင်